www.burmeseclassic.com

## ရွှေဥဒေါင်း ၏

# စုံထောက်ဦးစံရှား

## (ပေါင်းချုပ်)

BURMESE CLASSIC .com

[ တတိယအကြိမ် ]

ပထမ အုပ်

အပိုင်း ၉ / ၈

ခံလှစာပေတိုက်

အမှတ် ၁၀၉၊ ၂၉ လမ်း၊ ရန်ကုန်။
ဖုန်း–၇၀၄၅၉

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| —။ | ပုဂံစာတည်းအဖွဲ့၏ မှတ်ချက် | .... အစ |
| —။ | ထုတ်ဝေသူ၏ ကျေးဇူးတင်လွှာ | .... |
| ၁။ | မိတ်ဆက် | .... ၁ |
| ၂။ | ဘောင်ဒရီလမ်း လူသတ်မှု | .... ၁၆ |
| ၃။ | အစိုးရစာချုပ် ပျောက်ဆုံးမှု | .... ၈၂ |
| ၄။ | မဟာဆုစာတဦးအမှု | .... ၁၀၃ |
| ၅။ | ထူးဆန်းသော အိမ်ငှားမှု | .... ၁၁၅ |
| ၆။ | စာမေးပွဲ မေးခွန်းစာရွက်များ ပျောက်ဆုံးမှု | .... ၁၂၈ |
| ၇။ | ကပ်စေးနှဲသော ရဟူဒီအမှု | .... ၁၄၂ |
| ၈။ | ကာဏာရိဂ္ဂ်ဳအသင်း | .... ၁၅၇ |
| ၉။ | ဝန်ထောက်လူလိမ် အမှု | .... ၁၇၃ |
| ၁၀။ | သိရိခမ္မာသောကမင်းကြီး တံဆိပ်တော် | .... ၁၈၄ |
| ၁၁။ | တိုင်းကပ်နာရီများ ခိုးခံရမှု | .... ၂၀၃ |
| ၁၂။ | တဂူကူးကူး | .... ၂၁၆ |
| ၁၃။ | ခြေကျိုး ကြောင် | .... ၂၃၃ |
| ၁၄။ | အိမ်ထွင်းပုန်း ကုလားမ အမှု | .... ၂၄၇ |
| ၁၅။ | ငမောက်တူး အမှု | .... ၂၅၇ |
| ၁၆။ | ပြိုင်မြင်းရှင် မောင်ကြာညွန့်အမှု | .... ၂၇၉ |
| ၁၇။ | အာဠာဝက မောင်ကလေးအမှု | .... ၂၈၆ |
| ၁၈။ | ထူးဆန်းသော နားရွက်ပြတ် နှစ်ခု | .... ၃၀၃ |
| ၁၉။ | ကမာရွတ်ရွာ လူသတ်မှု | .... ၃၂၁ |
| ၂၀။ | ရည်းစားခဲပျောက် ရှာပုံတော် | .... ၃၄၃ |
| ၂၁။ | မထမဆုံး စုံထောက်ခဲ့သော ဝတ္ထု | .... ၃၅၆ |
| ၂၂။ | သိုက်ဆရာတယောက်၏ အမှု | .... ၃၇၀ |
| ၂၃။ | ဘင်္ဂါလီ စကားပြန်အမှု | .... ၃၈၂ |


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


၂၄။ ကပ်စေးနဲ့ မိုးဇက်အမှု .... ၃၉၆
၂၅။ အင်လျှားကန် လူသတ်မှု .... ၄၁၀
၂၆။ တွံတေးအိုး ၆ လုံးကွဲမှု .... ၄၂၃
၂၇။ ထူးဆန်းသော အားကစားသမားအမှု .... ၄၄၀
၂၈။ အင်္ဂလိပ်စစ်ဗိုလ်လင်မယားအမှု .... ၄၅၀
၂၉။ လက်ပြတ် အင်ဂျင်နီယာ .... ၄၆၃
၃၀။ စိန်ဝေလျှံ ပျောက်ဆုံးမှု .... ၄၇၅
၃၁။ ဩဇာ သုံးစေ့အမှု .... ၄၉၇
၃၂။ ဗိုလ်ကပြားမလေးတယောက်၏ အမှု .... ၅၁၆
၃၃။ ကျောင်းသားတယောက် ပျောက်ဆုံးမှု .... ၅၃၀
၃၄။ မသင်္ကာသော လင်မယား .... ၅၄၂
၃၅။ စံပဲအဆောင်း တွေ့မှု .... ၅၅၇
၃၆။ အမွေမပေးလိုသော ပထွေးအမှု .... ၅၇၀
၃၇။ ကောလိပ်ကျောင်းသားများနှင့် ဉာဏ်ကစားသည့်အမှု .... ၅၈၈
၃၈။ စင်တာဖော၀ပ် ဘောသမားပျောက်မှု .... ၆၀၄
၃၉။ ဉာဏ်သမား မောင်မောင်ဦး .... ၆၁၈
၄၀။ အာဇာနည်အသင်း အမှု .... ၆၃၂
၄၁။ ပင်လယ်ကမ်းခြေ လူသတ်မှု၌ စုံထောက်ပုံ .... ၆၆၃
၄၂။ လှေသူကြီး ဦးမိုးသီး .... ၆၈၃
၄၃။ လေးပွင့်ဆိုင် .... ၇၀၁
၄၄။ ရှိမ်းမကားရွာ လူသတ်မှု .... ၇၅၂
၄၅။ ဦးစံရှားအသက်ကို လုပ်ကြံမှု .... ၇၈၆
၄၆။ ကျောက်စိ ခါးမြှောင် ပျောက်ဆုံးမှု .... ၇၉၈
၄၇။ ဘုံနန်းရိပ်သာ အိမ်ကြီးနှင့် ပတ်သက်သောအမှု .... ၈၁၂
၄၈။ ပျောက်သောသူ ရှာလျှင်တွေ့ .... ၈၄၁
၄၉။ ဘုရင်ခံကတော်၏ စာပျောက်မှု .... ၈၅၉
၅၀။ ပန်းဆိုးတန်း လူသတ်မှု .... ၈၇၂
၅၁။ လယ်ဝန် ဦးသာလူနှင့် ဇနီး မခင်တင့် သတ်မှု .... ၈၈၆
၅၂။ ထူးဆန်းသော အဆိပ်ခတ်မှု .... ၈၉၅
၅၃။ ပွေလီအင်းခွေးကြီး အမှု .... ၉၀၆


---

www.burmeseclassic.com

www.burmeseclassic.com

# ၃၇။ ကောလိပ်ကျောင်းသားများနှင့် ဉာဏ်ကစားသည့်အမှု*

နွေဥတု တရာသီ၌ ဦးစံရှားမှာ အနည်းငယ် မကျန်းမမာရှိသည်နှင့် ကျွန်တော်နှင့် ဦးစံရှားတို့သည် ကလော မြို့သို့တက်၍ အိမ်တလုံးငှားပြီးလျှင် မိုးမကျမချင်း ရန်ကုန်သို့ မပြန်သေးပဲ နေကြရန် စီမံကြလေ၏။

ယင်းသို့ရှိစဉ် ပိုက်ဆံဝါလားများ၏ သားသမီးများဖြစ်သော ကောလိပ်ကျောင်းသား နှစ်ယောက်နှင့် ကျောင်းသူတယောက်သည် နွေရာသီအတွက် ကလောမြို့၌ နေထိုင်လျက်ရှိကြ၍ ဦးစံရှား ဆိုက်ရောက်သည်ဟူသော သတင်းကို ကြားကြသည်နှင့် ပညာဆည်းပူးရန်ဆို၍ ကျွန်တော်တို့နေအိမ်သို့ ညနေတိုင်း လိုလိုပင် လာရောက်ကာ အမှုအခင်းများ၌ စဉ်းစားဆင်ခြင်ပုံ အခြင်းအရာများကို ဦးစံရှားနှင့် ဆွေးနွေးကြလေသည်။

ကောလိပ်ကျောင်းသား သုံးယောက်အနက် မောင်ကလေး ဆိုသူမှာ ဘီ၊အေ၊ စီနီယာအတန်းတွင် ပညာသင်လျက်ရှိ၍ အရပ်မြင့်မြင့် အသားခပ်ဖြူဖြူ လူလုံးလူဖန်ချော၍ နှုတ်လျှာသွက်လက်သူတယောက် ဖြစ်လေသည်။

ထိုသူမှာ ဓာတုဗေဒပညာရပ်တွင် အော်နာ (ဂုဏ်ထူး)နှင့် အောင်မြင်ဖို့ ကြိုးစားလျက်ရှိ၍ ယင်းပညာတက်တွင် သာမန်ကျောင်းသားများထက် ပါရမီရင့်ဟန်နှင့် ထက်မြက်သော ဉာဏ်လည်းရှိ၏။

ဒုတိယကျောင်းသားမှာ အသားညိုညို မျက်စိခပ်မှေးမှေးနှင့် 'လူပလံ'ခေါ်ကြသည့် အလုံးအရပ်မျိုး ရှိ၍ အမည်မှာ မောင်သန်းရွှေ ခေါ်လေသည်။

ထိုသူသည် ဘီအေဂျူနီယာ အတန်းသားတယောက်ဖြစ်၍ မောင်ကလေးထက် တတန်းနိမ့်သည့်ပြင် နှုတ် ခပ်ဆိတ်ဆိတ်ရှိသောကြောင့် နောက်လိုက်ကဲ့သို့ ဖြစ်နေလေတော့သည်။

ကောလိပ်ကျောင်းသူ ခင်ခင်မှုမှာ မိန်းမထူးကလေးတယောက် ဖြစ်၏။

ရုပ်ချောသလောက် စိတ်လည်းအထက်တန်းကျ၍ အာသွက်လျှာသွက်ကလေး ဖြစ်လေရာ မောင်ကလေးနှင့် အတန်းတူဖြစ်သော်သည်း ယောကျ်ားကလေး နှစ်ယောက်လုံးကိုလွှမ်း၍ စကားပြောတတ်သော သတ္တိကလေးလည်း ရှိ၏။

---

* ဤဝတ္ထုကို ရှုမဝမဂ္ဂဇင်း၊ ၁၉၅၀၊ နိုဝင်ဘာ၊ အမှတ် ၄၂ တွင် 'ကောလိပ်ကျောင်းသားများနှင့် ဉာဏ်ကစားသည့်အမှု' အမည်ဖြင့် ပါရှိသည်။ မြန်မာပြည်စာအုပ်တိုက်မှ အတွဲ ၁၁ နှင့် နှယိုးလှစာပေတိုက်မှ အတွဲ ၆ တို့တွင် 'ကလောဟိုတယ်လူသတ်မှု' အမည်ဖြင့် ပြန်လည်ရိုက်နှိပ်သည်။ မူရင်းမှာ The Adventure of the Three Students ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တော့်မိတ်ဆွေ ဦးစံရှားမှာ အထက်တန်းအရာရှိများမှသည် အကြွယ်ဝဆုံးသော ကုန်သည်ပွဲစားများတိုင်အောင် မြင့်ရုံနှင့် ရိုသေလေးစားခြင်း ခံရတတ်သူတယောက် ဖြစ်ပါလျက် ခင်ခင်မူကိုကား ရုတ်တရက် အထက်စီးရအောင် မတတ်နိုင်ပဲရှိသဖြင့် ခင်ခင်မူက တော်တော်နှင့်မညွှတ်ပဲ အားခံလျက်ရှိ၏။

အတော်အတန်လူ ဖြစ်ခဲ့လျှင် ယောကျ်ားပင် ဖြစ်စေကာမူ ဦးစံရှားက မေးခွန်းထုတ်ခွန်းမျှနှင့် နှိမ်နိုင်သည်သာ ဖြစ်ခဲ့၏။

ပညာကြောင့် မာန်တက်သူကို ပညာနှင့်နှိမ်၍ ဉာဏ်ကြောင့် အထင်ကြီးသူကို ဉာဏ်စွမ်းပြခြင်းအားဖြင့် အထက်စီးရအောင် လုပ်နိုင်၏။

ခင်ခင်မူမှာမူ မနိုင်သောနေရာတွင် ရှုတ်တွတ်တွတ်လုပ်၍ပစ်တတ်သော ဝါသနာရှိသည် ဖြစ်သောကြောင့် ခပ်တည်တည် စကားပြောတတ်သော ဦးစံရှားမှာ ခင်ခင်မူ ဦးညွှတ်အောင် ရုတ်တရက် မတတ်နိုင်ရှိခဲ့လေသည်။

မောင်ကာလေးနှင့် မောင်သန်းရွှေတို့သည် လမ်းလျှောက်ယင်း ဦးစံရှားကိုမြင်၍ မှတ်မိကြသည်နှင့် ကျွန်တော်တို့ နေအိမ်သို့ ပညာဆည်းပူးရန်ဆို၍ လာရောက်ကြရာတွင် ကျွန်တော်တို့နှင့် အနီးနေခြင်းဖြစ်နေသော ကော်လိပ်ကျောင်းသူ ခင်ခင်မူကို ဒုတိယအခေါက်တွင် ခေါ်လာခဲ့ကြခြင်း ဖြစ်လေသည်။

ခင်ခင်မူ၏ဖခင်မှာ အထက်တန်း အရာရှိကြီး တယောက်ဖြစ်၍ နွေရာသီတွင် ထားဝယ်သို့ အခွင့်နှင့်တအိမ်ထောင်လုံး လာရောက်နေထိုင်ကြခြင်း ဖြစ်လေသည်။

ခင်ခင်မူသည် ယောကျ်ားကလေး နှစ်ယောက်ကို ဂရုလည်း မစိုက်၊ ရှိုးတိုးရှန့်တန့်ရှိသော အမူအရာမျိုးလည်း မရှိပဲ မိမိကိုယ်ကို ယောကျ်ားကလေးတယောက် ဖြစ်လေဟန်သဘောထား၍ လွတ်လပ်စွာ ဆက်ဆံလေ့ရှိ၏။

BURMESE CLASSIC .com

ခင်ခင်မူမှာ လွတ်လပ်ရဲတင်းသော မိန်းကလေးတယောက်ဖြစ်၍ ယောကျ်ားကလေးကပင် ရှုံ့တွန့်တွန့် ဖြစ်တတ်သော သဘာဝရှိသည်ဖြစ်၍ နှုတ်ဆိတ်သော မောင်သန်းရွှေမှာ ယင်းတို့ သုံးယောက်အနက်တွင် မိန်းကလေးသဖွယ် ဖြစ်နေလေတော့သည်။

ခင်ခင်မူသည် မောင်ကာလေးတို့နှင့် လိုက်လာ၍ ကျွန်တော်တို့ နေအိမ်၌ ဦးစံရှားကို ပထမအကြိမ်တွေ့လျှင်တွေ့ချင်း မျက်မှန်ကလေးကိုပွတ်၍ ဦးစံရှားကို စေ့စေ့ကြည့်လျက်—

"အောင်မယ် ဦးစံရှား ဦးစံရှားနဲ့ နာမည်ကြီးလိုက်တာ"ဟုပြော၍ စကားမဆုံးမီ မောင်သန်းရွှေက အားနာသော မျက်နှာထားနှင့်—

"ဟော လုပ်ကာရော့မယ် ခင်ခင်မူတို့ကတော့" ဟု ဆိုကာ နှုတ်ပိတ်လိုက်သော်လည်း ခင်ခင်မူက အတင်းတိုး၍—

"နာမည်ကြီးလိုက်တာ၊ လူကြည့်တော့လဲ ရောမ လူကြီးပါကလား"ဟု ပြောလိုက်လေ၏။

ကျွန်တော်မှာ ဦးစံရှားနှင့် တွေ့သူများအနက် ရှုတ်တွတ်တွတ်ပြောသူ ကြုံဖူးသည့်ပြင် ယခုပြောလိုက်သူမှာလည်း မိန်းကလေးတယောက် ဖြစ်နေသဖြင့် အတော်ပင် အံ့သြမိ၏။ သို့ဖြစ်၍ ဤမိန်းကလေးကား အာဂ မိန်းကလေးပေတည်းဟု အောက်မေ့မိ၏။

ထိုနောက် ခင်ခင်မူကို မောင်ကလေးက ကျွန်တော်တို့နှင့် မိတ်ဆက်ပေးပြီးသည့်နောင် ခင်ခင်မူက—

"ဦးစံရှားကြီး ဆောက်နေတယ်ဆိုလို့ ကိုယ်တိုင်စုံထောက်လုပ်စားမှာ မဟုတ်ပေမယ့် ဒီပညာဆည်းပူးထားယင် ကောင်းတာပဲဆိုပြီး ကျွန်မလိုက်လာခဲ့ပါတယ်။ ကျွန်မကိုလဲ တပည့်တယောက်အဖြစ်နဲ့ အမှတ်



www.burmeseclassic.com

www.burmeseclassic.com



ထားပြီး သင်ပြပေးပါ ဦးစံရွှားရှင်'' ဟု ဆိုကာ မိမိကိုယ်ကို အပ်နှင်းလေရာ ဦးစံရွှားလည်း နှုတ်လျှာသွက်လက်သော ခင်ခင်မူ၏ မျက်နှာကို ကြည့်လျက်—

''လျှာသွက်သလောက် ဦးနှောက်သွက်ယင်တော့ နိုင်ငံကျော် မိန်းကလေးတယောက် ဖြစ်အုံးမယ့် လက္ခဏာပဲ'' ဟု ပြန်ပြောလိုက်ရာ ခင်ခင်မူက—

''နိုင်ငံကျော်သောက်အောင် မသွက်လက်စေကာမူ အထူးအထိုင်းကြီးတဲ့ကတော့ မဟုတ်စေရပါဘူး ဆရာ၊ စိတ်ချပါ'' ဟု သွက်သက်စွာ ပြန်ပြောလေ၏။

ထို့နောက် မောင်ကလေး၏ မေးမြန်းချက်အရ စုံထောက်ဖြစ်လိုသူများအဖို့ အရေးအကြီးဆုံး လိုအပ်သည့် အရည်အချင်းတခုမှာ အာခါပ်သိမ်း နား၊ မျက်စိ ဖွင့်ထား၍ တခုခေသာနေရာသို့ အခြားသူများနှင့်အတူ တခေါက်တည်း ရောက်စေကာမူ လေးငါးခေါက် ရောက်ဖူးသော လူလောက်မျှမက မြင်တတ်၊ ကြားတတ်အောင် အမှတ်မဲ့ မနေပဲ အမြဲ ဂရုစိုက်၍ ကြည့်တတ်သော အလေ့အကျင့် ပြုလုပ်ထားဖို့ လိုကြောင်း၊ မျက်စိအာရုံ၊ နားအာရုံအတွင်း ရောက်လာသော အခြင်းအရာများကို အရေးကြီးသည်၊ မကြီးသည် မဆုံးဖြတ်သေးပဲ တတ်နိုင်သမျှ အသေးစိတ်၍ မြင်တတ်ကြားတတ်ရမည့်အကြောင်း၊ အရေးမကြီးဟု မှတ်ထင်ဖွယ်ရှိသော အခြင်းအရာတခုသည် နောက်ဆုံးတွင် အရေးအကြီးဆုံး ဖြစ်ချင်ဖြစ်တတ်သောကြောင့် ဂရုမစိုက်လောက် ဟု၍ ဖယ်မထားပဲ တတ်နိုင်သလောက် စုံလင်အောင် အသေးစိတ်၍ ကြည့်တတ်ဖို့လိုကြောင်း စသည်ဖြင့် ဦးစံရွှားက စုံထောက် အခြေခံဖြစ်သော အကြောင်းအရာများကို ပြောပြလေ၏။

ခင်ခင်မူက 'မြင်မြင်သမျှကို ကြည့်၍ မှတ်နေလျှင် ပြည့်လျှံသွား၍ တကယ့်အရေးကြီးသော အချက်များ လက်လွတ်သွားမှာ တဲ့သည် မဟုတ်ပါလော' ဟု မေးရာ ဦးစံရွှားက 'မှတ်သားရမည်ဟု မဆိုလို၊ မြင်တတ်အောင် ကြည့်ဖို့ မျက်စိကို ကျယ်ကျယ်ဖွင့်၍ ဦးနှောက်သွက်စေဖို့ လေ့ကျင့်ရန်ကိုသာ ဆိုလိုသည်' ဟု ဖြေဆိုလေ၏။

ကျောင်းသားများသည် ဦးစံရွှား၏စကားကို ရေးမှတ်၍ နားမလည်သော အကြောင်းအရာများကို မေးသူက မေးပြီးလျှင် အခြားသူတို့၏ မျက်စိ၌ အရေးမကြီးဆို၍ ဂရုမစိုက်မိသော အသေးအဖွဲ့ကလေးများကို ဦးစံရွှားက မြင်အောင် ကြည့်တတ်ခဲ့သည့် အတွက်ကြောင့် ပေါ်ပေါက်ခဲ့ဖူးသော အမှုတခု အကြောင်းကို ဦးစံရွှားက ဥဒါဟရဏ် အနေဖြင့် ပြောပြလေ၏။

နောက်တနေ့နံနက်၌ ကျွန်တော်နှင့် ဦးစံရွှားတို့သည် ထုံးစံအတိုင်း လမ်းလျှောက်ရာမှ ပြန်လာကြ၍ ရေချိုးပြီးနောက် စာတအုပ်စီ ဖတ်နေကြစဉ် ၉ နာရီအချိန် ရောက်လတ်သော် ပုလိပ်တယောက်သည် စာတစောင်နှင့် ရောက်လာ၍ ဦးစံရွှားအား ပေးသဖြင့် ဖတ်ကြည့်ရာတွင် ကလေးဟိုတယ်၌ လူသတ်မှု တခု ဖြစ်နေ၍ ဦးစံရွှား၏ အကူအညီ လိုပါကြောင်းဖြင့် ရေးသားထားသော စာဖြစ်ကြောင်း တွေ့ရလေသည်။

စာရေးသူ ဌာနာအုပ် ဦးလူကလေးမှာ ဦးစံရွှားကို ကြည်ညိုသူဖြစ်၍ ရန်ကုန်သို့ ရောက်စဉ်က ဦးစံရွှား၏ နေအိမ်သို့ တမင် ဝင်ရောက်ကာ မိတ်ဖွဲ့ခဲ့ဖူးသော ပုလိပ်အရာရှိတယောက် ဖြစ်လေသည်။

ဦးစံရွှားသည် ချက်ချင်း လာခဲ့ပါမည်ဟု ပုလိပ်သားအား ပြောလိုက်ပြီးနောက် မိမိ၏ တပည့် ကောလိပ်ကျောင်းသား သုံးယောက်တို့အား လက်တွေ့သင်ခန်းစာ ရစေရန် ထို၍ ယင်းတို့၏နေအိမ်များသို့ ဦးတိုက်ဝင်ခေါ်ခဲ့ပြီးမှ ကျွန်တော်တို့ ငါးယောက်တို့သည် ကလေးဟိုတယ်သို့ သွားကြလေ၏။

[illegible]

www.burmeseclassic.com

www.burmeseclassic.com


ဟိုတယ်သို့ ရောက်ကြသောအခါ ခင်းကြ တက်ကြသော ဟိုတယ်အစေခံများ ခြေသွက်နေကြသည်ကို မြင်ရခြင်းအားဖြင့် တစုံတခု ဖြစ်နေပြီဟု အကဲခတ်နိုင်လောက်ပေရာ ဌာနာအုပ် ဦးလူကလေးသည် လှေကားမှ ဆီးကြို၍—

"နေရာကျလိုက်တာ ဆရာ၊ ကလေးမှာ ဆရာရောက်နေတုန်း ဒီလို ဖြစ်ရခြင်းဟာ ကျွန်တော်ကံကောင်းတယ်လို့ အောက်မေ့မိပါတယ်။ ကြွပါဆရာ။ အလောင်းကို ဘယ်သူမှ မကိုင်ဖို့ ကျွန်တော် အမိန့်ပေးထားပါတယ်"ဟု ပြော၍ ဟိုတယ်အပေါ်ထပ်သို့ ခေါ်သွားလေ၏။

ဦးစံရှားက ကောလိပ်ကျောင်းသား သုံးယောက်တို့ကို ညွှန်ပြလျက် မိမိ၏တပည့်များဖြစ်၍ အတူလိုက်ခွင့်ပြုရန် ခွင့်တောင်းလေရာ ဦးလူကလေးက 'ကိစ္စမရှိပါ'ဟု ပြန်ပြောသဖြင့် အားလုံးပင် ဦးစံရှားနှင့်အတူ လိုက်ကြရလေ၏။ ယောကျ်ားကလေး နှစ်ယောက်တို့မှာ လက်တွေ့ ပညာသင်ကြားခွင့် ရပေပြီဆို၍ ဝမ်းသာကြဟန်တူသော်လည်း ခင်ခင်မူမှာမူ အလောင်းတခုကို ရင်မဆိုင်လိုသည့် လက္ခဏာနှင့် နှာခေါင်းခပ်ရှုံ့ရှုံ့ ရှိနေလေ၏။

"ကျွန်မတော့ စုံထောက်ဆိုပေမယ့် ခိုးမှုကလေးလောက် ဘာလောက်နဲ့ စေခိုင်းရင်မှ မလား အောက်မေ့မိတာ။ အခုတော့ လူသတ်မှုကြီးနဲ့ ဝင်တိုးနေပါပြီကော။ ဒါပေမယ့် နောက်ခတော့ ဆုတ်ပါဘူးဆရာ၊ လိုက်ခဲ့ပါမယ်"ဟူ၍ သူ၏ နှုတ်ခမ်းမှာကလည်းက ပြောခဲ့လေသည်။

သို့ရာတွင် မိန်းမသားကလေးဖြစ်၍ 'သမယ်လင်ဆော့'ခေါ် နှာဘူးစ်ခံကလုံးကို ဆောင်လာခဲ့၏။

အပေါ်ထပ်သို့ ရောက်ကြသောအခါ နက်ကတိုင်၊ ကြွေတိုက် ရှပ်အင်္ကျီ၊ သက္ကလတ်ဝတ်စုံ စသည်တို့ဖြင့် ဘိလပ်သားစတိုင် ဝတ်ဆင်ထားသော ဘင်္ဂါလီလူမျိုး ဟိုတယ်မန်နေဂျာ မစ္စတာ ဘိုရှိသည် ကျွန်တော်တို့ကို ဆီးကြိုလျက် ရှိသဖြင့် ဦးလူကလေးက မန်နေဂျာနှင့် ကျွန်တော်တို့ နှင့် မိတ်ဆက်ပေးပြီးနောက် တံခါးပွင့်လျက်ရှိသော အခန်းတခန်းသို့ ကျွန်တော်တို့ကို ခေါ်သွားလေ၏။

အခန်းဝသို့ ရောက်လာသည်းက ခင်ခင်မူသည် နှာဘူးစ်ခံ တဖွင့်ဖွင့် ရှူလျက် အခန်းတွင်းသို့ ဝင်သူများ အနက်တွင် နောက်ဆုံးမှ လိုက်ပါလာလေ၏။

မောင်သန်းရွှေသည် ခင်ခင်မူ၏ အပြုအမူကို ပြုံးရုံမျှ ပြုံးသော်လည်း မောင်ဘကလေးကမူ—

"မိန်းမတွေ သတ္တိကောင်း ဆိုပေမယ့် တောင်ကြီး ဖဝါးအောက်ဆိုတဲ့ စကားလိုပ"ဟူ၍ မဆိုင့်တဆိုင် ကလော်လိုက်သည်တွင် ခင်ခင်မူသည် နှာဘူးစ်ခံကိုပိတ်၍ သိမ်းထားလိုက်လေ၏။

သို့ရာတွင် အချိန်မကြာရှည်လှပေ။ အခန်းထဲတွင် ကြမ်းပေါ်၌ လဲလျက်ရှိသော အလောင်းကို မြင်ရသော အခါတွင် ခင်ခင်မူမှာ လွယ်အိတ်ကလေးထဲမှ နှာဘူးစ်ခံကို ကပျာကယာ ပြန်၍ ထုတ်ရလေတော့သည်။

ခင်ခင်မူကိုလည်း အပြစ်မဆိုသာပေ။ အဘယ်ကြောင့်ဆိုသော် လူ့သေအလောင်းပေါင်းများစွာ တွေ့မြင်ခဲ့ဖူးသော ကျွန်တော်သည်ပင်လျှင် စိတ်သဲကာ မကြောက်သော်လည်း ရင်ထဲ၌ ဒိတ်ကနဲ ဖြစ်သွားမိသောကြောင့်ပေတည်း။

အိပ်ခန်းအတွင်း ခင်းထားသော သိုးမွှေးကော်ဇောပေါ်တွင် ခြေလက်များကို ရေကူးတော့မည့်ကဲ့သို့ ဆန့်တန်းကာ မှောက်လျက်ကြီး လဲနေသော လူတယောက်၏ အလောင်းသည်ကား မြင်ရသူများ၏ လိပ်ပြာကို လွန့်ထုတ်နိုင်လောက်အောင် အကြည်းတုံးလှပေတော့သည်။

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ဦးခေါင်း ပခုံးနှင့် ကျောပြင်တခုလုံးမှာ သတော်ဆေးနီ တပုံးလုံး ဖျန်းလောင်းထားဘိသကဲ့သို့ သွေးအမြွှာကြောင်းမြွှား ပေကျံလျက်ရှိသည့်ပြင် ဦးခေါင်းသည် ရင်ဘတ်အောက်သို့ ခပ်စောင်းစောင်း ခွေလျက် ရှိနေခြင်းအားဖြင့် လည်ပင်း သွင်သွင် ကျိုးသွားကြောင်း ထင်ရှားပေ၏။

ပထမဦး မြင်ခဲ့သည့် အလောင်း၏အနေအထားကို ရုတ်တရက် မခန့်မှန်းနိုင်သေးဟန်နှင့် ဝေးဝေးတေး ကြည့်လျက်ရှိရာ လည်ပင်းကျိုး၍ ကုန်းလျှိုးကြီးဖြစ်နေသော အခြင်းအရာကို ရိပ်မိသောအခါမှ မျက်နှာကို အခြားဘက်သို့ လှည့်ကာ နှာဗူးကို အကြိမ်ကြိမ် ရှုနေလေတော့သည်။

ယောကျ်ားကလေး နှစ်ယောက်သည်ပင်လျှင် မျက်နှာများ ဖြူဖပ် ဖြူရော် ဖြစ်သွားကြ၏။

ကျွန်တော်မှာ အမှန်ကို ဆိုရလျှင် ဦးစံရှားအား ရှုတ်ထွတ်ထွတ် ပြောဝံ့သောသတ္တိကို အံ့သြခဲ့မိရာမှ အလောင်းကို မြင်ရ၍ ဟန်လုပ်သည်ကို တွေ့ရသောအခါ ကျေနပ်သလို ဖြစ်မိပေသည်။

ရှား။ ။"ဖြစ်ပုံကို သိသလောက် ပြောပြစမ်းပါအုံးဗျ ဦးလူကလေး"

လေး။ ။"သေတဲ့လူဟာက ဟိုတယ်မှာ တည်းခိုတဲ့ ညွှေ့သည်ပဲ ဆရာ။ ဘင်္ဂါလီလူမျိုး ဂို့ရှိတဲ့။ အသက်က ၃၅ နှစ်။ သူ့မယားနဲ့ကွဲနေတာ နှစ်နှစ်လောက် ရှိပြီတဲ့။ အလုပ်အကိုင်က ဘင်္ဂလားက အထည်ကုမ္ပဏီကြီး တခုအောက် ကိုယ်စားလှယ် အဖြစ်နဲ့ တပြည်လုံး လှည့်ရသတဲ့။ ဘင်္ဂလားနဲ့ မြန်မာပြည်ကို အိမ်ဦးနဲ့ ကြမ်းပြင်လို ဥဒဟို ကူးနေတဲ့လူတယောက်တဲ့။ လူကတော့ လူဆူ လူရှုပ်တယောက်ပဲ။ မော်တော်ကားဆရာတွေ၊ ကူလီကုလားတို့နဲ့ ခဏ ခဏ ရန်ဖြစ်တတ်သတဲ့။ တမြန်မနေ့ကတောင် ကားသမားတယောက်ကို တောင်ဝှေးနဲ့ထိုးလို့ ဟိုတယ်မှာ တော်တော် ဆူသွားသေးဆိုပဲ။ ဘင်္ဂလားကူ သွားပြီး ပြန်ရောက်လာတာ မကြာသေးဘူးလို့ ပြောတယ်။ ဒီဟိုတယ်ရောက်တာတော့ သုံးရက်ရှိသေးတယ်။ ရန်ကုန်ကို လေယာဉ်ပျံနဲ့ ရောက်တယ်ပြောတယ်။ ဒီနေ့မနက် တံမြက်လှည်းတဲ့ ကုလားမက သူ့အလောင်းကို အခု ဆရာမြင်တဲ့ အတိုင်း တွေ့ရတာပါပဲ"

ရှား။ ။"သူ့မိန်းမနဲ့ ကွဲပုံ ဆိုစမ်းပါအုံး"

လေး။ ။"ဒီလူက ဇယ်သမားပဲ ဆရာ။ မယားကြီးနဲ့ကွဲပြီး တိုက်ပစ်စ် အလုပ် လုပ်တဲ့ ကုလားမလေး တယောက်ကို ယူထားသတဲ့။ ယူပြီး ခြောက်လလောက်သာ ပေါင်းတယ်။ စွန့်ပစ်လိုက်ပြန်ရော့တဲ့။ ကွဲတဲ့ မယားကြီး ရော၊ တိုက်ပစ်စ် ကုလားမလေးရော ကျွန်တော်က စစ်ဆေးထားတယ်"

ရှား။ ။"သေကာစရော ရှိလို့လား"

လေး။ ။"ဒီသို့တော့ မဟုတ်ပါဘူး။ သို့သော် ဆရာသိဖို့ပါ။ တိုက်ပစ်စ် အလုပ် လုပ်တဲ့ ကုလားမလေး မစ္စဒေဝီလာက အလုပ်လက်မဲ့ဖြစ်နေသတဲ့။ ဒီဟိုတယ်မှာ မစ္စတာဂို့ရှ် တည်းခိုတတ်တယ်ဆိုလို့ ခဏ ခဏ လာမေးသတဲ့။ မနေ့ညနေတုန်းက သူ လာမေးလို့ ဒီအခန်းမှာရှိတယ်လို့ ညွှန်လိုက်တော့ သူ တက်သွားသတဲ့။ ဘယ်အချိန်လောက် ပြန်သွားတယ်လို့ ဘယ်သူမှ မပြောနိုင်ဘူး။ မစ္စဒေဝီလာကို ကျွန်တော် တွေ့ခဲ့ပြီးပြီ။ သူ့အဖို့တော့ အခန်းကို ခေါက်ကြည့်လို့ ဘယ်သူကမှ မထူးလေတော့ ချက်ချင်း ပြန်ဆင်းခဲ့ပြီး ဟိုတယ်ထဲက ထွက်လာခဲ့တယ် ပြောတာပဲ"

ခင်ခင်မှုသည် ကုလားထိုင်တလုံးပေါ်၌ ထိုင်ကာ နားထောင်လျက်ရှိရာမှ လွယ်အိတ်ကိုဖွင့်၍ အလှဆောင် သားရေအိတ်ကလေးကို ထုတ်ယူပြီးလျှင် ခရီးဆောင်မှန်ကလေးတွင်ကြည့်လျက် မျက်နှာကို တို့ပတ်ပဝါကလေးနှင့် ပွတ်သပ်နေလေ၏။

မိန်းကလေးသည် ဟိတ်လန့်ခြင်း အနည်းငယ် ပြေပျောက်သည်နှင့် တပြိုင်နက် အလှအပပြင်ဖို့ကို ချက်ချင်း သတိရတော့သည်ဟု စဉ်းစားမိသည်နှင့် ပြုံးမိသေး၏။

---

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



လန့်သွားသည့်အတွက်ကြောင့် အလှပျက်သွားသည်ဟူ၍လည်း ခင်ခင်မူ စဉ်းစားမိဟန်တူလေသည်။

မည်သည့်အရာကိုမျှ မျက်စိလျှမ်းခြင်းမရှိသော ဦးစံရှားလည်း ကျွန်တော် ပြုံးသည်ကို မြင်၍ ပြုံးလိုက်သေး၏။

မျက်နှာကို တို့ပတ်ရိုက်ပြီးနောက် ခင်ခင်မူက—

"မယားကြီးဆိုတာတာကော ဦးလူကလေး"ဟု ဝင်၍ မေးလိုက်ရာ ဦးလူကလေးလည်း ခင်ခင်မူဘက်သို့ ချာကနဲ လှည့်၍ ပါးစပ်ဟလျက် ငေးကြည့်သေး၏။

ထို့နောက်မှ ဦးစံရှား၏ မျက်နှာကို လှမ်းကြည့်၍ ဦးစံရှားက ခေါင်းညိတ်လိုက်သည်နှင့်—

လေး။ ။"မယားကြီးဆိုတဲ့ ကုလားမနဲ့လဲ တွေ့ခဲ့ပါပြီ၊ သူနဲ့ကွဲကတည်းက ဂို့ရှ်ဆိုတဲ့လူတယောက် လူ့ပြည်မှာ ရှိတယ်သို့တောင် ဂရုမစိုက်ပဲ သူ့ဘာသာ ကျောင်းဆရာမအလုပ်နဲ့ အသက်မွေးနေပါတယ်တဲ့"

အခန်းတွင်း၌ကား ခုတင်တလုံး၊ မှန်တင်ခုံတခု၊ စားပွဲကလေးတခု၊ ကုလားထိုင်တလုံးနှင့် ဗီရိုကလေး တလုံးမှတပါး အခြား အိမ်ထောင်ပစ္စည်း မရှိချေ။

တထောင့်၌မူ ကလေးမြို့ရှိ ဘိုအိမ်များ၌ ဆောက်လုပ်တတ်သော ထုံးစံအတိုင်း အခန်းကို နွေးအောင် လုပ်ဖို့အတွက် မီးဖိုတခု ရှိ၏။

ပွင့်နေသော တံခါးမှ မျှော်ကြည့်လိုက်သည့်အခါ ရေချိုးရန် ကိရိယာများကို မြင်ရသဖြင့် ရေချိုးခန်း ဖြစ်သည်ဟု သိရလေသည်။

ဦးစံရှားသည် ကြမ်းပေါ်၌ ဒူးထောက်လျက် အလောင်းကို သေချာစွာကြည့်ပြီးနောက် မှောက်နေသော အလောင်းကို ပက်လက်လှန်ပေး၍ တောင့်တင်းနေသော လက်များကို စမ်းသပ်ကြည့်လေရာ ကျောင်းသား ကျောင်းသူများလည်း ဦးစံရှား၏ အပြုအမူကို စောင့်ကြည့်နေကြလေ၏။

ရှား။ ။"ကိုင်း လာကြစမ်း လက်ထပ်သင်ချင်တဲ့ လူစု။ အလောင်းကို သေသေချာချာ ကြည့်ပြီး ဘာများ တွေ့ကြ မြင်ကြသလဲ ပြောကြစမ်း။ ခင်ခင်မူက ပထမ ပြောစမ်း" ခင်ခင်မူက နှုတ်ခမ်းများကို လျှာဖြင့်လျက်ကာ အလောင်းကို ကြည့်နေသေး၏။

နှုတ်လျှာသွက်သော ခင်ခင်မူမှာ ထိုအခါ၌ မသွက်လှတော့ချေ။

ထို့နောက်မှ စမ်းတဝါးဝါးရှိသော အမူအရာနှင့်—

"သူ့ကိုယ်မှာ ဝတ်ထားတာက ညဝတ်အင်္ကျီဆရာရဲ့။ ခြေထောက်မှာ မြက်ဖိနပ်ကလေးဆရာရဲ့။ ခါးမှာတော့ ဘောင်းဘီတမျိုး ဆရာရဲ့"

ရှား။ ။"ညဝတ်အင်္ကျီကို ပီဂျမာ ခေါ်တယ်။ အမှတ်အသားများ ရှိသလား ကြည့်စမ်း"

ခင်ခင်မူသည် အင်္ကျီအောက်ပိုင်းကို မရဲတရဲနှင့် လှန်ကြည့်ပြီးနောက်—

မူ။ ။"မိတာဘုန်းကုမ္ပဏီ၊ ကာလကတ္တားတဲ့ ဆရာ"

ရှား။ ။"ဒို့ပြင်ကော"

မူ။ ။"လက်ဝဲဘက် လက်မှာ လက်ပတ်နာရီ ရှိတယ်ဆရာ။ မှန်ကတော့ ကွဲနေတယ်။ နာရီလဲ ရပ်နေတယ်ဆရာ"

ရှား။ ။"ဘယ်နှစ်နာရီမှာ ရပ်သလဲ"

မူ။ ။"၆ နာရီ မိနစ် ၂၀ ဆရာရဲ့"

ရှား။ ။"အလောင်းကိုတွေ့တာက ဘယ်အချိန်တဲ့လဲ ဦးလူကလေး"



www.burmeseclassic.com

www.burmeseclassic.com



လေး။ ။"၇ နာရီ မိနစ် ၃၀ တဲ့ ဆရာရဲ့။ ဆရာဝန်ခေါ်ပြတော့ အလောင်းက ပျော့ပျော့ကြီး ရှိသေးတယ်၊ မခေါင့်သေးဘူး။ ဒါကြောင့် ဆရာဝန်က သေပြီးတာ နာရီဝက် မကျော်နိုင်သေးဘူးလို့ ထွက်ဆိုသွားတယ်"

မူ။ ။"ဒီလိုဆိုယင် ကျွန်မထင်တာကတော့...."

ရွှာ။ ။"ထင်တာတွေအသာထားပါအုံး။ ခင်ခင်မူ မြင်တာတွေ ကုန်အောင် ပြောစမ်းပါအုံး"

မူ။ ။"ကျွန်မ မြင်တာတော့ ဒါအကုန်ပါပဲ ဆရာ"

ရွှာ။ ။"ဟုတ်လား။ ကိုင်း ဒါဖြင့် မောင်ကလေးက ဆိုစမ်း"

မောင်ကလေးသည် လက်ပတ်နာရီကိုကြည့်ကာ ရွှင်ပျသော မျက်နှာထားနှင့်—

မောင်။ ။"ကြမ်းပေါ် လဲကျလို့ ကြမ်းနဲ့မှန်နဲ့ ခိုက်မိပြီး မှန်လဲကွဲ နာရီလဲ ရပ်သွားဟန် တူတယ် ဆရာ။ ပြီးတော့လဲ သားရေကြိုးမှာ ထိကပေါက်ရာ အပေါက်တခု ရှိတယ်။ အခု ပတ်ထားတာက အပေါက် နံပါတ် ၂ မှာ ပတ်ထားတယ်ဆရာ။ နံပါတ် ၃ မှာလဲ ပတ်ဖူးတဲ့ ထိကပေါက်ရာပေါက်တခု တွေ့ရတယ်ဆရာ"

ရွှာ။ ။"တော်ပေတယ်ကွယ် ငါ့လူ။ ဒီ့ပြင်တော"

မောင်။ ။"လက်ဝဲဘက်လက်မှာသွေးတွေလူးပြီး ခြောက်နေတယ်။ လက်ဖဝါးမှာ သွေးလူးထား ပုံကတော့ ခပ်မှိန်မှိန်ဖြစ်နေတယ်။ ကျွန်တော့်အထင်မှာ သွေးလူးထားတဲ့ လက်ဖဝါးနဲ့ တစုံတရာကို လှမ်းဆွဲလိုက်ရာက လက်ဖဝါးက သွေးတွေပါလေတော့ ခပ်မှိန်မှိန်ဖြစ်နေတယ်လို့ ထင်ပါတယ်။ သွေးလူးနေတဲ့ ဝတ္ထုပစ္စည်း တစုံတခု မတွေ့ရခြင်းကို ထောက်ခြင်းအားဖြင့်...."

ရွှာ။ ။"တော်ပါပေတယ် မောင်ကလေး။ တကယ် တော်ပါပေတယ်။ ဒါထက် သွေးတွေ လူးနေတဲ့ ဝတ္ထုပစ္စည်း တခုခု တွေ့ရပါသလား ဦးလူကလေး"

လေး။ ။"မတွေ့ဘူးဆရာ။ သူတွေးတဲ့အတိုင်း မှန်ယင်တော့ သွေးတွေလူးထားတဲ့ ပစ္စည်း တခုခုဟာ သတ်တဲ့လူ့သက်ထဲ ပါသွားဟန်တူတယ်"

ရွှာ။ ။"ခင်ဗျားက အသာနေစမ်းပါ ဦးလူကလေးရဲ့။ ခင်ဗျားကို စစ်ဆေးနေတာ မဟုတ်ပါ ဘူးဗျ။ ကိုင်း မောင်သန်းရွှေကကော ဘာများ ဖြည့်စွက်နိုင်ပါသေးသလဲ"

ရွှေ။ ။"ဦးခေါင်းက ဒဏ်ရာကို ကြည့်ရခြင်းအားဖြင့် အသွားမရှိတဲ့ လက်နက်တခုခုနဲ့ ရိုက်ထား ဟန် တူတယ်။ သိုးမွေးကော်ဇောကြီး တွန့်နေခြင်းကတော့ တယောက်နဲ့ တယောက် သတ်ပုတ်ကြလို့နဲ့ တူတယ်။ မျက်နှာကတော့...."

ရွှာ။ ။"ဧြော် မျက်နှာကို သတိထားကြည့်မိသကိုး။ ဘယ်လိုနေသလဲ ဆိုစမ်း"

ရွှေ။ ။"အမွေးအမင် ထူတဲ့လူတယောက်ဖြစ်လျက်နဲ့ ပါးပြိုင်းမွေး မုတ်ဆိတ်မွေးတွေ ပြောင်စင် နေခြင်းကို ထောက်တော့ မုတ်ဆိတ်မွေးရိတ်ပြီးခါစလောက် ရှိသေးဟန် တူတယ်။ မေးစေ့ တနေရာမှာ ပေါင်ဒါ အစအနတောင် ကျန်နေသေးတယ်"

မူ။ ။"ဒါကို ကျွန်မလဲ မြင်ပါတယ်။ ဆရာက ပြောဖို့ အချိန်မပေးလို့ မပြောလိုက်ရတာပါ။ ပြီးတော့ ပေါင်ဒါလိမ်းထားပုံကလဲ အင်မတန်ညီပါတယ်။ စုမိစုရာ စုမနေပါဘူး"

ရွှာ။ ။(ပြုံးလျက်) "တော်ပါပေဗျား။ မိန်းမတို့ သတ္တိကတော့ ဒီလိုပါဆို။ ပေါင်ဒါလိမ်းပုံ ညီ မညီကို အလောင်းမှာတောင် ဂရုစိုက်ပြီး ကြည့်မိပေတယ်။ ကိုယ့်အချင်းချင်း ဆိုတာကိုတော့ မပြောနဲ့ တော့။ ဒါထက် လက်နက်ကောဗျ ဦးလူကလေး"

---

ဒုတိယအကြိမ်

www.burmeseclassic.com



ဦးလူကလေးသည် ကျောက်ဖြင့် ပြုလုပ်ထားသော ကျည်ပွေ့တချောင်းကို ယူ၍ပြသဖြင့် ကြည့်ရှုကြလေရာ သွေးနှင့် ဆံပင်များ ကပ်လျက်ရှိသည်ကို တွေ့ရလေ၏။

ရှား။ ။"လက်ရာများ မတွေ့ဘူးလား ဦးလူကလေး"

လေး။ ။"မတွေ့ဘူးဆရာ။ မှန်ဘီလူးနဲ့ သေသေချာချာ ကြည့်ပြီးပါပြီ"

ထို့နောက် ဦးစံရှားသည် ခုတင်ပေါ်၌ ပြန့်ကျဲလျက်ရှိသော ပစ္စည်းများကို ကြည့်စေရာ ယင်းတို့မှာ ခရီးဆောင်သားရေအိတ်တလုံး၊ ခေါက်လျက်ရှိသော သက္ကလတ်ဝတ်စုံတစုံ ခြေအိတ်တစုံနှင့် ပိုးလက်ကိုင်ပဝါ တထည်တို့ ဖြစ်လေသည်။

ခုတင်အောက်၌ကား ဖိနပ်အနက်တရံနှင့် အညိုတရံရှိ၏။ ခုတင်အနီး၌ရှိသော ကုလားထိုင်ပေါ်၌ကား ရှပ်အင်္ကျီဟောင်း တထည်၊ ခြေအိတ်ဟောင်း တစုံနှင့် အဝတ်ဟောင်းတစုံ တင်လျက်ရှိ၏။

ယင်းပစ္စည်းများမှာ သွေးများစွန်းပေခြင်း မရှိချေ။

ဦးစံရှားသည် တပည့်များက ပစ္စည်းများကို ကြည့်နေကြစဉ် ဆေးတံသောက်လျက် ယင်းတို့၏ အပြုအမူကို စောင့်ကြည့်နေလေ၏။

နောက်ဆုံး၌ မောင်ကလေးနှင့် မောင်သန်းရွှေတို့က အလောင်း၏လက်တွင် ပတ်ထားသော နာရီကို ကြည့်နေကြသဖြင့် ဦးစံရှားက အနီးသို့ ချဉ်းကပ်လိုက်သည်တွင် မောင်ကလေးက ဦးစံရှား၏ မျက်နှာကို မော့ကြည့်လျက်—

"ကျွန်တော်တော့ တခုတွေ့ထားပြီ ဆရာ"ဟု ပြောလိုက်၏။

မောင်ကလေးမှာ အလောင်း၏လက်မှ လက်ပတ်နာရီကို ဖြုတ်၍ ကျောဘက်မှ ဖွင့်လိုက်ရာတွင် နာရီ အဖုံးအတွင်း၌ စက္ကူများ ကပ်လျက်ရှိသည်ကို တွေ့ရသဖြင့်—

"ဒီဟာက တခုခုကို ခွာယူလို့ ကပ်ကျန်နေရစ်တဲ့ စက္ကူမြွေးတွေပဲဆရာ။ ကျွန်တော်တော့ စိတ်ကူးတခုရပြီ"ဟု ပြော၍ အလောင်း၏မျက်နှာကို သေချာစွာ ကြည့်နေပြန်၏။

ဤတွင် မောင်သန်းရွှေသည် လက်ပတ်နာရီကိုယူ၍ ဦးစံရှား ဆောင်လေ့ရှိသော မှန်ဘီလူးကို ငှားပြီးလျှင် စက်များကို မှန်ဘီလူးနှင့် ကြည့်လေ၏။

ထို့နောက် ဦးစံရှား၏ မျက်နှာကို မော့ကြည့်လျက်—

"ဒီနာရီကို ကျွန်တော် ခဏလောက် အိမ်ယူမသွားနိုင်ဘူးလား ဆရာ"ဟု မေးသဖြင့် ဦးစံရှားက ဦးလူကလေး၏ မျက်နှာကို လှမ်းကြည့်လိုက်ရာတွင် ဦးလူကလေးက—

"ယူနိုင်ပါတယ်၊ သို့သော် သိပ်မကြာစေနဲ့နော်၊ မြန်မြန်ပို့ပေးပါဗျာ"

ရွှေ။ ။"စိတ်ချပါခင်ဗျာ၊ ပြန်ပို့ပါ့မယ်"

ရှား။ ။"ကိုင်း ဒါထက် ဟောဟိုမီးဖိုထဲက မြာတို့ ဘာတို့ကို သေသေချာချာ ကြည့်ပြီးပြီလားဗျ ဦးလူကလေး"

လေး။ ။"ဒီမေးခွန်းကို ဆရာမေးလိမ့်မယ်ဆိုတာ ကျွန်တော် သိပြီးပဲ။ ကြည့်ပြီးပါပြီ ဆရာ။ အရေးကြီးတဲ့ ပစ္စည်းတော့ ဘာတခုမှ မတွေ့ရပါဘူး"

ရှား။ ။"ဟုတ်ကဲ့လားဗျ။ မှန်းစမ်း၊ ကျုပ် ကြည့်စမ်းပါအုံးမယ်"

မီးဖိုမှာ ဆောင်းဥတုရာသီတွင် မီးလှုံရန်အတွက် ဇာလေးမြို့ရှိ ဘိုအိမ်များ၌ ခေါင်းတိုင်နှင့်တကွ ဆောက်လုပ်ထားသော မီးဖိုမျိုးဖြစ်လေရာ ဦးစံရှားသည် မီးဖိုထဲ၌ရှိသော ပြာများကို မြင်လိုက်ရသည်နှင့် တပြိုင်နက် အံ့သြသော မျက်နှာထား ဖြစ်ပေါ်လာလေ၏။

---

အဆိုလာအကြွေ

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ပြာအနည်းငယ်ကို ဆုပ်ယူလျက်—

ရှား။ ။ "ဒီပြာကို သေသေချာချာ ကြည့်ကြစမ်း။ ထင်းကိုလောင်လို့ ကျတဲ့ပြာ ဟုတ်ကဲ့လား"

တပည့်သုံးယောက်သည်ပြာကိုယူကြည့်ကြပြီးနောက်ဓာတုဗေဒပညာသင်ခဲ့သောမောင်ကာလေးက—

"ထင်းလောင်တဲ့ပြာ မဟုတ်ဘူးဆရာ။ ဝါဂွမ်းလောင်ပြီး ကျတဲ့ ပြာနဲ့တူတယ်"

ရှား။ ။ "ဟုတ်ပြီ။ သို့သော် ဝါဂွမ်းဆိုတော့ ဘယ်လိုဟာ ဖြစ်မလဲ"

ရွှေ။ ။ "ဝါဂွမ်းနဲ့ ရက်လုပ်တဲ့ ချည်ထည်တခုခု ဖြစ်ရမှာပေါ့ ဆရာ"

ရှား။ ။ "အစစ်ပဲ"

ထို့နောက် ဦးစံရှားသည် အင်္ကျီလက်ကိုပင့်၍ ပြာများအောက်သို့ နှိုက်ပြီးလျှင် မွှေနှောက်စမ်းသပ်သည်တွင် ကနုကမာဖြင့် ပြုလုပ်ထားသော ကြယ်သီးကြီး ငါးလုံးနှင့် သတ္တုဖြင့် ပြုလုပ်ထားသော ရှပ် လက်ကြယ်သီး တစုံကို နှိုက်ထုတ်လာလေ၏။

ကနုကမာ ကြယ်သီးကြီးများမှာ သာမန် တိုရှပ်များ၌ တပ်သော ကြယ်သီးမျိုးမဟုတ်ပဲ ငါးမူးစေ့ ဝိုင်းခန့်ရှိသည့် ထူထဲသော ကြယ်သီးမျိုး ဖြစ်ကြလေသည်။

ရှား။ ။ "ကိုင်း ကိုယ့်လူများ။ ဒီပစ္စည်းတွေ ကြည့်ပြီး စဉ်းစားဉာဏ် ထုတ်ကြစမ်း။ ဘယ်လို အဓိပ္ပာယ်လဲ။ ဒါထက် ဦးလူကလေး၊ ဒီမီးဖိုက ပြာတွေကို နောက်ဆုံး ဘယ်တုန်းက သိမ်းသတဲ့လဲ"

လေး။ ။ "ကျွန်တော် မေးကြည့်ပြီးပြီ ဆရာ။ တံမြက်စည်းသိမ်းတဲ့ ကုလားမက မနေ့ညတုန်းက သိမ်းသတဲ့"

ရှား။ ။ "ကြိုက်လှပြီ"

ထို့နောက် ဦးစံရှားသည် ကြယ်သီးများကို စားပွဲကလေးပေါ်တွင် တင်ထား၍ ခုတင်ပေါ်၌ ရှိသော သားရေအိတ်ကို မွှေနှောက်ကြည့်ရှုလေရာ သားရေအိတ်အနီးတွင် ဖြန့်ခင်းထားသည့် ယခင်ဖော်ပြခဲ့သော အဝတ်များအပြင် နက်ကတိုင် သုံးခု၊ လက်ကိုင်ပဝါ လေးထည်၊ ရှပ်အင်္ကျီ နှစ်ထည်၊ ခြေအိတ် တစုံ၊ စုပ်ကျယ် သုံးထည်တို့ကို တွေ့၍ 'မိတာဘုန်း ကုမ္ပဏီ၊ ကာလကတ္တား' ဟူသော အမှတ်အသား ကိုလည်း ရှပ်အင်္ကျီများတွင် တွေ့ရလေ၏။

ရှား။ ။ "ကိုင်း၊ အားလုံး မြင်ကြပြီနော်"

"မြင်ပါပြီ ဆရာ"

"ကိုင်း၊ ဒါဖြင့် ရေချိုးခန်းတခုပဲ ကြည့်ဖို့ ကျန်တော့တယ်။ လာကြ"

ခင်ခင်မူသည် ရေချိုးခန်းကို အလွန်ကြည့်လိုဟန် လက္ခဏာနှင့် ရှေ့ဆုံးမှ ဝင်သွားလေရာ မောင်ကာလေးနှင့် မောင်သန်းရွှေတို့က နောက်မှ လိုက်သွားကြလေသည်။

ရေချိုးခန်းအတွင်း ကြွေအင်တုံနှုတ်ခမ်းပေါ်တွင် ယောကျ်ား အသုံးအဆောင်များ ထည့်သော သားရေအိတ်ကလေးတခု ပွင့်လျက်ရှိ၍ သင်ဓုန်းဓားတချောင်း၊ မုတ်ဆိတ်ရိတ် ဆပ်ပြာဗူးကလေးတခု၊ ပေါင်ဒါ တဗူး၊ မုတ်ဆိတ်ရိတ် ဘရပ်ရှ်တခု၊ သွားတိုက်ဆေးတဗူး ရှိကြပေရာ မုတ်ဆိတ်ရိတ်သော ဘရပ်မှာ စွတ်စိုလျက်ပင် ရှိသေး၏။

ကြွေအင်တုံ နှုတ်ခမ်းတဘက်ပေါ်တွင် မုတ်ဆိတ်ရိတ် ဘရပ်တံ ထည့်သည့် ကျဲတော်ဗူးကလေး ပွင့်လျက်ရှိ၍ အဖုံးမှာ သားရေအိတ်ကလေးပေါ်တွင် တင်လျက်ရှိ၏။

မောင်။ ။ "ကျွန်တော်ဖြင့် အရေးကြီးလောက်တဲ့ပစ္စည်း တခုမှ မမြင်ပေါင်ဗျာ။ ခင်ဗျားတော့ ဗျို့ ကိုသန်းရွှေ"



www.burmeseclassic.com

www.burmeseclassic.com



ရွှေ။ ။"အသင်ခံရခါနီးမှာ မုတ်ဆိတ်ရိတ်လေးတယ် ဆိုတဲ့ အချက်ကလဲ့ပြီး အရေးကြီးတာ ဘာမှ မမြင်တတ်ပေါင်ဗျာ"

မူ။ ။"ရှင်တို့ ယောကျ်ားတွေ ဘာမြင်အတတ်မှာလဲ၊ ကျွန်မတော့ မြင်တတ်ပါ့ရှင်"

မောင်ကာလေးနှင့်မောင်သန်းရွှေတို့သည် တယောက်၏မျက်နှာကို တယောက်လှမ်းကြည့်လိုက်ကြ၏။

ထိုအခါ ဦးစံရှားသည် မုတ်ဆိတ်ရိတ်သောဘာရမ်ထည့်သည့် ဗူးပိတ်ကလေးကို လက်ဖြင့် ကောက်ယူကြည့်ရှုလေရာ အတွင်းဘက်၌ ပေါင်ဒါရိုက်ရန်အတွက် ပြုလုပ်ထားသည့် ပေါင်ဒါပပ်ဖ်ခေါ် ငှက်မွေးဝိုင်းတလေးတခုကို တွေ့မြင်ရလေ၏။

ပေါင်ဒါပ်ဖ်မှာ ဗူးထဲမှထုတ်၍ အလိုရှိသောအခါ၌ အသုံးပြုပြီးလျှင် တဖန် ပြန်၍ ထည့်ထားနိုင်လေသည်။

ထိုခဏ၌ ခင်ခင်မူသည် ဦးစံရှားကို ကျောခိုင်း၍ ယောကျ်ားကလေး နှစ်ယောက် အပေါ်တွင် အသားယူ ပြောဆိုလျက်ရှိရာ ဦးစံရှားသာ ခင်ခင်မူကိုကြည့်ကာ ဦးခေါင်းဆတ်၍ ပြုံးလိုက်၏။

နောက်တနေ့၌ ဦးစံရှားနှင့်တပည့်များသည် ရေချိုးခန်းမှထွက်လာ၍ အိပ်ခန်းထဲတွင် စုရုံးကြလေ၏။

ညအချိန်တွင် ဟိုတယ်မန်နေဂျာ ဆက်လာ၍ ဧည့်သည်များကိုလည်း အားနာဖို့ကောင်းသောကြောင့် အခေါင်းကြီးကို ဟိုတယ်မှထုတ်ဖို့ စီစဉ်သင့်ပြီဖြစ်ကြောင်းနှင့် ဦးလူကလေးအား ပြောပြလေရာ ဦးလူကလေးက ဦးစံရှား၏မျက်နှာကို လှမ်းကြည့်၍ ဦးစံရှားက ဦးခေါင်း ညိတ်လိုက်သည်နှင့် အလောင်းကို ရင်ခွဲရုံသို့ ပို့ရန် စီမံကြလေ၏။

ဦးစံရှားကလည်း တပည့် သုံးယောက်တို့အား—

ရှား။ ။"ကိုင်း ကိုယ့်လူများ၊ ဘာများ လိုကြသေးသလဲ"

မောင်။ ။"ကျွန်တော်ကတော့ သိချင်တဲ့ လိပ်တာခု မေးချင်တာပါပဲ"

မူ။ ။"ကျွန်မကလဲ မေးချင်တယ်"

ရွှေ။ ။"ကျွန်တော်လဲ သိချင်တာတခု ရှိပါတယ်။ သို့သော် ကျွန်တော့်ဘာသာ စုံစမ်းယူပါတော့မယ်"

ရှား။ ။"ကိုယ့်တပည့်များက ဦးနှောက်ကို အသုံးချတဲ့အလေ့အကျင့်ရှိပြီး ကောလိပ်ကျောင်းသူကျောင်းသားတွေ ဖြစ်လေတော့ အခုလောက် တွေ့ရ မြင်ရယင် ကိုယ့်စိတ်ထဲမှာ ထင်ကြေးကလေးတွေ အသီးသီးရှိကြရှာမယ်ထင်တယ်။ သို့သော် ကိုယ့်ထင်ကြေးအရ ကိုယ့်ဟာကိုယ် စုံစမ်း ထောက်လှမ်းကြဖို့အချိန် နှစ်နာရီပေးအုံးမယ်၊ ဒီအတောအတွင်း မေးကြ မြန်းကြ ထောက်လှမ်း စုံစမ်းကြပေတော့။ ကိုင်း ၁၂ နာရီတိတိမှာ ကျုပ်အိမ်ကို သုံးယောက်လုံး လာခဲ့ကြပေတော့။ ဘယ်သူ့ ထင်ကြေးက ဘယ်လောက်မှန် မမှန် ချိန်ထိုက်ပြီး ကြည့်ကြရအောင်။ ကိုင်း သွားကြပေတော့"

ကောလိပ်ကျောင်းသား သုံးယောက်တို့သည် စာသင်ခန်းက လွတ်လိုက်သော အမူအရာမျိုးနှင့် ဟိုတယ်မှ ထွက်သွားကြလေရာ ဦးစံရှားလည်း ဦးလူကလေးနှင့် တိုင်ပင်လျက် ကျွန်တော်နှင့်အတူ ကျန်ရစ်ခဲ့လေ၏။

ချိန်းဆိုထားသောအချိန်၌ ကျောင်းသားသုံးယောက်တို့ရောက်လာကြလေရာ ဦးစံရှားက လက်ဘက်ရည်နှင့် မုန့်ပဲသွားရည်စီစဉ်၍ လက်ဖက်ရည် သောက်နေကြသောအခိုက်၌ပင်လျှင် ယင်းတို့၏ မျက်နှာထားများမှာ ပြောစရာ စကားလက်ဆောင် အသီးသီး ပါလာကြသည့် လက္ခဏာနှင့် ရွှင်ပျပျ ရှိကြလေ၏။

လက်ဖက်ရည် သောက်ပြီးကြသောအခါ—

ဒုတိယ အကြိမ်

www.burmeseclassic.com



ရှား။ ။"ကိုင်း တပည့်တို့၊ မနက်ပိုင်းက အတူတူ မြင်ခဲ့ကြပြီးတဲ့နောက် ကိုယ့်သဘောနဲ့ ကိုယ် ထောက်လှမ်းစုံစမ်းဖို့၊ ဆင်ခြင်ဖို့လဲ အချိန်ရခဲ့ကြပြီ။ ထင်မြင်ချက် အသီးသီး ပေါ်ခဲ့ကြတယ် မဟုတ်လား"

မူ။ ။"ပေါ်ပါတယ် ဆရာ"

ရှား။ ။"နေရာကျပြီ၊ ခင်ခင်မူပြောသလို သွက်လက်တဲ့ဦးနှောက် ရှိရှိကို အကဲစမ်းရအုံးမှာပဲ။ ကိုင်း မောင်ကလေးက ကိုယ့်ထင်မြင်ချက်ကို ပြောပြစမ်း"

မောင်။ ။"ထင်မြင်ချက် မကပါဘူးဆရာ။ ကျွန်တော်က တပ်တပ်အပ်အပ် ပြောနိုင်ပါပြီ"

ရှား။ ။"တယ်ဆိုတဲ့ စကားပါကလား။ ဆိုစမ်းပါအုံး။ မောင် ဘာများ တပ်တပ် အပ်အပ် ပြောနိုင်လို့ပါလဲ"

မောင်။ ။"ကျွန်တော်က ဂို့ရှ်ရဲ့အလောင်းက လက်ပတ်နာရီကို ကြည့်ပြီး ဘယ်သူ သတ်တယ် ဆိုတာ အသည့်အလင်း ပြောနိုင်တယ်ဆရာ"

မောင်သန်းရွှေနှင့် ခင်ခင်မူတို့မှာ မျက်လုံးပြူးသွားကြ၏။

ရှား။ ။"ဟုတ်ကဲ့လား၊ နေဦး ချလိုက်လေကွယ်။ ပြောပြစမ်းပါအုံး"

မောင်။ ။"လက်ပတ်ကြိုးမှာ ထိကပေါက်ဆိုကလေး နှစ်ခုရှိတဲ့ အကြောင်းတော့ ဆရာလဲသိပြီး သားပဲ"

ရှား။ ။"ဟုတ်ကဲ့၊ မြင်ခဲ့ပါရဲ့မောင်"

မောင်။ ။"ထိကပေါက် နှစ်ခုရှိတဲ့အနက် ဂို့ရှ်ပတ်ထားတာက နံပါတ် ၂ အပေါက်မှာဆရာရဲ့။ နံပါတ် ၃ အပေါက်မှာလဲ ထိကပေါက်ဆိုရှိတယ်။ အဲဒီအထဲ နှစ်ခုအနက် အပေါက် နံပါတ် ၃ မှာရှိတဲ့ အရာက အပေါက် နံပါတ် ၂ မှာရှိတဲ့အရာထက် သာပြီးထင်ရှားတယ် ဆရာရဲ့"

ရှား။ ။"ဟုတ်ပြီ။ ဒီတော့ကာ...."

မောင်။ ။"ဒီတော့ကာ ဒီလက်ပတ်နာရီဟာ ဂို့ရှ်ရဲ့ နာရီမဟုတ်ဘူး။ ဂို့ရှ်ထက် ပိန်တဲ့ လူ တယောက်ရဲ့ နာရီဖြစ်ရမယ်။ ဟိုလူ့လက်ထဲမှာ အကြာကြီး ပတ်ပြီးတဲ့နောက်မှ ဂို့ရှ်ရဲ့ လက်ထဲ ရောက် လာတယ်။ ရောက်တာလဲ သိပ်မကြာသေးဘူးလို့ ဆိုချင်တယ်ဆရာ"

ရှား။ ။"တော်တယ်ဟေ့ ငါ့လူ။ ဒီ့ပြင်ကော"

မောင်။ ။ဂို့ရှ်ဟာ တခြား လူတယောက်ရဲ့ နာရီကို ဘာကြောင့် ပတ်ရသလဲတဲ့။ ဂို့ရှ်ရဲ့ အလောင်းကိုတွေ့တာက ၇ နာရီ မိနစ် ၃၀။ နာရီရပ်တာက ၆ နာရီ မိနစ် ၂၀။ ဒီတော့ကာ ၁နာရီနဲ့ ၁၀ မိနစ်လောက် အချိန်ကွာနေတယ်။ ဆရာဝန်က အလောင်းကို စမ်းသပ်ကြည့်တဲ့ အခါမှာ ပျော့ပျော့ ကြီး ရှိနေသေးတယ်၊ မတောင့်သေးဘူး ဆိုတော့ကာ ဒီလောက် အချိန် မကြာသင့်ဘူး။ ဒါကြောင့် ကျွန်တော့်အယူအဆကတော့ နာရီကို တမင်ကောက် အချိန် ရွှေ့ထားခဲ့ခြင်း ဖြစ်ရမယ်"

ရှား။ ။"ဘာကြောင့်လဲ"

မောင်။ ။"အမှန်အတိုင်းက အလောင်းကို ၇ နာရီမိနစ် ၃၀ မှာ တွေ့ယင် သေတဲ့ အချိန်ဟာ ၇ နာရီ မိနစ် ၂၀ လောက်မှာ ဖြစ်သင့်တယ်"

ရှား။ ။"ကောင်းပါပြီ။ ဘာကြောင့် ရွှေ့ထားခဲ့ရတာလဲ"

မောင်။ ။"သတ်တဲ့လူက ၆ နာရီ မိနစ် ၂၀ မှာ ယုံကြည်စိတ်ချလောက်တဲ့ လူကြီးလူကောင်း တယောက်ယောက်နဲ့ စကားပြောနေပါတယ်လို့ သက်သေသာဓက ထင်ရှားအောင် ပြနိုင်ဖို့အတွက်



www.burmeseclassic.com

www.burmeseclassic.com



အလောင်းလက်က လက်ပတ်နာရီကို တနာရီတိတိ နောက်ပြန် ရွှေ့ထားခဲ့ခြင်း ဖြစ်ရမယ်လို့ ဆိုချင်တယ် ဆရာ"

ရှား။ ။"ဥပဒေ စကားအရ 'အယ်လီဘိုင်' ဆိုတာမျိုးပေါ့ ယုတ္တိရှိပါရဲ့။ ဒီ့ပြင်ကော မောင်"

မောင်။ ။"နာရီအဖုံးမှာ အလောင်းသက်က တစုံတခုကို ခွာယူသွားလို့ ကျောက်မြေးကလေး ကပ်ကျန်ရစ်ခဲ့တာ မြင်ကြတယ် မဟုတ်လား။ ဒါ ဘာတဲ့လဲ။ ကျောက်မြေး ကပ်ကျန်ရစ်ခဲ့တယ်ဆိုတော့ တခြားအကြောင်း မဟုတ်နိုင်ဘူး။ ဓာတ်ပုံဖြစ်ရမယ်။ ကောင်းပြီ။ ဓာတ်ပုံတခုကို နာရီထဲက ခွာယူတယ်ဆိုတာ ဘယ်လိုအဓိပ္ပါယ်လဲ။ တခြား ဟုတ်ရိုးလား။ သတ်တဲ့လူရဲ့ ရုပ်ပုံ ဖြစ်နေလို့ပေါ့ဗျ"

မောင်သန်းရွှေနှင့် ခင်ခင်မူတို့သည် မယုံကြည်သော မျက်နှာများနှင့် နှာခေါင်း ရှုံ့နေကြရာမှ မျက်လုံးများ ပြူးသွားကြလေ၏။

ရှား။ ။"ဆိုပါအုံးမောင်"

မောင်။ ။"ဒီတော့ကာ ဓာတ်ပုံ ဆိုကတည်းက မိန်းမဓာတ်ပုံ ဖြစ်ရမယ်ဆိုပြီး ကျွန်တော်က ကျွန်တော်နဲ့သက်ဆိုင်တဲ့ မိန်းမရဲ့အိမ်ကို လိပ်မေးပြီးလိုက်တယ်။ ဟိုရောက်တော့ သတင်းထောက်တယောက်ပါလို့ ပြောပြီး သူ့ဓာတ်ပုံကို တောင်းကြည့်တယ်။ သူ့မှာ ကံအားလျော်စွာ ဓာတ်ပုံ အယ်လ်ဘမ် စာအုပ်ရှိလေတော့ ထုတ်ပြရာမှာ စာအုပ်ထဲက အဝိုင်းကလေးတဝိုင်း ကိုက်ညှပ်ယူထားတဲ့ နေရာကို တွေ့ရတယ်။

"ပြီးတော့ ယောကျ်ားနဲ့ မိန်းမ တွဲပြီး ရိုက်ထားတဲ့ ဓာတ်ပုံဖြစ်ရမှာပဲ။ အလောင်းလက်က နာရီမှာ ဒီဓာတ်ပုံကို တွေ့ရယင် သဲလွန်စ ရသွားမှာ စိုးတဲ့အတွက် ခြေရာဖျောက်လိုတဲ့ သဘောနဲ့ ဓာတ်ပုံကိုခွာယူခဲ့ခြင်း ဖြစ်ရမယ်"

ရှား။ ။"ဒါဖြင့် သတ်တဲ့လူက မိန်းမပေါ့လေ"

မောင်။ ။"ဟုတ်တာပေါ့"

မူ။ ။"နာရီကတော့ ယောကျ်ားကိုင်တဲ့ နာရီမျိုးပါကလား"

မောင်။ ။"မိန်းမတော ယောကျ်ားပတ်တဲ့ နာရီမျိုး မပတ်နိုင်ဘူးလား။ ခင်ခင်မူတောင် အိုင်အော တုန်းက ခန့်တယ်ဆိုပြီး ပတ်ဖူးသေး မဟုတ်လား"

ရှား။ ။"ကောင်းပါပြေဗျာ။ ဒါဖြင့် သတ်တဲ့လူက ဘယ်သူတဲ့"

မောင်။ ။"ဂို့ရှ်ရဲ့ မယားကြီးပေါ့ဆရာ။ သူ့ကိုပစ်ထားတော့ သတ်ချင် သတ်နိုင်တာကိုး ဆရာရဲ့"

ခင်ခင်မူသည်း နှာခေါင်းရှုံ့၍ မောင်သန်းရွှေကမူ ဦးခေါင်းကို ယမ်းလေ၏။

ရှား။ ။"ကောင်းပါ၊ ကောင်းပါ။ ကိုင်း မောင်သန်းရွှေက ဆိုစမ်းပါအုံး"

ရွှေ။ ။"လက်ပတ်နာရီဟာ ဂို့ရှ်ရဲ့နာရီမဟုတ်၊ အယ်လီဘိုင်အတွက်ကြောင့် နာရီလက်တံကို ရွှေ့ထားကြောင်းဆိုတဲ့ အချက်တွေကတော့ ကိုမောင်ကလေးနဲ့ ကျွန်တော် သဘောတူတယ် ဆရာ။ သို့သော် သတ်တဲ့လူဟာတော့ မယားကြီးမဟုတ်နိုင်ဘူးဆရာရဲ့။ ကျွန်တော်ကလဲ နာရီကိုကြည့်ပြီး ကောက်နုတ်ချက် ထုတ်ယူတာပဲ။ သို့သော် ကိုမောင်ကလေးနဲ့ မတူဘူးဆရာ"

ရှား။ ။"ဆိုပါအုံးလေ မတူပုံ"

ရွှေ။ ။(လက်ပတ် နာရီကို ထုတ်၍ မှန်ကွဲကို လက်နှင့် ယောက်ပြလျက်) "ကြည့်လိုက်ကြစမ်း ခင်ဗျားတို့။ နာရီဆိုတာ တနည်းအားဖြင့် အသက်မျှူတယ်ဗျ။ ကျုပ်တို့ ထိုင်းယင့်စ် ပညာသင်ရလို့ နာ

www.burmeseclassic.com



လည်တယ်။ နာရီကို လက်မှာပတ်ထားပြီဆိုမှဖြင့် အသားနဲ့ သတ္တုနဲ့ ထိတွေ့ပြီး အသားမှာရှိတဲ့ အပူငွေ့ဟာ နာရီကိုကူးပြီး နာရီဟာ နွေးသွားတယ်။ ဘယ်အရာမဆို ပူယင် ဖောင်းပွလာတယ်၊ အေးယင်ကျုံ့ဝင်သွားတဲ့ သဘာဝရှိတယ်။ ကောင်းပြီ။ နာရီနွေးလို့ နာရီထဲက လေပါနွေးပြီး ဖောင်းပွတက်လာတဲ့အခါမှာ အတွင်းမှာရှိတဲ့လေဟာ အပြင်ဘက်ကို တိုးပြီးထွက်ရတယ်။ ထိုနည်းအတူ နာရီကို လက်ကဖြုတ်ပြီး ချထားလိုက်တဲ့အခါမှာ အေးသွားတဲ့အတွက် နာရီအတွင်းက လေဟာ ကျုံ့ဝင်သွားလို့မို့ အပြင်ဘက်က လေတိုးဝင်ပြီး ဖြည့်ပေးရတယ်။ ဒီအခါမှာ နာရီပတ်ဝန်းကျင်ရဲ့ လေထဲမှာရှိတဲ့ မြူမှုန်အလေးတွေဟာ ဝင်သွားတတ်တယ်"

ရှား ။ "ဟုတ်ပေတယ်။ ပူယင် ပြည့်၊ အေးယင် ကျုံ ဆိုပေတာကိုး။ နောက်ကော"

ရွှေ ။ "ဒီသဘောအရဆိုယင် ပေါင်မုန့်ဖုတ်တဲ့လူရဲ့နာရီမှာ မုန့်ညက်တွေရှိရမယ်၊ ပန်းရံသမားရဲ့ နာရီမှာတော့ အုတ်မှုန့်တွေရှိရမယ်။ ဒီနာရီထဲမှာ ဘာတွေ တွေ့တယ် မှတ်ကြသလဲ"

မူ ။ "ဆိုစမ်းပါအုံး။ ဂျုံမှုန့်တွေလား"

ရွှေ ။ "မဟုတ်ဘူးဗျ။ ပေါင်ဒါမှုန့်တွေ တွေ့ရတယ်"

ခင်ခင်မူလည်း မယုံယုန်နှင့် မဲ့ပြလေ၏။

ရွှေ ။ "ပေါင်ဒါမှ ဘယ်လိုပေါင်ဒါ မှတ်သလဲ။ ပန်းနုရောင် ကလေးဗျ။ ဘယ်သူ့ဆီမှာ တွေ့ရမှတ်သလဲ။ ခင်ဗျားတို့ ဘယ်သူမှ တွေးနိုင်ကြမှာ မဟုတ်ဘူး။ အလောင်းကိုတွေ့တယ်ဆိုတဲ့ တံမြက်စည်းလှည်းတဲ့ ကုလားမရဲ့အိမ်မှာဗျ။ ကျွန်တော်ကိုယ်တိုင် ကြည့်ခဲ့ပြီးပြီ"

ဦးစံရှားလည်း မျက်ခုံးချီလိုက်လေရာ မောင်ကလေးနှင့် ခင်ခင်မူအို့ကာမူ ရယ်လိုက်ကြလေ၏။

ရှား ။ "နို့ မောင်ရယ်၊ ရည်ရွယ်ချက်ကကော၊ ဆိုစမ်းပါအုံး။ ရန်ငြိုးရှိလို့လား"

ရွှေ ။ "ဂို့ရှီက တော်တော်ဆိုးတဲ့ လူတယောက်ဆိုတာပဲ ဆရာရဲ့။ ဟိုလူနဲ့ရန်ဖြစ် ဒီလူနဲ့ရန်ဖြစ်။ ခဏ ခဏ ဖြစ်သတဲ့၊ တခုခုတော့ မကျေနပ်တာ ရှိမှာပေါ့"

ရှား ။ "လူသိုက ဘာမဟုတ်တာလေးနဲ့ မုန်းချင်လဲ မုန်းနိုင်တာပေါ့လေ။ ခင်ခင်မူက ဆိုစမ်းပါအုံး"

မူ ။ "ရှင်တို့ ယောကျ်ားကလေးတွေက ကိုယ့်ကိုယ်ကို အထင်ကြီး မနေကြနဲ့၊ ဒီအမှုမှာ နာရီက ဘာမှ အရေးတကြီး ပတ်သက်တာ မရှိဘူးရှင်တို့ရေ။ နားလည်ကြရဲ့လား"

မောင်ကလေးနှင့် မောင်ဆန်းရွှေတို့လည်း တယောက်မျက်နှာ တယောက်ကြည့်၍ ပြုံးကြ၏။

မူ ။ "ရှင်တို့က လူတတ်ကြီးတွေလုပ်ပြီး ပြုံးကြတာပေါ့လေ။ ဖြစ်ပုံက ဒီလိုပါဆရာ။ အိန္ဒိယပြည်နဲ့ မြန်မာပြည်နဲ့ဟာက အချိန်တနာရီကွာပါတယ်။ ဂို့ရှီဟာ အိန္ဒိယပြည်က ပြန်ရောက်လာတာ မကြာသေးလေတော့ အကြောင်းတစုံတခုကြောင့် သူ့နာရီ အချိန်မပြင်သေးပဲ ထားခဲ့ဟန် တူပါတယ်။ ကြမ်းပေါ် လဲသေတုန်းက နာရီရပ်သွားခြင်း မှန်သော်လဲ သူ့နာရီမှာ နကိုကတည်းက အချိန်တနာရီ မှားနေလေတော့ သေချိန်ဟာလဲ တနာရီ မှားသလို ဖြစ်နေပါတယ်"

ရှား ။ "ဒီအချက်ကတော့ မှန်ပုံရပါတယ် ခင်ခင်မူ။ ဘယ်သူကမှ ယက်တံကို ပြင်ထားတဲ့ လက္ခဏာမရှိဘူး။ ဒို့ပြင်ကော"

မူ ။ "သတ်တဲ့လူအစစ်က မယားကြီးလဲ မဟုတ်ဘူး။ တံမြက်စည်းလှည်းတဲ့ ကုလားမလဲ မဟုတ်ဘူး။ ဒီလိုပါဆရာ။ သေသူဂို့ရှီရဲ့ အလောင်းမှာ ပေါင်ဒါတွေ့တော့ လိမ်းထားပုံဟာ ညီညီညာညာ ရှိတယ်လို့ ကျွန်မ ပြောလိုက်သေးတယ် မဟုတ်လား။ သူ့ပါး အခြေအနေနဲ့ ရေချိုးခန်းထဲမှာ မုတ်ထိုက်

www.burmeseclassic.com



ရိတ်တဲ့ ကိရိယာတွေ ရှိနေကြပုံ အခြေအနေတွေကို ကြည့်ခြင်းအားဖြင့် ဂို့ရှ်ဟာ အသတ်မခံရမီ အချိန် အနည်းငယ်အတွင်းမှာ မုတ်ဆိတ်ရိတ်သေးကြောင်း ထင်ရှားခဲ့ပြီ။ ဒါပေမယ့် ယောကျ်ားတယောက်ဟာ မုတ်ဆိတ်ကို ရိတ်ပြီးလို့ စပ်ပူစပ်ခလောင် မဖြစ်ရအောင် ပေါင်ဒါလိမ်းတဲ့အခါမှာ ဘယ်လိုလိမ်းတတ်ပါ သလဲ။ ဆရာကိုယ်တိုင် ဘယ်လိုလိမ်းပါသလဲ ဆရာ''

ရှား။ ။''လက်နဲ့ယူပြီး လိမ်းတတ်တာပါပဲ''

မှူး။ ။''မှန်တယ်။ ပေါင်ဒါကို လက်နဲ့ယူပြီး လိမ်းလို့မို့ ညီညီညာညာ မရှိတတ်ဘူး။ ကွက်တဲ့ နေရာမှာ ကွက်၊ ထူတဲ့နေရာမှာ ထူနေတတ်တယ်။ ကျွန်မတို့ မိန်းမတွေ လိမ်းတော့ မညီစ ရှင်။ ကျွန်မ မျက်နှာကို ကြည့်ကြစမ်း၊ ညီတယ် မဟုတ်လား။ အဲဒါ ဘာကြောင့်လဲ။ မိန်းမများကတော့ ပေါင်ဒါ ပပ်ဖိခေါ်တဲ့ ငှက်မွေးကလေးနဲ့ အသာကလေး ယူတို့တတ်လို့ပါရှင်။ သို့သော် ဂို့ရှ်ရဲ့အခန်းထဲမှာ ပေါင် ဒါပပ်ဖိ မရှိပဲနဲ့ သူ့မျက်နှာမှာ ဘာပြုလို့ ပေါင်ဒါတွေ ညီညီညာညာ ဖြစ်နေရပါသလဲတဲ့''

ရှား။ ။''ဒါဖြင့် ဂို့ရှ်ကိုသတ်တဲ့ မိန်းမက သူ့မျက်နှာကို ပေါင်ဒါနဲ့ ညီညီညာညာ လိမ်းပေး ပြီးတဲ့နောက်မှ သတ်ပစ်လိုက်တယ်လို့ ဆိုချင်သလား''

မှူး။ ။''ဆိုချင်တယ်။ ဘာကြောင့် မဖြစ်နိုင်ရမှာလဲ။ သတ်တဲ့မိန်းမဟာ မယားကြီး မဟုတ်ဘူးရှင့်၊ မယားငယ်ပဲ။ မယားငယ်ဆိုတာမျိုးက မယားကြီးလို မဟုတ်ဘူး။ အင်မတန် ပလူးပလဲ လုပ်တတ်တယ်။ ချစ်ချင်ယောင်ဆောင်ပြီး ပေါင်ဒါတွေ ဘာတွေ လိမ်းပြီးမှ အလစ်မှာ ရိုက်သတ်ယင် ဖြစ်နိုင်တာပဲကိုး ရှင့်။ မယားငယ်အိမ်ကို ကျွန်မ ရောက်ခဲ့ပြီးပြီ။ သူဟာ ကွယ်တော့ ကွယ်တာပဲ။ သို့သော် သူသတ်တာ တော့ပါပဲ ဆရာရယ်''

ထိုခဏ၌ ဦးစံရှားသည် မေးစေ့ကို လက်ဖြင့် ပွတ်သပ်လျက် အထက်သို့ ဦးခေါင်းကိုမော့ယင်း ဆေးတံကို ဖွာလျက်ရှိရာ တပည့်သုံးယောက်တို့သည် ဦးစံရှား၏မျက်နှာကို မော်ကြည့်နေကြလေ၏။

နောက်ဆုံး၌ ဦးစံရှားသည် ဆေးတံကို ဖြုတ်ထားလျက်—

ရှား။ ။''တပည့် သုံးယောက် စလုံးကတော့ တယောက် တနည်းစီ တော်ကြပါပေတယ်။ ဝါကလေး နုည့်နုည့်နုကြသေးလို့သာပ။ နို့မဟုတ်ယင်တော့ အချွန်အမွန်တွေဖြစ်ကုန်ကြဖို့ရှိပါပေတယ်''

မှူး။ ။''ဒါပေမယ့် တယောက်တမျိုးစီ အဖြေပေးထားကြလေတော့ သုံးယောက် စလုံးတော့ မမှန်နိုင်ဘူးဆရာ။ နှစ်ယောက်ကတော့ လွဲရတော့မယ်။ မဟုတ်ဘူးလားဆရာ''

ရှား။ ။''စဉ်းစားဆင်ခြင်ပုံကလေးတွေကတော့ နက်နဲကြပါပေတယ်။ သို့သော် မှန်တာကတော့ ဘယ်သူမှ မမှန်ဘူး။ သုံးယောက်စလုံး လွဲတယ် ဆိုရမယ်''

မှူး။ ။''ဆရာကလဲ အထင်ပြောနေတာပါ၊ ဧကန္တလို့ မဆိုနိုင်ပါဘူး။ ကျွန်မမှန်ချင်မှန်နေမှာပါ''

ရှား။ ။(ပြုံးလျက်)''တွေ့ကြလား တပည့်များ။ မိန်းမဆိုတာမျိုးဟာ ဒိဝါသနာမျိုးချည်းပါပဲ။ ကိုင်း သို့သော် နားထောင်ကြစမ်း။ မှားတာဟာ တခြားကြောင့် မဟုတ်ဘူး။ မောင်တို့က သဲလွန်စ တခု တည်းကို လက်ကိုင်ပြုပြီး ဇွတ်လိုက်နေကြတဲ့အတွက် ဖြစ်တယ်။ သဲလွန်စဆိုတာ တခုတည်း မကြည့်ရဘူး။ တွေ့သမျှကို ယူကြည့်ပြီး တခုနဲ့ဘာခု ချိန်ထိုးကြည့်တတ်မှ အမှန်ရောက်နိုင်တာကိုး ခင်ခင်မူရဲ့။ မောင် ဏလေးဏ မယားကြီးရဲ့ ခါက်ပုံအယ်လ်ဘမ်မှာ နှစ်ယောက်တွဲ ရိုက်ထားတဲ့ ဓာတ်ပုံတခုကို အဝိုင်းလိုက် ညှပ်ယူထားတာ တွေ့ရတယ်ဆိုပြီး ဧကန္တ ယူဆလိုက်ခြင်းဖြစ်တယ်။ ထန်းသီးကြွေခိုက် ကျီးနင်းခိုက် ဆိုတဲ့ စကားလိုလဲ ဖြစ်နိုင်သေးတာကိုး မောင်ဏလေးရဲ့''

မောင်။ ။''အမိန့်ရှိပါ ဆရာ''

---

ဇာတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ရှား ။ "ပြီးတော့ လက်ပတ်နာရီကို ကြည့်လိုက်စမ်း။ အညံ့စားမျိုး မဟုတ်ဘူးလား။ ဂို့ရှ်ရဲ့ အဝတ်အစားအားဖြင့် မှတ်ဆိတ်ရိတ်တဲ့ ကိရိယာအထိ ကြည့်လိုက်ယင် ဒီလူဟာ အကောင်းသုံးတတ်တဲ့ လူတယောက် ဖြစ်ကြောင်း ထင်ရှားတယ်။ ဒီလူနဲ့ ဒီနာရီနဲ့ မတန်ဘူး။ ဒီလူစားမျိုးဟာ ဒီလို နာရီမျိုးကို ဝယ်ကိုင်မယ် မဟုတ်ဘူး။ ဒါကြောင့် သူပိုင်တဲ့နာရီ မဟုတ်ဘူးဆိုတဲ့ အယူအဆဟာ မှန်တယ်လို့ ဆိုရမယ်။

"ဒါဖြင့် ဘယ်သူ့ နာရီလဲတဲ့။ အမျိုးညံ့ပုံ ထောက်လိုက်တော့ မောင်သန်းရွှေ တွေ့တဲ့ အတိုင်း တံမြက်စည်းလှည်းတဲ့ ကုလားမရဲ့ နာရီ ဖြစ်နိုင်တယ်။ ဒီကုလားမမျိုးဟာက တံမြက်စည်း လှည်းရပေမယ့် လက်ဝတ်နားဆွဲနဲ့ ရွှေဘက်စွပ်နဲ့ တော်တော် ကြွားချင် ဝါချင်တတ်တဲ့ မိန်းမစားမျိုးပဲ။ ဒီကုလားမက အညစ်အကြေးတွေ ဘာတွေ ကိုင်ရမှာကြောင့် လက်ပတ်နာရီကို ချွတ်ချထားပြီး မေ့ကျန်အရစ်မှာ ဂို့ရှ်က တွေ့လို့ အသာအယာ ကောက်ပတ်ထားတာနဲ့ အိန္ဒိယကိုတောင် တခေါက် ပါသွားသေးတယ်။

"အခုဒီ တနာရီ ကွာနေတာကတော့ ခင်ခင်မူ တွေးတဲ့အတိုင်း အိန္ဒိယ အချိန်အတိုင်း ဂို့ရှ်က မပြင်ပဲ ထားခဲ့လို့ ဖြစ်ရမှာပဲ။ အိန္ဒိယက ဂို့ရှ် ပြန်ရောက်လာတာကလဲ လေးငါးရက်လောက် ရှိသေးတယ် ဆိုတာကိုး။ တံမြက်စည်းလှည်းတဲ့ ကုလားမကို ကျုပ် မေးကြည့်တော့ သူ့နာရီပါပဲလို့ အစစ်ခံခဲ့တယ်။ ဂို့ရှ်သက်မှာ သူ့နာရီ ရောက်နေတိုင်းလဲ ဂို့ရှ်ကို သူသတ်တယ်လို့ မစွပ်စွဲထိုက်ပေဘူးပေါ့။

"ပြီးတော့ ခင်ခင်မူရဲ့ နာရီမှာ အချိန် တနာရီ ကွာပုံကလေး တွေးလိုက်ပုံကတော့ ကောင်းပါပေတယ်၊ သို့သော် အရေးကြီးတဲ့အချက်တခု ကျန်နေရစ်တယ်။ ရေချိုးခန်းထဲမှာ ပေါင်ဒါပပ်ဖ် မရှိဘူးဆိုပြီး ခင်ခင်မူက မယားငယ် တိုက်ပစ်စ်မကလေးရဲ့ လက်ချက်ပဲလို့ ယူဆတယ်။ အမှန်ကတော့ မှတ်ဆိတ်ရိတ်တဲ့ ဆပ်ပြာထည့်တဲ့ ဗူးအဖုံးကလေးထဲမှာ ငှက်မွေးပိုင်းကလေးပါတယ် ခင်ခင်မူရဲ့။ အလှအပ ကြိုက်တဲ့ ယောကျ်ားများ သုံးဖို့ ပြင်သစ်က လုပ်ရောင်းတဲ့ ကျွဲကော်ဗူးကလေးပဲ"

မူ ။ "ဒါဖြင့် သတ်တဲ့လူ ဘယ်သူလဲ ဆရာ"

ရှား ။ "မင်းတို့ သုံးယောက်လုံးက ဒီအမှုမှာ လက်သည်ဟာ မိန်းမဖြစ်ရမယ်လို့ တညီတညာတည်း တွေးကြတယ်။ အမှန်ကတော့ တရားခံဟာ ယောကျ်ားမောင်တို့ရဲ့။ ကနုကမာ ကြယ်သီးငါးလုံးနဲ့ ရှပ်လက် ကြယ်သီး တစုံကို ဘယ်သူမှ ထည့်မစဉ်းစားကြဘူး။ ဘာကြောင့်လဲဆိုတော့ ကိုယ့်စိတ်က မိန်းမလို့ ထင်မိတာနဲ့ ကိုယ့်အထင်အတိုင်း ကိုက်အောင် အတင်း ကြံဖန် စပ်ဟပ် ယူကြတော့တာကိုး။

"ခင်ခင်က ကျတဲ့ ပြာ မဟုတ်၊ အဝတ်ကိုလောင်လို့ ကျတဲ့ပြာထဲမှာ ကြယ်သီးတစုံ တွေ့ရတယ်။ ကြယ်သီးတွေကလဲ ရှပ်တပိုင်း ပီဂျမာတပိုင်း ချုပ်ထားတဲ့ အင်္ကျီမျိုးမှာတပ်တဲ့ ကြယ်သီးမျိုး ဖြစ်တယ် ဆိုတော့ ပီဂျာမာအင်္ကျီတထည်ကို ဒီမီးဖိုထဲမှာ မီးရှို့ဖူးကြောင်း ထင်ရှားတာပေါ့။ ဘယ်လို ရည်ရွယ်ချက်နဲ့ ရှို့သလဲ။ ဖျောက်ဖျက်ချင်တဲ့ ရည်ရွယ်ချက်နဲ့ ရှို့တယ်။ သို့သော် အင်္ကျီကို မီးရှို့သော်လဲ ကြယ်သီးတွေကို မလောင်နိုင်လို့ ကျန်ရစ်လိမ့်မယ်ဆိုတာ သူ စဉ်းစားမိဟန် မတူဘူး"

မူ ။ "ဘာ့ကြောင့် မီးရှို့တာလဲ ဆရာ"

ရှား ။ "သဲလွန်စ မကျန်ရစ်ရအောင် ဖျောက်ဖျက်ချင်လို့ပေါ့။ မောင်သန်းရွှေက အလောင်းရဲ့ လက်ဝဲဘက်ကို ကြည့်ပြီး သွေးတွေ ခပ်မှိန်မှိန်ရှိနေတာကိုမြင်ရတော့ တစုံတခုကို လှမ်းဆွဲလိုက်ဟန် တူတယ်လို့ ထင်မြင်ချက် ပေးခဲ့ဖူးတယ် မဟုတ်လား။ အဲဒီအတွေးဟာ မှန်တယ်။ ဂို့ရှ်က တရားခံရဲ့ အင်္ကျီကို လှမ်းဆွဲလိုက်ရာမှာ သူ့လက်က သွေးတွေဟာ အင်္ကျီမှာ စွန်းသွားလေတော့ အင်္ကျီကို မီးရှို့ပြီး ဖျောက်ဖျက်လိုက်တဲ့ သဘောပဲ"

ရွှေ ။ "တွေးတော့ တွေးမိသားနဲ့၊ နောက်ဆုံးကျတော့မှ လွဲသွားတယ် ဆရာ"

---

တတိယအကြိမ်

www.burmeseclassic.com


ရှား။ ။"အဲဒီလို မလျှို့ဖို့ အရေးကြီးတာပေါ့ပဲ။ ကောင်းပါပြီ။ ဒီတော့ကာ တရားခံဟာ လူသုံးမျိုး သုံးစားအနက် တမျိုးမျိုးတည်းက ဖြစ်ရမယ်။ တစ် အချက်က အပြင်လူလေလား၊ နှစ် အချက်က ဟိုတယ်မှာ တည်းခိုတဲ့ ဧည့်သည်ထဲကပေလား၊ သုံး အချက်က ဟိုတယ်မှာ အလုပ်လုပ်တဲ့ လူထဲကပေပဲလား စဉ်းစားရလိမ့်မယ်။ အကယ်၍ အပြင်လူတယောက် ဖြစ်ခဲ့လို့ရှိယင် သေ့းစွန်းထားတဲ့ အင်္ကျီကို အပြင်ယူသွားပြီး အေးအေးဆေးအေး ဖျောက်ဖျက်ဖို့ အချိန်ရနိုင်တယ်။

"အခုလို အရေးတကြီး မီးရှို့ပြီး ဖျောက်ဖျက်ခြင်းကို ထောက်ခြင်းအားဖြင့် အပြင်လူထဲက မဟုတ်ဘူးလို့ ဆိုရလိမ့်မယ်။ အကယ်၍ ဟိုတယ်မှာ တည်းခိုတဲ့ ဧည့်သည်ထဲက ဖြစ်ယင်လဲ ထို့နည်းအတူ ဖြည်းဖြည်းဆေးဆေး ဖျောက်ဖျက်ဖို့ အချိန်ရနိုင်မယ်။ အခုလို ကတိုက်ကရိုက် ဖျောက်ဖျက်ပစ်ပုံကို ထောက်ခြင်းအားဖြင့် ဟိုတယ်မှာ အလုပ်လုပ်တဲ့ လူထဲက ဖြစ်ရမယ်လို့ ဆိုရလိမ့်မယ်။ ဟိုတယ်ထဲက လူဆိုတော့ ချက်ချင်း ဖျောက်ဖျက်ယင် ဖျောက်ဖျက်၊ မဖျောက်ဖျက်လို့ရှိယင် ဒီ့ပြင်လူတွေ တွေ့သွားမှာ စိုးရိမ်ရပေလိမ့်မယ်။ ဒီတော့ ဘာလုပ်သလဲ။ သွေးတွေစွန်းနေတဲ့ သူ့အင်္ကျီကိုချွတ်၊ ဂို့ရှ်ရဲ့ သားရေအိတ်ထဲက အင်္ကျီတထည်ကို ကောက်မိကောက်ရာ ကောက်ယူ ဝတ်ပြီးတော့မှ သူ့အင်္ကျီကို မီးဖိုထဲမှာ မီးရှို့ပစ်ရတာကိုး"

မူ။ ။"ဂို့ရှ်ရဲ့ အင်္ကျီကို ဝတ်နိုင်တယ်ဆိုတော့ ယောကျ်ားထဲက ဖြစ်ရပေမှာပေါ့"

ရှား။ ။"အစစ်ပဲ။ သို့သော် ဂို့ရှ်ရဲ့ ရှပ်အင်္ကျီတွေကို သတိထားကြည့်မိကြရဲ့လား"

ရွှေ။ ။"အထည်ကောင်းတွေ ဆရာ။ တိုဘာရက်ကိုး အထည်စတွေပဲ"

ရှား။ ။"ဟုတ်ပြီ။ ပြီးတော့ ကုမ္ပဏီရဲ့ အမှတ်အသားလဲ ပါတယ်နော်"

မူ။ ။"ပါတယ်ရှင့်"

ရှား။ ။"အဲဒီကောင်းကို တွေ့တွေ့ချင်း ဟိုတယ်တခုလုံး ရှုပ်ရှုပ်ယှက်ယှက် ဖြစ်သွားပုံကို ထောက်တော့ တရားခံဟာ ဂို့ရှ်ရဲ့ အင်္ကျီကို ချွတ်ပစ်ဖို့တောင် အချိန်ရတဲ့ လကျ္ခဏာ မရှိဘူး။ ကျုပ်တို့ သွားတော့ ရှပ်အင်္ကျီကို ဝတ်လျက်ပဲ ရှိသေးတယ်"

မောင်။ ။"တန်တော့ ဆရာရေ့။ ကျွန်တော် ရိပ်မိပြီ။ မန်နေဂျာလုပ်တဲ့ လူပဲ ဆရာရေ့"

ရွှေ။ ။"ဟုတ်မှာပဲဗျို့။ ဟိုတယ်ထဲမှာ ပိုဂျမာအင်္ကျီ ဝတ်နေနိုင်တဲ့သူဟာ သူတယောက်ပဲ ရှိတယ်။ ဒီ့ပြင် အခစားတွေက အင်္ကျီဖြူ ယူနီဖောင်းတူနဲ့ချည်းပဲ ဆရာရေ့"

ရှား။ ။"မှန်တယ်။ ဒါကြောင့် မန်နေဂျာ ဘိုရှ်ကို ဖမ်းဖို့ ဌာနာအုပ်ကို အမိန့်ပေးခဲ့ပြီးပြီ။ သူ့ကိုယ်မှာ မီတာဘုန်းကုမ္ပဏီတံဆိပ်ပါတဲ့ ရှပ်အင်္ကျီ ဝတ်လျက်သားနဲ့ လက်ပူးလက်ကြပ် မိပြီးပြီ မောင်တို့"

မူ။ ။"ဖြောင့်ချက် ပေးသေးသလား ဆရာ"

ရှား။ ။"တပည့်တို့ ထွက်သွားပြီး ငါးမိနစ်အတွင်း ဖြောင့်ချက်ပေးရှာပါတယ်။ ဒီလိုဆိုကိုး။ ဂို့ရှ်ဆိုတဲ့လူက ကြားသမားတဲ့ ခမောင်တို့။ မယားအတည်မယူပဲ တယောက်ပြီးတယောက် လျှောက်ယူတတ်တဲ့ အပြင် သူတပါး မယားတွေကိုလဲ ကြာခိုလိုက်သေးသတဲ့။ ဟိုလွန်ခဲ့တဲ့ သုံးလေးနှစ်လောက်တုန်းက ရန်ကုန်မှာ ဘိုရှ်ရဲ့ မယားကို ဂို့ရှ်က ကြာခိုဖူးသတဲ့။ သူ့ဟာသူတော့ လိုလျှိုပြီ မှတ်နေတာပေါ့ခင်ဗျာ။ သို့သော်လဲ ဘိုရှ်က အကုန်သိလျက်နဲ့ မသိချင်ယောင်ဆောင်ပြီး ဆုံးမဖို့ ချောင်းနေခဲ့တာ ဒီဟိုတယ်မှာ လာပြီး အခွင့်ကောင်းရတာနဲ့ ယုတ်လှတဲ့ ကြာသမားကို သုတ်သင်လိုက်ဆိုကိုး တပည့်တို့ရဲ့"


www.burmeseclassic.com

www.burmeseclassic.com

# ၃၀။ စင်တာဖော၀ပ် ဘောသမားပျောက်မှု*

ဆောင်းဥတုရာသီ တနံနက်စောစော၌ ဦးစံရှားသည် နောက်ဖေးချောင်သို့ ၀င်နေခိုက်တွင် တယ်လီဖုန်းလာသည်နှင့် ကျွန်တော်က ကောက်ယူနားထောင်ရာတွင်—

အသံ။ ။ "ဦးစံရှား ရှိသလား"

ကျွန်။ ။ "နောက်ဖေး ၀င်နေတယ်။ ကျုပ် ဦးသိန်းမောင်ပဲ။ ဘာပြောချင်သလဲ"

အသံ။ ။ "ကျွန်တော် စောဟယ်ရီပါ။ ယူနီဗာစီတီ ဘောလုံးအသင်းက ကက်ပတိန်လေ။ နက်ဖြန်ခါ ကပ်ဗ်ဘာန်အသင်းနဲ့ ဖိုင်နယ်ကစားရမယ်။ အဲဒါ မနေ့ညက စင်တာဖော၀ပ် လင်းဆေး ပျောက်သွားလို့။ တော်တော်ကြာ လာခဲ့ပါ့မယ်။ သယ်မှ မသွားသေးဖို့ ပြောထားပေးပါ ခင်ဗျာ"

ဦးစံရှားထွက်လာသောအခါ ကျွန်တော်သည် တယ်လီဖုန်းပြောစကားကို ကော်ဖီသောက်ယင်း ပြောပြ၍ ရှေးခေတ်နှင့် ဤခေတ် ဘောလုံးသမားများ ခြားနားပုံ အခြင်းအရာများအကြောင်းကို ဆက်လက် ဆွေးနွေးကြသည်။ ဦးစံရှားမှာ မြန်မာများအနက်တွင် ဒေါင်ကောင်းသလောက် ဖျတ်လတ်သွက်လက်သူတယောက်ဖြစ်သောကြောင့် ဘောဒါးရယ်ဂျီမင့်တပ်၌ နာမည်ကြီးခဲ့သော ဖောက်စ်ကဲ့သို့ ဂိုး‌မှအစ ဖူးဘက်၊ ဟတ်ဘက်၊ စင်တာဖော၀ပ်အဆုံး နေရာတိုင်းတွင် ထူးချွန်စွာကစားနိုင်မည့် ဘောသမားတယောက် ဖြစ်နိုင်လောက်ပါလျက် ၀ါသနာမပါသည့်အတွက် ဖလမတန်း ဘောသမားတယောက် ဆုံးရှုံးရကြောင်းများနှင့် ဆက်လက် ပြောပြမိပါသေးသည်။

ရှား။ ။ "ကျုပ်က စိတ်ပါ လက်ပါ လေကျင့်ယင်တော့ မအောင်မြင်တဲ့အလုပ် ခပ်ရှားရှားနေမှာပါပဲ။ သို့သော် ကျုပ်က ကိုယ်ကာယအလုပ်ထက် ဉာဏ်နဲ့ ပတ်သက်တဲ့ အလုပ်မျိုးကို ပိုပြီးစိတ်၀င်စားတယ်ဗျ။ ဒါနဲ့တောင် အမြင့်ခုန် ခြောက်ပေတိတိ၊ အလျားခုန် ပေနှစ်ဆယ်ကျော် လွတ်ခဲ့ဖူးပါတယ်။ ဘောလုံးက ကောင်းတော့ ကောင်းပါရဲ့။ သို့ပေမယ့် တကယ်ချွန်အောင် ဆိုတာကတော့ တစိတ်တည်း တအားရုံတည်း ဆိုလောက်အောင် စွဲစွဲသမ်းသမ်းလုပ်ရတယ်။ ကျုပ်ကတော့ ငယ်ငယ်ကတည်းက ကိုယ်လှုပ်ရှားခြင်းထက် စိတ် လှုပ်ရှားခြင်းအလုပ်ကို ပိုပြီး ၀ါသနာပါခဲ့တယ်။ ဒါကြောင့် ဘောလုံးဆိုယင် ဘယ်ခြေ ညာခြေ အတူတူ ကျင်လည်ရုံလောက် လေ့ကျင့်ပြီး လွတ်ပစ်လိုက်ခဲ့တာပဲ"

---

* ဤမှုသည် နောက်ရေးမှုဖြစ်သည်။ ရှုမ၀မဂ္ဂဇင်း၊ ၁၉၅၄၊ ဧပြီ၊ အမှတ် ၈၃ တွင် ဤအမည်ဖြင့်ပင် ပါရှိသည်။ ဤမှုကို မြန်မာပြည်စာအုပ်တိုက်နှင့် နှလုံးလှစာပေတိုက်ထုတ် စာအုပ်များတွင် မတွေ့ရ။ အိုသော် ရှေးဦးရေးမှုဖြစ်သော မုဆိုးသဘင်ကိုကား မြန်မာပြည်စာအုပ်တိုက်မှ အတွဲ ၁၁ နှင့် နှလုံးလှစာပေတိုက်မှ အတွဲ ၅ တို့တွင် 'ဘောသမားတယောက် ပျောက်ဆုံးမှု' အမည်ဖြင့် တွေ့ရသည်။ မည်သည့် ဂျာနယ်မဂ္ဂဇင်းတွင် ရှေးဦးရေးခဲ့ကြောင်း မသိရသေး။ မူရင်းမှာ The Missing Three Quarter ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်မျှားမကြာမီ အသက် ၂၀ ကျော်အရွယ်ရှိ ဘောလိပ်ကျောင်းသားများ ဝတ်လေ့ရှိသည့် ဗလေဇာကုတ်နှင့် ဘောင်းဘီဘိုဝတ်ထားသော လူငယ်တယောက် တက်လာရာ ကျွန်တော်က "စောဟယ်ရီ မှတ်တယ်" ဟု ဆိုကာ ဦးစံရွှားနှင့် မိတ်ဆက်ပေးလေသည်။ ထိုသူသည် အရေးကြီးသော အမှုအရာနှင့် စကားပလ္လင်ခံဖို့ပင် သတိမပြုပဲ ယင်း၏ အခက်အခဲကို တခါတည်း ပြောပြလေတော့သည်။

ရီ။ ။"သိပ်ဂွကျတာပဲခင်ဗျ။ ကျွန်တော်ဖြင့် တသက်လုံး ဒီတခါလောက် ဦးနှောက်ရှုပ်တာ မကြုံဖူးပါဘူးခင်ဗျာ။ ဒုတိယ ပုလိပ်မင်းကြီးဆီတောင် ကျွန်တော် ရောက်သေးတယ်။ သူက ဒီလို ကိစ္စမျိုးမှာ ဦးစံရွှားသာ သာပြီး သင့်တော်လိမ့်မယ်လို့ အကြံပေးလိုက်လို့ ပြေးလာခဲ့တာပဲ။ 'ဝါလတာ လင်းဆေး'ကို ဦးတို့ သိမှာပေါ့။ အဲ သူတယောက်လုံး ပျောက်နေတယ်ခင်ဗျ"

ရှား။ ။"ဖွင့်ပြောအုံးမှပဲ။ ကျုပ်တော့ မသိဘူး"

ရီ။ ။"အလို၊ လင်းဆေးကို မသိဘူး။ ကမ္ဘာကတောင်သိတဲ့ ဘောသမားပဲ ခင်ဗျ။ တရုတ် အိုလံပစ်ဘောလုံးသင်းလာတုန်းက သူပဲ ကစားရတယ်။ အင်္ဂလန်က ကော်ရင်သီယန်ဘောသင်း လာတုန်းကလဲ သူပဲ ကစားရတယ်။ ဒီခေတ်မှာ မြန်မာတပြည်လုံး အကောင်းဆုံး စင်တာဖော်ဝပ်ထားတဲ့ လူပေါ့ခင်ဗျ"

ရှား။ ။(ပြုံးလျက်) "ကျုပ်တို့ ဘောလုံးဝါသနာအိုး မဟုတ်ပေဘူးမောင်ရဲ့"

ရီ။ ။"ဒါဖြင့် ကျွန်တော့်ကိုလဲ မသိပေဘူးပေါ့၊ စောဟယ်ရီလေ။ ကောလိပ်ဘောသင်း ကက်ပတိန်ပေါ့"

ရှား။ ။"သည်းခံပါမောင်၊ ကျုပ်တို့ မသိမိပေဘူး"

ရီ။ ။"ဟာ ဂွကျတာပဲကိုး။ ကျွန်တော်က ဦးတို့ စုံထောက်ဆိုတာ အားလုံးကုန် သိသလားလို့ကိုး"

ရှား။ ။"ကျုပ်တို့ သိတဲ့အထဲမှာ ဘောလုံးသမားတော့ မပါဘူး"

ရီ။ ။"ကဲလေ ရှိပါစေတော့။ ဒီလိုပါခင်ဗျာ။ နက်ဖြန်မှာ ကျွန်တော်တို့ ကောလိပ်အသင်းနဲ့ ကပ်စတန်အသင်း ဒိုင်းလုပွဲမှာ ဖိုင်နယ်ကစားကြရမယ် ခင်ဗျ။ ဒီ အရေးထဲမှာ အကောင်းဆုံး ဖော်ဝပ်ဖြစ်တဲ့ ဝါလတာလင်းဆေးတယောက်လုံး ပျောက်နေတယ် ခင်ဗျ။ ၂ နှစ်ဆက်ပြီး ကျွန်တော်တို့နိုင်ထားလေတော့ ဒီနှစ်နိုင်ယင် ဒိုင်းကြီးကို ကျွန်တော်တို့ ပိုင်ရော ခင်ဗျ။ ဒါကြောင့် ဒိုင်းပွဲတကာ့ ဒိုင်းပွဲထဲမှာ ဒီဘပွဲဟာ ကျွန်တော်တို့အဖို့ အရေးအကြီးဆုံး ဒိုင်းပွဲခင်ဗျ။ ဒီအထဲမှာ အနည်းဆုံး တကိုးလောက် စိတ်ချရတဲ့ စင်တာ ဖော်ဝပ် ဘောသမား လင်းဆေး ပျောက်နေတယ်ခင်ဗျ။ ကျွန်တော်ဖြင့် စိတ်ရှုပ်လိုက်တာ ဘာမှ မစားနိုင်ဘူး။ စိတ် သိပ်ရှုပ်ယင် ဆံပင်ဖြူတတ်တယ်။ ကျွန်တော့်ဆံပင်တွေများ ဖြူကုန်ပြီလားတောင် မပြောတတ်ဘူး"

ရှား။ ။"စိတ်ရှုပ်ပေမယ့် ဒီအရွယ်နဲ့တော့ ဆံပင်မဖြူနိုင်ပါဘူးမောင်ရယ်။ ဒါထက် သူပျောက်ပုံ ပြောစမ်းပါအုံး"

ရီ။ ။"ဒီလိုခင်ဗျာ။ ကျွန်တော်က ကက်ပတိန်ဖြစ်လို့မို့ ဘောသမားဆိုတာ အိပ်ရေးဝမှ ကောင်းကောင်း ကစားနိုင်တယ်ဆိုတာ သိလေတော့ ဘောသမားတွေကို စောစောစီးစီး အိပ်ရာဝင်စေဖို့ လူစစ်ဆေးရာမှာ လင်းဆေးတယောက် မရှိတော့ဘူး ခင်ဗျ။ စုံစမ်းကြည့်တော့ ခပ်စောစောလောက်က လူကြီးတယောက်လာပြီး စာကလေးတစောင် ပေးတယ်တဲ့ ခင်ဗျ။ လင်းဆေးက စာကိုဖတ်ပြီး ကတုန်ကယင်နဲ့ သူ့အခန်း ဘက်ပြေးတယ်တဲ့ ခင်ဗျ။ တော်တော်ကြာတော့ ပြန်ဆင်းလာပြီး ခုနင်ကလူကြီးနဲ့ အတူ လိုက်သွားလိုက်တာ တညလုံး ပြန်မလာပါဘူး ခင်ဗျာ။ ခုအချိန်ထိလဲ မပေါ်လာတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com


ရှား။ ။"ဒီတော့ မောင်က ဘယ်လိုလုပ်သလဲ"

ရိ။ ။"မစ္စတာကူးပါးဆီကို ညတွင်းချင်း ပြေးပြီး စုံစမ်းတယ် ခင်ဗျ"

ရှား။ ။"မစ္စတာ ကူးပါးဆိုတာ ဘယ်သူလဲ"

ရိ။ ။"စတီးဘရားသား ကုမ္ပဏီက ကိုယ်စားလှယ်ဟောင်းကြီး ခင်ဗျ။ လင်းဆေးရဲ့ ဦးလေးတော်တယ်"

ရှား။ ။"ဘာကြောင့် သူ့ဆီ သွားမေးရသလဲ"

ရိ။ ။"သွားမေးဆို ဒီလိုခင်ဗျ။ လင်းဆေးမှာ မိဘ မရှိဘူး။ သူ့ဦးလေး မစ္စတာ ကူးပါး တယောက်ပဲ ရှိတယ်။ ကျောင်းထားတာကလဲ သူက ထားတာပဲ။ အဘိုးကြီးက မုဆိုးဖိုကြီး။ သားသမီးလဲ မရှိဘူး။ လင်းဆေးက သူ့ အမွေခံ အမွေစား ဖြစ်ပါတယ်။ ဒါပေမယ့် လူကြီးက ကပ်စေးနဲကြီးခင်ဗျ။ ပိုက်ဆံ အများကြီး ရှိပေမယ့် လင်းဆေးကို တိတိကလေး တိုင်းပေးတယ်ခင်ဗျ"

ရှား။ ။"မောင် သွားပြီး စုံစမ်းတော့ ဘာပြောလိုက်သလဲ"

ရိ။ ။"လင်းဆေး သူ့ဆီ မလာဘူးတဲ့ ခင်ဗျ"

ရှား။ ။"ဘာကြောင့် သူ့ဆီသွားပြီး စုံစမ်းတာလဲ"

ရိ။ ။"ငွေရေး ကြေးရေးဆိုယင် သူ့ဦးလေးဆီသွားပြီး ပြောပြမှာပဲလို့ အထင်နဲ့ ကျွန်တော် လိုက်သွားပြီး စုံစမ်းတာပါပဲ ခင်ဗျာ"

ရှား။ ။"ငွေရေးကြေးရေးဆိုယင် စဒန့်လာတဲ့လူကြီးဟာက ကြွေးရှင်ထဲက ဖြစ်ရမှာပေါ့လေ"

ရိ။ ။"ဒီလိုပဲ ကျွန်တော် တွေးမိတယ်"

ရှား။ ။"လင်းဆေးက ဘိုအစ်စစ်လား၊ ကပြားလား"

ရိ။ ။"ဘိုအစစ်ကလေးပါ ခင်ဗျာ။ သူ့အမေနဲ့ မစ္စတာကူးပါးနဲ့ မောင်နှမအရင်းတဲ့ခင်ဗျ။ အခုတော့ သူ့အမေရော အဖေရော သေကုန်ကြပါပြီ။ သူ့ဦးလေးက ထောက်ပံ့ထားပါတယ်"

ရှား။ ။"နေပါအုံး၊ မနေ့ညတုန်းက လာတယ်ဆိုတဲ့ လူကကော ဘိုအစစ်လား၊ ကပြားလား၊ ဗမာလား"

ရိ။ ။"ကပြားကြီးလို့ ပြောကြတယ်ခင်ဗျ။ ကျွန်တော်ကိုယ်တိုင်တော့ မမြင်လိုက်ရပါဘူး"

ရှား။ ။"ကိုင်း ကျုပ်လဲ အားလပ်ပါတယ်။ ဒီကိစ္စလေး ထောက်လှမ်းကြရအောင်။ ဒါထက် ဘောလုံးပွဲအတွက်တော့ လင်းဆေးကို တွေ့တွေ့ မတွေ့တွေ့ စီစဉ်ထားနော်။ အချိန်မီ မတွေ့ယင်လဲ လူစားထည့်ပြီး ကစားကြပေါ့"

ရိ။ ။"ဒီလိုပဲ လုပ်ရမှာပေါ့ခင်ဗျာ။ သို့သော် လင်းဆေးတယောက် မပါယင်တော့ ကျွန်တော်တို့ ရှုံးဖို့ များမှာပါပဲ"

ရှား။ ။"ကပြားကြီး ယူလာတဲ့စာကို ဖတ်ပြီး လင်းဆေးဟာ သူ့အခန်းထဲကို တက်သွားသေးတယ်ဆို။ သူ ဘာလုပ်သလဲ သိရအောင် သွားကြည့်ကြအုံးစို့"

ကျွန်တော်တို့သည် စောဟယ်ရီနှင့်အတူ လိုက်သွား၍ ယူနီဗာစီတီ အဆောက်အအုံ အတွင်း လင်းဆေးအိပ်သော အခန်းကို ကြည့်ရှုကြလေသည်။ အိပ်ခန်းများမှာ ၂ ယောက်အိပ်သော အခန်းများ ဖြစ်သော်လည်း လင်းဆေးနှင့် အတူအိပ် ကျောင်းသားမှာ မကျန်းမာသဖြင့် ဆေးရုံဘက်နေခိုက် ဖြစ်သောကြောင့် လင်းဆေးတယောက်တည်း အိပ်ရ၏။ ဦးစံရှားသည် အခန်းများ စောင့်ရှောက်သော အစေခံကို ခေါ်ယူ၍ စစ်ဆေးမေးမြန်းရာတွင် ယမန်နေ့ ညနေခင်းက လင်းဆေးအမည်နှင့် ကြေးနန်းတစောင် ရောက်


www.burmeseclassic.com

www.burmeseclassic.com



လာသဖြင့် မိမိကိုယ်တိုင် သူ၏အခန်းသို့ သွားရောက်ပေးရကြောင်း၊ လင်းဆေးသည် ကြေးနန်းကို ဖတ်၍ ပြန်ကြေးနန်းကို ရေးနေစဉ် မိမိက စောင့်နေကြောင်း၊ သို့ရာတွင် လင်းဆေးသည် ကြေးနန်းကို ရေးပြီးသောအခါ မိမိလက်သို့ မပေးအပ်ပဲ "နေပါစေ၊ ငါကိုယ်တိုင် သွားရိုက်မယ်"ဟု ပြော၍ အဝတ်လဲပြီး ဆင်းသွားကြောင်း ပြောပြလေသည်။

ရှား။ ။"ကြေးနန်း ပုံစံစာအုပ် ဘယ်မှာလဲ"

ခံ။ ။"ဒီမှာ ခင်ဗျ"ဆို၍ ကြေးနန်းပုံစံများစုပေါင်းကာ ကပ်ထားသော စာအုပ်ကို ယူပြသည်။ ဦးစံရှားသည် အပေါ်ဆုံး စာရွက်ကို မှန်ဘီလူးဖြင့် သေချာစွာကြည့်ရာ တစုံတရာမျှ မတွေ့ရသည်နှင့် ဦးခေါင်းယမ်းလေသည်။

ရှား။ ။"ဝွ ကျတယ်ဗျာ၊ ခဲတံနဲ့ရေးယင်တော့ ဒုတိယ စာရွက်ပေါ်မှာ ထင်ကျန်ရစ်တတ်တာပဲ။ အခုတော့ ကလောင်တံနဲ့ ရေးဟန် တူတယ်"

ခံ။ ။"ဟုတ်တယ် ခင်ဗျ"

ရှား။ ။"မင်အိုးလဲ မြင်တယ်ဗျို့။ ဖောင်တိန် မသုံးဘူး။ ကလောင်တံ ဖြစ်လိမ့်မယ်။ ဟော ကလောင်တံမှာ နစ်ဖတ်က'ရီလီ'နစ်ဖတ်မျိုး။ မင်လုံးကြီးတယ်။ မင်နှိပ် ဘယ်မှာလဲ"

ခံ။ ။"ဒီမှာခင်ဗျ"ဆို၍ မင်နှိပ်စက္ကူရွက်ကို ယူပေးလေသည်။

ရှား။ ။"ဟား တော်သေးတယ်ဗျို့။ ကျုပ်တို့ ကံကောင်းတယ်။ မင်နှိပ်က တခါ နှစ်ခါ သုံးသေးလို့ စာလုံးတွေ များများကြီး မထင်သေးဘူး။ မှန်းစမ်း၊ ကျုပ် ကြည့်စမ်းမယ်"

ဦးစံရှားသည် အိတ်ထဲမှ မှန်ဘီလူးကလေးကိုထုတ်၍ မင်နှိပ်စက္ကူ၌ ထင်လျက်ရှိသော စာလုံးများကို သေချာစွာ ကြည့်လေသည်။

ရှား။ ။"ဟောဒါတွေက မင်ဖောင်းဗျ။ ဟောဒီ ထောင့်နားမှာ နောက်ဆုံး မင်နဲ့ တူတယ်။ အားလုံး ထင်မနေတောင် နောက်ဆုံး စာလုံး သုံးလေးလုံးလောက်တော့ ထင်ရမှာပဲ။ မှန်းစမ်း၊ ကျုပ် ကြည့်မယ်"

ဦးစံရှားသည် ဖန်ခွက်တွင် ရေထည့်၍ မင်နှိပ်စက္ကူကို အလိုက်သင့် ထားကြည့်သည်တွင် Save Us By All Means (ကျွန်ုပ်တို့ကို ဘယ်နည်းမဆို ကယ်ပါ) ဟူသော စာလုံးများ ပီသစွာ ထင်ပေါ်လျက် ရှိသည်ကို ကျွန်တော်တို့အား ပြလေသည်။ ထိုစာလုံးများမှာ နောက်ဆုံး စာလုံးများ ဖြစ်၍ ယင်း ရှေ့၌ ရေးထားသည့် စာလုံးများမှာ မင်နှိပ်တွင် မပီမသတော့ပဲ ဝါးတားတား ဖြစ်နေ၏။ ထိပ်ဆုံး၌ ရေးထားသည့် လိပ်စာမှာ မင်ခြောက်သွားသည့်လက္ခဏာနှင့် မင်နှိပ်ပေါ်တွင် လုံးဝ မပါတော့ချေ။

ရှား။ ။" 'ကျွန်ုပ်တို့ကိုတဲ့ဗျ' ဆိုထားတယ်။ ဒီစကား တလုံးကို ထောက်ခြင်း အားဖြင့် သူ တယောက်တည်း မကဘူး။ သူနဲ့ အတူတွဲပြီး ဒုက္ခရောက်နေတဲ့လူ ရှိရအုံးမယ်။ ပြီးတော့လဲ သူတို့ကို ကယ်တင်နိုင်မယ့် ပုဂ္ဂိုလ် ရှိရအုံးမယ် ဆိုတာလဲ ကျုပ်တို့ သိရတယ်။ ဒါကြောင့် သူ့ဆီကို စာယူလာခဲ့တဲ့ လူကြီးဟာ သူနဲ့အတူတကွ ဒုက္ခရောက်နေတဲ့ ပုဂ္ဂိုလ်ကြီးလဲ ဖြစ်နိုင်တယ်။ ဒီကြေးနန်း ရိုက်လိုက်တဲ့ လူဟာ သူတို့ကို ကယ်နိုင်တဲ့ ပုဂ္ဂိုလ် ဖြစ်ရမှာပဲ။ သို့သော် မင်နှိပ်စက္ကူမှာ လိပ်စာ ထင်မနေရစ်တာက ဝွကျတယ်။ ဟယ်၊ သို့သော် ဒီလောက် သဲလွန်စ ရမှတော့ ခြေရာကောက်နိုင်လောက်ကနေရာပေါ့ဗျာ"

ရီ။ ။"ကြေးနန်းရုံကို သွားမေးကြည့်ယင်ကော ခင်ဗျာ"

ရှား။ ။"လူတယောက်က ရိုက်ထားတဲ့ ကြေးနန်းကို တခြား လူတယောက်က သွားမေးလို့ မလွယ်ဘူး မောင်ရဲ့။ အစိုးရဆီက အမိန့်စာ ပါလာယင်တော့ လွယ်သွားပေါ့။ ကျုပ်တို့က အစိုးရ

www.burmeseclassic.com



အမှုထမ်းမယူတော့ တိုက်ရိုက်မေးလို့ မဖြစ်ပေဘူး။ သို့သော် ကျုပ် ကြံစည်ပါ့မယ်။ မခက်လှပါဘူး။ ဒါထက် လင်းဆေးရဲ့ စားပွဲပေါ်က စာရွက်စာတန်းတွေကို မောင့်ရှေ့မှာ ကျုပ် ကြည့်ချင်တယ်''

ရီ။ ။''ကြည့်ပါ ခင်ဗျာ''

ဦးစံရှားသည် စားပွဲပေါ်၌ရှိသော စာရွက်များ၊ ဘီလ်စာရင်းများ၊ မှတ်စုစာအုပ်များကို လှန်လှော ကြည့်ရှုပြီးနောက်—

ရှား။ ။''လင်းဆေးဟာ တောင်းကောင်း ကျန်းမာရဲ့နော်''

ရီ။ ။''နေမကောင်းတယ်လို့ တခါမှ ကျွန်တော် မမြင်ပါဘူး ခင်ဗျာ''

ရှား။ ။''ဟုတ်လား။ ဒါဖြင့် ဒီစာရွက်ကလေး တရွက်ကို ကျုပ်ယူသွားပါရစေ။ နောက်တော့ ပြန်ပေးပါ့မယ်''ဟုပြောလျက် ဘီလ်စာရွက်နှင့်တူသော စက္ကူတရွက်ကို အိတ်ထဲသို့ ခေါက်သည့်ဆဲတွင်—

''ဘာရှုပ်နေကြတာလဲ၊ ဘယ်အေ လူတွေလဲ''ဟု အင်္ဂလိပ်လို ကျယ်လောင်စွာ ပြောလိုက်သည့် အသံကို ကြားရသည်နှင့် တံခါးဆီသို့ လှည့်ကြည့်လိုက်ကြသည်တွင် အဝတ်အစား ခပ်နွမ်းနွမ်း ဝတ်ထားသည့် ဘိုကြီးတယောက်ကို မြင်ကြရသည်။ ကျွန်တော်တို့က အံ့အားသင့်လျက် ငေးကြည့်နေကြစဉ်—

ဘို။ ။''ဘယ်သူ့အခွင့်နဲ့ ခင်ဗျားတို့ ဝင်မွှေနေကြတာလဲ၊ ဆိုစမ်း''

ရှား။ ။''ကျွန်တော် စုံထောက်ပါ။ မစ္စတာ လင်းဆေး ပျောက်နေတဲ့အတွက် စုံစမ်းဖို့ လာပါတယ်''

ဘို။ ။''ခင်ဗျားကို ဘယ်သူက ငှားသလဲ''

ရှား။ ။''ဟောဒီက သူ့မိတ်ဆွေ လာခေါ်လို့ပါ''

ဘို။ ။''ဩော် ဒီသူငယ်ကလား။ မောင်က ဘယ်သူလဲမောင်''

ရီ။ ။''ကျွန်တော် စောဟယ်ရီပါတဲ့''

ဘို။ ။''ကျုပ်အိမ် လာမေးတဲ့ သူငယ် မဟုတ်လား''

ရီ။ ။''ဟုတ်ပါတယ်''

ဘို။ ။''မောင်က စုံထောက်တွေ ဘာတွေ ငှားရအောင် ဘယ်က ပိုက်ဆံရလို့လဲ၊ မောင် ပေးနိုင်ရဲ့လား''

ရီ။ ။''ကျွန်တော့်မိတ်ဆွေ လင်းဆေးကို တွေ့တဲ့အခါကျတော့ ကုန်ကျစရိတ်ကို....''

ဘို။ ။''အဝေးကြီး မောင်။ တပြားမှ သူမပေးနိုင်ဘူး။ ကျုပ်က ပေးမှ ဖြစ်တာ။ ကျုပ်ကလဲ ကြေးပြားတပြား အကုန်မခံဘူး။ နားလည်လား''

ရှား။ ။''ပိုက်ဆံအကြောင်း ရှိပါစေတော့ ခင်ဗျာ။ ဒီသူငယ် ရုတ်တရက် ပျောက်သွားခြင်း အကြောင်းနဲ့ ပတ်သက်လို့ ဘယ်လို ထင်မြင်ချက် ပေးစရာရှိပါသလဲ''

ဘို။ ။''ဘာမှ ပေးစရာမရှိဘူး။ သူ့ခြေထောက်နဲ့သူ သွားချင်ရာ သွားတာကို ကျုပ်က ဘယ့်နှယ်လုပ် ပြောနိုင်မှာလဲ။ လိုက်လို့လဲ မရှာဘူး။ ပိုက်ဆံကုန်လဲ မခံဘူး။ ရှင်းရှင်းပဲ''

ရှား။ ။''ဒါက ကိစ္စမရှိဘူး။ ကျွန်တော်တို့ စိုးရိမ်တာက အထယ်၍ လူဆိုးတွေက ဖမ်းသွားပြီး ခင်ဗျားကို ဒမြတိုက်ချင်လို့ ခင်ဗျား အကြောင်းကို စုံစမ်းတာဖြစ်ရင် ဘယ့်နှယ်လုပ်မလဲ။ လင်းဆေးမှာ ပိုက်ဆံ မရှိတာကို လူတိုင်းသိတယ်။ သို့သော် ခင်ဗျား့စည်းစိမ်ကို ကြံစည်ချင်လို့ သူ့ကို ဖမ်းသွားတာ ဖြစ်နိုင်တယ်''

ဘို။ ။''ကျုပ်ပစ္စည်းတွေ အားလုံး ဘဏ်တိုက်မှာချည်းပဲ''

---

တတိယအကြိမ်

www.burmeseclassic.com



ရှား။ ။"ဒါတော့ဟုတ်တာပေါ့၊ သို့သော် ခင်ဗျားကို ဖမ်းပြီး လူပြန်ပေးလုပ်ယင် ဘယ့်နှယ် လုပ်မလဲ၊ လက်ထဲမှာ ငွေမရှိမဖြေယ့် ချက်လက်မှတ်ကို လက်မှတ်ထိုးနိုင်တာပေါ့။ ခုတလောမှာ ဘိုင်စကုတ် တွေထဲက အာတူလိုက်ပြီး မြန်မာပြည်မှာ လူပြန်ပေး ခေတ်စားနေတာ ခင်ဗျား မကြားဘူးလား"

ဘို။ ။"ဟာ ဟုတ်သား၊ ဒီလိုဆို ကြိုးစားပြီး ရှာပါဗျာ။ ဇရိတ်ခကအတွက် ၅၀ဝ၊ ၁၀၀ဝ လောက်တော့ ကျုပ် တတ်နိုင်ပါတယ်။ တာဝန်ယူပါတယ်"

ဦးစံရှားသည် မိမိ၏ လှန့်လုံး အောင်မြင်ခြင်းအတွက် ကျွန်တော့်ဘက်သို့ လှည့်ကာ ပြုံးပြုံးလျှင် တတ်နိုင်သမျှ ကြိုးစားပါမည်ဟု ကတိပေးခဲ့၍ မစ္စတာ ကူးပါးနှင့် စောယယ်ရီတို့ကို နှုတ်ဆက်ကာ ထွက် လာခဲ့လေသည်။

ရှား။ ။"နေပါအုံးဗျာ၊ ကျုပ်ဝင်ပြီး ဖြန်းလိုက်စမ်းအုံးမယ်။ ဘိုခသာ မြန်မာသော မှတ်မိတန်စို ကောင်း မထင်ပါဘူး"ဟု ပြော၍ ကြေးနန်းစာရေး၏ ပြတင်းပေါက်သို့ သွားလေ၏။

ရေး။ ။"ဘာကိစ္စလဲ၊ ကြေးနန်းရိုက်ဖို့လား"

ရှား။ ။"ဒုက္ခပေးရမှာ အားတော့ နာပါတယ်။ မနေ့ညနေက ကြေးနန်းတစောင် ရိုက်လိုက် တာ ခုချိန်ထိ ပြန်မလာဘူး။ ကျုပ်နာမည် မထည့်လိုက်မိလို့ ထင်ပါရဲ့။ တဆိတ် ကြည့်ပေးပါဗျာ"

ရေး။ ။"ဘယ်သူ့ဆီကို ရိုက်တာလဲ"

ရှား။ ။(ခက်တာပဲဆိုသော မျက်နှာထားမျိုးနှင့် ကျွန်တော့်ကို လှမ်းကြည့်လျက်) "ဒီလိုဗျာ၊ နောက်ဆုံးမှာ By All Means(ဘယ်နည်းမဆို)ဆိုတဲ့ စကားလုံးပါတဲ့ ကြေးနန်းစာပဲ"

ကြေးနန်းစာရေးသည် ကြေးနန်းဖိုင်တွဲကိုယူ၍ ရှာဖွေပြီးနောက် စာတစောင်ကို ထုတ်နုတ်ယူလျက် "နာမည် မပါဘူးခင်ဗျ"ဟု ပြောသည်နှင့်—

ရှား။ ။"ဩော် ဒါကြောင့် ကြေးနန်း မပြန်တာကိုးဗျ။ ကျုပ်အပြစ်ပါပဲဗျာ"ဟု ပြောယင်း ကြေးနန်းလိပ်ကို လှမ်းကြည့်လိုက်သည်၊ ထို့နောက် ဒုက္ခပေးခြင်းအတွက် တောင်းပန်၍ ပြတင်းပေါက်မှ ထွက်ခဲ့ကြသည်။

ကျွန်။ ။"ဘယ့်နှယ်လဲဗျ"

ရှား။ ။"သဲလွန်စတခုတော့ ရခဲ့ပြီဇော်ခလေး၊ ကြေးနန်းကို ကြည့်ရအောင် ကျုပ်က သုံးလေး နည်း စိတ်ကူးထားတာ။ အခုတော့ ပထမနည်းနဲ့ပဲ အောင်မြင်ခဲ့ပေတယ်ဗျ။ ကိုင်း လာဗျို"

ကျွန်တော်တို့သည် အင်းစိန်သို့ မီးရထားနှင့် လိုက်ကြလေရာ ခရီးလမ်းတွင်—

ရှား။ ။"အဘိုးကြီးတော့ ကျုပ်လှန့်လိုက်တာ လန့်သွားတာ တွေ့လား၊ အင်္ဂလိပ်လူမျိုးထဲမှာ ဒါလောက် ငွေနှမြောတဲ့လူ တွေ့ပဲ မတွေ့ဖူးပါဘူးဗျာ။ သူ့ညီးစိမ်ကို ကြံစည်တာ ဖြစ်နိုင်တယ်လို့ လှန့်ပေးလိုက်တော့မှ စိတ်ဝင်စားလာတယ် ဟုတ်လား"

ကျွန်။ ။"နေစမ်းပါအုံးဗျာ၊ လင်းဇေး ပျောက်သွားပုံဟာ ဘယ်လို ရည်ရွယ်ချက်လဲလို့ ခင်ဗျားတွေးမိပြီလား"

ရှား။ ။"ဖြစ်နိုင်တာက ဒီလိုဗျ။ ဒီခေတ်မှာ ဘောလုံးပွဲ အလောင်းအစားတွေက တော်တော် အားကြီးလာတယ်။ ငွေတွေ ထောင်လိုက် သောင်းလိုက် ချိုခလောင်းပြီး အကောင်းဆုံး ဘောသမားကို ဝှက်ထားတာလဲ ဖြစ်နိုင်တယ်"

ကျွန်။ ။"ဟုတ်ကဲ့၊ ကျွန်တော်လဲ တွေးမိတယ်"

---

တာဒီယ အကြိုင်

www.burmeseclassic.com

www.burmeseclassic.com


ရှား။ ။"ပြီးတော့ အထူးအရေးကြီးတဲ့ ဒိုင်းပွဲဖြစ်လေတော့ ဒိုင်းရမှုအတွက် ငွေကုန်ခံပြီး ညစ်ပတ်တာလဲ ဖြစ်နိုင်တယ်"

ကျွန်ုပ်။ ။"ဒါကတော့ ဟုတ်မထင်ပေါင်ဗျာ"

ရှား။ ။"ဖြစ်နိုင်တာတွေ ကျုပ်က ပြောတာပါ။ ဟုတ် မဟုတ် မဆိုလိုသေးပါဘူး။ ဒီ့ပြင် ဖြစ်နိုင်တာတခုက လင်းဆေးရဲ့ ဦးလေးဟာပိုက်ဆံပေါကြောင်း သိလေတော့ လင်းဆေးကို လူပြန်ပေးလုပ်ချင်လို့လဲ ဖြစ်နိုင်တယ်"

ကျွန်ုပ်။ ။"ဒီလိုဆိုယင် လင်းဆေးရိုက်တဲ့ ကြေးနန်းနဲ့ ဆက်စပ်ခြင်း မရှိပေဘူးဗျ"

ရှား။ ။"ဒါမှန်တယ်။ ကျုပ်တို့က ဒီကြေးနန်းကို အခိုင်အမာ အခြေခံပြီး စဉ်းစားမှ နေရာကျမယ်။ ဒါကြောင့် ကျုပ်တို့ အခု အင်းစိန်ကို လိုက်လာကြတာပဲ"

အင်းစိန်သို့ မီးရထားဆိုက်ရောက်သောအခါ ဦးစံရှားသည် ဒေါက်တာ မော်တင်၏ နေအိမ်ကို မြင်းရထားသမားထံ စုံစမ်း၍ မြင်းရထားဖြင့် သွားကြသည်။

ကျွန်ုပ်။ ။"ဒေါက်တာ မော်တင် ဆိုတာက လင်းဆေးရိုက်လိုက်တဲ့ ကြေးနန်းလိပ်လားဗျ"

ရှား။ ။"ဟုတ်တာပေါ့"

ဒေါက်တာ မော်တင်၏ နေအိမ်မှာ ကျယ်ဝန်းသော ဝင်းခြံကြီးအတွင်း နှစ်ထပ်အိမ်ကြီး ဖြစ်ရာ ကျွန်တော်တို့သည် မြင်းရထားကို ပြန်လွှတ်၍ အစေခံတယောက်အား ဦးစံရှား၏ 'ကတ်'ကလေးကို ပေးလိုက်ပြီးလျှင် အိမ်ပြင်မှ သိုင်စောင့်ကြရသည်။ အတန်ကြာသောအခါ အစေခံပေါ်လာ၍ ကျွန်တော်တို့ကို ခေါ်သွားပြီးလျှင် အခန်းကြီးတခန်းထဲသို့ သွင်းလိုက်ရာတွင် စာအုပ်ဗီရိုကြီးများ အလယ်၌ စားပွဲကြီးတခုတွင် စာရေးလျက်ရှိသည့် မျက်နှာဖြူ ဒေါက်တာမော်တင်နှင့် တွေ့ကြရသည်။

[ဒေါက်တာမော်တင်မှာ ဆေးပညာတွင် အကြီးအကျယ်ဆုံး တခုဖြစ်သည့် အမ်ဒီ (M.D) ဘွဲ့ရ ဆရာဝန်ကြီးဖြစ်သော်လည်း လူနာကုသခြင်းထက် ဆေးကျမ်းများ စီစဉ်ရေးသားခြင်းအားဖြင့် အချိန်ကုန်စေသည့် ပါရဂူကြီးတယောက်ဖြစ်သည်ဟု နောင်အခါတွင် ကျွန်တော်တို့ သိရလေသည်။]

ကျွန်တော်တို့သည် အခန်းထဲသို့ ဝင်သွားသည်နှင့်တပြိုင်နက် တုတ်ခိုင်ခန့်ညားသော ကိုယ်ကာယနှင့် ကျယ်ဝန်းသောနဖူးပြင်အောက်တွင် နက်နဲစူးစိုက်သော မျက်လုံးများကို မြင်ရခြင်းအားဖြင့် သာမန်ပုဂ္ဂိုလ်တဦးမဟုတ်ဟူ၍ သိကြရသည်။ ဒေါက်တာမော်တင်သည် နှစ်သိမ့်ကျေနပ်ဟန်မတူသော မျက်နှာထားဖြင့် ကျွန်တော်တို့ကို မော့်ကြည့်လျက်—

တင်။ ။"ဦးစံရှားဆိုတာလား။ ခင်ဗျားအကြောင်းကိုတော့ ကြားဖူးပါတယ်။ ပွင့်ပွင့်ပြောရမှာဖြင့် လောကမှာ လူရှုပ်တယောက်လို့ ကျုပ်က ထင်တာပဲ"

ရှား။ ။(မျက်နှာမပျက်ပဲ) "ထောင်ထဲ ကျွန်တော်ပို့လိုက်တဲ့ လူဆိုးများကလဲ ကျွန်တော့်ကို ဒီလိုပဲ စွပ်စွဲကြပါတယ်"

တင်။ ။"သူခိုးတို့၊ ဓားပြတို့၊ လူသတ်သမားတို့ ရှိတယ်ဆိုယင် အစိုးရခန့်ထားတဲ့ ပုလိပ်ဌာနတခုလုံး ရှိနေပြီခင်ဗျာ။ အရှုပ်သားစုံထောက်ဆိုတာ အဓိပ္ပာယ်မရှိပါဘူး။ သို့သော် အထူးသဖြင့် ကျွန်တော်ပြောချင်တာက လူဆိုးသူဆိုးကိစ္စမှာ စုံထောက်တယ်ဆိုယင် တော်ပါသေးရဲ့၊ ဟိုလူ ဒီလူကိစ္စမှာ ဝင်ရှုပ်တာ ကျုပ်က တယ်ပြီး ရွံတယ်ဗျ။ အဆိုးဆုံးကတော့ တကယ့်ကျမ်းကြီးကျမ်းဂန်တွေ ပြုစုစီစဉ်နေလို့မို့ အချိန်အဖိုးတန်တဲ့ ကျုပ်တို့လို ပုဂ္ဂိုလ်မျိုးဆီ လာ လာ ရှုပ်တာကတော့ အဆိုးဆုံးပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။''မှန်ပါတယ် ဒေါက်တာ။ သို့သော် ကျွန်တော်နဲ့ အခု ဆွေးနွေးရမယ့်ကိစ္စဟာက ကျမ်းကြီး ကျမ်းခန့် ပြုစုစီရင်ခြင်းထက် အရေးကြီးချင် ကြီးနိုင်ပါတယ်။ ပြီးတော့ ဟိုလူ ဒီလူကိစ္စမှာ ဝင်ရှုပ်တယ်လို့ ဒေါက်တာ စွပ်စွဲပေမယ့် အမှန်ကတော့ ကျွန်တော်ဟာ အစိုးရစုံထောက်ထက် ဖုံးဖုံးဖိဖိ သိုသိုသိပ်သိပ် ဆောင်ရွက်နိုင်ခွင့်ရှိပါတယ်၊ အစိုးရစုံထောက်ဆိုယင် အထက်လူကြီးဆီကို အလုံးစုံ အစီရင်ခံရပါတယ်။ ကျွန်တော့်မှာတော့ ဘယ်သူ့ဆီကိုမှ အစီရင်ခံဖို့ မလိုပါဘူး။ ကျွန်တော် လာရောက်ခြင်းက မစ္စတာ ဝါလတာလင်းဆေး ကိစ္စအတွက်ပါ ဒေါက်တာ''

တင်။ ။''လင်းဆေး ဘာဖြစ်လို့လဲ''

ရှား။ ။''လင်းဆေးကို ဒေါက်တာ သိတယ် ဟုတ်လား''

တင်။ ။''အင်မတန် ခင်ပါတယ်''

ရှား။ ။''လင်းဆေးပျောက်သွားတာ ဒေါက်တာ သိတယ် ဟုတ်လား''

တင်။ ။(အံ့သြသော မျက်နှာထား မဖော်ပြပဲ) ''သြော် ဟုတ်လား''

ရှား။ ။''မနေ့ညက ပျောက်သွားတာ ပေါ်မလာဘူး''

တင်။ ။''သူ ပြန်လာမှာပေါ့''

ရှား။ ။''နက်ဖြန် ဖိုင်နယ် ဘောလုံးပွဲခင်ဗျ''

တင်။ ။''ဟာ ဘောလုံးပွဲလောက်ဟာ အရေးကြီးလို့ဗျာ''

ရှား။ ။''သူ ဘယ်မှာရှိသလဲ၊ ဒေါက်တာ သိပါသလား''

တင်။ ။''မသိပါဘူးဗျာ''

ရှား။ ။''ဒေါက်တာနဲ့ မနေ့က မတွေ့ရဘူးပေါ့''

တင်။ ။''မတွေ့ပေါင်ဗျာ''

ရှား။ ။''လင်းဆေးဟာ ကျန်းမာတဲ့ လူတယောက်ပဲလား''

တင်။ ။''သိပ်မာတာပေါ့''

ဤတွင် ဦးစံရှားသည် လင်းဆေး၏ အခန်းမှ ဆောင်ယူလာခဲ့သော ဘီလ်စာရွက်ကို အိတ်ထဲမှ ထုတ်ပြလျက်—

ရှား။ ။''ဒါဖြင့် ဘယ့်နှယ်ကြောင့် လင်းဆေးက ဒေါက်တာ့ကို ငွေ ၁၅ဝ ပေးဖို့လိုရပါသလဲ''

တင်။ ။(စိတ်ဆိုးသော မျက်နှာနှင့်) ''ခင်ဗျားမေးတိုင်း ကျုပ်က ဘာ့ကြောင့် ဖြေရမှာလဲ''

ဦးစံရှားသည် ဘီလ်စာရွက်ကို အိတ်ထဲသို့ ပြန်ထည့်လိုက်၏။

ရှား။ ။''ကျွန်တော်ပြောခဲ့ဘယ်မဟုတ်လား ဒေါက်တာ၊ ကျွန်တော့်အနေနဲ့ သိုသိုသိပ်သိပ် ဆောင်ရွက်နိုင်ခွင့် ရှိပါတယ်။ ကျွန်တော့်ကို ယုံကြည်လို့ အကြောင်းစုံ ရှင်းပြယင် လူသူမသိအောင် ဖုံးဖိနိုင်ပါတယ် ဒေါက်တာ''

တင်။ ။''ကျုပ် ဘာမှ မသိဘူး''

ရှား။ ။''လင်းဆေးက ဒေါက်တာ့ကို ဘာမှ ပြောမပြဘူးလား''

တင်။ ။''မပြောပေါင်ဗျာ''

ရှား။ ။''ဟုတ်ကဲ့လား ဒေါက်တာ။ ဒီလိုဆိုယင် မနေ့ညနေက လင်းဆေးရိုက်လိုက်တဲ့ကြေးနန်းကို ဒေါက်တာ မရဘူးပေါ့။ ဒါဖြင့် ဆိုင်ရာကို ရိပို့လုပ်အုံးမှပဲ''



www.burmeseclassic.com

www.burmeseclassic.com



တင်။ ။(ထိုင်ရာမှ ရုတ်တရက်ထလျက်) "တော်တော့၊ တော်တော့၊ ခင်ဗျားကိုင်တဲ့ မစ္စတာ ကူးပါးကို ပြောလိုက်။ ဘယ်သူနဲ့မှ ကျုပ်မတွေ့နိုင်ဘူးလို့၊ တန်ပါ၊ တန်ပါ၊ ကျုပ် ဘာမှမကြားချင်ဘူး၊ ဟေး အပ်ဗဒူ၊ ဒီလူတွေ အပြင်ဘက် လိုက်ပို့လိုက်"

ထိုဓာတ်ခွဲ ထွားကျိုင်းသော ကုလားအစေခံတယောက် ဝင်လာလေရာ ဦးစံရှားသည် ဒေါက်တာ မော်တင်နှင့် လေပေါက်မတည့်သဖြင့် ဆက်လက်ဆွေးနွေးခြင်း၏ အကျိုးမရှိခြင်းကို သိမြင်သည့် လက္ခဏာ နှင့် အသာတကြည် ထွက်လာခဲ့ကြလေသည်။ ဝင်းပြင်ဘက်သို့ ရောက်ကြသောအခါမှ ဦးစံရှားသည် ဟက်ဟက်ပက်ပက် ရယ်မောတော့သည်။

ရှား။ ။"တော်တော်ဆာတဲ့ လူကြီးပဲဗျို့။ လူဆိုးဖြစ်ယင်တော့ သွားလေသူ ပရော်ဖက်ဆာ ဦးထွန်းဖေနဲ့ တရှဉ်းဖက်လောက်တဲ့ လူကြီးပဲ"

ကျွန်။ ။"ဒါဖြင့် ကျုပ်တို့ ပြန်ကြရုံပဲလား"

ရှား။ ။"ဟာ ပြန်လို့ ဘယ်ဖြစ်မလဲဗျ။ ငုပ်မိသဲတိုင် တက်နိုင် ဖျားရောက်ပေါ့"

ကျွန်။ ။"ဘယ့်နှယ်လုပ်ကြမလဲ"

ရှား။ ။"ဟိုဘက်နားမှာ ကျုပ်မိတ်ဆွေ ကျောင်းဆရာတယောက်ရှိတယ်။ ကျုပ်တို့ ဟိုညနှစ်ည အိပ်ပြီး ဒေါက်တာမော်တင်ကို စောင့်ကြည့်ချင်တယ်ဗျာ"

ကျွန်တော်တို့သည် ကျောင်းဆရာ နေအိမ်သို့ သွားကြ၍ ကျောင်းဆရာက ဝမ်းမြောက် ဝမ်းသာ ညှိခံသည်တွင် ညအိပ်ဖို့ စီမံကြလေသည်။ ကျွန်တော်တို့အား အခန်းတခန်း ပေးသည်တွင် ဦးစံရှားသည် ကျွန်တော့်ကို အိမ်ဘွင်ထားခဲ့၍ တကိုယ်တည်း စုံစမ်းရန် ထွက်သွားလေ၏။ ဦးစံရှားပြန်လာသောအခါ၌ မိုးချုပ်လုပြီဖြစ်ရာ အိမ်ရှင်ကျွေးသော ထမင်းကို မြိန်ယှက်စွာ စားကြပြီးနောက် ဦးစံရှားသည် မိမိစုံစမ်း ထောက်လှမ်းခဲ့သမျှသော အခြင်းအရာများကို ပြောပြလေသည်။

ဒေါက်တာမော်တင်၏ အစေခံများမှာ မည်သည့်နည်းနှင့်မျှ ချဉ်းကပ်၍ မရနိုင်ကြောင်း၊ လက်ဖက် ရည်ဆိုင် တဆိုင်တွင် 'ဂျပိုး'တယောက်တွေ့၍ လက်ဖက်ရည်တိုက်ပြီး စုံစမ်းရာတွင် ဒေါက်တာသည် နံနက် တိုင်း ဘိုင်စကယ်ဘစီးနှင့် ခရီးထွက်၍ ၂ နာရီ ၃ နာရီကြာမှ ပြန်လာတတ်ကြောင်း၊ သူ့အိမ်တွင် မော် တော်ကား ရှိပါလျက် ဘိုင်စကယ်နှင့် ခရီးထွက်သည်မှာ အံ့သြဖွယ်ကောင်းသည်ဟု 'ဂျပိုး'က ပြောကြောင်း စသည်ဖြင့် သိခဲ့ရပေသည်။

ကျွန်။ ။"ဆေးကုထွက်တာလားဗျာ"

ရှား။ ။"မဟုတ်ဘူးထင်တယ်။ လူနာအိမ်ဆိုယင် မော်တော်ကားနဲ့ သွားမှာပေါ့၊ ပြီးတော့ ဒေါက်တာ မော်တင်ဟာ လူနာကုဖို့မကြိုးစားပဲ ကျမ်းပြုဖို့လောက်သာ အချိန်သုံးတယ်လို့ သိခဲ့ရတယ်"

ကျွန်။ ။"ဒီလိုဆို ဘိုင်စကယ်နဲ့ လိုက်ကြည့်ကြစို့ဗျာ"

ရှား။ ။"တော်တယ်ကိုသိန်းမောင်၊ ကျောင်းဆရာမှာ ဘိုင်စကယ်မရှိလို့ ဘိုင်စကယ်ပြင်တဲ့ ဆိုင်တဆိုင်မှာ ဘိုင်စကယ်ဘစီးငှားဖို့ ကျုပ်ပြောထားခဲ့ပြီ။ နက်ဖြန်နံနက်စောစော ကျုပ် လိုက်ကြည့်အုံး မယ်ဗျာ"

ကျွန်။ ။"ကျုပ်ကောဗျာ"

ရှား။ ။"နှစ်ယောက်ပူးလိုက်လို့ မတော်ဘူးလေ။ ခင်ဗျား နေရစ်ပါ"

× × ×

ဒုတိယအကြိမ်

www.burmeseclassic.com



နောက်တနေ့နံနက်စောစောကျင် ဦးစံရှားသည် ကျောင်းဆရာအိမ်မှ ထွက်သွား၍ နံနက် ၉ နာရီလောက်မှ ရယ်ကာမောကာ ပြန်လာတော့သည်။ သူ့မျက်နှာထားကို မြင်ရခြင်းအားဖြင့် ကိစ္စပြီးပြတ်ခဲ့ကြောင်း ကျွန်တော် အကဲခတ်နိုင်လေပြီ။

ရှား။ ။"ကျုပ်က မနေ့က အစီအစဉ်အတိုင်း ဘိုင်စကယ်တစီးငှားပြီး သူလာတတ်တယ် ဆိုတဲ့ လမ်းထောင့်မှာ ခပ်လှမ်းလှမ်းက လမ်းသလားနေရောကိုးဗျ။ တော်တော်ကြာတော့ ဒေါက်တာကြီး ပေါက်လာ၊ ကျုပ်က ကျောခပ်ခိုင်းခိုင်းလှည့်ပြီး စောင့်နေရာက သူ တော်တော်ကလေး လွန်သွားတော့ သူ့နောက်က မယောင်မလည် လိုက်သွားတယ်။ ပြည်လမ်းကြီးနဲ့ဆုံတဲ့ နေရာကျတော့ ပြည်သွားတဲ့ လမ်းဘက် ချိုးလိုက်သွားလို့ ကျုပ်ကလဲ ချိုးလိုက်တာပေါ့လေ။ သူကတော့ နောက်လှည့်လို့ တခါမှမကြည့်လေတော့ ကျုပ်ကို မမြင်ဘူးလို့ ထင်မိတာပဲ။ တမိုင်ကျော်လောက် သွားမိကြတော့ သူက ဖြုတ်ဆို ဘိုင်စကယ်ရပ်ပြီး ဆင်းလိုက်ပါရော။ ကျုပ်က ရပ်လို့လဲ မကောင်းဘူး။ သူရပ်လို့ ရပ်တယ်ဆိုယင် သူ့နောက် လိုက်တယ် ဆိုတာ ထင်ရှားသွားမယ်။ ဒါကြောင့် သူ့ကို မမြင်ဟန်ပြုပြီး လွန်စီးသွားရတော့တာပေါ့။ သူ့စက်ဘီး လက်ကိုင်မှာ မှန်ကလေးပါတာကို ကျုပ်မြင်ခဲ့ရတယ်။ ဒီမှန်ထဲမှာ ကြည့်ပြီး ကျုပ်ကို သူက လှည့်မကြည့်ပဲ မြင်ဟန်တူတယ်။ ကျုပ်က လွန်စီးသွားတဲ့အခါမှာ ကျုပ်စက်ဘီးကတော့ မှန်မပါလို့ ဂွကျတယ်ဗျ။ လှည့်လို့လဲ မကြည့်ဝံ့ဘူး။ သူရိပ်မိမှာ စိုးရသေးတာကိုး။ ဒါနဲ့ တမိုင်လောက် ဆက်နင်းသွားပြီး မယောင်မလည် လှည့်ကြည့်လိုက်တော့ ဒေါက်တာကြီး မပါလာတော့ဘူးဗျို့။ လှည့်ပြန်သွားလေသလား မဆိုနိုင်ဘူး။ လမ်းခွဲလဲ တခုမှ မတွေ့ခဲ့ရဘူးဗျ။ ဒါနဲ့ ကျုပ်က ပြန်လှည့်လာပြီး မီလိုမီငြား ဖိနှင်းလိုက်တာ ဘယ်မှာမှ မတွေ့ရတော့ဘူးဗျ။ မြို့အဝင်ကျတော့ လက်ဖက်ရည်ဆိုင်ကလေးထဲဝင်ပြီး ကော်ဖီသောက်ယင်း တနာရီ ကျော်ကျော်လောက် စောင့်နေတော့မှ ကျုပ်လာခဲ့တဲ့လမ်းအတိုင်း စက်ဘီးနဲ့ပြန်လာတာကို မြင်လိုက်ရ တယ်။ ဘယ်နေရာဆင်းပြီး ဘယ်လိုလုပ် ပုန်းနေတယ် မပြောတတ်ပါဘူးဗျာ"

ကျွန်။ ။"ဒါဖြင့် ဘယ့်နှယ်လုပ်မလဲ"

ရှား။ ။"နက်ဖြန်ခါ တခေါက် ကြိုးစားရအုံးမှာပေါ့"

ကျွန်။ ။"ဒီလိုဆို ဘောလုံးပွဲ မီအောင်တော့ မတွေ့နိုင်တော့ဘူးပေါ့"

ရှား။ ။"ဘောလုံးပွဲအတွက်တော့ မတတ်နိုင်တော့ဘူးဗျာ။ ကျုပ်စိတ်ထဲမှာ မခံချင်တာက သူနဲ့ ကျုပ်နဲ့ ဉာဏ်စမ်းကြရာမှာ ကျုပ်က အရှုံးမပေးချင်ဘူး။ လင်းဆေးရှိတဲ့နေရာကို ဒီလူကြီး ကောင်းသိတယ်။ ဘောလုံးပွဲ မမီချင်နေ၊ သူဝှက်ထားတဲ့နေရာကို ကျုပ်က မတွေ့ တွေ့အောင် ကြိုးစားအုံးမယ်ဗျာ။ ကျုပ်တို့ မပြန်သေးဘူး"

ထိုနေ့ညနေ၌ ကုလားအစေခံတယောက်သည် ကျွန်တော်တို့ လမ်းလျှောက် ထွက်သွားခိုက်တွင် ကျောင်းဆရာအိမ်သို့လာ၍ ဦးစံရှားအမည်နှင့် စာတစောင်ပေးထားခဲ့ရာ ဦးစံရှားသည် စာကိုဖောက်၍ ဖတ်သည့်တွင် အင်္ဂလိပ်လို အောက်ပါ အဓိပ္ပာယ်အတိုင်း ပါရှိလေသည်။

ကျွန်ုပ်နောက်သို့ လိုက်ဖို့ ကြိုးစားသော်လည်း အချည်းနှီး အချိန်ကုန်ပါလိမ့်မည်။ ခင်ဗျားကိုငှားသည့် မစ္စတာကူးပါးတံသို့ ပြန်သွားပြီး လင်းဆေးကိုမတွေ့နိုင်ပါဟု ပြော ပြ လိုက်ပါတော့။

ဒေါက်တာ မော်တင် (M.A.M.D)
Ph D. F R C S

ဦးစံရှားသည် စာကို ဖတ်ပြီးနောက် မျက်နှာထားတမျိုးပြင်လျက်—

ဘာဆိုယာအခြိုနိုု

www.burmeseclassic.com



ရှား။ ။"နေသေးရိုးလားဗျာ။ ဘောလုံးပွဲအတွက် မမီချင်နေ၊ ပိုက်ဆံမချင်လဲနေ၊ ကျုပ်တော့ ဂုဏ်ထူး ဘွဲ့ထူးတွေ ဖော်ပြပြီး ကျုပ်ကိုလှန့်တဲ့ အသိုးကြီးတော့ ဘယ်နည်းနဲ့မှ ကျုပ်အရှုံးမပေးဘူး။ မပေါ်ပေါ်အောင် လိုက်မယ်ဗျာ"

ကျွန်။ ။"ဒီလို လုပ်စို့လေ၊ ကျုပ်တလှည့် လိုက်အုံးမယ်။ ကျုပ်ကိုတော့ သူက အရေးလုပ်မှ လုပ်မယ်။ ဘယ့်နှယ်လဲ"

ရှား။ ။"မဖြစ်သေးပါဘူး ကိုသိန်းမောင်၊ မခံချင်လဲ မရှိနဲ့။ အသိုးကြီးကိုတော့ ခင်ဗျား ဉာဏ် မမီဘူးဗျ။ ကျုပ်ကိုယ်တိုင် တနည်းထွင်ပါအုံးမယ်"

ထိုနေ့တနေ့လုံး ဦးစံရှားသည် အိမ်မှထွက်သွား၍ မိုးချုပ်မှ ပြန်လာရာတွင် ခွေးတကောင် ပါလာသည်။ ခွေးမှာ သမင်ခွေးမျိုးဖြစ်၍ လည်ပတ်၊ သံကြိုး ဧည်ဖြင့် အပြည့်အစုံပါလာသည်ပြင် ခွေးစားရန် အတွက် အမဲသားကင် တထုပ်လည်း ဝယ်လာခဲ့သည်။

ရှား။ ။"ခွေးဆိုတာမျိုးက အစာကျွေးယင် ခင်တော့တာပဲဗျ။ သို့သော် ရှေ့စာရာကောင်းတဲ့ အချက်တခုက သူ့ကို တခါကျွေးထားယင် ဒီလူကို ဘယ်တော့မှ ရန်မမူတော့ဘူး။ ဒီအချက်မှာတော့ လူ ထက်တောင် သာပေတယ်။ လူများက ဒါလောက် သစ္စာမရှိချင်ဘူး။ ဒါကြောင့် လူအကြောင်းသိလေလေ ခွေးကို ချစ်လေလေလို့ အင်္ဂလိပ်စာရေးဆရာတယောက် ရေးဖူးတာပဲ"

ထိုညဥ့်၌ ဦးစံရှားသည် ပုလင်းကလေးတလုံးယူ၍ အိမ်မှထွက်သွားမည် ပြုပြန်ရာတွင်–

ကျွန်။ ။"ဘာ ပုလင်းလဲဗျ။ ဘယ်သွားမလို့လဲ"

ရှား။ ။"စမုန်ဆီ ပုလင်းလေ"

ကျွန်။ ။"ဘာလုပ်ဖို့လဲ"

ရှား။ ။"စက်ဘီးနောက်က လိုက်လို့ လွယ်ကူအောင်ပေါ့ဗျ"

ကျွန်။ ။"နားမလည်ပေါင်ဗျာ"

ရှား။ ။"ကိုသိန်းမောင် ဝေးသေးတာကိုးဗျ။ စမုန်ဆီပုလင်းနဲ့ ခွေးကို မြင်နေတဲ့အပြင် စက်ဘီး နောက်ကို လိုက်လို့ လွယ်ကူအောင်ဆိုတာတောင် မရိပ်မိပဲဟာကိုး"

ကျွန်။ ။"ဪ ဩော် နားလည်ပြီဗျို့၊ သူ့စက်ဘီးတာယာမှာ စမုန်ဆီသုတ်ထားပြီး...."

ရှား။ ။"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။ တည့်တည့်ပြောမှ ရိပ်မိရောပေါ့။ ကိုင်း ကျုပ်သွားပြီး အလုပ်လုပ်လိုက်အုံးမယ်"

ထိုည ၁၀ နာရီကျော်မှ ဦးစံရှားပြန်လာရာ ဒေါက်တာ မော်တင်စီးသော စက်ဘီး ကိုခဲယဉ်းစွာ စောင့်၍ရှာပြီး စမုန်ဆီ သုတ်ထားခဲ့ကြောင်း ပြောပြလေသည်။

× × ×

နောက်တနေ့ နံနက်စောစောကြီးထ၍ ကျွန်တော်တို့သည် ခွေးသမင်ကို သံကြိုးဖြင့်ဆွဲလျက် မြို့အဝင်ဝရှိ လက်ဖက်ရည်ဆိုင်သို့ သွားကြပြီးလျှင် ခွေးရောလူပါ စားစားသောက်သောက် နေကြသည်။ နာရီ ဝက်ခန့် ကြာသောအခါ ဒေါက်တာမော်တင်သည် စက်ဘီးနှင့် ဆိုင်ရှေ့မှ ဖြတ်စီးသွားလေရာ ဆိုင်ဘက်သို့ လှမ်းကြည့်သော်လည်း ကျွန်တော်က ခွေးကို ခပ်ကွယ်ကွယ် ဝှက်ထားလိုက်သည်။

အသန့် ကြာအောင် စောင့်ပြီးနောက် ဦးစံရှားသည် စမုန်ဆီပုလင်း၌ အရပ်အရပ် ကျန်နေသော စမုန်ဆီကို ခွေး၏နှာခေါင်းဝသို့ တေ့ပြလိုက်ရာ ခွေးသမင်သည် နားလည်ဟန်တူ လက္ခဏာနှင့် ဦးခေါင်း

www.burmeseclassic.com



မော့မော့ လည်တိုင်ကြော့ကြော့ ဖြစ်လာတော့သည်။ ထို့နောက် ဦးစံရှားသည် လမ်းပေါ်တွင် ဒေါက်တာမော်တင် ဖြတ်သွားသောနေရာသို့ ခွေးကို ဆွဲသွားသည်နှင့်တပြိုင်နက် ခွေးသည် မြေကြီးပေါ်သို့ ဦးခေါင်းငုံ့ကာ တရှူးရှူး ရှူရှိုက်ပြီးလျှင် မြို့ဘက်သို့ ပြန်ပြေးမည်ပြု၏။ သို့ရာတွင် ဦးစံရှားက မြို့ဘက်သို့ မဟုတ်ပဲ မြို့ပြင်သို့ ထွက်သွားသောလမ်းကို ဦးလှည့်ပေးလိုက်သည်တွင် ခွေးသမင်သည် ဒေါက်တာမော်တင် သွားသောလမ်းအတိုင်း ကောက်ကောက်ပါအောင် လိုက်သဖြင့် ဦးစံရှားက သံကြိုးကိုင်လျက် လိုက်ရလေသည်။

ရှား။ ။"ဝမ်နိုဆိန့်များဆိုယင် ခွေးသမင်က ဒီကနေပြီး ပြည်မြို့ ထိအောင်တောင် လိုက်နိုင်ရဲ့ဗျာ။ ကိုင်း သုတ်သုတ်ဗျို့ ကိုသိန်းမောင်"

ဦးစံရှားသည် ခွေးနောက်မှ သံကြိုးကိုကိုင်လျက် ကျွန်တော်က သူ၏နောက်မှ လျှောက်လာခဲ့ကြရာ ခွေးသမင်သည် မြေကြီးနှင့်နှာခေါင်းခွာတော့သည်မရှိပဲ တကပ်တည်းကပ်လျက် တရှူးရှူးနှင့်လိုက်လေ၏။ ကားလမ်းမကြီးပေါ်၌ သွားလာကြသော မော်တော်ကားများပေါ်မှ လူများသည် ကျွန်တော်တို့ နှစ်ယောက်ကိုကြည့်ကာ ပြုံးလျက် အချို့က 'ဦးစံရှားနဲ့ ဦးသိန်းမောင်ထင်တယ်' ဟု ထင်မြင်ချက် ပေးကြသေးသည်။

လေးမိုင်ကျော် ငါးမိုင်ခန့် (အချိန် တနာရီကျော်) လျှောက်လာမိကြသည်တွင် ခွေးသမင်သည် လမ်းမကြီးတလျှောက် တည့်တည့်ကြီးလိုက်ရာမှ လက်ဝဲဘက်သို့ ရုတ်တရက် ချိုးကွေ့သွားလေသည်။ ထိုနေရာ၌ လမ်းဟူ၍ မရှိ။ မြက်ခင်းပေါ်တွင် မှေးမှိန်စွာ ပေါ်ထွက်နေသည့် ဘီးကြောင်းရာကလေးမျှ လောက်သာ မြင်နိုင်လေသည်။

ရှား။ ။"ဟုတ်ပြီဗျို့။ ဒီနေရာမှာ ဒေါက်တာချိုးဝင်သွားလို့ ကျုပ် မျက်ခြည်ပြတ်သွားတာကိုး။ မြက်ပေါ် ဘီးကြောင်းရာအသေးမြင်လား။ ဒီဟာ စက်ဘီးနဲ့ အခေါက်ခေါက်အခါခါ လာထားလို့ ရေးရေးကလေး ထင်နေတာပဲ၊ ဟိုတုန်းက ကျုပ် ဘယ်မြင်နိုင်မှာလဲဗျာ။ အခုတောင် ခွေးက ချိုးကွေ့လိုက်လို့သာ ကျုပ်တို့ မြင်နိုင်တာကိုးဗျ"

ကျွန်။ ။"ဟောဟို ရှေ့က ဒေါက်တာထင်တယ်ဗျို့"

ထိုခဏ၌လူတယောက်သည် မြက်လမ်းကြောင်း ကလေးပေါ်တွင် ကျွန်တော်တို့ဘက် စက်ဘီးစီး လာသည်ကို နှင့်ခိုင် တွေ့ကြရလေ၏။

ရှား။ ။"ဟိုင်း ပေါ်တော်ပဲဗျို့ ကိုသိန်းမောင်၊ မြန်မြန်လုပ်ဗျို့"ဟု ပြောပြောဆိုဆိုနှင့် ခွေးကို တရွတ်ဆွဲ၍ ချုံတချုံနောက်သို့ ဝင်ပုန်းလေရာ ကျွန်တော်လည်း သူ့နောက်မှ လိုက်၍ ပုန်းရလေသည်။ ကျွန်တော်တို့သည် အနီးမှကပ်၍ စီးသွားသော ဒေါက်တာမော်တင်ကို ချုံကြားမှ ချောင်းကြည့်လိုက်ရာ ထိုသူသည် ဦးခေါင်းငိုက်စိုက်နှင့် စက်ဘီးစီးသွားသည်ကို မြင်လိုက်ရသည်။ ထိုအကြောင်းကြောင့်လည်း ကျွန်တော်တို့ကို မမြင်ပဲ မျက်စိလျှံသွားဟန် တူ၏။ မြက်ခင်းကိုကျော်လွန်၍ လမ်းမကြီးပေါ်သို့ ရောက်သွားသောအခါမှ ကျွန်တော်တို့သည် ချုံကွယ်မှ ထွက်လာကြသည်။

ရှား။ ။"တခုခုတော့ ဖြစ်ပြီ ထင်တယ်ဗျို့ ကိုသိန်းမောင်၊ ဒေါက်တာ မော်တင် ကြည့်ရတာ မျက်နှာ တယ်မသာဘူး"

ကျွန်။ ။"ဦးခေါင်းငိုက်စိုက်ကြီးနဲ့ ဘာမှ ဂရုစိုက်ပုံ မပေါ်ဘူး။ ဒါကြောင့်လဲ ကျုပ်တို့ကို မမြင်ပဲ လျှံသွားတာပဲ"

ရှား။ ။"ကိုင်း အခုပဲဖြစ်ဖြစ် သိရအောင်ဟာ အဆုံးတိုင်အောင် လိုက်ကြအုံးမှပဲဗျို့"

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



သို့နောက် ကျွန်တော်တို့သည် ခွေးသမင်ကို ရှေးနည်းအတူ လွှတ်ပေး၍ ယင်းနောက်မှ ဆက်လက်လိုက်ကြပြန်သော တမိုင်ခန့် လျှောက်ကြသောအခါတွင် အိမ်ခြေ ၂၀ ခန့်ရှိသည့် တံငါရွာကလေးသို့ ရောက်ကြလေသည်။ ရွာကလေးမှာ အိမ်တိုင်းလိုပင် မြုံးနှင့်ပိုက်ကွန်များ မြင်ရသောကြောင့် တံငါရွာဟုဆိုရခြင်းဖြစ်သည်။ ခွေးသည် ရွာကလေး နံဘေးမှ ပွတ်ကာမိ၍ ရွာ၏အခြားဘက် အစွန်းရှိ အိမ်သစ်ကလေးတဆောင်သို့ ရောက်သောအခါ ဆက်လက်၍ မလိုက်တော့ပဲ တအီအီမြည်ကာ လှည့်ပတ်နေလေတော့သည်။

အိမ်သစ်ကလေး၌ကား လူအစအနမမြင်။ တိတ်ဆိတ်စွာရှိနေ၏။ ဦးစံရှားသည် ခွေးကို သစ်ငုပ်တိုတခုတွင် ချည်ထားခဲ့၍ အိမ်သစ်ကလေးပေါ်သို့ တက်လေ၏။ အိမ်ကလေးမှာ တလိုင်းအိမ်ပုံဖြစ်၍ အထပ်ခိုးကလေးရှိရာ ကျွန်တော်တို့သည် ရှေ့အဆောင်မှ အထပ်ခိုးပေါ်သို့ တက်လာကြသည်တွင် အံ့အားသင့်လျက် ရပ်ကြည့်နေကြရလေတော့သည်။

အကြောင်းသော်ကား ထောင့်၌ရှိသော ခုတင်တလုံးပေါ်၌ ရုပ်ရည် အလွန်ချောသော ဘိုမကလေးတယောက် ပက်လက်လှန် အိပ်နေရာ ခုတင်တဘက်တချက်တွင် ဘိုကလေးတယောက်နှင့် ဘိုကပြားကြီးတယောက်သည် သူငယ်မ၏ လက်များကို တဘက်စီကိုင်ကာ ဒူးထောက်လျက် ရှိကြ၏။ ထိုသူ ၂ ယောက်သည် ကျွန်တော်တို့ တက်လာကြသည်ကိုပင် ဂရုမစိုက်၊ အရေးမလုပ်သည့်လက္ခဏာနှင့် လှည့်၍မျှ မကြည့်ကြချေ။

သို့ရာတွင် သူငယ်မက "ဒက်ဒီ"ဟု ခေါ်လိုက်ရာ ကပြားကြီးလည်း တိုး၍ ဦးညွှတ်၏။ ထို့နောက် "ဝါလတာ ဒါလင်"ဟုခေါ်ပြန်ရာ ဘိုကလေးလည်း ရှေ့သို့တိုး၍ချဉ်းကပ်ပြန်သည်။ ထို့နောက် "ကစ်စ်မီ" (ကျွန်မကို နမ်းကြစမ်းပါ)ဟု အသံသဲ့သဲ့ဖြင့် ပြောပြန်သည်တွင် တဘက်တချက်ရှိ လူ ၂ ယောက်သည် ဒူးထောက်သင်းပင် ပါးတဘက် တချက်စီ နှုတ်ခမ်းဖြင့် ထိကြလေသည်။ နောက်တခဏ၌ သူငယ်မသည် ဘိုကလေးရှိသော ဘက်သို့ ဦးခေါင်းလှည့်မည် ပြုရာမှ မျက်ဖြူလန်သွားသည်နှင့် ကျွန်တော်တို့လည်း ခြေဖျားထောက်ကာ အထပ်ခိုးပေါ်မှ ဆင်းလာခဲ့ကြသည်။

ဦးစံရှားသည် ဦးခေါင်းယမ်းလျက် ခွေးသမင်ချည်ထားရာသို့သွား၍ သစ်ငုပ်တိုမှ ဖြုတ်မည်ပြုဆဲတွင် စက်ဘီးနှင့် ပြန်ရောက်လာသော ဒေါက်တာမော်တင်နှင့် ပက်ပင်းပါ တွေ့ကြလေသည်။

တင်။ ။"ဘယ်ပြီး ဇွဲကောင်းတဲ့ လူစုပါတကား။ ဘယ့်နှယ်လဲ၊ တွေ့ခဲ့ကြပြီလား"

ရှား။ ။"တွေ့ခဲ့ပြီဒေါက်တာ၊ သူငယ်မတော့ အသက်ကုန်ရှာပြီနဲ့ တူတယ်"

တင်။ ။"ဘယ်ရှုပ်တဲ့ လူတွေပဲကိုး။ သတ္တဝါတဦး အသက်ထွက်ဖို့သောင် အေးအေးဆေးဆေး မထွက်ရဘူး။ သိပ်နှောင့်ယှက်ကြတာပဲ။ ကျုပ် ငယ်ငယ်တုန်းကဆိုယင် ဒါမျိုးကို ချမ်းသာမပေးဘူး။ ဆုံးမလွှတ်မှာပဲ။ အခုတော့...."

ရှား။ ။"သည်းခံပါဒေါက်တာ။ တယောက်နဲ့တယောက်အထင်အမြင်လွဲနေကြလို့ဖြစ်ပါတယ်။ ကျွန်တော့်ကို မစွာဘာကူးပါးက ငှားတာမဟုတ်ပါဘူး။ လူတယောက် ပျောက်နေကယ်ဆိုလို့ ထောက်လှမ်းစုံစမ်းရခြင်းမျှသာ ဖြစ်ပါတယ်။ ဒီကိစ္စမှာ တရားဥပဒေကို ချိုးဖောက်ခြင်း မကင်းဘူးဆိုယင်လဲ ကျွန်တော်က လူသိသူသိမဖြစ်စေရအောင် ကူညီပြီး ဖုံးဖိပေးဖို့ အဆင်သင့်ရှိပါတယ်"

တင်။ ။"ဒီလိုဆိုယင်ဖြင့် ကျေးဇူးပါပဲဗျာ။ ကျုပ်က လူရှုပ်တွေ ခွေးတကောင်နဲ့ လိုက်သွားတယ် သတင်းရလို့ ပြန်လှည့်လာခဲ့တာ။ ခုပုံတော့ မျက်နှာစုံညီ ရှင်းလင်းခွင့်ရလို့ ခပ်ကောင်းကောင်းပါပဲ။ ဖြစ်ရပုံက ဒီလိုဗျ။ သင်းဆေးဟာ ကူးပါးရဲ့ တူအရင်းလဲ ဖြစ်တယ်၊ အမွေခံ အမွေစားလဲ ဖြစ်တယ်။ လင်းဆေးက ဘီအိုစီကုမ္ပဏီမှာ အလုပ်လုပ်တဲ့ မက္ကင်တော့ရှ်ရဲ့ သမီးနဲ့ ချစ်ကြိုက်တာကို ကူးပါးက သဘော



www.burmeseclassic.com

www.burmeseclassic.com



မတူဘူး။ သူသဘောမတူပဲ ဇွတ်ယူယင် အမွေဖြတ်ပစ်နိုင်တယ်။ လင်းဆေးကလဲ သူငယ်မကို မပြတ်နိုင်ဘူး။ ကျုပ်ကတော့ ကူးပါးနဲ့လဲ သူငယ်ချင်း၊ လင်းဆေးကိုလဲ ချစ်လေတော့ ကူးပါးကို နားချတယ်။ ကူးပါးက အင်မတန်ခေါင်းမာတယ်။ နောက်ဆုံးမှာ လင်းဆေးက သူငယ်မကို တိတ်တဆိတ် လက်ထပ်ပြီး ဒီရွာကလေးမှာ ဝှက်ထားတော့ ကျုပ်က အကူအညီပေးရတယ်။ သူငယ်မဟာ အင်မတန်လိမ္မာတယ်လို့ ကျုပ်သိတဲ့အတွက် မကူညီပဲ မနေနိုင်အောင် ဖြစ်ခဲ့တယ်။ ဒီအတောအတွင်းမှာ မိန်းကလေးက မကျန်းမာတော့ ကျုပ်က လူသူမသိအောင် ဘိုင်စကယ်နဲ့ လာလာပြီး ကြည့်ရတယ်။ လူငယ် နှစ်ယောက်စလုံး လူတော်ကလေးတွေချည်းဖြစ်လို့မို့ ကျုပ်က သာပြီး ကရုဏာ ဖြစ်ရခြင်းပါပဲ”

ရှား။ ။“ဟိုတနေ့က လင်းဆေးဆီကို စာလာပေးတာ ဘယ်သူပါလိမ့်ခင်ဗျာ”

တင်း ။“မကျောင်တော့ရှိက သူ့မိတ်ဆွေ ကပြားတယောက်ကို လွှတ်လိုက်သတဲ့”

ရှား။ ။“ကိုင်း ဒါပါပဲခင်ဗျာ။ ဒီကိစ္စကို တိုင်းသိပြည်သိဖြစ်ပြီး ကူးပါးနားမခေါက်ကြားရလေအောင် ကျွန်တော်ကူညီပြီး ဖုံးဖိပေးပါ့မယ်။ စိတ်ချပါ”

ဤတွင် ဒေါက်တာမော်တင်က “ကျေးဇူးကြီးလှပါတယ်ဗျာ”ဟုဆို၍ ဦးစံရှား၏လက်ကို လှုပ်ယမ်းလေသည်။

ကျွန်တော်တို့ ပြန်လာကြသောအခါ “မနေ့က ဘောလုံးပွဲမှာ လင်းဆေး မပါလို့ ရှုံးရတယ်ဆိုပေမယ့် ကျုပ်တို့ သိချင်တာကလေး သိရလို့ အောင်မြင်တယ် ဆိုသင့်တာပေါ့ဗျာ”

www.burmeseclassic.com

# ၃၉။ ဥာဏ်သမား မောင်မောင်ဦး*

တနေ့သော ညနေခင်းအချိန်၌ ကျွန်တော်နှင့် ဦးစံရှားတို့သည် မြေညောင်းလက်သန့် လမ်းလျှောက်ကြရာမှ မီးထွန်းချိန်ခန့်တွင် အိမ်သို့ ပြန်လာကြရာ စားပွဲပေါ်၌ ကားချပ်ကလေးတခု တင်လျက်ရှိသည်ကို မီးရောင်တွင် တွေ့ရှိကြရလေ၏။

ဦးစံရှားလည်း ကားချပ်ကိုယူကြည့်၍ ယင်းတွင် ရိုက်နှိပ်ပါရှိသော အမည်ကို တွေ့ရှိရသည့်အခါ ကားချပ်ကို တံတွေးနှင့် ထွေးပြီးနောက် တခုသောထောင့်သို့ လွှင့်၍ပစ်မည်ပြုပြီးမှ ကားချပ်၏ တဘက် မျက်နှာသို့ လှန်၍ အကြည့်တွင်—

'၇ နာရီလောက် တခေါက်လာခဲ့ပါအုံးမည်' ဟူ၍ လက်ရေးဖြင့် ရေးသားထားသည်ကို တွေ့မြင်ရလေ၏။

ထိုအခါ ကျွန်တော်လည်း ဦးစံရှားသည် ဤကားချပ်ကို မြင်ကာမျှနှင့် အဘယ်ကြောင့် ဤမျှသောက် စက်ဆုပ်ရွံရှာ ဖြစ်လေဘိသနည်းဟု အံ့သြလှသည်နှင့် အကျိုးအကြောင်းကို မေးမြန်းရာ ဦးစံရှားက –

"မောင်မောင်ဦးဆိုတဲ့အကောင် ဒီအကောင်ပေါ့ဗျ။ ခင်ဗျားမကြားဖူးဘူးလား သူ့အကြောင်း"

"မကြားဖူးပါဘူးဗျာ"

"ဒီအကောင်က အခုတလော ရန်ကုန်မှာ အင်မတန် မွှေနေတဲ့ အကောင်ပေါ့ဗျ။ အင်မတန် ယုတ်၊ အင်မတန် ညစ်၊ အင်မတန် စက်ဆုပ်ဖို့ကောင်းတဲ့ အကောင်တယောက်ဗျ။ ဒီလိုဗျ။ ဒီအကောင်က သူ့အမိ အဘက ဘော်တော်ကလေး ပိုက်ဆံကြေးငွေနဲ့ ပြည့်စုံလေတော့ သူ့ကို အင်္ဂလိပ်စာကလေး ဘာကလေး သင်ကြားပြီး ဘိလပ်တွေ ဘာတွေ လွှတ်တာကိုး။ လွှတ်တော့ သူက ဘိလပ်မှာ ဘာသင်ခဲ့သလဲ။ ဘာမှ မသင်ခဲ့ဘူး။

"ဟိုအရပ်က မြို့ကြီးပြကြီးဆိုတော့ လူဆိုး လူမိုက်တွေက ခပ်ပေါပေါနဲ့ လူဆိုးလူမိုက်တွေနဲ့ချည်း ပေါင်းသင်းပြီး ဆိုးတဲ့ မိုက်တဲ့ ပညာတွေ အတော် တတ်ခဲ့တယ်။ သူ့ဥာဏ်က ဘာလဲ။ မိကောင်းဖခင် သားသမီးတွေ၊ သားမယားတွေဆီက ငွေညှစ်တဲ့ပညာတခု တတ်ခဲ့တယ်။ ညှစ်ပုံက ဘယ်လိုလဲဆိုတော့ သူက လူကြီးလူကောင်းများအိမ်က အစေခံတွေ ဘာတွေနဲ့ပေါင်း၊ ပေါင်းပြီး သမီးရည်းစားပေးတဲ့ စာဖြစ်စေ၊

---

* သူရိယမဂ္ဂဇင်း၊ ၁၉၂၁၊ အောက်တိုဘာလတွင် ဤဝတ္ထု ဦးစွာ ပါဝင်သည်။ ဤဝတ္ထုကိုပင် မြန်မာပြည်စာအုပ်တိုက်မှ အတွဲ ၁၂ နှင့် နှလုံးလှစာအုပ်တိုက်မှ အတွဲ ၆ တို့တွင် ပြန်လည်ပုံနှိပ်သည်။ မူရင်းမှာ Charles Augustus Milverton ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဒီ့ပြင် လူသူမသိစေချင်တဲ့ စာများဖြစ်စေ ရအောင်အခိုးခိုင်း၊ ခိုင်းပြီး သူက ဒီစာတွေကို ငွေပေးပြီး ဝယ်၊ ဝယ်တဲ့ နေရာမှာလဲ အကောင်က ငွေများ နည်းနည်းမှ မနှမြောဘူးဗျ။ တကယ်အရေးကြီးတဲ့ စာများ ဆိုယင် သုံးကြောင်းလောက်များ ငွေငါးရာ ပေးဝယ်သတဲ့။

"ဥပမာ ဆိုပါတော့ဗျာ။ မိကောင်းဖခင် သမီးကလေးတယောက်က သူ့ရည်းစားဆီ ချစ်ကြိုက်ကြောင်း စာတစောင် ပြန်ပြီးရေးမိတယ် ဆိုပါတော့ဗျာ။ နောက်တော့ ဒီမိန်းကလေးက လက်ဦးရည်းစားနဲ့ ပျက်ပြီး ဒီ့ပြင် လူတယောက်နဲ့ လူကြီးများက စေ့စပ်ပြီး ပေးစားမယ် လုပ်ကရော၊ လုပ်တော့ ဒီအကောင်က ဘယ့်နှယ်လုပ်သလဲ။ ခုတင်က လက်ဦးရည်းစားဆီပေးတဲ့ စာတွေကို ရအောင် ရှာပြီးဝယ်၊ ဝယ်ပြီး မိန်းကလေးကို ဘယ့်နှယ်ညှစ်သလဲ။ သူ့ကို ငွေမည်မျှ ပေးယင် ပေး၊ မပေးယင် ဒီစာတွေကို သူနဲ့ ယူမယ့် ယောကျ်ားကို အကုန်ပြလိုက်မယ်။ ဒီလိုခြိမ်းခြောက်တော့တာကိုးဗျ။

"ဒီတော့ မိန်းကလေးကလဲ မိကောင်းဖခင် သားသမီးဆိုတော့ အရှက်ကိုင့်ပြီး အမိအဘများဆီက အကျိုးအကြောင်း ပြောပြပြီး ငွေတောင်း၊ တောင်းပြီး အရှက်မကွဲချင်လေတော့ ဒီအကောင်ကို ပေးရတာကိုးဗျ။ ဒီအကောင်က သူတောင်းတာ ပေးယင်ပေး မပေးယင် တကယ်ကို သူပြောတဲ့အတိုင်း ပြလိုက်တာပဲဗျ။ ပြလိုက်လို့ သမီးရည်းစား တောင်းရမ်းခါနီးဆဲဆဲမှာ ကွဲသွားကြတာတွေ ဘယ်လောက်များပြီလဲဗျာ"

"တယ် ယုတ်မာတဲ့ ညစ်စုတ်တဲ့ အကောင်ပါကလားဗျာ"

"ဒီအတတ်တွေ သူက ဘိလပ်က တတ်ပြီးလာခဲ့တာဗျ။ ဟိုဆီက လူတွေက ကောင်းတဲ့နေရာမှာရော၊ ဆိုးတဲ့ အရာမှာရော ကမ်းတဘက်ခတ်တဲ့ လူတွေကလားဗျ။ သူက ဘိုလဲပေါ်ဆန့်ဆန့်ပဲ၊ မြင်ဘူးလား၊ သူ့နှာမည်များ ကားချပ်တွေ ဘာတွေနဲ့နိုပ်လို့။ ဘယ်လောက် စတိုင်လုပ်တဲ့လူလဲ။ ဒီလို ငွေညှစ်တဲ့ နေရာမှာတော့ ဉာဏ်လဲတော်တော်သွားတဲ့လူဗျ။ စိတ်လဲ တော်တော်ရှည်တယ်၊ တခါတလေ စာတွေများ ဖိုးကြီးရင်းထိုက်ပေးဝယ်ပြီး နှစ်ရှည်လများ သိမ်းပြီးထားသေးတယ်။ ချက်ကောင်းပေါ်လို့ သူညှစ်တိုင်းရလောက်တဲ့ အချိန်ကျမှ ထုတ်ပြီး ညှစ်တာကိုးဗျ။

"ကျုပ်ဖြင့် လူဆိုးအမျိုးမျိုး လူမိုက်အမျိုးမျိုးနဲ့ တွေ့ခဲ့လှပါဗျာ။ ဒီအကောင်လောက် စက်ဆုတ်ဖို့ကောင်းတဲ့ အကောင် တကောင်မှ မတွေ့ဖူးပါဘူး၊ လူတယောက်က တယောက်ကို ဒေါသအလျောက် ထပြီး ဓားနဲ့ ခုတ်လိုက်တယ်၊ တုတ်နဲ့ ရိုက်လိုက်တယ် ဆိုတာက တယ်ပြီး စက်ဆုပ်ဖို့ မရှိသေးဘူးဗျ။ ဒီအကောင်ကတော့ လူတယောက်ကို ရန်သူလဲ မဟုတ်၊ အမျက်လဲ မဖြစ်ဖူးပဲနဲ့ နှစ်ရှည်လများ စောင့်ဆိုင်းနေပြီး မိလောက်တဲ့အချက်ပေါ်မှ စိစိညက်ညက်ပါအောင် ချေတဲ့ အကောင်ဗျ။ ဘယ်လောက် ရွံဖို့ကောင်းတဲ့ အကောင်လဲ"

"တယ်ညစ်တဲ့ အကောင်ပါကလားဗျာ။ နို့ ဒါထက် နေပါအုံးဗျာ။ သူတပါးဆီက အခုလို ငွေညှစ်တာ တရားဥပဒေနဲ့ မဆန့်ကျင်ဘူးလားဗျ။ ပုလိပ်တွေက ဘာလုပ်နေကြသလဲ"

"ခြောင် ကိုသိန်းမောင်က တယ်ခဝးသေးတာကိုးဗျ။ ပုလိပ်တွေဘက် သူက ပါးတော့မပေါ့ဗျ။ သူညှစ်တာက သေချာလောက်တဲ့ လူကိုမှ သူကညှစ်တာဗျ။ မိကောင်းဖခင် သားသမီးကလေးများ တကြိမ်တခါ မှားဖူး ယွင်းဖူးတယ်။ ဒီလိုဟာတွေ သူက လိုက်တာဗျ။ တကယ်လို့ တရားစွဲယင် သူ့မှာ အလန်း... မထောင် တလ နှစ်လ ကျမယ် အမှန်ပေါ့။ သို့သော် ဟိုမှာတော့ တသက်လုံး အရှက်ကြီး ကွဲရှာတော့မှာပေါ့ဗျ။ ဒီတော့ သူ့ကို ပြန်ပြီး မကြံဝံ့ဘူး။ ကိုယ့်အပြစ်ကလေးကလဲ အမှန်ရှိနေရှာတာကိုးဗျ။ တကယ်လို့

www.burmeseclassic.com

www.burmeseclassic.com



အစွန်းအထင်းမရှိတဲ့လူသူကို သွားပြီးညစ်မိတယ်လဲ သူဒုက္ခပေါ့ဗျာ။ သို့သော် သူက အပါးကြီးကလားဗျာ။ ဒီလိုဟာတော့ သူက မလုပ်ဘူး။ မလောက်တဲ့သူမှ၊ သေချာပုံးပေါက်မှ သူက လိုက်တာကိုးဗျ''

''နို့ နေပါအုံးဗျာ။ ဒီလောက် ယုတ်မာတဲ့ လူတယောက်က ခင်ဗျားနဲ့ ဘာကိစ္စများရှိလို့ တွေ့ချင်ရသလဲဗျာ''

''ကြောင့် ကိုသိန်းမောင်ကလဲ ကျုပ်တို့စုံထောက်မျိုးဟာက ယုတ်ပေ့ဆိုတဲ့လူ၊ ဆိုးပေ့ဆိုတဲ့လူများနဲ့မှ အလုပ်လုပ်ရတာကိုးဗျ။ ဒီအကောင်က ကျုပ်ခေါ်လို့ လာတာပဲ။ ကျုပ်နဲ့ သူနဲ့ ကိစ္စကလေး တခုရှိတယ်ဗျ''

''ဘယ်ကိစ္စလဲဗျာ''

''ဒီလိုဗျ။ ကျုပ်တို့ရန်ကုန်က မြို့ဝန်ကြီးတယောက်သမီးနဲ့ စင်ကဲ ဦးထင်ပေါ်နဲ့ ရွေလာမယ့် တနင်္ဂနွေနေ့မှာ ဂျူဗလီဟောမယ် လက်ထပ်ပွဲဗျ။ ဒီသူငယ်မက ဟိုးလွန်ခဲ့တဲ့ သုံးနှစ်လောက်က ကောလိပ်ကျောင်းသားတယောက်နဲ့ ချစ်ကြိုက်ဖူးပါရော။ ချစ်ကြိုက်ဖူးတော့ လူငယ်တို့ဘာဝ စာပေးစာယူ လုပ်မိဘာလုပ်မိနဲ့ မှားမိဘာပေါ့လေ။ ဒီစာတွေက အခု ဒီကောင့်လက်ထဲ ရောက်နေတယ်ဗျ။ ရောက်တော့ကာ ဒီအကောင်က သူငယ်မဆီက ငွေညှစ်၊ ညှစ်တော့တာ မိန်းကလေးခမျာမှာလဲ မကြံတတ်လေတော့ ကျုပ်ဆီပြေးလာရှာတာကိုးဗျ။

''ဒီအနေကို သူ့အမိအဘတောင် မသိစေချင် ရှာဘူးတဲ့။ ဒါကြောင့်မို့ ဒီအကောင်နဲ့ ကျေအေးအောင် ကာဆီးခံသော် စေ့စပ်ပေးပါလို့ ပြောရှာတယ် ကိုသိန်းမောင်ရဲ့။ ဟော အောက်က မော်တော်ကားပေါ်သံ ကြားတယ်။ ကျုပ်လူပဲ ထင်တယ်ဗျို့''ဟု ပြောသဖြင့် ကျွန်တော်လည်း အိမ်ရှေ့ဝရန်တာမှ ထ၍ကြည့်ရာ အသွန်သစ်ဆော့ ပြောင်လက်လှသော မော်တော်ကားတစီးသည် တိုက်ရှေ့၌ ရပ်ပြီးနောက် လူတယောက်သည် ကျွန်တော်တို့ တိုက်ပေါ်သို့ တက်လာပြီးလျှင် အခန်းတွင်းသို့ ဝင်လာလေ၏။

ယင်း မောင်မောင်ဦးမှာ အသက် ၃၅ နှစ် အရွယ်ခန့်မျှရှိလျက် ဗန်တောက် ပုဆိုးရှည်၊ သက္ကလတ် အင်္ကျီနှင့်ဖုံး ခေါင်းပေါင်းအုပ်ပေါင်း၊ ဘော်ဒူးဖိနပ် အစရှိသည်တို့ဖြင့် သေသပ်ကောင်းမွန်စွာ ဝတ်ဆင်လျက်ရှိသည့်ပြင် အသွင်အပြင်မှာလည်း အတော်အတန် လူချောသန့်လျက် ရုပ်ရတီခန့်မျှရှိသည့် ပထမတန်း စိန်နှိုက်စွပ် လက်စွပ်တစ်ကွင်းကိုလည်း လက်သူကြွယ်တွင် ဝတ်ကာ နှုတ်ခမ်းမွှေးကိုသပ်လျက် ဝင်လာလေ၏။

ထိုသူမှာ အသားအရေ ပုပုပျော့ပျော့နှင့် ဖျော့လတ်သည့် အမူအရာလည်း ရှိသည့်ပြင် အရုပ်အရည်မှာလည်း အတော်အတန် ချောမောသည်ဟု ဆိုအပ်သည်ဖြစ်သော်လည်း မျက်နှာထားမှာ အစဉ်မပြတ် ခပ်ပြုံးပြုံး ထားလေ့ရှိဖြစ်၍ ထိုသူပြုံးသော မျက်နှာထားသည်ပင်လျှင် ရက်စက်သည့် အတွင်းသဘောရှိကြောင်း ထင်ရှားသိမြင်နိုင်လောက်ပေ၏။

အခန်းတွင်းသို့ ဝင်လာပြီးနောက် မောင်မောင်ဦးသည် လူမှုလူရေး၌ ကောင်းစွာ ကျွမ်းကျင်သည့် လက္ခဏာရှိသည့်အတိုင်း အနည်းငယ်မျှ ဆုတ်ဆိုင်း ဖင့်နွဲ့ခြင်းမရှိပဲ မျက်နှာထားချိုသာစွာနှင့် ကုလားထိုင် တခုပေါ်တွင် ထိုင်ပြီးနောက်—

''ကျွန်တော် ခုလို ခေါ်တော်မူလို့ ရောက်လာပါတယ်ဗျ။ ဦးစံရွှေတို့ အပြင်ထွက်ပြီး လမ်းလျှောက်သွားကြတယ် ကြားလို့ ကြာမှာပဲလို့'' ချိုသာစွာပြောလေလျှင် ဦးစံရွှေသည်း ထိုသူ၏ ချိုသာသောမျက်နှာကို မြင်ဟန်မတူပဲ မျက်နှာ ခပ်တင်းတင်းထား၍—

''ကိုင်း များ ကိစ္စကို မြန်မြန် ပြီးအောင် လုပ်ကြရအောင်'' ဟု ပြောလေရာ မောင်မောင်ဦးလည်း ဦးစံရွှေ၏ မျက်နှာထားကို မြင်သည့်တွင် ရှေးကအတိုင်းပင် ချိုသာစွာ ထားပြန်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မောင်မောင်ဦးလည်း နှုတ်ခမ်းမွေးကိုသပ်လျက် ကျွန်တော့်ကို မျက်စေ့ဖြင့်ရှု၍ပြီးလျှင်—
"ဒီက မိတ်ဆွေကြီးကတော့ ဦးစံရွှေရဲ့ သူကြွားလို့ တော်ပါမလား"

ရှား။ ။"ဒီဟာက ကျုပ်မိတ်ဆွေကြီးကပဲ။ ကိစ္စမရှိပါဘူး"

ဦး။ ။"ကျွန်တော်က ကိစ္စမရှိပါဘူးဗျာ။ သူငယ်မအတွက် ကျွန်တော်က ပြောတာပါ"

ရှား။ ။"ကိစ္စမရှိပါဘူးဗျာ၊ ကျုပ်ပြောပြလို့ သူ သိပြီးသားပါ"

ဦး။ ။"ဒါဖြင့် ကိုယ်ပိုင် ဒ ဖြင့် မြန်မြန်ဆောင်ရွက်စို့။ သူငယ်မက ခင်ဗျားကို အလုံးစုံပဲ ပေးပြီး ဟုတ်စ။ ခင်ဗျားပြီးယင် သူပြီးမယ်၊ ဒီလိုလား"

ရှား။ ။"ဟုတ်ပါတယ်။ ကိုင်း ခင်ဗျား ယောင်းခံချက်ကိုသာ ပြောပါတော့"

ဦး။ ။"ကျုပ် တောင်းခံချက်က များများစားစားဟုတ်ပါဘူးဗျာ။ ငွေကလေး သုံးထောင်ပါပဲ"

ရှား။ ။"ငွေသုံးထောင်များ မများလှဘူးလားဗျာ၊ မပေးနိုင်ယင်ကော ဗျာ"

ဦး။ ။"ဒီလိုဗျ။ သောမဟိုဒီစာနေ့မှာ သူငယ်နဲ့ စစ်ကဲကြီး ဦးထင်ပေါ်နဲ့ ဂျူဗလီမှာ လက်ထပ်မယ် ဟုတ်စ၊ ဒီတော့ မင်္ဂလာဆောင်နေ့မှာ ကျုပ်ကို ငွေသုံးထောင် ပေးလိုက်ယင် ပေးလိုက်၊ မဆောင်ယင် တနင်္ဂနွေနေ့မှာ လက်ထပ်ပွဲမရှိဘူး။ ဒါပါပဲဗျ"

ဦးစံရွှေသည် တခဏမျှ စဉ်းစားပြီးနောက်—

"ခင်ဗျားတွက်ကိန်းနဲ့ ခင်ဗျားနဲ့တော့ တယ်ကိုက်နေတာပေါ့ဗျ။ သို့သော် ခင်ဗျား ဆီမှာ ရှိနေတဲ့ စာအုပ်ထဲမှ ဘာပါတယ်ဆိုတာ ကျုပ် သိပြီးပဗျ၊ သူငယ်မက ကျုပ်ပြောပြလို့ သိရပြီ လုပ်ပေမဲ့ ဒီတော့ကာ ကျုပ်က ဘာလုပ်နိုင်မလဲ၊ စစ်ကဲကြီးကို ဒီစာတွေအကြောင်း အကုန်ပြန်ပြော ပြနိုင်မယ်။ ဟုတ်သလောက်ပဲ ပြန်ခံနိုင်မယ်ဗျ"

ဦး။ ။(မျက်နှာပြုံးပြုံးကြီးနှင့်) "ခင်ဗျားတို့က ဦးထင်ပေါ် အကြောင်း သိပါသေးဘူးဗျ။ စမ်းကြည့်ပေးပါဗျာ" ဟု ပြောလျှင် ဦးစံရွှေလည်း မျက်နှာပျက်၍ သူ့မျက်နှာကို မြင်ရ၍ မကြည့်ဝံ့ကြောင်း ကျွန်တော် ရိပ်မိသတည်း။

ရှား။ ။"ဒီစာတွေထဲမှာ ဘာများ လွန်လွန်ကျူးကျူးပါလို့လဲဗျာ။ ဘာမှ မပါဘူး ကျုပ် သိတယ်ဗျ"

ဦး။ ။"လွန်လွန်ကျူးကျူး မပါဘူး ထင်တယ်လဲ ခင်ဗျား သဘောပေါ့ဗျာ၊ ကျုပ်တော့ သောကြာနေ့ ငွေမပေးယင် ဒီစာတွေကို စနေနေ့ စစ်ကဲကြီးလက်ထဲ ထည့်ပြီးပဲ၊ ကိုင်း ကိုင်း ဗျူလော် အချိန် မရှိဘူးဗျာ။ ခင်ဗျားက ဒီစာတွေဟာ အရေးမကြီးဘူးထင်တယ်။ ကျုပ်က အရေးမှ အရေးကြီးတယ် ထင်တယ်၊ ကိုင်း ဘယ်သူက မှန်သလဲဆိုတာ စမ်းကြည့်ကြတာပေါ့ဗျ။ ကိုင်း အချိန်မရှိဘူး။ ကျုပ် ပြန်လိုက်ပါဦးမယ် ဦးစံရွှေ" ဟု ပြော၍ နှုတ်ဆက်ကာ ထိုင်ရာက ထမည် ပြုလေလျှင် ဦးစံရွှေမှာ အလွန် တရာ အမျက်ထွက်သဖြင့် မျက်နှာမှုန်လျက်ရှိသော်လည်း အမှုကိုတော့ ချုပ်တီး၍—

ရှား။ ။"နေပါဦးဗျာ၊ ခင်ဗျားက အလျှင်လိုလိုက်တာ။ ဒီအမှုမှာ မိန်းကလေး အကျော်ကော့ ရအောင်တော့ ကျုပ်တို့ တတ်နိုင်သမျှ လုပ်ကြရမှာပေါ့ဗျ။ ထိုင်ပါဦးဗျာ"

ဦး။ ။(ကုလားထိုင်ကို ပြန်၍ ထိုင်လျက်) "ဒါကြောင့် ကျုပ်က ပြောပါ မလား ဆိုတာ လားဗျ"

ရှား။ ။"ဟုတ်တော့ ဟုတ်ပါရဲ့ဗျာ၊ သို့သော် သူငယ်မကလေးက ဒီလောက်ငွေကို သူ့ အဖေမိဘတောင် အသိမခံနိုင် ရှာဘူးတဲ့ဗျ။ ဒီတော့ကာ သူ့ဘွားအကြီးဆီက ငွေနည်းနည်းလောက်

www.burmeseclassic.com


တိတ်တိတ်ပုန်းသွားပြီး ယက်ဝတ်လေးစားကလေးတွေ တချို့ တိတ်တိတ် ငါးရာလောက်နဲ့ ပေါင်း ပေါင်း ငွေတာဆောင်လောက်ဖြင့် ပေးရှာပါမယ်တဲ့ဗျာ။ ဒီလောက်တော့ တော်လောက်ပါပြီထင်တယ်ဗျာ။ ဒီ့ပြင် လဲ မတတ်နိုင်ရှာတူးဗျ၊ တတ်နိုင်ယင် ပေးပါရဲ့တဲ့ဗျာ။ မတတ်နိုင်ရှာလို့ပါ။ ယူလိုက်ပါတော့ဗျာ မောင်မောင်ဦး"

ဦး။ ။"ခင်ဗျားပြောတာလဲ ဟုတ်ပါလိမ့်မယ်။ သို့သော် ကျွန်တော်ကဖြင့် သုံးထောင်ထက် နည်းယင် တပြားမှ မယူနိုင်ဘူးဗျ။ မတတ်နိုင်ယင် တတ်နိုင်တဲ့နည်းနဲ့ ရှာကြမှပဲဗျ"

ရှား။ ။"ဒီ့ပြင်တော့ ဘယ်နည်းနဲ့မှ မရှာနိုင်ဘူးတဲ့ဗျ"

ဦး။ ။"မတတ်နိုင်ဘူးဆိုတာ ကျွန်တော်က အံ့သြတယ်ဗျ။ သို့သော်လဲ ကျွန်တော့်အလုပ် မဟုတ်ပါဘူးလေ၊ ရအောင်ရှာဖို့ဟာက သူ့အလုပ်ပဲ၊ မိန်းကလေးများ ဒါတွေခက်တာပဲ။ ကြည့်စမ်းပါ အုံးတော့ဗျာ၊ ဟိုတနေ့က စက်ပိုင် ဦးကြင်ရုံသမီးနဲ့ ပွဲစားဦးထွန်းသာနဲ့ မင်္ဂလာဆောင်ဖို့ ကိစ္စဟာ ကြည့်ပါလား၊ ကျွန်တော်က ငွေကလေး နှစ်ထောင်တောင်းတယ်။ တောင်းတာ ဈေးများနေသဗျ၊ ဒါနဲ့ ကျုပ်က နိုင်ရာနဲ့ ကိုင်လိုက်တော့ ကြည့်ပါလား။ ဖိတ်စာတွေ ဘာတွေရိုက်ပြီးမှ မင်္ဂလာ မဆောင်ဖြစ်ရရှာ ဘူးဗျာ၊ အခုကိစ္စလဲ ဒီလိုပဲ ဖြစ်ကုန်ပါလိမ့်မယ်ဗျာ။ ဦးစံရှားလဲ ဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်တဦး လုပ်နေပြီး ဒီလောက်ငွေကလေး ဈေးဆစ်ပြီး မနေပါနဲ့ဗျာ"

ရှား။ ။"ဆစ်ရတာက မတတ်နိုင်လို့ ဆစ်ရတာကိုးဗျ။ မတတ်နိုင်တာတော့ အမှန်ပဲဗျ။ ကျုပ် ပြောတဲ့အတိုင်းပါပဲ၊ ဒီနေတော့ ခင်ဗျားမှာလဲ ဒီမိန်းကလေးတယောက် အကျိုးယုတ် အရှက်ကွဲ လုပ်ရလို့ ခင်ဗျားမှာ ဘာကျေးဇူး ရှိသလဲဗျာ။ တထောင်ဆိုတဲ့ငွေလဲ နည်းတာ မဟုတ်ပါဘူး။ ယူလိုက်ပါတော့ဗျာ မောင်မောင်ဦး"

ဦး ။"ခြေဘ်သူ့ကို ကျုပ်က အကျိုးယုတ် အရှက်ကွဲအောင်လုပ်လို့ ကျုပ်မှာ ကျေးဇူးမရှိ ဘူးလို့ ခင်ဗျားက ထင်သလား။ ဒါဖြင့် ခင်ဗျား မှားကာပေါ့ဗျ။ ဒီလိုဗျ၊ ဒီလိုအမှုမျိုး အခု ကျုပ်လက် မှာ ၄–၅ ခုလောက်ရှိတယ်။ ဟောဒီမှာ စာတစောင်တောင် အခုတင် ဝယ်ခဲ့သေးတယ်။ ဒီတော့ ကျုပ်က ဒီတယောက်ကို မှတ်လောက်အောင် အရှက်ခွဲလိုက်ယင် ဟို ၄–၅–ယောက်ဟာလဲ လန့်ပြီး ကျုပ်တောင်းတဲ့ အတိုင်း ပေးကြမယ် မဟုတ်လားဗျ။ ဘယ် ခင်ဗျားက စုံထောက်လုပ်နေပြီး ဒီလောက်မှ မရိပ်မိပဲကိုးဗျ" ဟုပြောလျှင် ဦးစံရှားလည်း ထိုင်နေရာမှ ရုတ်တရက် ထ၍—

"ကိုင်း ကိုသိန်းမောင် နောက်က ပိတ်ဗျာ၊ နောက်ကပိတ်။ အပေါက် ဆီးပါဗျ၊ ကိုင်း ကိုမောင် မောင်ဦး၊ ခင်ဗျားအိတ်ထဲမှာပါတဲ့ စာတွေ ကျုပ်ကို အပ်မလား၊ မအပ်ဘူးလား"ဟု ခြိမ်းခြောက် ပြော ဆိုလေလျှင် မောင်မောင်ဦးလည်း ဖျတ်လတ်လျင်မြန်သော လူတယောက်ဖြစ်သဖြင့် ဦးစံရှား ထသည်ကို မြင်သည်နှင့် တပြိုင်နက် ကုလားထိုင်မှထ၍ နံရံကို ကျောနှင့်ကပ်ပြီးလျှင် ခါးပိုက်တွင် ဆောင်ထားသော မောင်းချခြောက်လုံးပြူးကို လျင်မြန်စွာထုတ်၍ ခလုတ်ကိုနှိပ်ကာ ဖွင့်ပြီးနောက်—

"မလုပ်ပါနဲ့လေ ဦးစံရှားရဲ့၊ ဒါမျိုးတွေတော့ ရိုးပါပြီဗျ။ ခင်ဗျားက ဉာဏ်ထွားတဲ့လူတယောက် မို့လို့ ဆန်းဆန်းပြားပြားကလေးများ ထွင်လိမ့်မယ် မှတ်ပါ။ ဒီနည်းနဲ့တော့ မရပါဘူးလေ။ ကျုပ်က ခင်ဗျားတို့ သိတဲ့အတိုင်း ရန်သူက များလေတော့ ကာကွယ်ဖို့ လက်နက်ကလေးများတော့ ဆောင်ထားရ တယ်ဗျ၊ ကိုင်း ကိုင်း ကိစ္စကလေးတခု နှစ်ခုရှိသေးတယ်၊ ပြန်လိုက်အုံးမယ်ဗျာ"ဟု ပြောပြီးလျှင် မောင်း ချခြောက် မပိတ်ပဲ အိမ်ပေါ်က ဆင်းမည်အပြုတွင် ကျွန်တော်လည်း ကုလားထိုင်တခုကို ကောက်ယူ၍ ရိုက်



www.burmeseclassic.com

www.burmeseclassic.com



မည်ဟု အကြံတွင် ဦးစံရွှေးက ဦးခေါင်းကိုယမ်း၍ပြသည်နှင့် ပြန်၍ချထားလိုက်ရလေ၏။ ထို့နောက် မောင်မောင်ဦးလည်း ခပ်ပြုံးပြုံးမျက်နှာထားနှင့် ကျွန်တော်တို့အား နှုတ်ဆက်၍ တိုက်ပေါ်မှ ဆင်းသွားလေ၏။

ထိုသူ ဆင်း၍သွားလျှင် ဦးစံရွှေးလည်း ပြုမြဲဖြစ်သည့်အတိုင်း ဆေးတံကို မီးညှိကာ နားရီပါဝက်ခန့်မျှ သောက်ရှူယင်း စဉ်းစားစိတ်ကူးပြီးနောက် အကြံတခုရသည့် လက္ခဏာနှင့် ထိုင်ရာမှ ရုတ်တရက်ထ၍ အခန်းတွင်းသို့ ဝင်သွားပြီးလျှင် တခဏမျှ အကြာတွင် ဘိုအိမ်၌ ဘဏ္ဍာစိုးတယောက်အသွင် ပြုပြင်သန့်ရှင်းသော အဝတ်တို့ကို မသေမသပ်ဝတ်ဆင်၍ သော့တွဲကြီးတခုကို ခါးပတ်တွင် ချိတ်ကာ လက်ပတ်နာရီ အညှိုးစားတခုကို ပတ်လျက် ကျွန်တော့်အား—

"ဘယ့်နှယ်လဲ ကိုသိန်းမောင်၊ ဘိုအိမ်ကျွန်နဲ့တော့ တူပြီမဟုတ်လား။ ကိုင်း ခင်ဗျား အိပ်ချင် အိပ်နှင့်ပေတော့။ ကျုပ်နည်းနည်း ကြာလိမ့်မယ်ထင်တယ်" ဟု ပြောပြီးလျှင် အိမ်ပေါ်မှ ဆင်းသွားလေ၏။

ယင်း အခြင်းအရာကိုမြင်လျှင် ကျွန်တော်မှာ မောင်မောင်ဦး အမှုနှင့်ပတ်သက်၍ စစ်ချီတော့ပြီဟု ရိပ်မိ သိရှိသော်လည်း ယင်းအမှုသည် မည်မျှလောက် ထူးထူးဆန်းဆန်း ဖြစ်ပျက်လိမ့်မည်ဟု ထိုအခါ၌ မတွေးထင်မိချေ။

ထိုနေ့မှစ၍ နောက်သုံးရက်မျှတိုင်အောင် ထိုအဝတ်အစားများနှင့် မကြာခဏ အိမ်မှ ထွက်ခွာသွားလာ ဝင်ထွက်လျက်ရှိရာ ကျွန်တော်မှာ သူ၏သဘောကို သိသည်ဖြစ်၍ မမေးမြန်းပဲ အကဲခတ်လျက်သာလျှင် ရှိနေလေ၏။

သုံးရက်မြောက်သဖြင့် တနေ့သော ကြာသပတေးနေ့ ညချမ်းအချိန်တွင် လေပြင်းထန်စွာ တိုက်ခတ်ပြီးနောက် မိုးကြီးသည်းထန်စွာ ရွာသွန်းလျက်ရှိစဉ် ဦးစံရွှေးသည် တိုက်ပေါ်သို့တက်လာ၍ စိုစွတ်သော အဝတ်များကို လဲလှယ်ပြီးလျှင် ကုလားထိုင်ပေါ်တွင်ထိုင်ကာ ဟက်ဟက်ပက်ပက် ရယ်မောပြီးနောက်—

"ဘယ့်နှယ်လဲဗျို့ ကိုသိန်းမောင်၊ ကျုပ် လုပုံလုပန်း ကြည့်ရတာ မိန်းမရယုံမျှား ပေါက်သေးရဲ့လား"

"ဘယ်က ပေါက်လိမ့်မှာလဲဗျာ။ ဘယ်တော့ ခင်ဗျား မိန်းမယူမယ့်လူလဲ"

"ခင်ဗျားကသာ မရပေဘူးထင်တယ်။ ကျုပ် မိန်းမယူခတော့မလို့ဗျ"

"အကယ်လားဗျာ။ ဝမ်းလဲသာ ဝမ်းလဲနည်း"

"မောင်မောင်ဦးအိမ်က ထမင်းချက်တဲ့ မိန်းမကြီးနဲ့ ကျုပ် ယူတော့မလို့ဗျ"

"ဘယ့်နှယ်"

"ဘယ်တတ်နိုင်မလဲဗျာ။ ကိုယ်လိုချင်တဲ့ အကြောင်းကလေး သိရအောင်မှာ ကြံရတော့တာပဲဗျာ။ မတတ်နိုင်ပါဘူး"

"သို့သော်လဲ ခင်ဗျားဟာ လွန်လွန်းတယ် ထင်တာယ်ဗျာ"

"မလွန်လွန်းနဲ့ဗျ။ ဒီတနည်းပဲရှိတယ်။ ကျုပ်က မင်းကြီးအိမ်က ဘဏ္ဍာစိုး၊ နာမည်က မောင်လှတဲ့ဗျ။ ကျုပ်နဲ့ မောင်မောင်ဦးအိမ်မှာ ထမင်းချက်တဲ့မိန်းမကြီးနဲ့ သမီးရည်းစားဖြစ်ပြီး မောင်မောင်ဦးအိမ် အနေအထား၊ အကြောင်းအရာ စတဲ့ ဟာတွေ ဆီးဖြူသီးကို လက်ဝါးပေါ်တင်ပြီး ကြည့်သလို အသုံးစုံ ကျုပ် သိရပြီဗျ"

"ခင်ဗျားသိတာတော့ ဟုတ်ပါရဲ့ဗျာ။ ခမျာတော့ ဘယ့်နှယ်လုပ် ရှာရမလဲဗျာ"

"မတတ်နိုင်ဘူး ကိုသိန်းမောင်၊ ကိစ္စက အရေးကြီးလေတော့ တတ်နိုင်တဲ့နည်းနဲ့ ကြံရတော့တာပဲ။ သို့သော်လဲ တခုတော့ရှိပါတယ်လေ၊ ကျုပ်မပေါ်လာဘူးဆိုယင် ကျုပ်နေရာမှာ အမှေခံချင်တဲ့ လူတွေ



www.burmeseclassic.com

www.burmeseclassic.com



ခေသင့်နေသျှင် ပါ်ဗျ၊ သူ့အတွက်တော့ ပူဖို့မရှိပါဘူး။ ဒါထက် ဒီကနေ့ည ဥက္ကာခလေးက နေရာကျ လိုက်ဘာဗျ”

“ဒီည ခင်ဗျား ကြိုက်သလား”

“ကျုပ် မကြိုက်ပေမယ့် ကျုပ်ကြံယ့်အကြံနဲ့ ‘တော့ အင်မတန် နေရာကျတယ်ဗျ၊ ဒီကနေ့ည ကျုပ် မေ့ပါ် လိုက်ကို ဖောက်မလို့ဗျ”ဟု ပြောလေလျှင် ကျွန်တော့်မှာ အံ့သြကြီးမဆေ အံ့သြလှလျက် ပါးစပ်ကိုဟ၍ သေစိုက်၍ ကြည့်နေပြီးနောက်—

“အိုးဗျာ ဦးစံရှား။ ဒါကတော့ မတော်ဘူး ထင်တယ်ဗျာ”

“ဘာ့ကြောင့် ရှိ သယ်တမလဲဗျာ။ ကျုပ်အကြိမ်ကြိမ် အတန်တန် နှိုင်းချိန်ပြီးပြီး၊ တွေးတောပြီးပြီး စိတ်ကူးပြီး ဆုံးဖြတ်ပြီးပြီး ဒီ့ပြင် ဘယ်နည်းနဲ့မှ ကြံလို့မရဘူးဗျ။ ဘယ်နေရာမှာမှ ကျုပ်ရှေ့အားကြီးတဲ့ လူဘယ်သောအခါမှ မသွားပါဘူးဗျာ။ ခင်ဗျားလဲ အသိသားကပဲ။ ဒီ့ပြင်နည်းရှိယင် ဒီနည်းကို ကျုပ်မလုပ်ပါ ဘူးဗျား။ အလွန်ကို ကြံရန်လို့ လုပ်ရမှာပါ၊ သို့သော် တခုတော့ ရှိပါတယ်လေ။ ကျုပ်တို့အကြံအစည်ဟာ တရား ဥပဒေနဲ့ ဆန့်ကျင်သော်လဲ ဝင်စစ်အားဖြင့် မတရားတဲ့အလုပ် မဟုတ်ပါဘူးဗျ။ ကျုပ်တို့ သူ့အိမ်ကို ဖောက်ထွင်းမယ် ဆိုပေမယ့် ကျုပ်တို့ ဘာယူမလဲ၊ သူ့စာတွေသောက်သာ ကျုပ်တို့ ယူမှာကပဲဗျ” ဟု ပြောလျှင် ကျွန်တော်သည်း အတန်ငယ် စဉ်းစားစိတ်ကူးပြီးနောက်—

“ဟုတ်တော့ ဟုတ်ပါရဲ့။ သူက ဒီစာတွေကို မတရားသဖြင့် အသုံးပြုခြင်းကို ကာကွယ်ရန်အတွက် အိမ်ကိုဖောက်ထွင်းရမယ်ဆိုယင် ဥပဒေနဲ့ ဆန့်ကျင်ပေမယ့် ဝင်စစ် မတရားတဲ့ အလုပ်ရယ်လို့တော့ ကျုပ် မထင်ဘူးဗျ”

“ဒါပဲ ကျုပ်လိုချင်တယ်။ ကိုင်း ဒီတော့ကာ ဒီအမှုဟာ ဝင်စစ် မတရားတဲ့အလုပ် မဟုတ်ယင် ဘာ စဉ်းစားဖို့ရှိသေးသလဲဆိုတော့ ကျုပ်ဟာ ကျုပ်ကိုယ်ကို ကျုပ် စွန့်လိုက်သလား မစွန့်လိုက်ဘူးလား။ ဒါပဲ စဉ်းစားဖို့ရှိတယ်။ ဒီအကြောင်း စဉ်းစားပြန်တော့ကာ သူငယ်မကလေးတယောက်ဟာ သူတပါးရဲ့ နှိပ်စက် ခြင်း ခံနေရတာကို ကျုပ် ဒီအောက်မှ မစွန့်စားပဲ ကြည့်နေလို့ တော်နိုင်ပါ့မလားဗျာ။ ဒီကနေ့ ကြာသ ပတေးနေ့ မနက်ဖြန်ခါ ကြာသပတေးနေ့ဗျ။ နက်ဖြန်ခါမနက် ငွေမရယင် ဒီအတောင်က ခြိမ်းခြောက်တဲ့ အတိုင်း ပြုပြီးသာပဲ။

“ဒီတော့ ဒီကနေ့ည နောက်ဆုံးပဲ၊ ဒီကနေ့ည ဒီစာတွေကို ရယင် ရ၊ မရယင် နက်ဖြန်ခါဆိုယင် ချောပြီးသားပဲ၊ ဒီတော့ ဒီကနေ့ည ကျုပ် လူစွမ်းထုတ်ရလိမ့်မယ်။ ပြီးတော့ ကျုပ်တခု မခံချင်တာကလဲ ဟိုနေ့က ဟိုအစောင်းသတုန်းက ကျုပ်အပေါ် သူက တော်တော်စီ သွားတယ်ဗျ။ ဒီအတွက်ကလေးလဲ ကျုပ် လက်စားချေချင်သေးတယ်၊ ဒီတော့ ဒီအမှုမှာ ဘာပဲဖြစ်ဖြစ် ကျုပ် နိုင် နိုင်အောင် ကြံရလိမ့် မယ်ဗျ”

“ဟုတ်တော့ ဟုတ်ပါရဲ့လေ။ ဒီ့ပြင်နည်းမရှိယင် ဒီနည်းပဲ လုပ်ကြရတာပေါ့။ ဒါထက် ဘယ်အချိန် ကျုပ်တို့ သွားကြမလဲ”

“ခင်ဗျား မလိုက်ပါနဲ့ဗျာ”

“ကျုပ် မလိုက်ရယင် ခင်ဗျား မသွားရဘူးဗျာ။ ကျုပ်အကြောင်း ခင်ဗျား သိတယ် မဟုတ်လား။ ကျုပ်ဟာ ကတိ ပျက်တဲ့ လူ မဟုတ်ဘူး။ ကျုပ်မပါပဲများ ခင်ဗျားသွားခဲ့လို့ရှိယင် ကျုပ် ဘာလုပ် မလဲ သိသလား၊ ခင်ဗျားလဲသွားရော ကျုပ်လဲ ဂတ်တဲသွားပြီး ခင်ဗျားအကြံ ပျက်အောင် ကျုပ် အကုန် ပြောပြလိုက်မယ်”

www.burmeseclassic.com



"ခင်ဗျားလိုက်လို့ ခင်ဗျားလဲ ဘာမှ မတတ်နိုင်ဘူးဗျ။ အပိုပဲ"

"ခင်ဗျား ဘယ့်နှယ် သိနိုင်သလဲ။ တနေရာက အသုံးမကျယင် တနေရာက အသုံးကျမှာပေါ့ဗျ။ ကျုပ်မလိုက်ရယင် ခင်ဗျားလဲ မသွားရဘူး"ဟု ခေါင်းမာမာနှင့် ပြောလေလျှင် ဦးစံရှားလည်း တခဏမျှ မျက်မှောင်ကြုတ်ပြီးနောက် မျက်နှာပြုံးပြုံးနှင့်—

"ကိုင်း ကိုင်း၊ ဒီလောက်တောင် ရှိယင်လဲ လိုက်ခဲ့ဗျာ။ ဒီလောက် ကျုပ်တို့နှစ်ပေါင်းများစွာ အတူနေလာကြတာ ထောင်ကျလဲ အတူတူပေါ့ဗျာ။ ကျုပ်မှာ လက်နက်ကိရိယာတော့ အစုံပါပြီဗျို့"ဟု ပြောလျက် အနောက်နိုင်ငံများ၌ များစွာသုံးသော သော့တူများ၊ မှန်ပြတင်းဖွင့်ရန် စိန်လက်နက်များ အစရှိသည့် သူခိုးတို့၏ လက်နက်များကို ကျွန်တော့်အား ပြလေ၏။

ထို့နောက် ကျွန်ုပ်တော်က—

"သူ့အိမ်က ဘယ်ဆီမှာလဲဗျ"

"လန်ကက်စတာ လမ်းမှာဗျ။ ကျုပ်တို့ ရုပ်ဖျက်မှ တော်လိမ့်မယ်။ မြန်မာ ဒုံမြတွေကတော့ မျက်နှာမှာ အိုးမဲသုတ်တယ်၊ ထုံးသုတ်တယ်။ အရိုပ်ပြပွဲတွေထဲက လူဆိုးတွေကတော့ မျက်နှာမှာ အဝတ်နက်စည်းတယ်။ ကျုပ်တို့က ဘိုဆန်ဆန် အဝတ်နက် စည်းကြစို့ဗျာ။ ကိုင်း ခင်ဗျားက ပြင်ပေတော့"

ထိုအခါ ကျွန်တော်သည် ဖဲထီးစုတ်တခုကို ကိုင်၍ မျက်နှာဖုံးနှစ်ခုကို ပြင်ဆင်ပြီးနောက် အစားအသောက် အနည်းငယ် စားသောက်ပြီးလျှင် ၁၁ နာရီ ထိုးပြီးလောက်တွင် တိုက်ပေါ်မှဆင်း၍ လန်ကက်စတာလမ်းဆီသို့ လျှောက်လာကြလေ၏။

လမ်းခရီးတွင် ဦးစံရှားက—

"ဒီလိုဗျ ကိုသိန်းမောင်ရဲ့၊ မောင်မောင်ဦးဆိုတဲ့အကောင်က ကျုပ်တို့လို လူပျိုကြီးပဲ။ တယောက်ထီးတည်းအိပ်တယ်။ သူ့အိမ်မှာရှိတဲ့လူတွေက မော်တော်ကားမောင်းတဲ့ လူတယောက်၊ တိုလီမိုလီ ခိုင်းစရာကောင်ကလေးကတယောက်၊ ထမင်းချက်တဲ့ ကျုပ်ရည်းစားက တယောက်၊ သူနဲ့ ဆွေမျိုးနီးစပ် အိမ်ထောင်ဦးစီးတဲ့ မိန်းမကြီးက တယောက်၊ ဒါပဲရှိတယ်။

"ကျုပ်တို့ အခု ခိုးယူရမယ့် စာပေးစာယူ စက္ကူတွေက သူ့အခန်းနဲ့ကပ်နေတဲ့ အလုပ်ခန်းထဲမှာရှိတဲ့ သံသေတ္တာမှာ ထားသတဲ့။ သူအိပ်တော့ အိမ်ပေါ်မှာအိပ်တယ်။ ဒီ့ပြင်အစေခံတွေကတော့ နောက်ဖေးဆောင် အစေခံတဲမှာ တချို့၊ အိမ်အောက်မှာတချို့ အိပ်ကြတယ်။ မောင်မောင်ဦးက တော်တော်လဲ အအိပ်ကြီးတဲ့ လူတယောက်ပဲတဲ့။ ကျုပ်ရည်းစားက ပြောတယ်။

"ညတိုင်းကျတော့ တွတ်ခွေးကြီးတကောင် ဝင်းထဲမှာ လွှတ်ထားတယ်ပြောတယ်။ သို့သော် ဒီကနေ့ညတော့ ခွေးကို ကျုပ်မြာက သော့ခတ်ပြီးထားနိုင်လိမ့်မယ်။ ဒီအတွက်တော့ဖြင့် အေးပြီ။ ဒီအကောင်က ၉ နာရီခွဲနဲ့ ၁၀ နာရီအတွင်းမှာ အိပ်ရာဝင်တတ်တယ်ပြောတယ်။ ဒီအချိန်လောက်ဖြင့် အိပ်ပျော်လောက်ပါပြီ၊ ဟော ပြောယင်း ဆိုယင်း ရောက်လာပြီဗျို့။ ရှေ့ကအိမ်ကြီးပဲ။ မီးတခွက်မှ မရှိဘူး။ အိမ်ကုန်ကြပြီ"ဟု ပြောယင်း ဝင်းကြီးတခုအတွင်းရှိ တိုက်အိမ်ကြီးတဆောင်သို့ ရောက်လာကြလေ၏။

ရှား။ ။"ကိုင်း ကိုသိန်းမောင်၊ ခင်ဗျားမျက်နှာဖုံးတွေ ပေးဗျို့"ဟု တောင်းယူ၍ တယောက်တခုကျ တပ်ဆင်ကြပြီးနောက် ကျွန်တော်တို့သည် တောင်မြောက်လေးပါးကို ကြည့်ရှု၍ ဝင်းအတွင်းသို့ ဖြည်းညင်းစွာ ဝင်လာကြလေ၏။

အိမ်အနီးသို့ရောက်လျှင် ဦးစံရှားလည်း အိမ်ပေါ်မှ အခန်းတခုကို လက်ညှိုးညွှန်ပြ၍—

www.burmeseclassic.com



"ဒါက ကျိုတာက သူအိပ်တဲ့ အခန်းပဲ။ ဒီဘက်အခန်းက အလုပ်ခန်းဗျ။ ဒီအခန်းမှာ ကျုပ်တို့ မွေ့ရမှာပဲ" ဟု ပြောလျှင် မှန်ပြတင်းပေါက်တခုကို ဖြည်းညင်းစွာ လက်ဖြင့် မ၍ သင်၍ စိန်ပြင့် မှန်ကို ဝိုင်း၍ ... လက်နှိုက်ကာ တံခါးကန့်လန့်ကို ဖြုတ်လေ၏။

ပြတင်းပေါက် ပွင့်သွားလျှင် ဦးစံရှားလည်း ခေတ္တမျှ နားထောင်နေပြီးနောက် ဖျတ်လတ်ပေါ့ပါးစွာ ကျော်ဝင်၍သွားရာ ကျွန်ုပ်တော်လည်း နောက်မှ လိုက်ပါ၍ သွားလေ၏။

အိမ်ထဲသို့ရောက်လျှင် မှောင်နှင့်မည်းမည်းရှိနေရာ ဦးစံရှားမှာမူ သူ့ခိုးနှင့်ကဲ့သို့ မှောင်ထဲ၌ မြင်နိုင်အောင် လေ့ကျင့်၍ထားသည် ဖြစ်သောကြောင့် ကျွန်ုပ်တော်၏ လက်ကို ဆွဲကိုင်ကာ စားပွဲကုလားထိုင်များကို ထိမခိုက်စေဘဲ ခေါ်သွားလေ၏။

လှေကားရင်းသို့ ရောက်ကြလျှင် ကျွန်ုပ်တော်တို့လည်း အိမ်ပေါ်သို့တက်ကြရာ အိမ်ပေါ်သို့ ရောက်၍ အနည်းငယ် လျှောက်မိကြသောလျှင် တခုသော အခန်းတခုအတွင်းမှ စားပွဲတင် မီးအိမ်တခု ပေါ်မှိန်မှိန် ထွန်းထားသည့် အကြောင်းကို တွေ့မြင်ရလေ၏။

ထိုအခါ ဦးစံရှားက—

"သေချာပြီ သေချာပြီ မီးမှိန်မှိန်ထွန်းထားတာ သူ့အလုပ်ခန်းပဲ။ စာကြည့်ပြီး အိပ်ထ... မီးမှိန်မှိန် ထွန်းပစ်ခဲ့တယ် ထင်တယ်" ဟု ပြော၍ ကျွန်ုပ်တော်တို့သည် ခြေဖျားထောက်ကာ ... အခန်းအတွင်းသို့ ကြည့်ကြသည်တွင် အခန်းထဲ၌ကား စာရေးစားပွဲပေါ်တွင် မီးအိမ်တခုသည် မှိန်မှိန်ကလေးထွန်းလျက် လူတယောက်မျှ မရှိသည့်အဖြစ်ကို တွေ့မြင်ရသဖြင့် ရဲဝံ့စွာ ဝင်ကြလေ၏။

အခန်းထဲသို့ ရောက်သဖြင့် အခန်း၏အခြေအနေကို ကြည့်လိုက်ရာ ယင်းစားပွဲ၏ အနီး၌ မှန်ဗီရိုကြီးတခုရှိလျက် မှန်ဗီရို၏ အနီး၌မူ မီးခံသေတ္တာ စိမ်းစိမ်းကြီးတခုကို တွေ့မြင်ရလေ၏။

ယင်းအခန်း၏ အပေါက်တခု၌ ခန်းဆီးတခုရှိလေရာ ယင်းခန်းဆီးကို ကျော်လွန်သော် မောင်မောင်ဦး၏ အိပ်ခန်း ဖြစ်ကြောင်း ပြောပြလေ၏။

ကျွန်ုပ်တော်သည် ... ရှိနေသော မီးအိမ်ရောင်တွင် အခန်းအခြေအနေကို ကြည့်ရှုရာ ယင်းအခန်းမှ ... ထွက်သော အပေါက်တခုကို တွေ့မြင်၍ ယင်းအပေါက်မှာ ပိတ်ပဲ ပွင့်လျက် ... မြင်သည်နှင့် ဦးစံရှားအား လက်ကုပ်၍ပြရာ ဦးစံရှားလည်း ယင်း ... မြင်သည်နှင့် ... အံ့ဩသည့် လက္ခဏာနှင့် ဖျပ်ကနဲ ဖြစ်သွားလေ၏။

ထိုနောက် ဦးစံရှားက—

"ဒီအခန်း ... နေပုံ ကျုပ် တယ်ပြီး သဘောမကျဘူးဗျ။ သို့သော်လဲ ဒီအကြောင်း စုံစမ်းနေဖို့ အချိန်မရှိဘူး ... မြန်မြန်ကိစ္စပြီးအောင် လုပ်မှပဲ"

"ကျုပ် ... ဘာ လုပ်ရမလဲဗျာ"

"ခင်ဗျား ... ဒီနောက်ဖေးပေါက်က ရပ်ပြီး စောင့်နေ။ ဒီလမ်းက လူတဘက်ဘက်က မြင်ယင် အပေါက်ကို ... ပိတ်ပြီးတော့ လာတဲ့လမ်းအတိုင်း ပြန်မယ်။ တကယ်လို့ ကိစ္စ မပြီးသေးခင် လာလို့ရှိယင် ... သေတ္တာကြား မြင်ရဲ့ မဟုတ်လား။ ဒီကြားထဲက မှောင်ကျယ်ဗျ။ ဒီကြားမှာ နှစ်ယောက် ... နားလည်တယ် မဟုတ်လား"

"နားလည်ပါတယ်ဗျာ"

[illegible]

www.burmeseclassic.com


ယင်းကဲ့သို့ တိုင်ပင်ကြသော်လည်း ကျွန်တော်တို့မှာ တယောက်၏နားသို့ တယောက်ကပ်၍ ပြောကြသည် ဖြစ်သောကြောင့် ကျွန်တော်တို့နှင့် တတောင်မျှ ဝေးသောအရပ်၌ လှုပ်ရှားနေသူမှ ကျွန်တော်တို့၏ စကားသံကို ကြားရသည် မဟုတ်ပေ။

ထို့နောက် ဦးစံရှားသည် သော့တွဲကို ထုတ်၍ သံသေတ္တာအနီးသို့ ချဉ်းကပ်သောအခါ တင်မှာမူ ပထမ၌ အနည်းငယ်တုန်လှုပ်သော်လည်း ဦးစံရှား၏ တည်ငြိမ် အေးစက်သော အမူအရာကို မြင်ရသည့်အခါ၌မူ အားတက်၍ အကြောက်ပြေပြီးလျှင် ရဲရင့်စွာ ရှိရလေ၏။

ဦးစံရှားမှာမူ သံသေတ္တာအနီးတွင် ဒူးထောက်လျက် အင်္ကျီလက်များကို ပင့်တင်ကာ လျှို့ဝှက်သော ပလာဖြစ်သော သော့တူများနှင့် အချောင်းပြီးလျှင် တချောင်း ငြိမ်သက် တည်ကြည်သော အမူအရာနှင့် သံသေတ္တာကို ဖွင့်၍ စမ်းရာ ၁၅ မိနစ်ခန့်ကြာသဖြင့် သော့ ၁၀ ချောင်းမျှ စမ်းသပ်ပြီးသောအခါ သံသေတ္တာလည်း ရုတ်တရက် ပွင့်၍ သွားလေ၏။

ထို့နောက် ဦးစံရှားသည် သံသေတ္တာအတွင်းမှ ပိုးကြိုးများနှင့် စည်း၍ထားသော စာရွက်များကို ထုတ်ယူပြီးနောက် တထုပ်စီ တထုပ်စီ မီးရောင်တွင် ကြည့်လျက်ရှိစဉ် မောင်မောင်ဦး၏ အိပ်ခန်းမှ အသံကြားသဖြင့် သံသေတ္တာကို လျင်မြန်စွာပိတ်၍ ကျွန်တော့်အား လက်ယပ်ခေါ်ပြီးလျှင် နှစ်ယောက်သား တို့သည် ဗီရိုနှင့် သံသေတ္တာအကြားတွင် ကုပ်၍ ပုန်းအောင်းကြရလေ၏။

ယင်းကဲ့သို့ ပုန်းအောင်းမိသည်နှင့်တပြိုင်နက် မောင်မောင်ဦး၏ အခန်းမှ တခါး ဖွင့်သံ၊ ဒုတိယ ခြေသံကြားပြီးနောက် တတိယ၌ မောင်မောင်ဦးကိုယ်တိုင် ရှပ်အင်္ကျီကို ဝတ်လျက် အိပ်ခန်းမှ ထွက်လာ၍ ကျွန်တော်တို့ရှိရာ အခန်းတွင်းသို့ ရောက်လာလေ၏။

စားပွဲအနီးသို့ ရောက်လေလျှင် မောင်မောင်ဦးလည်း မီးခွက်ကို လင်းအောင် လှည့်ပြီးနောက် ကုလားထိုင်ပေါ်တွင် ထိုင်ကာ ဆေးတလိပ်ကို သောက်ရှူလျက် ကျွန်တော်တို့ရှိရာဘက်သို့ နံဘေးခိုင်း၍ ထိုင်နေသည့် အနေအထားကို တွေ့မြင်ရလေလျှင် ကျွန်တော်မှာ မောင်မောင်ဦးသည်ကား ယခုမျှ အိပ်၍ မပျော်သေးကြောင်း သိရှိရလေ၏။

ယင်းကဲ့သို့ ဆေးလိပ်သောက်ရှူယင်း မောင်မောင်ဦးသည် ဆေးလိပ်မှထွက်သော မီးခိုးများကို စည်းစိမ်နှင့် မော်ကြည့်လျက် ခြေထောက်များကို ညောင်းညာသည့် အမူအရာနှင့် ဆန့်ထားလျက်ရှိနေသည်ကို မြင်ရလျှင် အိပ်ရာသို့ ရုတ်တရက် ပြန်ဝင်ဦးမည် မဟုတ်ဟု ကျွန်တော် အောက်မေ့မိလေ၏။

ထို့နောက် မောင်မောင်ဦးလည်း ကာလသွားတီးလုံးတခုကို တီးတိုးပါးစပ်ဖြင့် တီးလျက် စာရွက်ကို လက်ဖြင့် ဖြည်းညှင်းစွာပုတ်၍ ငြည်းလိုက်ကာ ရှိပြီးနောက် ကျွန်တော်တို့ရှိရာဘက်သို့ ရုတ်တရက် လှည့်လိုက်ရာ ကျွန်တော်မှာ ကျွန်တော်တို့ကို မြင်သွားလေပြီတကားဟု ဖျပ်ကနဲ ဖြစ်သွားပြီးနောက် ကောင်း၍ မြင်ရသော် ကုလားထိုင်အနီး ချိတ်၍ထားသော အင်္ကျီဖြင့် မျက်နှာကိုအုပ်ကာ ခေါင်းမှီခုံအောင် ပိတ်ထားပြီးလျှင် ဦးစံရှား ငြိမ်သာမျှ လုပ်ချေတော့မည်ဟု စိတ်ကူးလျက်ရှိလေ၏။

သို့သော် ထိုနည်းနှင့် ရှိသော ငါးမိနစ်ခန့်မျှ နေလေလျှင် မောင်မောင်ဦးလည်း လက်ပတ်နာရီကို ကြည့်သော ကြည့်လေသော ရှိသည်ကို တွေ့မြင်ရလေသည်ဖြစ်ရာ တခဏမျှကြာပြန်လျှင် ကျွန်တော်တို့ နောက်ထပ် ရှိမည်ကို တွေ့မြင်ရလေမည်ဟု မှတ်ရပြီးနောက် မိန်းမတယောက်သည် တံခါးကို ခေါက်ခြင်းပြု လျက် နောက်ဖေးဘက် အပေါက်မှ ကျွန်တော်တို့ အခန်းတွင်းသို့ ဝင်လာသည်ကို တွေ့မြင်ရလေ၏။

**[illegible]**

www.burmeseclassic.com

www.burmeseclassic.com



ယင်း မိန်းမမှာ မျက်နှာကို လုံအောင် ခေါင်းမြီးခြုံ၍ လာသည် ဖြစ်သောကြောင့် မျက်နှာကို မမြင်ရပဲ ရှိသည်ဖြစ်၍ ကျွန်တော်မှာ တွေးမိတွေးရာ တွေးထင်မိသည်ဖြစ်ရာ ထိုမိန်းမလည်း အနီးသို့ ရောက်လေလျှင် မောင်မောင်ဦးက—

"ဘယ့်နှယ်လဲ နောက်ကျလှချည်လား မိန်းကလေးရယ်။ ၁၂ နာရီတောင် ကျော်သွားပြီ" ဟု ပြောပြီးလျှင် မိန်းမလည်း ဘာမျှ ပြန်မပြောပဲ ရပ်၍သာ နေလေ၏။

ထို့နောက် မောင်မောင်ဦးက—

"ကိုင်း ကိုင်း၊ နောက်ကျယင်လဲ ဘယ်မှာတတ်နိုင်ပေမလဲလေ ညဉ့်နက်ပြီ။ ကိစ္စမြန်မြန် ပြီးကြရအောင်၊ ဘယ်မှာလဲ၊ ဟိုစာတွေ ပါခဲ့ရဲ့လား။ ပြစမ်း ကြည့်ရအောင်။ မိန်းကလေး ပြောတဲ့အတိုင်း မင်းကတော် မစိန်ညွန့်အကြောင်းနဲ့ပတ်သက်လို့ စာ ၅ စောင်ရှိတယ်ဆို။ သခင်မနဲ့ မတည့်ကြဘူး။ မတည့်လို့ မိန်းကလေးက မနိုင်ယင် နိုင်တဲ့နည်းနဲ့ ကြံမယ်ဟုတ်စ။ ကောင်းပါရဲ့၊ ကောင်းပါရဲ့။ ကုသိုလ်လဲရ ဝမ်းလဲဝ ဆိုတာလို ဝိုက်ဆံလဲရ၊ မင်းကတော်အပေါ်လဲ လက်စားချေရ။ သင့်ပါရဲ့၊ သင့်ပါရဲ့။ ကိုင်း ညဉ့်လဲနက်လှပြီ။ ပြစမ်းပါ စာတွေ။ တဆိတ်လောက် ကြည့်ရအောင်" ဟု ပြော၍ လက်ကို လှမ်းလိုက်လေလျှင် ထိုမိန်းမလည်း ခေါင်းမြီးခြုံကို ချွတ်၍ ချလိုက်လေ၏။

ယင်း မိန်းမမှာ နှုတ်ခမ်းပါးပါး၊ နှာတံပေါ်ပေါ်၊ မျက်ခုံးတုတ်တုတ်၊ နဖူးကျယ်ကျယ်၊ အသား ခပ်ဖြူဖြူရှိလျက် အလွန်လျှင် ချောမောပြေပြစ်လှသော ရုပ်အဆင်းနှင့် ပြည့်စုံလှသည်ပြင် မာနလည်း ကြီးလျက် ခက်ထန်သော သဘောလည်းရှိသည့် လက္ခဏာရှိလေရာ မီးတောက်၍ တောက်မတတ်ရှိသော မျက်လုံးများဖြင့် မောင်မောင်ဦးအား စိုက်၍ ကြည့်နေသည်ကို မောင်မောင်ဦး တွေ့မြင်ရလေရကား အလွန်တရာ အံ့သြဘနန်လှုပ်သည့် အမူအရာနှင့်—

"အလို ဘယ်သူများမှတ်တယ်၊ မင်းကတော်ပါလား"

"ဟုတ်ပါတယ် မောင်။ မောင် နှိပ်စက်ထားတဲ့ မင်းကတော်ပါပဲ"

"ဒါတော့ ဘယ်တတ်နိုင်မှာလဲ မင်းကတော်။ ဒါကြောင့် ကျွန်တော် အစက မပြောဘူးလား။ ဘာမှ မဖြစ်လောက်တဲ့ ငွေကလေး မပေးချင်တဲ့အတွက် မင်းကတော် ဒီလို ဖြစ်ရတယ် မဟုတ်လား"

"ဒီငွေကို ကျုပ်က မပေးလို့ မောင်က ဟိုစာတွေကို သခင့်ဆီ ပို့လိုက်တယ်ပေါ့လေ။ ကောင်းပါပေတယ် မောင်ရယ်။ ကျုပ်မှာ သခင် ဘိလပ်ကနေပြီး တလ သုံးရာ ပို့နေကျ မပို့တဲ့အပြင် လင်ယူယူ သားမွေးမွေး ပြုချင်သလို ပြုပေတော့တဲ့။ မနေ့က စာရတယ် မောင်ရဲ့။ ဒီဟာ မောင့်လက်ချက်ပေါ့လေ။ ကောင်းပါပေ့ မောင်ရယ်။ မောင် တောင်းတဲ့ ငွေကို ကျုပ် ရုတ်တရက် မပေးနိုင်သေးတဲ့အတွက် ရှိခိုး ဦးတင် ဟိုညက လာပြီး တောင်းပန်တယ် မဟုတ်ဘူးလား။ ဒါနဲ့တောင် မောင်က မရဘူး။ တော်ပါပေ့ မောင်ရယ်၊ ပြုရက်ပါပေရဲ့။ အခုမောင်ကတော့ ဒီကောင်မကြီးဖြင့် ငါနှိပ်စက်ပြီးပြီ။ ဒင်းက မိန်းမသား၊ ငါ့ကို ဘာမှ လုပ်နိုင်ဘူး မောင်က ဒီလိုထင်တယ်ပေါ့လေ"

"ကိုင်း မင်းကတော် ညဉ့်လဲ နက်ပြီ။ ကျွန်တော် စကားလက်ခံပြောနေဖို့ အချိန်မရှိပါဘူး ခင်ဗျာ။ သည်းခံပါ"

"ကျုပ်ပြောစရာရှိတာ ဆုံးအောင် ပြောရလိမ့်မယ် မောင်ရေ့"

"တယ်ရှုပ်တာပဲ ဗျာ။ ဒီဟာက ကျွန်တော့်အိမ်ခင်ဗျ၊ သိရဲ့လား။ ကျွန်တော်က ဖိုးသောင်တို့ ဖိုးထွေးတို့ခေါ်လိုက်ယင် မင်းကတော် အရှက်ကွဲနေပါလိမ့်မယ်။ အေးအေးသာ ပြန်ပါခင်ဗျာ။ ကျွန်တော့် စိတ်ကို မစမ်းပါနဲ့"

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



"နှင် ဓမ်းယင် နှင် ဘာတတ်နိုင်သလဲ။ ဟဲ့ တိရစ္ဆာန်၊ ဟဲ့ ခွေးလောက်မှ အဖိုးမထိုက်တဲ့ အကောင်။ သူတပါး သားမယား၊ သူတပါး သားသမီး မျက်ရည်ကြီးငယ်ကျအောင် လုပ်တဲ့အကောင်။ သူတပါး နှလုံးကို မီးနဲ့တိုက်တဲ့အကောင်။ ဒီကနေ့တစပြီး နှင် ရှုပ်နိုင်အုံးမလား။ ပွေနိုင်အုံးမလား။ ရှုပ်အုံးဟဲ့။ ပွေအုံးဟဲ့။ နှိပ်စက်အုံးဟဲ့။ ညှဉ်းဆဲအုံးဟဲ့။ သေဟဲ့၊ သေဟဲ့"ဟု ပြောလျက် မိမိရင်တွင် ဖိုးဝှက်ကာ ယူဆောင်လာသော ဓားမြှောင်ကို လျှပ်စစ်ကဲ့သို့ လျင်မြန်စွာထုတ်၍ တချက်ပြီးလျှင်တချက် ဆင့်၍ဆင့်၍ ထိုးလေလျှင် မောင်မောင်ဦးမှာ ဖျတ်လတ်သော လူငယ်တယောက် ဖြစ်သော်ငြားလည်း မိန်းမတဦး တယောက်က ဤကဲ့သို့ ကြံစည်လိမ့်မည် ဟူ၍ မအောက်မေ့သည်ဖြစ်ရကား အမှတ်တမဲ့ နေလိုက်မိသဖြင့် ပထမအချက်သည်ပင်လျှင် ရင်ဝတွင် စိုက်မိလေ၏။

နောက် အချက်များမှာမူ မောင်မောင်ဦးသည် ကြမ်းပေါ်၌ လဲ၍ အသွားတွင် ထပ်၍ ထိုးသော အချက်များ ဖြစ်လေသည်။

ထို့နောက် မိန်းမလည်း လက်ပိုက်ကာ ခေါင်းရင်းမှရပ်၍ မလှုပ်မရှားရှိနေသော မောင်မောင်ဦး မျက်နှာကို သေသေချာချာကြည့်၍ တံတွေးနှင့် သုံးကြိမ်မျှ ထွေးပြီးလျှင် နောက်ဖေးပေါက်မှ လျင်မြန်စွာ ဆင်းသွားလေ၏။

ထိုခဏ၌ အခန်းတွင်းတွင် မီးလင်း၍ လာသည်ကို တွေ့မြင်ရသဖြင့် ကျွန်တော်တို့လည်း မီးအိမ်ကို ကြည့်လိုက်ရာ စားပွဲပေါ်၌ရှိသော မီးအိမ်မှာ မှောက်လျက် ရေနံတို့သည် ယိုစီးပြီးလျှင် စားပွဲပေါ်၌ တောက်လောင်လျက် ရှိသည်ကို တွေ့မြင်ကြရလေ၏။

ထိုအခါ ဦးစံရှားလည်း ပုန်းအောင်းနေရာမှ ထ၍ သံသေတ္တာရှိရာသို့ သွားလေရာ အောက်မှ လူတို့သည် နိုးလာကြသည်ဖြစ်၍ အိမ်အောက်လှေကားမှ အိမ်ပေါ်သို့ပြေးလွှားကာ တက်လာကြသည့်အသံကို ကြားရသဖြင့် ကျွန်တော်လည်း ရင်ဘက်တံခါးကို ပိတ်ဆို့၍ ထားလိုက်လေ၏။

ဦးစံရှားမှာမူ သံသေတ္တာမှ စာများကို ကြုံး၍ ကြုံး၍ ကုန်ဇင်အောင် မီးထဲသို့ ထည့်လျက်ရှိရာ ကုန်စင်သည်နှင့် တပြိုင်နက် ကျွန်တော်၏လက်ကို ကိုင်ဆွဲ၍ မိန်းမထွက်သွားရာဖြစ်သော နောက်ဖေးပေါက်မှ ဆင်းပြေးကြလေ၏။

အိမ်နောက်သို့ ရောက်သဖြင့် လှည့်၍ အကြည့်လိုက်တွင် တအိမ်လုံး ထိန်ထိန်လင်းလျက်ရှိသည့် အဖြစ်ကို တွေ့မြင်ရသည်ဖြစ်ရာ ကျွန်တော်တို့လည်း ရပ်စဲခြင်းမရှိပဲ ဆက်လက် ပြေးသွားကြသည်တွင် တရပ်လုံး နိုးကြလျက်—

"မီး မီး"ဟူသော အသံများကို ကြားရပြီးနောက် လူတယောက်သည် ကျွန်တော်တို့၏နောက်သို့ တည့်တည့် ပြေး၍ လိုက်လာသည်ကို တွေ့မြင်ကြရလေ၏။

ထိုအခါ ဦးစံရှားက—

"လာဗျို လာဗျို။ လမ်းအတိုင်း လျှောက်ပြေးလို့ မဖြစ်ဘူး၊ နောက်က အကောင်က တော်တော် ခြေနုပ်သွက်တဲ့ အကောင်ပဲ။ မိပုံရတယ်။ လာဗျာ မီးရထားဝင်းထဲက ဖြတ်ပြီး ပြေးရအောင်"ဟု ပြော၍ မှောင်ကျရာ အရပ်မှခို၍ ပြေးကြလေလျှင် ထိုသူလည်း လိုက်မြဲတိုင်း ခြေသံသာ လိုက်လာလေ၏။

မီးရထားဝင်းသို့ ရောက်လေလျှင် ဦးစံရှားလည်း မီးရထား ဝင်းထရံကို လက်ဖြင့် ထောက်၍ ကျော်လွှားသွားသဖြင့် ကျွန်တော်လည်း နောက်မှ သူ့နည်းတူ လက်ထောက်ကာ ကျော်လွှားလိုက်ပြီး နောက် ဝင်းအတွင်းသို့ရောက်၍ ဝင်းထရံပေါ်၌ လက်တင်လျက်ရှိစဉ်တွင် နောက်မှ လိုက်လာသောသူသည် ကျွန်တော်၏လက်ကို ဆုပ်ကိုင်၍ ဆွဲထားလေ၏။

www.burmeseclassic.com

www.burmeseclassic.com


ထိုအခါ ကျွန်တော်တို့မှာ ဝင်းတရံ ခြားလျက် ရှိသည် ဖြစ်ရာဝယ် ကျွန်တော်သည် ဝင်းယရံကို ခြေနှင့် အတင်း ကန်ကျောက် ရှုန်းဖယ်လိုက်သည်တွင် ထိုသူ၏ လက်တွင်းမှ လွတ်သွား၍ နှစ်ယောက်သား ဆက်လက် ပြေးသွားကြရာ ထိုသူမှာ မလိုက်ဝံ့သည်ဖြစ်၍ ကျန်ရစ်ခဲ့လေ၏။

ကျွန်တော်တို့သည် မီးရှာသားဝင်းမှထွက်၍ မောင်ဂိုမာရီလမ်းသို့ ရောက်သည်တွင် မီးသတ်ကော် တို့သည် ဆူညံစွာ မောင်းလျက် ရှိနေကြလေ၏။

နောက်နေ့နံနက် ထမင်းစားသောက်ပြီးကြ၍ ကျွန်တော်တို့သည် ယမန်နေ့ညက အကြောင်းများကို ရယ်မောကာ ပြောဆိုလျက် ရှိနေကြစဉ် အင်စပက်တော် ကိုအုန်းဖေလည်း ပျူးရှီးပျာရာ ဝင်လာ၍—

"ဘယ့်နှယ်လဲ ဆရာ။ ဒီကနေ့မနက် အလုပ်များနေသလား။ မအားဘူးလား ခင်ဗျ"

ရှား။ ။"ဘာကိစ္စရှိလို့လဲဗျ"

ဖေ။ ။"ဆရာ တစိတ်တဒေသ အားလပ်လို့ရှိယင် မနေ့ညက လန်ကက်စတာလမ်းက အမှုကလေး တဆိတ် ကူညီပါ ဆရာ"

ရှား။ ။"ဘယ်လို ဘာမှုများလဲဗျာ"

ဖေ။ ။"လန်ကာက်စတာလမ်းမှာနေတဲ့ မောင်မောင်ဦးဆိုတာ ကြွေးဖူးရဲ့ မယားလေးဗျာ"

ရှား။ ။"ကြားဖူးပါရဲ့ဗျာ"

ဖေ။ ။"ဒီလူက တော်တော်ယုတ်မာတဲ့လူပဲ။ သူများအကြောင်း မကောင်းတာတွေ ယောက် လှမ်းပြီး ငွေရအောင် ညစ်တဲ့လူတယောက်ပေါ့ဗျ။ မနေ့ညကတော့ သူ့ကို ဘယ်သူက သတ်သွားတယ် မဆိုနိုင်ဘူး။ သေရှာပြီ။ အိမ်ကိုလဲ မီးနဲ့ ရှို့သွားကြတယ်။ ကံကောင်းလို့ လူဦးရေတော့ အိမ်တော့ မလောင်ဘူးဗျ။ လူတော့ဖြင့် သေရှာရော။ သံသေတ္တာထဲက စာတွေလဲ အကုန် မီးရှို့သွားကြတယ်။ လုပ်တဲ့လူတွေက ဂုဏ်သရေရှိ လူထဲကနဲ့ တူတယ်ဗျ။ ဘာမှ အဖိုးတန် ပစ္စည်းယူယိုလို့ ယူမသွားကြဘူး။ လူကို သတ်ပြီး စာတွေကိုသာ မီးရှို့သွားကြတာပဲ"

ရှား။ ။"မီးရှို့သွားကြတယ် ဟုတ်လား။ ခင်ဗျား ပြောပုံအတော့ သူတယောက်တည်း မဟုတ်ဘူး၊ အများပေါ့လေ။ ခင်ဗျား ဘယ့်နှယ် သိသလဲ"

ဖေ။ ။"သိဆို ဒီလိုဗျ။ အစေခံတဲ့မှာ အိပ်တဲ့ မော်တော်ကား မောင်းတဲ့ လူက လူနှစ်ယောက်ကို မြင်လိုက်လေတော့ လိုက်ပြီးဖမ်းတော့ ဖမ်းသေးသတဲ့။ ဖမ်းလို့ လက်တစ်ဘက်အသား အမိသတဲ့ဗျ။ မီးသား ဝင်းထဲ ဝင်ပြေးကြလို့ လွတ်ပြေးကြသတဲ့ဗျ။ နှစ်ယောက်တဲ့ဗျ။ တယောက်ကတော့ မြန်လှန်းလို့ ရှေ့က ပြေးလို့ ကောင်းကောင်း မမြင်လိုက်ရဘူးတဲ့ဗျ။ နောက်က တယောက်ကတော့ ခန္ဓာ ခပ်မြင့်မြင့်၊ အသားညိုညို၊ သေးသေးသွယ်သွယ်၊ နှုတ်ခမ်းမွေးနဲ့ ကတုံးနဲ့ အသက် ၃၀ ကျော်လောက်တဲ့ဗျ"

ရှား။ ။"ခင်ဗျားဟာ တယ် မသေချာပါဘူးဗျာ။ ခင်ဗျား ပြောပုံတော့ ကျုပ် တို့သိန်းမောင် ရုပ်နဲ့ ခပ်ဆင်ဆင် ဖြစ်နေပါပြီကော့ဗျ"

ဖေ။ ။(ကျွန်တော့်အား ရယ်မောကာ ခေါင်းညိတ်လျက်) "ဟုတ်ပါရဲ့ဗျာ၊ ကိုသိန်းမောင် ရုပ်မျိုးထဲက ဖြစ်နေပြီ ထင်ပါရဲ့"

ရှား။ ။"ခင်ဗျားက ကူညီစေချင်တာတော့ ဟုတ်ပါရဲ့။ သို့သော် ဒီအကောင်က တော်တော် ယုတ်မာတဲ့ အကောင်ဗျ။ ဒီအပေါ်မှာ တော်တော်လဲ ပါးနပ်တယ်ဗျ။ ခင်ဗျား သိတဲ့အတိုင်း ဥပဒေ လွတ်အောင် လှည့်ပြီး နည်းမျိုးစုံနဲ့ လုပ်ထားတဲ့ အကောင်ပဲ။ ဒီတော့ ဥပဒေက မလိုက်နိုင်ယင် သတ် နိုင်တဲ့ လူများက လက်စားချေယင် ကျုပ်ဖြင့် စုံထောက်ဖို့ အလိုမရှိအောင် ဖြစ်နေပြီဗျ။

www.burmeseclassic.com



"အမှန် ပြောရယင်ဖြင့် ကျုပ်ဖြင့် ဒီလူကို သနားသလား၊ တရားခံကို သနားသလားဆိုယင် တရားခံကိုသာ သနားသော့တယ်ဗျာ။ ဒါကြောင့် ကျုပ်တော့ ဒီအမှုမှာ တစုံတရာ မပါချင်ဘူးဗျာ။ ကူလဲ မကူညီချင်ဘူး။ သည်းခံပါတော့ဗျာ ကိုအုန်းဖေ။ ဒီအမှုဖြင့် မကူညီပါရစေနဲ့တော့"ဟု ပြောလျှင် ကိုအုန်းဖေလည်း—

"ဒါဖြင့် ဆရာ့သဘောပေါ့ဆရာ"ဟု ပြော၍ စိတ်ပျက်ပျက်နှင့် ဆင်းသွားလေသည်။

ထို့နောက် ၃ ရက် ၄ ရက်အတွင်း ဦးစံရွှေးမှာ တစုံတရာကို စဉ်းစားစိတ်ကူးနေသည့် အမူအရာနှင့် ရှိနေရာ တနေ့သည်၌မူ အကြံတခုရသည့် လက္ခဏာနှင့်—

"ပြောသိပြီဗျို၊ သိပြီ သောစမ်းဗျာ ကိုသိန်းမောင်"ဟု ပြော၍ ကျွန်တော့အား မြို့ပတ်လမ်းသို့ ခေါ်သွားလေ၏။

အိမ်ကြီး၊ အိမ်ရှေ့သို့ရောက်လျှင် ဦးစံရွှေးလည်း တခုသောနေရာမှ စောင့်ဆိုင်းလျက်ရှိရာ တခဏမျှကြာလျှင် မော်တော်ကားစီးသည့် အိမ်အားမှထွက်လာ၍ ယင်း မော်တော်ကားပေါ်၌ကား ရုပ်ရည်ချောမောလှသော မိန်းမတယောက်သည် လိုက်ပါသွားသောရာ ယင်းမိန်းမမှာ အခြားမဟုတ်၊ ယမန်နေ့ညဦးက မောင်မောင်ဦးအား သတ်၍သွားသော မိန်းမပင်ဖြစ်ကြောင်း ကျွန်တော်မှာ အံ့သြစွာနှင့် တွေ့ရှိရလေ၏။

ထိုအခါ ဦးစံရွှေးလည်း အိမ်ဝင်းထရံတွင် ဆွဲ၍ထားသော ဆိုင်းဘုတ်ကို ကြည့်ပြီးနောက်—

"မစ္စက်...ပဲ သူ ယောကျ်ား တိုက်ပ်မှူးဗျ။ ပြော် စွန့်လဲ ခွန့်တဲ့ ဘိုကတော်ပါပေပဲဗျာ"ဟု ပြော၍ ပြန်လာခဲ့ကြလေ၏။

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

# ၄၀။ အာဇာနည်အသင်း အမှု*

မြန်မာသက္ကရာဇ် ၁၂၆၃ ခုနှစ် ချမ်းအေးသောဆောင်းတွင်းကာလ တနေ့သော နံနက်ခင်းအချိန်၌ အသက် ၂၅နှစ်အရွယ် ခန့်ရှိ လူတယောက်သည် မြန်မာပြည်အထက်ပိုင်း သပိတ်ကျင်းမြို့မှ မိုးကုတ်မြို့သို့ သွားကြသော အခြား ခရီးသည်တို့နှင့်အတူ ရောနှော လိုက်ပါသွားလျက် ရှိလေ၏။

ထိုအခါက မိုးကုတ်မြို့နှင့် သပိတ်ကျင်းမြို့များမှာ ယခုအခါကဲ့သို့ မော်တော်ကား လမ်းများဖြင့် ခမ်းနားကြီးကျယ်စွာ ပြုပြင်စီမံခြင်း မရှိသေးသည်ဖြစ်ရကား သွားလာသူ ခရီးသည်တို့မှာ ဝန်စည်စလည် အထုပ်အပိုးများကို သားများပေါ်၌ တင်ပြီးလျှင် ကြေးငွေ ပြည့်စုံသူတို့မှာ ရှမ်းမြင်းပုလေးများကို ငှားရမ်း စီးနင်းလျက် ငွေမကြေး မခိုင်လုံသူတို့မှာလည်း ခြေကျင်ခရီးဖြင့်သာလျှင် သွားလာသော အလေ့ ရှိကြကုန်၏။

ထိုသူမှာ ဝတ်စားဆင်ယင်ထားပုံကို ထောက်ခြင်းအားဖြင့် မြင်းများ ငှားရမ်း စီးနင်းနိုင်လောက် အောင် အခြေအနေရှိသည်ဟု တွေးထင်ဖွယ်ရှိသည် မှန်သော်လည်း လမ်းလျှောက်ခြင်း အလေ့အလာ၌ ဝါသနာပါရှိသည် ဖြစ်သောကြောင့် မိမိနှင့် အတူပါရှိသော ပစ္စည်းအနည်းငယ်ကို လားတစီးတွင်တင်ပြီး လျှင် ခြေကျင်ခရီးဖြင့်သာ လိုက်ပါလာခဲ့ပေ၏။

ခရီးသည်တို့သည် လူနှစ်ဆယ်ကျော်ခန့် ရှိကြသည်ဖြစ်ရာ ထိုသူမှာ အခြားသော ခရီးသည်တို့နှင့် ရောနှော ဆက်ဆံလိုသည့် သဘောထား မရှိသည့်ဟန်ဖြင့် မိမိ၏ စိတ်ကူးနှင့် မိမိ တယောက်တည်း သာလျှင် လိုက်ပါလာခဲ့ပေ၏။

ခရီးသည်တို့မှာ များသောအားဖြင့် ကျောက်ကုန်သည်များနှင့် ကျောက်တွင်းတူးသမားများသာ ဖြစ်ကြလေရာ ကျောက်ကုန်သည်တို့မှာ မြင်းများကို စီးနင်းသွားလာလျက် ကျောက်တွင်းတူးသမားတို့မှာ ခြေကျင်လျှောက်၍ သွားကြလေ၏။

တခါတခါ ကျောက်တွင်းတူးသမား တယောက်က ထိုသူ့အား အသိအကျွမ်းဖွဲ့လိုသည့်သဘောထားဖြင့် စကား စကောင် ပြောမည် ပြုလိုသည့်အခါ ထိုသူက မေးသမျှ စကားတို့ကိုသာလျှင် တိုက်တုတ်တုတ်နှင့်

* မည်သည့် မဂ္ဂဇင်းတွင် ပထမ ပုံနှိပ်ခဲ့သည်ကို ရှာမတွေ့သေးပါ။ မြန်မာပြည်စာအုပ်တိုက်မှ အတွဲ ၉ နှင့် နှလုံးလှ စာပေတိုက်မှ အတွဲ ၅ တို့တွင် တွေ့ရသည်။ မူရင်းမှာ The Velley of Fear ဝတ္ထုရှည် ဖြစ်ပုံ ရသည်။ (ဤဝတ္ထုမူရင်းကို 'ရှာဖေါ် ဆိုကြီး' အမည်ဖြင့် လုံးချင်းတအုပ် သီးသန့် ရေးထုတ်ခဲ့သေးပြီး ရုပ်ရှင်အဖြစ် လည်း ရွှေမြင်းပိုရုပ်ရှင်မှ ရိုက်ကူးခဲ့သေး၏။)

ဆတိယ အကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုလျက် မိမိစကား တစုံတရာ ဆက်လက်ပြောဆိုလိုခြင်း မရှိသဖြင့် အခြားသော ခရီးသည်တို့က ထိုသူသည် စကားနည်းသူတယောက်ဟူ၍လည်းကောင်း၊ မာနကြီးသောသူတယောက်ဟူ၍ လည်းကောင်း အမျိုးမျိုး တွေးတောကြကုန်၏။

ထိုကဲ့သို့ သွားလာကြ၍ ခရီးနှစ်စခန်းမျှလောက် ဆိုက်ရောက်မိကြသဖြင့် တခုသော ခရီးစခန်း၌ နားနေကြခိုက်တွင် ခရီးသည်တို့သည် မိမိတို့၌ ပါရှိသော ရိက္ခာတို့ကို ချက်ပြုတ် စားသောက်လျက်ရှိကြစဉ် ထိုသူမှာ ပေါင်မုန့်တလုံးနှင့် ငါးသေတ္တာတဗူးကို ဖွင့်ကာ တယောက်တည်းသာလျှင် တခုသော သစ်ပင်အောက်၌ စားသောက်လျက် ရှိလေ၏။

ထိုအခါ တယောက်သော ခရီးသည်က ထိုသူ၏ အနီးသို့ ချဉ်းကပ်၍—

"မိတ်ဆွေ နာမည်က ဘယ့်နှယ်ခေါ်ပါသလဲဗျာ"

ထူး။ ။(မျက်မှောက်ကြုတ်လျက်) "မောင်ဘထူးပါတဲ့"

ခရီးသည်။ ။"ကျွန်တော့် နာမည်ကတော့ မောင်စံပါတဲ့။ မိတ်ဆွေ ဇာတိကတော ဘယ်ကပါလဲဗျာ"

ထူး။ ။"မန္တလေးသား ဆိုပါတော့ဗျာ"

စံ။ ။"မိုးကုတ် ရောက်ဖူးပါသလားဗျာ"

ထူး။ ။"တခေါက် ရောက်ဖူးပါတယ်"

စံ။ ။"အခုကော ဘာကိစ္စလဲဗျာ"

ထူး။ ။"ငွေရှာမှုပေါ့ဗျာ"

စံ။ ။"ကျောက်တွင်း တူးဖို့လား"

ထူး။ ။(ခေါင်းညိတ်လျက်) "ဟုတ်ကဲ့"

စံ။ ။"မိုးကုတ်မြို့က အယင် ခင်ဗျားရောက်ဖူးတုန်းကနဲ့ မတူတော့ဘူးဗျ။ အသင်းအပင်းတွေနဲ့ အလှုန်စည်ကားနေတယ်"

ထူး။ ။"ဘာအသင်းလဲ၊ တိုင်းရေးပြည်ရေး အသင်းလား"

စံ။ ။(အနည်းငယ်ပြုံးလျက်)"တိုင်းရေးပြည်ရေးရော ဘာသာရေးညာရေး အစုံပေါ့ဗျာ။ ခင်ဗျားရောက်တော့ သိပါလိမ့်မယ်။ ဒါထက် ခင်ဗျား ဟိုမှာ အသိမိတ်ဆွေများ ရှိသလား"

ထူး။ ။(ခေါင်းယမ်းလျက်) "ဟင့်အင်း"

စံ။ ။"အသိအကျွမ်းမရှိလို့ တည်းစရာ ခိုစရာ မရှိလို့ရှိယင် ကျွန်တော့်မိတ်ဆွေ ဦးသာအောင် ဆိုတာ တယောက်ရှိသေးရဲ့။ သူ့အိမ်မှာ ထမင်းလခပေးပြီးစားတဲ့ စာရေးစာချီတွေလဲ ရှိတယ်"

ထူး။ ။"ဟုတ်ကဲ့၊ ကြည့်ရသေးတာပေါ့"

စံ။ ။"အခုတလောမှာ တော်တော်ရှုပ်တယ်ဗျ။ သတိဝီရိယနဲ့သာ နေထိုင်ပေတော့"

ထူး။ ။"ဘယ်လို ရှုပ်ပုံလဲဗျ"

စံ။ ။"ခုတင်ကပြောတဲ့ အသင်းအပင်းတွေပေါ့ဗျာ"

ထူး။ ။(အနည်းငယ်ပြုံးလျက်) "ကျေးဇူးတင်ပါတယ်ဗျာ။ သို့သော် ကိုယ့်ကိုယ်ကိုတော့ ကွယ်ကာ တတ်ပါတယ်"ဟု ပြောပြီးလျှင် ခါး၌ထိုးထားသော ဓားမြှောင်ကို ထုတ်၍ ပြလေ၏။

---

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



စံ။ ။"ကျွန်တော်က အယင်ကတော့ မိုးကုတ်မြို့ပေါ်မှာ ကျောက်တွင်းတူးတဲ့အလုပ်နဲ့ နေခဲ့ဖူးပါတယ်။ အခုတော့ ပြင်ဦးလွင်မှာ အိမ်ထောင်ရက်သားကျပြီး နေပါတယ်။ နောက်များ ရောက်တဲ့အခါ ဝင်ခဲ့ဦးတာပေါ့" ဟု ပြောပြီးလျှင် နှုတ်ဆက်သား ခွဲခွာသွားကြလေ၏။

ထိုသို့ ဆက်လက်၍သွားကြသဖြင့် နောက်တစခန်းသို့ရောက်ပြန်လျှင် ယင်းခရီးသည်တို့အနက် ပုလိပ်သားတယောက်နှင့် စာသင်တယောက်လည်း ပါရှိရာ စာသင်သည် မောင်ဘထူး၏အနီးသို့ ချဉ်းကပ်၍–

သင်။ ။"ဘယ်အရပ်သားပါလဲဗျ"

ထူး။ ။"ဘယ်အရပ်သားဖြင့် ဘာလုပ်မလို့လဲ"

သင်။ ။"မဟုတ်ပါဘူး။ ကျုပ်က မိုးကုတ်မြို့မှာ လူဆိုးသူဆိုးအင်မတန်ပေါလေတော့ ခင်ဗျားကလဲ တရပ်သားနဲ့တူတာနဲ့ အပေါင်းအသင်းများလုပ်ယင် သတိနဲ့ရွေးချယ်ပြီး ပေါင်းဖို့သင်းဖို့ သတိပေးလိုလို့ပါ"

ထူး။ ။(ခက်ထန်သော မျက်နှာထားနှင့်) "ခင်ဗျားက သတိပေးရအောင် ကျုပ်က သူငယ်နှပ်စား မဟုတ်ပါဘူးဗျ။ ဒီအသက် ဒီအရွယ်ကျမှ ဘယ်သူ့ကိုမှ ဆရာတင်စရာ မရှိပါဘူး"ဟု အသံကျယ်စွာနှင့် ငေါက်ငမ်း၍ ပြောလေလျှင် အနီးရှိ ခရီးသည်တို့လည်း ပုလိပ်အရာရှိဆိုလျှင် ကြောက်ရွံ့ရှိသေကြသူများသာလျှင် ဖြစ်သောကြောင့် မောင်ဘထူး၏ အမူအရာကို အံ့ဩသော မျက်နှာထားနှင့် အကဲခတ်လျက် ရှိကြလေ၏။

ထို့နောက် ဆက်လက်ခရီးသွားကြပြန်ရာ ခရီးသည်တယောက်သည် မောင်ဘထူး၏အနီးသို့ ချဉ်းကပ်၍ ချီးမွမ်းလိုသော မျက်နှာထားနှင့် မောင်ဘထူးအား ကြည့်လျက်–

"ယယ်ပြီးရဲတဲ့ လူပါပဲဗျာ။ ကျုပ်တို့ဖြင့် ပုလိပ်ဆိုယင် အင်မတန်ကြောက်ပြီး စကားတောင် ရဲရဲမပြောပံ့ဘူး။ အခု ခင်ဗျားကတော့ ငေါက်လား ငမ်းလားနဲ့ ပြောတာ ကြားလိုက်ရတော့ အားရလိုက်တာဗျာ" ဟု ပြောလေလျှင် မောင်ဘထူးက–

"ကိုယ်နဲ့မဆိုင်ပဲနဲ့ ဝင်စွက်တဲ့လူများ ကျုပ်က တယ်ရွံတယ်ဗျာ" ဟု ပြောပြီးနောက် မိုးကုတ်မြို့ခရီးစဉ်၏ အကြောင်းများကို ဆက်လက်ပြောဆိုယင်း သွားကြလေ၏။

ထိုအခါမှစ၍ အခြားသော ခရီးသည်တို့သည် မောင်ဘထူးအား လူစွမ်းကောင်းကြီးတယောက်ကဲ့သို့ မှတ်ထင်ပြီးလျှင် မိမိတို့အချင်းချင်း စကားတီးတိုး ပြောဆို ချီးမွမ်းကြလေသည်။

ပြင်ဦးလွင်သို့ရောက်လျှင် မောင်စံဆိုသူလည်း မောင်ဘထူးအား နှုတ်ဆက်၍ ကျန်ရစ်ခဲ့ရာ အခြားခရီးသည်တို့သည် ထိုနေ့ညတွင် မိုးကုတ်မြို့သို့ ဆိုက်ရောက်ကြလေ၏။

မောင်ဘထူးလည်း လားရှင်တရုတ်အား ထုံးစံအတိုင်း ကျသင့်သောငွေများကို ပေးဆပ်ပြီးနောက် မိမိ၏ ဝန်စည်အနည်းငယ်ကို ထမ်းပိုးလျက် မြို့စွန်ရှိ တဆောင်သောအိမ်သို့ သွားရောက်လေ၏။

အိမ်ရှေ့သို့ရောက်လျှင် မောင်ဘထူးက "ဦးသာအောင်၊ ဦးသာအောင်" ဟု နှစ်ကြိမ်ခေါ်ပြီးနောက် စောင့်ဆိုင်းလျက် ရှိလေရာ အတန်ငယ် ကြာလတ်သော် အိမ်အောက်တံခါးသည် ပွင့်လာ၍ သူငယ်မတယောက်လည်း ထွက်လာလေ၏။

ထိုသူငယ်မမှာ အသက် ၁၉ နှစ်အရွယ်ခန့်ရှိ မိုးကုတ် ရှမ်းဇာတိ ဖြစ်သည့် အလျောက် ဖြူစင်နုထွားသော အသားအရည်၏ ပြည့်ဖြိုးခြင်းနှင့်လည်း ပြည့်စုံလှသည် ဖြစ်သောကြောင့် ဝင်လုဆဲဆဲ ရှိသော နေမင်း၏ အရောင်တွင် ရွှေအဆင်းကဲ့သို့ ဝင်းဝင်းပပ ချောလှသည်ဟူ၍ မောင်ဘထူး၏စိတ်ထဲ၌ မှတ်ထင်မိသဖြင့် စိုက်ငေးလျက်ကြည့်နေရာ သူငယ်မက စတင်၍ ခပ်ဝဲဝဲအသံဖြင့် မျက်နှာကို အောက်ချလျက်–

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့အဖေကို တွေ့ချင်လို့ပါလားရှင်"ဟု မေးလေလျှင် မောင်ဘထူးသည် သူငယ်မ၏ ရုပ်အဆင်းကို ချီးမွမ်းအံ့သြသည့် အမူအရာနှင့် အတန်ကြာအောင် စကားမေးမနေပဲ ကြည့်နေပြီးမှ—

"ဟုတ်ပါတယ်၊ ဦးသာအောင် ရှိပါသလား"ဟု မေးရာ သူငယ်မက—

"ကျွန်မတို့အဖေ အပြင်ထွက်သွားပါတယ်ရှင်၊ ပြန်လာလုပါပြီ။ ဘာကိစ္စရှိလို့ပါလဲ"

ထူး။ ။"ကိစ္စကတော့ အလျင်မလိုလှပါဘူးဗျာ၊ ထမင်းလခနဲ့စားဖို့ မိတ်ဆွေတယောက် ညွှန်လိုက်လို့ လက်ခံနိုင်ပါသလားလို့ မေးလိုလို့ပါ။ လက်ခံမယ့်လူ သဘောကိုသာ သိဖို့လိုပါတယ်။ နေမယ့်လူကတော့ အိမ်ကို မြင်လျှင်မြချင်း သဘောကျပြီးပါပဲ" ဟု ပြောလေလျှင် သူငယ်မလည်း မသိမသာ ပြုံးရယ်လျက်—

"စောင့်သေးတာပေါ့ရှင်၊ ကျွန်မတို့အဖေလဲ လာလုပါပြီ။ ကျွန်မတို့အိမ် နေချင်ယင်တော့ ကျွန်မချက်တတ်သရွေ့ စားနိုင်ယင် နေနိုင်မှာပါပဲ။ မိခင်ဆုံးပြီးတဲ့နောက် သားအဖ နှစ်ယောက်တည်းနေပြီး ကျွန်မပဲ အိမ်ထောင်ကို ဦးစီးရပါတယ်"

ထူး။ ။"ထမင်း လခနဲ့ စားတဲ့လူ ဘယ်နှစ်ယောက် ရှိပါသေးသလဲ"

မ။ ။"အလျင်ကတော့ လေးငါးယောက် ရှိပါတယ်၊ အခုတော့ စာရေးကြီး ၂ ယောက်နဲ့ ကျောင်းဆရာ တယောက်ပဲ ရှိပါတော့တယ်။ ဟော ပြောယင်း ဆိုယင်း အဖေပြန်လာပြီ၊ အဖေနဲ့ကြည့်ပြီး စီမံကြပေတော့"ဟု ပြောလျက်ရှိနေစဉ် အသက် ၅၀ ခန့်အရွယ်ရှိ လူကြီးတယောက်သည် အိမ်အတွင်းသို့ ဝင်လာ၍ မောင်ဘထူးလည်း မိမိ၏ကိစ္စကို ပြောပြီးလျှင် ငွေရှင်သော လူငယ်တယောက် ဖြစ်သည့်အတိုင်း တောင်းခံသမျှအဖိုးကို ချက်ချင်း ထုတ်ပေးပြီးနောက် မိမိအဘို့ ညွှန်ပြသော အခန်းသို့ ပစ္စည်းများကို ထားသိုလျက် ရှိလေ၏။

\+ \+ \+

မောင်ဘထူးသည် ဘယ်အလုပ်မျိုး၌ လုပ်ကိုင်ရသည်ဖြစ်စေ သူတပါးထက် ထင်ရှားအောင် လုပ်ကိုင်နိုင်သူ တယောက် ဖြစ်လေရာ မိုးကုတ်မြို့သို့ဆိုက်ရောက်၍ တွင်းရာ တကွက်ကို ဝယ်ပြီးနောက် ကူလီများငှားရမ်း၍ ကျောက်တွင်းတူးသည့် အလုပ်ကို စတင်လုပ်ကိုင်သည့်တွင် တခြားသူများနှင့်မတူ လူချစ်လူခင် ပေါများလျက် အသိအကျွမ်းလည်း ပေါများခဲ့လေသည်။

ကျွန်တော်တို့ သိရှိခဲ့သည့်အတိုင်း မောင်ဘထူးသည် စကားနည်းသည့် လူတယောက် ဖြစ်သော်ငြားလည်း မိမိ အလိုရှိသည့်အခါ စကားအရာ လိမ္မာခြေငံ၍ ရယ်စရာ မောစရာ ပုံတိုပတ်စ နှင့်တကွ လူဘာဘက်သားတို့ နားဝင်စေလောက်အောင် ပြောဆိုတတ်သည်ဖြစ်ရကား အလုပ်သမားတို့ စုမိကြသည်နှင့် တပြိုင်နက် မောင်ဘထူးကသာလျှင် စကားပြောသည့်အရာ၌ ခေါင်းဆောင် ဖြစ်ခဲ့လေသည်။

သို့ရာတွင် ရံဖန်ရံခါ သူတပါးတို့က မတရားပြုကျင့်သည်ဟု ထင်မှတ်သည့်အခါ၌ လည်းကောင်း၊ မိမိအား မလေးမစားပြုသည်ဟု ထင်မှတ်သည့်အခါ၌ လည်းကောင်း မီးတဖျပ်ဖျပ် ထွက်လုဘနန်းရှိသော မျက်လုံးတို့ဖြင့် ခေါ်ကားသူ၏ မျက်နှာကို စေ့စေ့ကြည့်လျက် ခက်ထန်ကြမ်းကြုတ်၍ ကြောက်ခြင်းလန့်ခြင်း အသျှင်းကင်းမဲ့သော အမူအရာကို ပြတတ်သည်ဖြစ်ရကား ရှုမြင်သူတို့မှာ မောင်ဘထူးအား လူပင်ငယ်သော်လည်း မထီလေးစား မခန့်မညား မပြုလုပ်ဝံ့ပဲ ကြောက်ရွံ့ရိုသေခြင်း ရှိကြကုန်၏။

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ရုံဖန်ရံခါ ဥပဒေနှင့် အနည်းငယ် ဆန့်ကျင်သော အမှုတို့ကိုပြုဝံ့သည့် လက္ခဏာကို ပြသောအခါ တို့၌လည်း အချို့သောသူတို့က နှစ်သက်အားရလျက် အချို့သောသူတို့မှာ ယင်းတို့အတွက် ထိတ်လန့်တုန်လှုပ်ခဲ့ကြရလေသည်။

ဦးသာအောင်၏အိမ်သို့ ဆိုက်ရောက်သည့် နေ့မှစ၍ ဦးသာအောင်၏ သမီး မနန်းမြ အပေါ်၌ မေတ္တာသက်ဝင် ချစ်ခင်စုံမက်သည့် အကြောင်းကို မိမိ၏ ဝါသနာအလျောက် လှည့်ပတ် သွယ်ဝိုက်ခြင်း မရှိပဲ တိုက်ရိုက် ဘွင်းဘွင်းကြီး အတည့်အလင်း ပြောဆိုတတ်သည်ဖြစ်ရာ မနန်းမြက ဆင်ဝှေ့ရန်ရှောင် စကားမျိုးဖြင့်လည်းကောင်း၊ မချစ်ခင် မစုံမက်နိုင်ကြောင်းနှင့် တိုက်ရိုက် စကားမျိုးဖြင့် လည်းကောင်း တုံ့ပြန်ပြောဆိုသည့်အခါ မောင်ဘထူးမှာ အနည်းငယ်မျှ အားလျော့သည့် လက္ခဏာမရှိပဲ ထိုအိမ်သို့ ရောက်၍ ၁၀ ရက်ခန့်မျှမရှိမီ ချစ်ကြိုက်ကြောင်းကို အကြိမ် ၂၀ မျှမက ဖွင့်ဟ ပြောဆိုခဲ့ဖူးသည့်ပြင် တနေ့သည်၌ ဦးသာအောင်နှင့် အခြား အိမ်သားများ မရှိခိုက်တွင် မောင်ဘထူးသည် မိမိ ပြောနေကျဖြစ်သော ချစ်စကား ကြိုက်စကားတို့ကို ပြောဆိုသဖြင့် မနန်းမြက ဦးခေါင်းကို ယမ်းလျက် ရှိနေလေလျှင်—

"ဒီ့ပြင် တယောက်ကြောင့်လား၊ ပြောစမ်းပါ မနန်းမြရယ်။ ဒီ့ပြင်တယောက်များ ရှိခဲ့လို့ရှိယင် ရှိတဲ့ တယောက်ဟာ သေရအောင်သာ ပြင်ပေတော့။ ဘာသော ညာသော၊ ဘယ်သူသော ဘယ်ဝါသော ဘယ်သူ့အတွက်မှ လျော့လိမ့်မယ် မထင်နဲ့။ မနန်းမြက အခု ခေါင်းယမ်းသော်လဲ ခေါင်းညိတ်တဲ့နေ့တော့ ညိတ်ရပါလိမ့်အုံးမယ် မနန်းမြရယ်"

ယင်းကဲ့သို့ ဒေါမာန်ပါပါ ရန်ရှာမည်ကဲ့သို့သော စကားမျိုးတို့ကို ရံဖန်ရံခါ ပြောဆိုခြင်းမှာလည်း မောင်ဘထူးက မနန်းမြအပေါ်၌ ရိုးရိုးသားသား အဆန်းအပြားမတတ်၊ သက်သက် ဖြူစင်သော မေတ္တာဖြင့် ချစ်ခင်စုံမက်ခြင်းမျှသာ ဖြစ်လေရကား မနန်းမြအား ကြင်နာယုယစွာဖြင့် မနေမနား ပြောဆိုခြင်း ရှိလေ၏။

မောင်ဘထူးမှာ အတွေ့အကြုံများသော လူတဦးဖြစ်သည့်အလျောက် မိမိတွေ့ကြုံခဲ့ရသော အဖြစ်အပျက် အခြင်းအရာတို့မှ ရယ်မောဖွယ်၊ ထိတ်လန့်တုန်လှုပ်ဖွယ်၊ အံ့သြဖွယ် အခြင်းအရာတို့ကို ခြေဟန်လက်ဟန် ပါပါနှင့် ပြန်ပြောင်း ပြောဆိုတတ်သည် ဖြစ်ရကား မနန်းမြမှာ ရယ်ရွှင်ဖွယ် အခန်းတို့၌လည်း ရွှင်ပျသော မျက်နှာဖြင့်လည်းကောင်း၊ စိုးရိမ်ဖွယ် အခန်းတို့၌လည်း ကြောင့်ကြစိုးရိမ်သည့် မျက်နှာထားဖြင့်လည်းကောင်း၊ ကြည်နူး ဝမ်းနည်းဖွယ် အခန်းတို့၌လည်း သနားကြင်နာ ရင်ထုမနာရှိသည့် မျက်နှာထားဖြင့်လည်းကောင်း နားထောင်ကာ နေလေ့ရှိ၏။

တနေ့သည်၌ မောင်ဘထူးသည် မနန်းမြနှင့် အထက်ပါနည်းအတိုင်း စကားပြောဆိုလျက် ရှိကြစဉ် ဦးသာအောင်သည် အိမ်ပေါ်သို့တက်၍ ယင်းတို့၏ အမူအရာကို မြင်သည်နှင့်တပြိုင်နက် မောင်ဘထူးအား အိမ်ရှေ့ ဝရန်တာပေါ်သို့ ခေါ်ပြီးလျှင်—

အောင်။ ။"ကျုပ် တခုမေးမယ်၊ ရှက်တတ်သလား"

ထူး။ ။"မေးပါခင်ဗျာ၊ အမေးရှိယင် အဖြေရှိစေရမယ်"

အောင်။ ။"မောင်က ကျုပ် သမီး နန်းမြကို စုံမက်ပါသလား"

ထူး။ ။"မှန်ပါတယ်"

အောင်။ ။"အကျိုးမရှိဘူး မောင်ရေ့၊ အလာကောင်းပေမယ့် အခါနှောင်းဆိုတဲ့စကားဖြစ်နေပြီ မောင်ရဲ့"

ထူး။ ။"မနန်းမြကလဲ ဒီလိုပဲ ပြောပါတယ် ခင်ဗျာ"

---

တတိယအကြိမ်

www.burmeseclassic.com



အောင်။ ။"သူပြောတာ အမှန်ပါပဲ။ သို့သော် ဘယ်သူနဲ့ဆိုတာ မောင် သိပြီလား"

ထူး။ ။"မသိပါဘူးခင်ဗျာ။ ကျွန်တော် မေးလိုလဲ မရပါဘူး"

အောင်။ ။"ပြောလိုက်ယင် မောင်လန့်ပြီး ထွက်ပြေးမှာစိုးလို့ ထင်ပါရဲ့"

ထူး။ ။"ကျွန်တော် လန့်ရမယ့်လူ လူ့ပြည်မှာ မမွေးသေးဘူး ထင်ပါတယ် ခင်ဗျာ"

အောင်။ ။"ဟုတ်ပါ့မလား မောင်ရယ်"

ထူး။ ။"ပြောချင်တာ ပြောပါခင်ဗျာ။ နောင် သိရပါလိမ့်မယ်"

အောင်။ ။(မောင်ဘထူး၏ နားနားသို့ကပ်လျက် လေသံဖြင့်) "မောင်ထွန်းခင်ပေါ့"

ထူး။ ။(အသံကျယ်စွာဖြင့်) "ဘယ်က မောင်ထွန်းခင်လဲ"

အောင်။ ။(ထိတ်လန့်တုန်လှုပ်သော အမူအရာဖြင့်) "အောင်မယ်လေး၊ မအော်လိုက်ပါနဲ့မောင်၊ တိုးတိုးပြောပါ။ မောင်ထွန်းခင်ဆိုတာဟာ အာဇာနည်အသင်းမှာ လူကြီးတယောက်ပေါ့"

ထူး။ ။"အာဇာနည်အသင်းဟာ ဟိုမှာလဲ ဒီအသင်းအကြောင်း၊ ဒီမှာလဲ ဒီအသင်းအကြောင်း၊ ဘာအသင်းမို့လို့ ဒီလောက်ကြောက်နေရတာလဲဗျာ"

အောင်။ ။"အာဇာနည်အသင်းဆိုတာ သတ္တိကောင်းတဲ့လူတွေ စုပြီး ဖွဲ့စည်းထားတဲ့ အသင်းပေါ့"

ထူး။ ။"ကြောက်စရာ မရှိပါဘူး ခင်ဗျာ၊ ကျွန်တော်လဲ ဒီအသင်းသား တယောက်ပါပဲ"

အောင်။ ။"အလို ဟုတ်ကဲ့လား၊ ဒီလိုမှန်းသိယင် အစကတောင် ကျုပ် လက်မခံဘူး"

ထူး။ ။"ဘာဖြစ်လို့လဲခင်ဗျာ။ ဒီအသင်းက ဥပဒေနဲ့ညီပဲ မတရား ပြုကျင့်တဲ့ လူများကို ဆုံးမဖို့ ဖွဲ့စည်းထားတဲ့ အသင်းပါ ခင်ဗျာ"

အောင်။ ။"ပေါင်ရင်တို့ အောက်မှာကော ရှိသလား"

ထူး။ ။"ရှိပါတယ် ခင်ဗျာ"

အောင်။ ။"ဟို အောက်အရပ်မှာတော့ အသင်းကောင်းများပဲလား မပြောတတ်ဘူး။ ဒီအထက် အရပ်မှာဖြင့် လူကောင်းရော လူဆိုးရော သူတို့နဲ့ မတည့်ယင် နှိပ်စက်နေတဲ့ အသင်းပဲ"

ထူး။ ။"ဟုတ်ပါ့မလား ခင်ဗျာ။ ထင်ရှားအောင် တစုံတခု ပြနိုင်ပါသလား"

အောင်။ ။"ထင်ရှားအောင် ပြနေဖို့ မလိုပါဘူးမောင်ရင်။ တနှစ်အတွင်းမှာ လူရိုက်မှု၊ မီးရှို့မှု၊ လူသတ်မှု ဘယ်နှစ်ခု ဖြစ်နေသလဲ"

ထူး။ ။"အမှုဖြစ်တိုင်း ဒီအသင်း လက်ချက်ချည်းပဲလို့ ဘယ့်နှယ် စွပ်စွဲနိုင်သလဲ ခင်ဗျာ။ ကျွန်တော်လဲ ဒီအသင်းသားတယောက် ဖြစ်ပါတယ်။ ဒီအသင်းဟာ ကောင်းမြတ်တဲ့အသင်းလို့ စင်စစ် ကျွန်တော်ယုံကြည်တယ်။ အဲဒါကြောင့် ဦးစကားကို ပြန်နုတ်ယင်လဲ နုတ်ပါ။ သို့မဟုတ် ထင်ရှားအောင်လဲ ပြပါ"

အောင်။ ။"ပြနေဖို့ မလိုပါဘူးမောင်ရယ်၊ တမြို့လုံး သိနေတာကပဲ။ အသင်းသားတယောက်နဲ့ ဖြစ်ယင် တသင်းလုံးက ဝိုင်းပြီး နှိပ်စက်ကြတာပဲ"

ထူး။ ။"အသင်းသားကို မတရားပြုကျင့်မှ ဒီလိုလုပ်တာပါခင်ဗျာ"

အောင်။ ။"မဟုတ်ပါဘူး မောင်ရယ်။ မတရားသော တရားသော ဝိုင်းပြီး နှိပ်စက်ကြတာပဲ။ ဦးသိရသလောက်ဖြင့် သူတို့က စတင်ပြီး စော်ကားသေးရဲ့၊ ဝိုင်းပြီးလဲ နှိပ်စက်ကြသေးရဲ့။ ဘာကောင်းမလဲ မောင်ရယ်။ သမီး နန်းမြကို လာပြီးလည်တာလဲ အသင်းသားဖြစ်လို့သာ ကြောက်ကြောက်နဲ့ လက်ခံပြီး



www.burmeseclassic.com

www.burmeseclassic.com



နေရတုန်း အခု ကိုယ့်အိမ်ထဲမှာ ဒီအသင်းသားတယောက် ရောက်နေပြန်ပြီ။ တော်ပြီ မောင်ရေ့၊ ဟာလကို တရားပေးမယ်ဆိုတောင် ကျုပ် မကျေးမွေးနိုင်ဘူး။ ဒီကနေ့ည နောက်ဆုံးပဲ။ နက်ဖြန် မိုးလင်း လင်းချင်း အိမ်ရှာပြီး ပြောင်းပေတော့မောင်''ဟု ပြောပြီးလျှင် အိမ်ပေါ်မှ ဆင်းသွားလေ၏။

ဦးသာဒအောင် ဆင်းသွားသည်နှင့် တပြိုင်နက် မောင်ဘထူးသည် မိမိအား နှင်ထုတ်ခြင်း ခံရသည့်အတွက် စိတ်စက်မချမ်းသာသည့် အကြောင်းများနှင့်တကွ မနန်းမြနှင့် ခွဲခွာရတော့မည့် အရေးများကို မနန်းမြအား သွားရောက်ပြောဆိုသည်မှာ—

ထူး။ ။''နေစရာအိမ် အတွက်ကိုတော့ ဒီလောက် မပူပါဘူး မနန်းမြရယ်။ မနန်းမြနဲ့ ခွဲခွာပြီး သွားရမယ့်အတွက်ကိုသာ ကျုပ် ပူပါတယ်။ တွေ့ရ မြင်ရတာ ၁၀ ရက်လောက်ပဲ ရှိသေးပေမယ့် ဆယ်နှစ်လောက် မြင်ရသလို ချစ်ခင်စုံမက်ပါတယ် မနန်းမြ''

မြ။ ။''ဒီစကားမျိုး ကျွန်မ မကြားပါရစေနဲ့ဆိုတာ ဘယ်နှစ်ခါ ရှိပြီလဲရှင်။ ရှင် အလာနှောင်းတဲ့ အကြောင်းကို ကျွန်မ ပြောခဲ့လှပြီ မဟုတ်လား''

ထူး။ ။''တကယ်လို့များ အလာမနှောင်းလို့ရှိယင် ကျုပ်က စုံမက်သလို စုံမက်နိုင်ပါတယ်လား'' ဟု မေးလေလျှင်—

မနန်းမြသည် မျက်နှာကို အောက်ချလျက်—

''ရှင်က အယင်ရောက်ပါစေလို့ ကျွန်မ အကြိမ်ကြိမ် ဆုတောင်းမိပါတယ်ရှင်''

ထူး။ ။(စိတ်အားကြီးလှသော မျက်နှာနှင့်)''တော်ပြီ မနန်းမြ ဒီလောက် ကြားရယင် တော်ပြီ။ တသက်လုံး နှစ်ဦးနှစ်ဝ ချမ်းသာကြရမယ့်အရေးကို အလျင်ရောက်တာ နောက်ရောက်တာလေးအတွက်နဲ့ တခါတည်း ပျက်ရတော့မလား နှမရယ်။ မိမိမေတ္တာသာ ပဓာနပါ။ ဘယ်လိုပဲ ကတိထားခဲ့ငြားသော်လဲ မင်္ဂလာ မဆောင်မချင်း ကိုယ့်စကားကို ကိုယ်နုတ်ဖို့ အချိန်ရှိကြတာပဲ။ မချစ်ခင်ပဲနဲ့ဖြင့် မယူပါလေနဲ့ နှမရယ်''ဟု လိုက်လိုက်လှဲလှဲရှိသောအမူအရာဖြင့် ပြောလေလျှင် မနန်းမြမှာ မျက်ရည်လည်လျက် သက်ပြင်း ချကာ မည်သို့မျှ စကားတုံ့ပြန်မပြောပဲ ရှိနေလေ၏။

ထူး။ ။''ကျုပ်ကို ယူမယ်လို့သာ ပြောပါ။ ဘာမှ မကြောက်ပါနဲ့ နှမရယ်''

မြ။ ။''ဒီမှာတော့ မဖြစ်နိုင်ဘူးရှင်''

ထူး။ ။''ဘာဖြစ်လို့ မဖြစ်နိုင်မှာလဲ။ ဘသူ့ကို ဘာကြောက်ပြီး နေရအုံးမှာလဲ''

မြ။ ။''ဒီမှာတော့ ဘယ်နည်းနဲ့မှ ဖြစ်နိုင်ဖို့ အကြောင်း မရှိပါဘူးရှင်။ တကယ်လို့ ကျွန်မကို ချစ်ခင်စုံမက်ခဲ့ပါတယ်လို့ဆိုယင် ဒီမြို့က လွတ်အောင် ဆောင်ကျဉ်း သွားပါတော့ရှင်''ဟု ပြောလေလျှင် မောင်ဘထူးသည် မိနစ်ဝက်ခန့်မျှလောက် စဉ်းစားစိတ်ကူးပြီးနောက် ရုတ်တရက် အံကြိတ်လျက် ''သူများ ပစ္စည်း ခိုးတာလဲ မဟုတ်။ ပုန်းလျှိုးကွယ်လျှိုးနဲ့ ဘယ်ကိုမှ ထွက်လို့တော့ မပြေးဘူး မနန်းမြရေ့၊ ဒီမှာဆို ဒီမှာမှ ရအောင် ယူမယ်''

မြ။ ။''နှစ်ယောက်စလုံး လွတ်ရာ ပြေးကြယင် အေးကြရော မဟုတ်လားရှင်''

ထူး။ ။''ဘယ့်နည်းနဲ့မှ ကျုပ် မပြေးနိုင်ဘူးဗျ''

မြ။ ။''ဘာပြုလို့လဲရှင်''

ထူး။ ။''ကျုပ်က သူတပါးနဲ့ မတူဘူးဗျ။ အင်မတန်မှ မာနကြီးတဲ့ အကောင်။ သူများကို ကြောက်လို့ ထွက်ပြေးရတယ်ဆိုယင် တသက်လုံးခေါင်းမထောင်နိုင်အောင်ရှိလိမ့်မယ်။ မဟုတ်ပါဘူးကွယ်၊

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ဘာများ ဒီလောက် ကြောက်နေရတာလဲ။ နှစ်ဦး နှစ်ဝ စုံမက်ကြလို့ရှိယင် ဘယ်သူက ပေါ်ကြား ဝင်ပြီး စွက်ဖက်ဝံ့အုံးမှာလဲ”

မြ။ ။“ကိုဘထူးက အကြောင်းစုံ မသိလို့ ဒီစကားမျိုး ပြောတာကိုး။ ရှင်ရောက်တာက မကြာသေးလေတော့ အကြောင်းမျိုးစုံကို မသိသေးပဲဟာကိုး။ ဒီက ကိုထွန်းခင်တို့၊ အာဇာနည်အသင်း ဥက္ကဋ္ဌ ဦးနေမျိုးတို့အကြောင်းကို သေသေချာချာ မသိသေးပဲဟာကိုးရှင့်”

ထူး။ ။“သိလဲ မသိဘူး။ ကြောက်လဲ မကြောက်ပါဘူး။ ကျုပ်က တသက်လုံး လူဆိုးတွေနဲ့ ချည်းပဲ ပေါင်းခဲ့တာပါ။ နောက်ဆုံး တနေ့ကျယင် လူဆိုးမှန်သမျှ ကျုပ်ကို လျှော့ရတာချည်းပါပဲ။ မစိုးရိမ်ပါနဲ့ နှမရယ်။ ဒီလူတစုဟာ နှမတို့ပြောတဲ့အတိုင်း စည်းမဲ့ကမ်းမဲ့ ပြုချင်တိုင်း ပြုနေခဲ့လို့ရှိယင် ဒီ့မြို့က လူတွေက ဒီလိုပဲ ကြည့်နေကြမတဲ့လား”

မြ။ ။“ကြည့်မနေလို့ ဘယ့်နှယ် လုပ်ဝံ့ကြအုံးမှာတုံးရှင်။ သူတို့အမှုဆိုယင် ဘယ်သူမှ သက်သေမလိုက်ဝံ့ကြဘူးရှင့်။ သက်သေလိုက်ပြန်ယင်လဲ တလအတွင်းသေချင်းဆိုးနဲ့ သေရတာချည်းပဲရှင့်၊ ပြီးတော့လဲ သူတို့အသင်းထဲက လူတယောက်ယောက် အမှုဖြစ်ခဲ့လို့ရှိယင် ဒီ့ပြင် အသင်းသားတွေက ဝိုင်းပြီး ဒီလူဟာ ဒီနေ့၊ ဒီရက်၊ ဒီအချိန်အခါမှာ ဒီမြို့မှာ မရှိတဲ့အကြောင်း သက်သေခံကြပါရောရှင်။ သူတို့က ပိုက်ဆံလဲ တတ်နိုင်တော့ ဝတ်လိုက်ငွေ၊ ရွှေနေငွေနဲ့ နောက်ဆုံးကျယင် မထင်ရှားဘူးဆိုပြီး လွတ်တာချည်းပဲရှင့်။ တဘက်က သက်သေလိုက်တဲ့လူမှာသာ အသေခံရတာ အဖတ်တင်တာပဲ။ ဒီအကြောင်းတွေကို သတင်းစာတွေ ဘာတွေထဲမှာ မတွေ့ဖူး မမြင်ဖူးဘူးလားရှင့်”

ထူး။ ။“တွေ့တော့ တွေ့ဖူးပါရဲ့ဗျာ။ နို့ပေမယ့် အယုံအကြည် မရှိခဲ့ပေဘူး။ သူတို့က အနစ်နာခံတဲ့အတွက် တရားဂင်တဲ့ အပူမျိုးလဲ မဟုတ်မလတော့ သူတို့ဘာသာ လက်စားချေလိုက်တယ်လို့ မှတ်မိခဲ့တာပါပဲ”

မြ။ ။(ထိတ်လန့်သော မျက်နှာထားနှင့်) “ဒီလို မပြောပါနဲ့ ကိုဘထူးရယ်။ ဟိုတယောက်လဲပဲ ဒီလိုပြောတာပါပဲ”

ထူး။ ။“ဪ ကိုထွန်းခင်လဲ ဒီလိုပဲ ပြောသလား”

မြ။ ။“ဒီလိုပဲ ပြောလွန်းလို့ ကျွန်မဖြင့် ရှို့လဲရှို့၊ ကြောက်လဲကြောက်၊ နလုံးလဲနာတာပါပဲရှင်။ ကျွန်မက စိတ်ထဲရှိတာ အကုန်ဖွင့်ပြီးပြောလိုက်ရယင် တနည်းနည်းနဲ့ ဒုက္ခတွေ့မှာကို ကြောက်နေရပါတယ်ရှင်။ ဒါကြောင့် ကျွန်မက အလိုက်သင့်အလျားသင့်ပြောပြီး အချိန်ကို ဆွဲနေရပါတယ်ရှင်။ ကိုင်း ဒီတော့ အခုဖကြီးကိုအပါခေါ်ပြီး ဒီလူတွေလက်က လွတ်အောင် ကျွန်မတို့သုံးယောက် ထွက်ပြေးကြပါစို့ရှင်”ဟု ပြောလေလျှင်—

မောင်ဘထူးသည် ရှေးကကဲ့သို့ အံကြိတ်ကာ စဉ်းစားပြီးနောက် ပြောပြန်သည်မှာ—

ထူး။ ။“နှမရော နှမအဖေရော ဘာမှ မဖြစ်စေရပါဘူး နှမရယ်။ ဒီအကောင်တွေနဲ့တော့ ဒီတခါ ဘယ်သူ့အစွမ်းက ဘယ်လိုဆိုတာ သိရစေမပေါ့”

မြ။ ။“လာမယ့်ဓားကို ဝေးဝေးက ရှောင်တာ ကောင်းပါတယ်ရှင်”

ထူး။ ။(ရယ်မောလျက်) “နှမက ကျုပ်အကြောင်း မသိသေးပဲဟာကိုး။ ကျုပ်က ဒီလူမျိုးတွေနဲ့....။ အလို လှေကားက တက်လာတာ ဘယ်သူလဲ” ဟု ပြောဆဲတွင် အသက် ၂၅ နှစ်ခန့် အရွယ်ရှိ လူတယောက်သည် တုတ်ကောက်ကိုယမ်းလျက် ပိုင်ပိုင်နိုင်နိုင်ရှိသော အမူအရာနှင့် အိမ်ပေါ်သို့တက်လာရာ



www.burmeseclassic.com

www.burmeseclassic.com



ထိုသူမှာ အတော်အတန် မွန်ရည်သော ရုပ်ဆင်းသဏ္ဌာန်နှင့် ပြည့်စုံလျက် အသက်အရွယ် အလုံးအရပ်မှာ မောင်ဘထူးနှင့် မတိမ်းမယိမ်းမျှ ရှိလေသည်။

ထိုသူသည် မိမိ၏ဘွတ်ဖိနပ်ကို မချွတ်ပဲ အိမ်ပေါ်သို့တက်လာပြီးနောက် စားပွဲအနီးတွင် ထိုင်လျက်ရှိသော မောင်ဘထူးနှင့် မနန်းမြတို့အား စားမလို ဝါးမလို မျက်နှာထားနှင့် ခါးထောက်ကာ စိန်းစိန်းကြီးကြည့်လျက်နေလေ၏။

မနန်းမြသည် ထိုသူကို မြင်သည်နှင့်တပြိုင်နက်ထိတ်လန့်တုန်လှုပ်သော မျက်နှာထားနှင့် ထိုင်နေရာမှ ရုတ်တရက် ထ၍—

"ထိုင်ပါအုံး ကိုထွန်းခင်၊ ဒီကနေ့ စောစောစီးစီး ရောက်လာတာကိုးရှင့်" ဟု ပြောသော်လည်း မောင်ထွန်းခင်သည် ယက်အသက်ကို ခါးထောက်လျက် တဘက်သော လက်ဖြင့် မောင်ဘထူးအား တုတ်ကောက်နှင့် ညွှန်ကာ—

"ဒါက ဘယ်သူလဲ" ဟု မေးရာ—

မြ ။ ။"ဒီဟာက ကျွန်မတို့ မိတ်ဆွေ ကိုဘထူးပါတဲ့ရှင်။ ထမင်းလာခနဲ့ စားနေတဲ့ လူသစ်ပါပဲ"

ခင်။ ။(ဦးခေါင်းကို တချက် နှစ်ချက် ဆတ်လျက်) "မနန်းမြနဲ့ ကျုပ်နဲ့ ဘယ်လို အခြေအနေဆိုတာ မနန်းမြက ခင်ဗျားကို ပြောပြီးပြီ မဟုတ်လား"

ထူး။ ။"ဘာအခြေအနေမှန်း ဘာမှန်း ကျုပ်နားမလည်ဘူး"

ခင်။ ။"အလျင်က နားမလည်ယင် အခု နားလည်စေရမယ်။ မနန်းမြဆိုတာ ကျုပ်ရည်းစားပဲ။ ကိုင်း၊ ဒီတော့ ခင်ဗျား တဆိတ်လောက် လမ်းလျှောက်သွားယင် ကောင်းမယ် ထင်တယ်"

ထူး။ ။"ကျုပ် ဒီကနေ့ လမ်းလျှောက်ချင်တဲ့စိတ် မရှိဘူး"

ခင်။ ။(ဒေါသအမျက် ခြောင်းခြောင်းထွက်လျက်) "ဒါဖြင့် တချီတပွဲ သတ်ချင်တဲ့ စိတ်ကော ရှိရဲ့လား"

ထူး။ ။(ထိုင်ရာမှ ရုတ်တရက်ထလျက်) "ခင်ဗျား ဗေဒင်တတ်တယ် မှတ်တယ်"

မြ။ ။"ရှိကြီးခိုးပါရဲ့ရှင်တို့၊ ဒေါသမကြီးကြပါနဲ့။ သည်းခံပါ ကိုဘထူးရှင်။ ကိုဘထူး ဒုက္ခရောက်မှာ ကျွန်မ မြင်လွန်းလို့ အမှုက်ကို မျိုသိပ်လိုက်ပါ မောင်ကြီးရှင်"

ခင်။ ။"အောင်မယ် မောင်ကြီးတော့ ဘာတွေနဲ့ ဖြစ်ကုန်ပကိုး"

မြ။ ။"သည်းခံပါ ကိုထွန်းခင်။ ရှင် ကျွန်မကို တကယ်ချစ်ခင်ခဲ့လို့ ရှိယင် ဒေါသကို သိမ်းဆည်းပြီး သည်းခံတော်မူပါရှင်"

ထူး။ ။"နေပါစေ မနန်းမြရယ်၊ ကျုပ်တို့နှစ်ဦး ကိစ္စပြီးအောင် ရှင်းစမ်းပါရစေ။ ကိုင်း ကိုထွန်းခင်။ ဟိုဘက်နားမှာ နေရာလပ်တခုရှိတယ်။ သရောင်ကလဲ ကောင်းသနဲ့။ တချီတပွဲ နွဲစမ်းကြစို့လား"

ခင်။ ။"လူဖက်ခေါ်နှံတဲ့လူကို ဖက်ပြီး သတ်နေရအုံးမှာလား။ ဒီအိမ် ငါနေမိတာ မှားပြီဟဲ့လို့ တနေ့တော့ နောင်တကြီးရစေမယ်၊ ကြည့်သာနေရော့"

ထူး။ ။"တနေ့တော့တွေ ဘာတွေ လုပ်မနေပါနဲ့၊ ဒီကနေ့လောက် အခွင့်သာတဲ့နေ့ ဘယ်မှာ ရမလဲ။ လူဖက် ဟုတ် မဟုတ်ကိုတော့ သိကြပါလိမ့်မယ်"

ခင်။ ။"သူများ အလျင်လိုတိုင်း ကျုပ်မလိုက်နိုင်ဘူးဆရာရေ့။ ကျုပ်ကို ဘယ်လိုလူမှတ်တယ်ဆိုတာ သိရအောင်ဟာ ပြလိုက်ရအုံးမှာပေါ့" ဟု ပြောပြီးလျှင် လက်ဝဲဘက် အင်္ကျီလက်ကို မပြီး လက်မောင်းတွင် သံပူနှင့်နှိပ်ထားသော တံဆိပ်တခုကို ပြလျက် "ဒီဟာ ဘာမှတ်သလဲ ကြည့်စမ်း"

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ထူး။ ။"ဘာဖြင့် ဘာအရေး လုပ်ရအုံးမှာလဲ"

ခင်။ ။"ကောင်းပြီ၊ သိစေ့မယ်။ မကြာမီ သိရစေ့မယ်။ ဒီအကြောင်းကို နှင်းမြကို ပြောပြ ရစ်ပါလိမ့်မယ်။ နင်ကလေးလဲ နေနှင့်အုံး၊ နှင်တို့နှစ်ယောက်စလုံး မကြာခင် သိရစေ့မယ်"ဟု ပြောပြီး လျှင် ထိုသူနှစ်ဦးတို့အား စိန်းစိန်းကြည့်ပြီးနောက် အိမ်ပေါ်မှ ဆင်းသွားပြီးလျှင် တံခါးကို ဆောင့်၍ ပိတ်သွားလေ၏။

မောင်ဘထူးနှင့် မနှင်းမြတို့သည် အတန်ကြာအောင် ထိတ်ထိတ်နေကြပြီးနောက် မနှင်းမြသည် ရုတ်တရက် မောင်ဘထူး၏ လက်ကို ကိုင်လျက်—

"တယ်ပြီး သတ္တိကောင်းတဲ့ ကိုကိုထူးပါပေပဲရှင်၊ သို့သော် တယောက်နဲ့ ဆယ်ယောက်ဆိုတော့ ဘယ်နည်းနဲ့မှ နိုင်နိုင်ဖို့ရာ မရှိပါဘူးရှင်။ သူတို့လူစုကလဲ ဆိုးကာ ဆိုးပါဘိသနဲ့၊ အသက်ကို ဘာသသတ်မှာ ကြောက်ရပါတယ်ရှင်။ ကိုင်း ဒီတော့ အချိန်မနှောင်းရအောင် ဒီကနေ့ညပဲ ထွက်ပြေးပါစို့ရှင်"ဟု ပြောလေလျှင် မောင်ဘထူးသည် မနှင်းမြ၏လက်နှစ်ဘက်သုံးကိုကိုင်လျက် ကုလားထိုင်ပေါ်သို့ ထိုင်စေပြီး နောက် ကုလားထိုင်လက်တင်ကို လက်ဖြင့် ထောက်လျက်—

ထူး။ ။"မကြောက်ပါနဲ့ နှမရယ်၊ ကိုကို့အတွက် ဘာမှ မစိုးရိမ်ပါနဲ့၊ ကိုကိုလဲ အာဇာနည် အသင်းသားပါပဲ။ ကိုကိုလဲ ဆိုးစရာရှိယင် သူတို့အထဲက အဆိုးဆုံးလူနဲ့ ဘက်ပြိုင်ပြီး ဆိုးဝံ့မိုက်ဝံ့ ရက်စက်ဝံ့ ပါတယ်။ ကိုင်း ဒီလောက်တောင်ဖွင့်ပြောယင် ကိုကို့ကိုလဲ ရှုပြီး မုန်းသွားပြီ မှတ်တယ်"

မြ။ ။"ဘယ်တော့မှ မမုန်းနိုင်ပါဘူးရှင်။ ကိုကိုထူးကတော့ အသင်းသားဆိုပေမယ့် သူတို့လို ယုတ်မာတဲ့သဘော မရှိဘူးဆိုတာ အစကတည်းက ကျွန်မ သိပါတယ်။ အနို့ ဒါထက် ကိုကိုထူးလဲ အသင်း သားဆိုယင် အသင်းဥက္ကဋ္ဌ ဦးနေမျိုး သွားပြီး ကြည့်လိုက်ပါအုံးလားရှင်။ ကိုင်း ပြောနေကြရော့မယ်၊ ကိုယ်က အလျင်ဦးအောင်ဟာ အမှုမျက်ချင်း သွားချည်ပါလားရှင်"

ထူး။ ။"သွားဖို့ကြံနေတာ ကြာလှပါပြီ၊ ဒီကနေ့သွားပြီး အကျိုးအကြောင်း ပြောပြအုံးမှ တော်မယ်။ ဒီကနေ့တညပဲ ဒီအိမ်မှာ အိပ်ပါတော့မယ်။ နက်ဖြန်မနက် လင်းလင်းရှင်း ပြောင်းပါတော့ မယ်လို့ ဦးလာတော့ ပြောလိုက်ပါ နှမရယ်"

အာဇာနည်အသင်းဥက္ကဋ္ဌ ဦးနေမျိုးဆိုသူမှာ လက်ဖက်ရည်ဆိုင်တခုကို တည်ခင်းလျက် ကုန်သေး အမျိုးမျိုးတို့ကိုလည်း အိမ်ရှေ့ခန်း၌ ရောင်းချလျက်ရှိရာ အိမ်နောက်ခန်း၌ကား ဘိန်း အရက်မှ စ၍ လျှို ဝှက်သည့် ကုန်အမျိုးမျိုးတို့ကို တိတ်တဆိတ် ရောင်းချလျက် ရှိလေ၏။

စင်စစ်အားဖြင့်မူကား လက်ဖက်ရည်ဆိုင်နှင့် ကုန်စုံဆိုင်လုပ်ငန်းသည် နာမည်ကောင်းရုံမျှသာ ပြတန်း ပြလျက် ထားသော လုပ်ငန်းဖြစ်လေရာ အိမ်နောက်ခန်း၌ လျှို့ဝှက်၍ထားသော ကုန်စည်များသာလျှင် အမြတ်အစွန်း မြောက်မြားစွာ ရရှိခဲ့လေသည်။

သူ၏အိမ်နောက်ခန်းမှာ မြို့ပေါ်ရှိ လူပေ၊ လူတေ၊ လူလေလွင့်တို့၏ စုရုံးဆုံရာ ဖြစ်သဖြင့် နေ့ရော ညပါ လူစုမကွဲပဲ တဖွဲဖွဲ ဝင်ထွက်သွားလာလျက်ရှိကြရာ ဦးနေမျိုးသည် မိမိကုန်စည်များကို လူခပ်သိမ်း အား ရောင်းချပြာသော်လည်း ယင်းတို့နှင့် အရောတဝင် ခေါင်ပေါင်းသင်းလေ့ မရှိသည့်ပြင် ဂုဏ်ကြီး သော လူတယောက်ဖြစ်သည့်အလျောက် လူငယ်တစုတို့သည် ရိုဖန်ရိုခါ အလွန်အမင်း လေးစားမှုယစ် ကြသည် ဖြစ်စေကာမူ သူ့အား မလေးမစား မထီမဲ့မြင် မပြုဝံ့ကြသည့်ပြင် တခါတရံ မိမိတို့အချင်းချင်း ခိုက်ရန်ဖြစ်ပွားကြစေကာမူ ဦးနေမျိုး၏ စကားကို တော်လှန်ပြောဆိုခြင်းငှာ မဝံ့သဖြင့် ငြိမ်ဝပ်ပိပြားလျက် လူငယ်များအပေါ်၌ သြဇာတိက္ကမနှင့် ပြည့်စုံခဲ့သူတယောက် ဖြစ်ပေသည်။

---

တတိယအကြိမ်

www.burmeseclassic.com



တခါတရံ တစုံတယောက်သောသူသည် မူးယစ်အားကြီးသောကြောင့်ဖြစ်စေ၊ ပိုက်ဆံကြေးငွေ မာနတက်သောကြောင့်ဖြစ်စေ ဦးနေမျိုးအား ၊ထီလေးစား ပြုမိသောအခါ ဦးနေမျိုးသည် မိမိ၏ သတ္တိဂုဏ်၊ ဗျတ္တိဂုဏ်ဖြင့် နှိပ်ကွပ်ဆုံးမသည် ဖြစ်သောကြောင့် ခပ်သိမ်းသော သူတို့သည် သူ့အား ဖိုမ့်ဖိုမ့် တုန်မျှ ကြောက်ရွံ့ကြလေသည်။

ဦးနေမျိုးမှာ သားမယားလည်း မရှိ၊ ဆွေမျိုးဉာတိလည်း မရှိ၊ မိမိတယောက်တည်းသာ နေထိုင်လျက် ခိုင်းစေရန် အစေခံ နှစ်ယောက်တို့နှင့် စီးပွားဥစ္စာ ရှာဖွေစုဆောင်းလျက်ရှိရာ ရရှိသော အမြတ်အစွန်းတို့ကိုလည်း မိမိ၏ အဘင်းအတွက် သုံးစွဲလေ့ ရှိခဲ့လေသည်။

ထိုညဥ့် ၉-နာရီ အချိန်ခန့်တွင် လူငယ်တယောက်သည် လက်ဖက်ရည်ဆိုင်အတွင်းသို့ ဝင်လာ၍ ဦးနေမျိုးနှင့် တွေ့လိုကြောင်းကို အစေခံတယောက်အား ပြောလေရာ အစေခံသည် အိမ်နောက်ခန်းသို့ ဝင်ရောက် ပြောကြားသဖြင့် အလုံးအရပ် ထောင်ထောင်မောင်းမောင်း၊ မျက်ခုံးတုတ်တုတ်နှင့် ခပ်ကြုတ်ကြုတ်ရှိသော လူဘယောက်သည် အိမ်ရှေ့ခန်းသို့ ထွက်လာပြီးလျှင် ညှေ့သည်လူငယ်အား အတန်ကြာအောင် စိုက်ကြည့်နေရာ ဧည့်သည်လူငယ်လည်း အနည်းငယ်မျှ ထိတ်သန့်ကြောက်ရွံ့ခြင်း မရှိပဲ ဦးနေမျိုး၏ မျက်နှာကို စိုက်၍ ကြည့်နေလေ၏။

မျိုး။ ။“ဘာကိစ္စလဲ မောင်၊ မောင့်မျက်နှာကို ကျုပ်မမြင်ဖူးပါကလား”

ထူး။ ။“ကျွန်တော့်နာမည် မောင်ဘထူးပါတဲ့။ ကျွန်တော် ရောက်တာ မကြာသေးပါဘူး။ ဦးနေမျိုးကို တွေ့ချင်လို့ လာခဲ့ခြင်း ဖြစ်ပါတယ်”

မျိုး။ ။“တွေ့ရအောင်လာလို့ အခု တွေ့ရပြီ မဟုတ်လား။ ဘယ်လိုများ အကဲခတ်မိပါသလဲ ပေါင်”

ထူး။ ။“တွေ့ရတာလဲ အခုမှကိုးဗျ။ အကဲခတ်မိသလောက် ပြောရမှာဖြင့် လူလုံးလူဖန် ကြီးသလို စိတ်သဘောထားလဲ ကြီးခဲ့မယ်ဆိုယင် ဝမ်းသာစရာကြီးပေပေါ့ဗျာ”ဟု ပြောလေလျှင် ဦးနေမျိုးသည် မိမိအား ဤကဲ့သို့ မည်သူ တဦးတယောက်မျှ အရေတဝင် ပြောဆိုဖူးသည် မရှိသဖြင့် ဤနှုတ်ရဲသော လူငယ်အား စိတ်ဆိုးရမလိုလို၊ ချီးမွမ်းရမလိုလို ရှိနေသဖြင့်—

မျိုး။ ။(မပြုံးတပြုံး မချိုမချဉ် မျက်နှာထားဖြင့်) “ကျုပ် လူပုံလူပန်းကိုတော့ သဘောကျပြီ ဆိုပါတော့”

ထူး။ ။“မှန်ပါတယ်”

မျိုး။ ။“ကိုင်း ဒါဖြင့် ကိစ္စရှိတာ ပြောပါမောင်”ဟု ပြောလေလျှင် မောင်ဘထူးသည် မိမိအတွက် မှာထားသော လက်ဖက်ရည်တခွက်ကိုယူ၍ သောက်ယင်း လက်သန်းကို ထောင်၍ ပြလေ၏။

ဦးနေမျိုးလည်း မောင်ဘထူးအား စိုက်လျက် ကြည့်နေရာမှ—

မျိုး။ ။“ဩော် ဒီလိုလား။ ဒီဟာမျိုးဆိုတာ ဒီလောက်နဲ့ မပြီးနိုင်သေးဘူး မောင်ရဲ့၊ ကိုင်းကိုင်း၊ လက်ဖက်ရည် သောက်ပြီးယင် အိမ်နောက်ကို လိုက်ခဲ့စမ်းပါအုံး”ဟု ပြောပြီးလျှင် အိမ်နောက်ရှိ အခန်းငယ်တခုသို့ ပြောင်းရွှေ့စေပြီး မောင်ဘထူးအား အခန်းတွင်းသို့ ဝင်စေလျက် နေရာထိုင်ခင်း ပေးပြီးနောက် ဦးနေမျိုးသည် ထရံမှီလျက် လက်ပိုက်ကာ မောင်ဘထူး၏ မျက်နှာကို တမိနစ်ကျော်မျှ စေ့စေ့ကြည့်လျက်ရှိရာ မောင်ဘထူးလည်း အနည်းငယ်မျှ မျက်တောင်မခတ်ပဲ နှုတ်ခမ်းမွေးကို လက်တဘက်ဖြင့် လိမ်ကာ စေ့စေ့ပြန်၍ ကြည့်လေ၏။

---

တတိယအကြိမ်

www.burmeseclassic.com


ထို့နောက် ဦးနေမျိုးသည် မိမိခါး၌ အစဉ်အမြဲ ဆောင်ထားသော ဓားမြှောင်ကို ရုတ်ကရက် ထုတ်လျက် မြေကြီးကို ခြေဖနောင့်နှင့် ဆောင့်ပြီးလျှင်—

မျိုး။ ။"ဟေ့ တူမောင်၊ သာမညဉာဏ်ညနဲ့ တို့လိုလူစားကို လှည့်စားမယ်များ မကြံနဲ့နော်၊ ဟောဒီ ဓားသွားနဲ့ နံကြားကို စိုက်ကြည့်ရလိမ့်မယ်"

ထူး။ ။(အနည်းငယ်မျှ ထိတ်လန့်သည့် အမူအရာမရှိပဲ မတ်မတ်ပြင်၍ ထိုင်လျက်) "တသင်းသားတည်းလူချင်းကို အခုလို ခရီးဦး ကြိုဆိုလို့ တော်နိုင်ပါ့မလား ခင်ဗျာ"

မျိုး။ ။"အသင်းသားပဲဆိုတာ ထင်ရှားအောင် လုံလောက်တဲ့ သက်သေ ပြနိုင်ယင် ပြ၊ မပြနိုင်ယင် ဒုက္ခပဲ မောင်ရေ့။ အသင်းဝင်တာ ဘယ်မှာ ဝင်သလဲ"

ထူး။ ။"မန္တလေးမြို့ အသင်းရုံနံပါတ် ၂"

မျိုး။ ။"ဘယ်တုန်းကလဲ"

ထူး။ ။"၁၂၆၂ ခု၊ တပို့တွဲလဆန်း ၅ ရက်"

မျိုး။ ။"အသင်းဥက္ကဋ္ဌ ဘယ်သူလဲ"

ထူး။ ။"ဦးထင်ကျော်ပါတဲ့"

မျိုး။ ။"တော်တော်တော့ လျှာသွက်တဲ့ သူငယ်ပဲ၊ လျှာသွက်သလိုများ လက်သွက်ပါရဲ့လား မောင်"

ထူး။ ။"အရေးရှိတော့ စမ်းတာပ ခင်ဗျာ"

မျိုး။ ။"ဒါတော့ စိတ်ချပါမောင်။ နို့ နေပါအုံး၊ ဘာကြောင့် မန္တလေးက ခွာခဲ့ရပါသလဲ"

ထူး။ ။"မပြောလို့ အယျိုးနဲ့မရောပေါ့ ခင်ဗျာ"

မျိုး။ ။"ဘာဖြစ်လို့လဲ မောင်"

ထူး။ ။"အသင်းသား အချင်းချင်း လိမ်မပြောကောင်းဘူးဗျ"

မျိုး။ ။"မှန်တဲ့အတိုင်း ပြောရမှာ ခက်လို့လား"

ထူး။ ။"ဆိုပါတော့ဗျာ"

မျိုး။ ။"ဟေ့ သူငယ်၊ ဒီမှာကြည့်စမ်း။ ကိုယ့်ဥက္ကဋ္ဌကိုမှ စကားကုန်အောင် မပြောဝံ့တဲ့ အသင်းသားကို တို့က လက်မခံနိုင်ဘူးမောင်"ဟု ပြောလေလျှင် မောင်ဘထူးသည် အကြံရခက်သော အမူအရာနှင့် အတန်ကြာ စဉ်းစားပြီးနောက် သတင်းစာဖြတ်ပိုင်းတခုကို အင်္ကျီအတွင်းအိတ်မှ ထုတ်ပြီးနောက်—

ထူး။ ။"စကားကုန် ကျွန်တော်ကပြောယင် ခင်ဗျားက မဖော်ဘူးပေါ့လေ"

မျိုး။ ။"ဒါတွေ ငါ့မေးနေစရာ မရှိပါဘူးကွယ်"

ထူး။ ။"အမှုက ကြီးလေတော့ စိုးရိမ်မိတာပါခင်ဗျာ။ စိတ်ရှိပါနဲ့။ ကိုင်း ဟောဒီ သတင်းစာဖြတ်ပိုင်းကိုသာ ကြည့်ပါတော့"ဟု ပြောလျက် ဘတင်းစာဖြတ်ပိုင်းကို ဦးနေမျိုးအား ပြလေရာ ဦးနေမျိုးလည်း လွန်ခဲ့သည့် ၂ လသောက်အခါက မန္တလေးမြို့ ဈေးချိုတော်အနီး တခုသော အရက်ဆိုင်တွင် မောင်ဖိုးခန့်အမည်ရှိ လူတယောက်သည် ဓားလက်ချက်ဖြင့် သေဆုံးကြောင်း ဖတ်ရလေရာ—

"ဒါဟာ မင်းလက်ချက်လား"ဟု မေးသဖြင့် မောင်ဘထူးလည်း ခေါင်းညိတ်လေ၏။

မျိုး။ ။"ဘာမှုကြောင့် သတ်ခဲ့သလဲ မောင်"

---

ဒုတိယအကြိမ်

www.burmeseclassic.com



ထူး။ ။"ငွေစက္ကူလုပ်မှုပေါ့ဗျာ။ ကျွန်တော်က ငွေစက္ကူလုပ်ပေးပြီး သူက ထုတ်လဲသမားပေါ့ဗျ။ တခေါက်ဘာ့ သူက ကျွန်တော်နဲ့ စိတ်ဆိုးပြီး ပုလိပ်ကို သတင်းပေးမလေး ဘာလေးနဲ့ ခြောက်လေတော့ သူက ခင်ဗျား ကြောင့် ပိတ်လိုက်ရတာပေါ့ဗျာ"

မျိုး။ ။"ဟော်ပါပေ့ကွယ်။ ပထမ ငွေစက္ကူလုပ်မှု၊ နောက်ပြီး လူသတ်မှု။ တယ်နေရာကျတဲ့ လူပါကလား။ နို့ နေပါအုံး၊ စက္ကူလုပ်နည်းကော ပါခဲ့သေးသလား"ဟု မေးလျှင် မောင်ဘထူးသည် သားရေအိတ်ထဲမှ တအယ်တန် စက္ကူ ၄-၅ ချပ်ကို ထုတ်ပြီးနောက်—

ထူး။ ။"ဒီဟာတွေ ကျွန်တော့်လက်ရာပေါ့ ခင်ဗျ"

မျိုး။ ။(အသေအချာ ကြည့်ရှုလျက် အံ့ဩသောမျက်နှာထားနှင့်)"တော်ပါပေ့ကွယ်၊ တူလိုက်တဲ့ ဖြစ်ခြင်း။ ငါဖြင့် မခွဲခြားတတ်နိုင်ပါဘူးကွာ။ တော်လှပြီဟေ့။ တို့အသင်းထဲမှာ ဒီလိုလူတယောက်တော့ ရှိအုံးမှ တော်မယ်"ဟု ပြောဆဲတွင် အစေခံတယောက်သည် အခန်းဝတွင် လာ၍ ရပ်လေလျှင် ဦးနေမျိုးက—

"ဟေ့ ဘာလာရှုပ်သလဲ၊ သေချင်ပြီလား"

အစေခံ။ ။"ကိုထွန်းခင်က ဆရာကြီးနဲ့ တွေ့ချင်တယ်လို့ အတင်းခေါ်ပေးရမယ် ပြောနေလို့ လာရပါတယ်"

ထိုခဏတွင် မောင်ထွန်းခင်သည် အစေခံကို တွန်းဖယ်၍ အခန်းတွင်းသို့ ဝင်လာရာ မောင်ဘထူးကို မြင်သည်နှင့် တပြိုင်နက် ဒေါသထွက်သော အမူအရာနှင့်—

"ခင်ဗျားသာ ရောက်နှင့်နေပြီပေါ့လေ။ ကိုင်း ဦးနေမျိုး၊ ဒီအကြောင်းကို စကားတခွန်း နှစ်ခွန်း လောက် ကျွန်တော် ပြောစရာရှိပါတယ်"

ထူး။ ။"ပြောစရာရှိယင် ဒီ ကျုပ်ရှေ့မှာ ပြောပါလား"

ခင်။ ။"ကျုပ်ပြောချင်တဲ့နေရာ ပြောမှာပေါ့။ ခင်ဗျားအပူ မဟုတ်ပါဘူး"

မျိုး။ ။"ဟေ့ ဟေ့ မလုပ်ကြနဲ့လေ။ မောင်ထွန်းခင်ရဲ့ နေပါအုံးကွယ့်။ ဒီဟာက ငါတို့ အသင်းသား အချင်းချင်း၊ ရန်ဖြစ်နေလို့ ဘယ်တော်မလဲကွယ့်။ မင်းက မြို့ခံလဲ ဖြစ်တယ်၊ ဉ္စဝတ် မရကျရာ ကျလောက်မှပေါ့ မင်းက ဉ္စဝတ်ပြုလိုက်ပါကွယ်"

ခင်။ ။"မပြုနိုင်ဘူးဆရာ"

ထူး။ ။"ကျွန်တော့်အပေါ်မှာ မကျေနပ်ယင် ဘယ်အခါမဆို သတ်ဖို့ အဆင်သင့်ရှိပါတယ် ခင်ဗျာ။ လက်သီးချင်း လက်မှု သတ်မှု၊ ဓားချင်းယှဉ်ပြီး ခုတ်ရ ခုတ်ရ၊ သူသဘောကျသလို ကျွန်တော် သတ်ပါမယ် ခင်ဗျာ"

မျိုး။ ။"ဘာမှုလဲကွယ့်"

ထူး။ ။"ဒီနေ့မှုပေါ့ခင်ဗျာ။ သူကြိုက်တဲ့လူကို သူယူမှာပေါ့၊ မဟုတ်ဘူးလားခင်ဗျာ"

မျိုး။ ။"ဪ ဒါကော့ မှန်တယ်။ အသင်းသား အချင်းချင်းဖြစ်တဲ့အတွက် မိန်းကလေးကြိုက်ရာ ယူရမှာပေါ့"

ခင်။ ။"ဪ ခင်ဗျား ဒီလိုပဲ ဆုံးဖြတ်သလား"

မျိုး။ ။"အေး၊ ဒီလိုပဲ ဆုံးဖြတ်တယ်ဟေ့။ မင်းက ဘာများ ပြောချင်သေးလို့လဲ"

ခင်။ ။"ဟော်ပါပေ့ဗျာ။ တသက်လုံး အတူတူတဲ့ပြီး လုပ်လာခဲ့တဲ့ လူတကို့တော့ မလိုက်၊ ကနေ့မှ တွေ့တဲ့ လူတကိုလိုက်ပြီး ခင်ဗျား ဆုံးဖြတ်တာ တော်ပါပေ့ဗျာ။ သိကြရောပေါ့ ဦးနေမျိုးရယ်၊



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားလဲ တသက်လုံး ဥက္ကဋ္ဌဖြစ်နေမှာ မဟုတ်သေးပါဘူး။ နောက်အခါ ရွေးကောက်ပွဲကျယင်....''ဟု ပြော၍ စကားမဆုံးမီ ဦးနေမျိုးသည် ကျွဲးဟိန်းသည့် အသံကဲ့သို့ပါးစပ်မှ မြည်လျက် ထိုင်ရာမှ ရုတ်တရက် ထပြီးလျှင် မောင်ထွန်းခင်၏ လည်ဂုတ်ကို ညှစ်လျက် ထရန်နှင့် ခေါင်းကို ထချက်ပြီးလျှင် တချက် တိုက်လေရာ မောင်ဘထူးက ရုတ်တရက် ထ၍''လွန်ကုန်မလေဦးနေမျိုး၊ တော်ပါတော့ ''ဟုပြော၍ ဦးနေမျိုး၏ လက်ကိုဆွဲကာ အတင်း ဖျန်ဖြေလိုက်သည့်အခါမှ မောင်ထွန်းခင်သည် ထခုခံသော်လည်း ခွေယိုင်ကာ လဲသွားလေ၏။

ထို့နောက် မောင်ထွန်းခင်သည် ဖုတ်ဖက်ခါ၍ ထလျက် လည်ပင်းကို သက်နှင့်နှိပ်ကာ ထယိုင်ယိုင် ရှိနေလေလျှင်—

မျိုး။ ။''မင်းက ဒီလိုအလုပ်ခံချင်လွန်းလို့ သေးတောင်းနေတာ ကြာလှပြီ။ ဒီအခါ မင်းအလို ပြည့်တော့တာကိုးကွယ့်။ ဥက္ကဋ္ဌ ရာထူးက ငါကျလို့ရှိယင် မင်း ဥက္ကဋ္ဌဖြစ်ဖို့ အသေးသော အသင်းသားမျှား သဘောပေပေါ့။ သို့သော် အခု ငါ ဥက္ကဋ္ဌဖြစ်နေသေးတဲ့အခါမှာတော့ ငါ့အားကို ဖီဆန်ခဲ့ယင် ဖီဆန်တဲ့ အလျောက် ဆုံးမရလိမ့်မယ်ဟေ့''

ခင်။ ။''ဆရာကြီးကိုတော့ ကျွန်တော် ပြောစရာ မရှိပါဘူးဗျ''

မျိုး။ ။''ကိုင်း၊ ဒီကိစ္စဟာ ဒီတင်ပြီးရှိပေါ့ကွယ်၊ ကိုင်း ကိုင်း၊ အသင်းသား အချင်းချင်း တွေ့ဆုံကြတဲ့အခါ ပျော်ပျော်ပါးပါးပေါ့ကွယ်''ဟု ပြောပြီးလျှင် ဦးနေမျိုးသည် အရက်တလုံးကို ယူခဲ့စေ၍ သူငယ်နှစ်ယောက်တို့အား ငှဲ့ပေး၍ မိမိလည်း အနည်းငယ် သောက်ပြီးနောက်—

''ကိုင်း ကိုင်း၊ သင့်သင့်မြတ်မြတ် နေကြကွယ့်နော်။ ဒီက ရှေ့သက်ပြီး မိမှားကြယင် အသင်း ဥပဒေအတိုင်း စီရင်ရလိမ့်မကွယ့်''ဟု ပြောလေလျှင် မောင်ဘထူးသည် မောင်ထွန်းခင်၏ အနီးသို့ ချဉ်းကပ်လျက် ပခုံးကို ကိုင်ပြီးလျှင်—

''ကျုပ်ကတော့ စိတ်လဲ ဆိုးလှယ်တယ်၊ ပြေလဲ ပြေလွယ်ပါတယ်ဗျာ၊ ဒီအရှေ့ကို ကျုပ်ကဖြင့် ရန်ငြိုးမဖွဲ့ပါဘူး''ဟု ပြောလေလျှင် မောင်ထွန်းခင်သည် အချက်မပြောသော်လည်း ဦးနေမျိုးကို ကြောက်သည်နှင့် မပြုံးချင့် ပြုံးချင်နှင့် ပြုံးလျက် မောင်ဘထူး၏ ပခုံးကို ကိုင်ပြီးလျှင်—

''ကျုပ်လဲ ဒီသဘောအတိုင်းပါပဲဗျာ''ဟု ပြောလေ၏။

ထို့နောက် ဦးနေမျိုးသည် မောင်ဘထူးနှင့် မောင်ထွန်းခင်တို့၏ ပခုံးကို သာသာစီ ပုတ်လျက်—

''အသင်းသားချင်းဆိုတာ ဒီလိုမှပေါ့ကွယ်။ ကြောင် မိန်းမ၊ မိန်းမ။ လူပြည်မှာ တွေ့ကြရသမျှ အမှုမျိုးတွေဟာ ဒင်းတို့က အစချည်းပဲ။ ဒီအမှုကတော့ အသင်းဥပဒေနဲ့ တယ်ပြီး မသက်ဆိုင်ပါဘူး။ အသင်းသားအချင်းချင်း သင့်မြတ်ကြယင် ပြီးတာပါပဲ။ ကိုင်း ကိုင်း၊ မောင်ဘထူးလဲ ဒီ အသင်းဥပဒေ စည်းကမ်းအတိုင်း အသင်းသားအဖြစ် သွတ်သွင်းဖို့ကိစ္စ ရှိသေးတယ်၊ ငါ့ကို ချည်းနေ ကြ မန္တလေးက စည်းကမ်းနဲ့ မတူဘူးကွယ့်။ ခုလာမည့် စနေနေ့မှာ အသင်း အစည်းအဝေးလဲ ရှိသေးတော့ အခန့်သင့်ပဲ''

× × ×

နောက် စနေနေ့ည သန်းခေါင် အချိန်ခန့်တွင် မိုးကုဘ်မြို့ပေါ်ရှိ တခုသောမြို့ကွက်၌ အိမ်ရှင်မရှိသော နေအိမ်ကြီး တဆောင်တွင် လူတို့သည် တယောက်ပြီး တယောက် ဝင်သွားကြလေ၏။

၁၂ နာရီထိုးသည်နှင့် တပြိုင်နက် အခန်းတခု အတွင်းတွင် လူ ၁၅ ယောက်ခန့်မျှ စုရုံးမိကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ယင်း အခန်းတွင် သီးသန့်ထားသော နေရာတခု၌ ဥက္ကဋ္ဌ ဦးနေမျိုးသည် ထင်ပျဉ်ခွေလျက် ထိုင်နေရာ သူ၏ ဝဲယာ၌ကား မောင်ထွန်းခင်နှင့် အခြား အသင်းလူကြီးတယောက်သည် ထိုင်လျက်ရှိကြလေ၏။ အားလုံးသောလူတို့မှာ စကားတခွန်းမျှမပြောပဲ ဆိတ်ဆိတ်သာလျှင်နေကြသည့်ပြင် အားလုံးသော လူတို့မှာလည်း မည်းနက်သော အဝတ်မျိုးကို ဝတ်ဆင်လျက် အချိန်မှာလည်း သန်းခေါင်ကျော်ဖြစ်သဖြင့် တမြို့လုံး တိတ်ဆိတ်လျက် နေလေ၍ကား မကောင်းဆိုးရွား သရဲသဘက်တို့ စုရုံးတိုင်ပင်လျက် ရှိသကဲ့သို့ အလွန်တရာ အသည်းနှလုံး တုန်လှုပ်ဖွယ် ကောင်းလှပေ၏။

တအိမ်လုံးမှာသည်း မီးတခွက်မျှ မထွန်းညှိပဲ မှောင်နှင့်မည်းမည်းသာ ရှိနေရာ အစည်းအဝေး ကျင်းပသော ခန်းမတံခါးအနီးမှာကား မောင်ဘထူးအား တဘက်တချက်၌ အသင်းသား တယောက်စီ ညှပ်လျက် ရပ်နေကြလေ၏။

ထို့နောက် ခန်းမကြီးအတွင်းမှ ကြေးဖလားကို သုံးချက်တီး၍ အချိန်းအချက်ပေးလိုက်သော်အခါ အသင်းသား နှစ်ယောက်သည် မောင်ဘထူး၏ အပေါ်ဝတ် အင်္ကျီကို ချွတ်ယူကြပြီးလျှင် ရှပ်အင်္ကျီ လက်ဝဲဘက် လက်ကို ပင့်စေပြီးနောက် လက်ပြန်ကြိုး ချည်လေ၏။

ထို့နောက် မောင်ဘထူး၏ မျက်စိကို လက်ကိုင်ပဝါနက် တခုဖြင့် ချည်နှောင်ပေးပြီးလျှင် လက်တဘက်စီ ကိုင်ဆွဲလျက် အခန်းမကြီးအတွင်းသို့ ခေါ်သွားကြလေ၏။

အခန်းတွင်းသို့ ရောက်လျှင် မောင်ဘထူးအား အသင်းသားတို့၏ အလယ်၌ ရပ်စေပြီးနောက် ဦးနေမျိုးသည် တည်ငြိမ် လေးနက်သော အသံဖြင့်—

မျိုး။ ။"မောင်ဘထူး၊ မောင်မင်းသည် အာဇာနည် အသင်းသားတယောက် ဖြစ်ပါသလော"

ထူး။ ။"မှန်ပါသည် ခင်ဗျား"

မျိုး။ ။"မောင်မင်းသည် မန္တလေးမြို့ အသင်းရုံးနံပါတ် ၂ တွင် အသင်းဝင်ခဲ့ဖူးပါသလော"

ထူး။ ။"မှန်ပါသည် ခင်ဗျား"

ထို့နောက် အသင်းသား ဟုတ် မဟုတ်ကို စစ်ဆေးလိုသဖြင့် အသင်းသားတို့သာလျှင် သိရှိရသော လျှို့ဝှက်စကားတို့ဖြင့် စစ်ဆေးပြန်လေရာ—

မျိုး။ ။"မှောင်မိုက်ယင် အသွားအလာ မခက်ပါသလော"

ထူး။ ။"မီးထွန်းယင် လင်းပါတယ် ခင်ဗျာ"

မျိုး။ ။"ရွှေလမှာ တိမ်ဖုံးယင် ဘာဖြစ်သလဲ"

ထူး။ ။"တမိုးလုံး မိုက်ကာ မှောင်ပါတယ် ခင်ဗျား"

မျိုး။ ။"ကိုင်း အသင်းသားများ ကျေနပ်ကြပြီလား"

အသင်းသားတို့သည် ကျေနပ်ကြပါကြောင်းနှင့် ပြောကြလေ၏။

မျိုး။ ။"ကိုင်း မောင်ဘထူး၊ မောင်မင်းသည် အသင်းသား ဖြစ်ခဲ့ဖူးကြောင်းကို ငါတို့ စိတ်ကျေနပ်ပြီ။ သို့သော် အခြားမြို့များ စည်းကမ်းနဲ့ ဤမြို့စည်းကမ်းကမတူ၍ ဤမြို့စည်းကမ်းအတိုင်း အစမ်းအသပ် ခံဝံ့ပါသလော"

ထူး။ ။"ခံဝံ့ပါသည် ခင်ဗျား"

မျိုး။ ။"မောင်မင်း သတ္တိကောင်းပါ၏လား"

ထူး။ ။"ကောင်းပါသည် ခင်ဗျား"

မျိုး။ ။"သတ္တိကောင်းယင် ရွှေကို ခြေတလှမ်းတက်စမ်း"

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ထိုခဏ၌ ထက်မြက်သော အချွန် နှစ်ခုသည် မောင်ဘထူး၏ မျက်လုံးကို ထောက်လျက်ရှိရာ မောင်ဘထူးသည် ရှေ့သို့ အနည်းငယ်မျှ ရွေ့လိုက်လျှင် အချွန်တို့သည် မျက်လုံးကိုပင် ဖောက်၍သွားမည် ကဲ့သို့ ရှိနေလေ၏။

သို့ရာတွင် မောင်ဘထူးသည် စိတ်ကိုတင်းလျက် ဖြစ်လိုရာဖြစ်စေ အညှိုးခံဟု အောက်မေ့လျက် ခပ်သွက်သွက် လှမ်းလိုက်ရာ အချွန်တို့သည် ကွယ်ပျောက်၍သွား၏။ အသင်းသားများတို့သည် တီးတိုး သြဘာပေးကြလေ၏။ ထို့နောက်—

မျိုး။ ။''သတ္တိကောင်းကြောင်းတော့ဖြင့် ထင်ရှားပြီဟေ့။ သို့သော် ခံနိုင်ရည် ရှိရဲ့လား''

ထူး။ ။''သူများနည်းတူတော့ ခံနိုင်ပါတယ် ခင်ဗျား''

မျိုး။ ။''ကိုင်း၊ စမ်းကြည့်ကြစမ်းဟေ့''

ထိုခဏ၌ မောင်ဘထူး၏ လက်ဝဲဘက် လက်မောင်းတွင် အလွန်တရာ နာကျင်လှသော ဝေဒနာသည် ရုတ်တရက် ဖြစ်ပေါ်လာလေရာ မောင်ဘထူးသည် ဟစ်အော်မိမည်ကို စိုးရိမ်သဖြင့် ပါးစပ်ကို စေ့လျက် နှုတ်ခမ်းများကို ကိုက်ကာ အောင့်အည်း၍ ခံရလေ၏။ ထို့နောက်—

ထူး။ ။''ဒီ့ထက် ကျွန်တော် ခံနိုင်ပါတယ် ခင်ဗျား''

ဤအကြိမ်၌ကား အသင်းသားတို့သည် အားပါးတရ ချီးမွမ်းကြလျက် လက်ကို ကိုင်သူက ကိုင်၊ ပခုံးကို ပုတ်သူက ပုတ်ကြပြီးလျှင် မောင်ဘထူး အသည်းကောင်းသည့် အကြောင်းကို ချီးမွမ်း ပြောဆိုကြ လေ၏။ ထို့နောက်—

မျိုး။ ။''နောက်ဆုံး စကားတခု ပြောဖို့ရှိသည်မှာ မောင်ဘထူးက သစ္စာဖောက်ယင်တော့ သေစတမ်းကွယ့်နော်''

ထူး။ ။''မှန်ပါတယ်၊ ဝန်ခံဝံ့ပါတယ်''

မျိုး။ ။''အဆုရာတိုင်းမှာ ဥက္ကဋ္ဌ စကားကို နားထောင်ရမယ်နော်''

ထူး။ ။''မှန်ပါ။ နားထောင်ပါ့မယ်''

မျိုး။ ။''ကိုင်း ကိုင်း၊ အသင်းသားအဖြစ် သွတ်သွင်းတဲ့ ကိစ္စတော့ ပြီးကြလေပြီ။ အသင်း စည်းဝေးဖို့ပဲ လိုတော့တယ်။ မောင်ဘထူးကလဲ အင်္ကျီများ ဝတ်ပေတော့''ဟု ပြောလေလျှင် အသင်းသား တယောက်သည် မောင်ဘထူးအား လက်ပြန်ကြိုးများကို ဖြေပြီးနောက် အင်္ကျီကို ဝတ်စေသည် ဖြစ်ရာ မောင်ဘထူးသည် အဝတ်နက် ဖုံးလျက်ရှိသော မီးအိမ်တခု၏ အရောင်တွင် မိမိ၏ လက်ဝဲ လက်မောင်း၌ ဏ အက္ခရာနှင့် ယ အက္ခရာတို့ကို (ဏ္ဍ) ၂ လုံးဆင့်လျက် သံပူနှင့် နှိပ်ထားသဖြင့် အသား နီရဲရဲ ရှိနေသည်ကို တွေ့မြင်ရလေ၏။

အချို့သော အသင်းသားတို့က မောင်ဘထူးအား—

''တော်ပါပေတယ်ဗျာ၊ တချက်ကမှ မအော်ပေဘူး၊ ကျုပ်တို့အထဲမှာ ဒီလောက် အသည်းကောင်း တဲ့လူ တယောက်မှ မရှိဘူး''ဟု ပြောလေလျှင် မောင်ဘထူးသည် အသားဆတ်ဆတ်တုန်အောင် ပူလောင် နာကျင်လှသော်လည်း—

''ဒီလောက်ကလေးများတော့ အရေးမကြီးလှပါဘူးဗျာ''ဟု ပြန်ပြောလေ၏။

ထို့နောက် အစည်းအဝေး စတင်ကျင်းပရာ တယောက်သော အသင်းသားဏ မိမိသည် ငွေတိုး ပေး၍ စားသော ဦးချောဆိုသူ၏ထံမှ ရင်းနှီးရန်အတွက် ငွေငါးထောင် ချေးငှားရာ စီးပွားပျက်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ထိုငွေကို မ[illegible] ရှိသည်တွင် မိမိမှာ နေအိမ်နှင့်တကွ ပစ္စည်းအားလုံးကို ဝရမ်းဖမ်းဆီးခြင်း ခံရသဖြင့် [illegible] အိမ်ခြေရာမဲ့ ရှိနေရကြောင်း။

ယင်း ဦး[illegible] ခရီးနှမ်းပါးသူ ဖွဲ့အပေါ်၌ အတိုးငွေကို ဘယ်အခါမျှ လျှော့ပေါ့ခြင်းမရှိပဲ အတိုအကျ[illegible]ယူ[illegible]သည့်အပြင် မပေးဆပ်နိုင်သူ မြီစားတို့အားလည်း ပစ္စည်းကို ဝရမ်းဖမ်း၍ လူကိုလည်း [illegible]များနှင့် ပြောဆိုလေလျှင် ထိုသူကို ဆုံးမထိုက် မဆုံးမထိုက် မဲနှိုက်ကြရာ ဆုံးမထိုက်[illegible] လူဦးရေ များလေ၏။

ထိုအခါ ဦး[illegible] ညှိကိစ္စ၌ မည်သူများက ဆောင်ရွက်လိုကြသည့် အကြောင်းကို လက်ထောင်ကြစေရာ လူ[illegible]တို့လည်း သွက်လက်စွာ လက်ထောင်ကြလေ၏။

ယင်းတို့ [illegible] မောင်ထွန်းခင်နှင့် မောင်ဘထူးတို့လည်း ပါကြသေ၏။

ထိုအခါ ဦး[illegible] သူငယ် ၄ ယောက်ကို ရွေးချယ်၍ ထိုကိစ္စကို လွှဲအပ်ပြီးနောက် မောင်ထွန်းခင်အား [illegible] မောင်ဘထူးအား အသင်းစည်းကမ်းအကြောင်းများကိုနားလည်စေရန် [illegible] ပြီးနောက်—

မျိုး။ ။"[illegible]မှာ လက်ကျန်ငွေ ဘယ်လောက်ရှိသလဲ"

ငွေထိန်း။ ။"[illegible] ရှစ်ဆယ့်ရှစ်ကျပ် ဆယ့်လေးပဲ ကျန်ပါတယ်"

မျိုး။ ။"[illegible] သုက်သစ်တဲ့ ကိစ္စအတွက် စရိတ် ဘယ်လောက် ကုန်သလဲ"

ငွေထိန်း။ ။"[illegible] ကုန်ပါတယ်"

မျိုး။ ။"[illegible] ကိစ္စတုန်းကကော"

ငွေထိန်း။ ။"[illegible]သုံးဆယ် ကုန်ပါတယ်"

မျိုး။ ။"[illegible]တယ်ဟေ့။ သို့ပေမယ့် လက်ကျန် များပါသေးရဲ့။ ဦးဖိုးဆင့်က [illegible] ဘူးသို့ ရတုန်းက အသင်းကို ငွေဘယ်လောက် လှူသလဲ"

ငွေထိန်း။ ။"[illegible] လှူပါတယ်"

မျိုး။ ။"[illegible] အလျှော်ကိစ္စမှာ ဆောင်ရွက်ပေးတုန်းက အသင်းက ဘယ်လောက်ငွေရသလဲ"

ငွေထိန်း။ ။"[illegible] ရပါတယ်"

မျိုး။ ။"[illegible] သွန်းခင်၊ အခုအမှုမှာ သေလောက် ပျောက်လောက်တော့ မလုပ်ခဲ့ကြပါနဲ့ကွယ်။ [illegible]"ဟု ပြောပြီးလျှင် အခြားအရေးမကြီးသော ကိစ္စများကို ဆက်သက် တိုင်ပင် [illegible] နောက် အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြလေ၏။

အခြားအသင်း[illegible] ပြန်ထွက်သွားကြပြီးနောက် မောင်ထွန်းခင်၊ မောင်ဘထူးနှင့် အခြားသူငယ် ၄ ယောက်တို့[illegible] မိမိတို့ ဆောင်ရွက်ရန် ကိစ္စအကြောင်းကို ဆက်လက် တိုင်ပင်ကြပြီးနောက် ၆ ဦးသားတို့[illegible] ဝင်ကြလေ၏။

တခုသော [illegible] ဆိုက်ရောက်ကြလေလျှင် မောင်ထွန်းခင်သည် ခေါင်းသူကြီးအဖြစ်နှင့် စီမံခန့်ခွဲလျက်ရှိသော [illegible]—

"ဟေ့ လူ[illegible] ပေါက်စေဖို့ လုပ်ပေတော့။ ကိုင်း ကျန်တဲ့လူများ လာကြဟေ့" ဟု ပြောပြီးလျှင် [illegible] လက်နက် ကိရိယာများဖြင့် တံခါးများကို တိတ်တဆိတ် တိုက်ဖျက် ချိုးဖဲ့ကြပြီးနောက် အိမ်ပေါ်သို့ တက်သွားကြလေ၏။

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



မောင်ဘထူးမှာ အိမ်အောက်၌ ကျန်ရစ်သည်ဖြစ်ရာ တခဏမျှကြာလျှင် အိမ်ပေါ်မှ အော်သံတချက် ကြားရပြီးနောက် တိတ်သွား၍ ကြိမ်လုံးသံ၊ တုတ်သံ၊ လက်သီးသံတို့သည် တဝုန်းဝုန်း တဗုန်းဗုန်း တအုန်းအုန်း မြက်လျက်ရှိသည်ကို ကြားရသဖြင့် အိမ်ပေါ်သို့ ပြေးတက်သွားလေ၏။

အိမ်ပေါ်သို့ရောက်လျှင် ကြမ်းပေါ်၌ဝပ်ထား ဦးခေါင်းကို လက်ဖြင့် ဖုံးအုပ်လျက် ခံနေရရှာသော အဘိုးကြီးတယောက်အား မောင်ထွန်းခင်သည် မိမိ၏တုတ်ကောက်နှင့် တချက်ပြီးလျှင် တချက် ရက်စက်စွာ မနားမနေ အားရပါးရ ရိုက်နှက်လျက်ရှိသည်ကို တွေ့ရလေလျှင်—

ထူး။ ။"တော်တော့ဗျာ၊ ကြာတော့ သေသွားလိမ့်မယ်"

ခင်။ ။(အလွန်အံ့ဩသော မျက်နှာထားနှင့်) "ဒီလူ ဘယ့်နှယ်လူလဲ၊ ခင်ဗျားအပူလား။ အသင်းသားမှန်ယင် ချက်ချင်း နောက်ကို ဆုတ်လိုက်ပါ"ဟု အမိန့်ပေးလျက် တုတ်ကောက်နှင့် ရွယ်လေလျှင် မောင်ဘထူးသည် ခါးမှ ဓားမြှောင်ကို ထုတ်လျက်—

ထူး။ ။"ခင်ဗျား ဆုတ်လိုက်ပါ။ ကျုပ်ကို တချက်ထိလိုက်ယင် ခင်ဗျားအသက် ချက်ချင်း ထွက်သွားရပါလိမ့်မယ်"

ခင်။ ။"အသင်း အမိန့်ကို ခင်ဗျားမသိဘူးလား"

ထူး။ ။"အသင်းအမိန့်က သေအောင်သတ်ဖို့ မပါဘူး။ ခင်ဗျားတို့ အခုတော့ သေအောင်သတ်နေကြတာပဲ"ဟု ပြောလျက်ရှိစဉ် တယောက်သော အသင်းသားက—

"ဟော လမ်းပေါ်ကလူတွေပါလားဗျို့၊ လူတွေဟာ ဒီကိုလာကြတာပဲ။ လာကြဟေ့၊ နောက်ဖေးက ပြေးကြရအောင်"ဟု ပြောသဖြင့် ခြောက်ယောက်သားတို့သည် အိမ်ပေါ်မှ ဆင်းပြေးကြလေ၏။

× × ×

မောင်ဘထူးသည် ထိုနေ့မှစ၍ ဦးသာအောင်နှင့် မနန်းမြတို့ အိမ်မှ ပြောင်းရွှေ့ခဲ့ပြီးလျှင် မြို့စွန်ရှိ တခုသော အဘိုးကြီး လင်မယားအိမ်၌ နေထိုင်ခဲ့သည်ဖြစ်ရာ တနေ့သ၌ ဦးနေမျိုးသည် အိမ်ပေါ်သို့ တက်လာ၍—

"ဘယ့်နှယ်လဲ မောင်ဘထူး၊ ဟိုကိစ္စတုန်းက ထွန်းခင်က မင်းလုပ်ပုံ မကျေနပ်ဘူး ဆိုပါကလား"

ထူး။ ။"အလကားပါ ဆရာကြီးရယ်။ ကျွန်တော်က အမိန့်အတိုင်း တသဝေမတိမ်းအောင်...."

မျိုး။ ။"သူကပြောတော့ မင်းက ဝင်ပြီး စွက်ဖက်တယ် ဆိုပါကလား"

ထူး။ ။"ဘာဟုတ်လိမ့်မလဲ ဆရာကြီးရယ်၊ ကျွန်တော်က ဆရာကြီးအမိန့်အတိုင်းထက် လွန်နေသွားမှာစိုးလို့ သတိပေးရတာပါခင်ဗျ"

မျိုး။ ။"ဟုတ်ပါရဲ့။ မောင်ထွန်းခင်က တယ်ပြီး လက်လွန်ချင်တဲ့ လူကလေးတယောက်ပဲ"ဟု ပြောဆဲတွင် ပုလိပ်အင်စပက်တော်တယောက်နှင့် ပုလိပ်သားသုံးယောက်တို့သည် အိမ်ပေါ်သို့ တက်လာကြရာ မောင်ဘထူး၏လက်သည် ရုတ်တရက် ဓားမြှောင်ရိုးကို ဆုပ်ကိုင်မိသော်လည်း အင်စပက်တော်၏ လက်မှ ခြောက်လုံးပြူးသေနတ်ကို မြင်သဖြင့် ဓားမြှောင်ကို လွှတ်လိုက်၍ ခါးတောက်ကြည့်လျက်ရှိနေ၏။

အင်။ ။"ကိုင်း ဆရာရေ့၊ ဒီတခါ မိပြီ။ မနေ့လေးက ဖိုးခန့်သတ်တုန်းကလိုတော့ ချောင်လိမ့်မယ် မထင်နဲ့"

ထူး။ ။ဖိုးခန့်ကို ကျုပ်သတ်တာလဲ မဟုတ်ပါလား"

အင်။ ။"သက်သေက မလုံလောက်လို့ပေါ့ကွယ်။ မင်းသတ်မှန်းတော့ အသိသားပေါ့"

ထူး။ ။"ခင်ဗျားတို့ တတ်နိုင်ယင် ကိုင်ကြတာပေါ့လေ"

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



မျိုး။ ။"နေပါအုံး အင်စပက်တော်ရဲ့၊ ဒါက ဘာမှုတဲ့လဲ"

အင်။ ။"ဦးချောတို့ အိမ်ကို တက်ပြီး ရိုက်နှက်မှုပေါ့ဗျာ"

မျိုး။ ။"ဟာ ဒါဖြင့် လွဲကုန်ပြီ၊ ဟိုညက မောင်ဘထူးဟာ ကျုပ်တို့အိမ်မှာ မိုးအလင်း ကက်ဆွဲနေပါတယ်"

အင်။ ။"နားမလည်ဘူး ဆရာကြီး။ ရုံးကျမှ ထုချေပေးတော့၊ ကိုင်း ဖိုးမင်းတို့၊ လက်ထိပ်ခတ်ကြဟေ့"ဟု ပြောသဖြင့် ပုလိပ်သားတို့သည် မောင်ဘထူး၏ အနီးသို့ ချဉ်းကပ်မည်ပြုကြလေလျှင် ဦးနေမျိုးသည် ငွေစက္ကူလုပ်သော ကိရိယာတန်ဆာများအတွက် စိုးရိမ်သဖြင့်–

"ဟိုဟာတွေ ဘယ့်နှယ်လဲ"ဟု တိုးတိုးမေးလေရာ မောင်ဘထူးက–

"ကိစ္စမရှိပါဘူး ဆရာကြီးရယ်။ သိမ်းဆည်းပြီးပါပြီ"ဟု တိုးတိုး ပြန်၍ ပြောလေ၏။

ထို့နောက် ပုလိပ်အရာရှိတို့သည် မောင်ဘထူးကို ဌာနသို့ ခေါ်ဆောင်သွားကြလေ၏။

ပုလိပ်သားတို့သည် မောင်ဘထူးကို ဌာနသို့ ခေါ်ဆောင်သွားကြသောအခါ အင်စပက်တော်သည် မောင်ဘထူး၏ အိပ်ခန်းသို့ ဝင်ရောက်ရှာဖွေရာ ငွေစက္ကူလုပ်သည့် ကိရိယာနှင့်တူသော ဝတ္ထု တစုံတရာမျှ မတွေ့ရှိသဖြင့် ဌာနသို့ လိုက်သွားလေ၏။

မောင်ဘထူးနှင့် အခြားတရားခံ ၅ ဦးတို့သည် ထိုနေ့မှစ၍ အချုပ်ထောင်၌ အချုပ်ခံ၍ နေကြရပြားသော်လည်း အစားအသောက်၊ ကွမ်းယာ၊ ဆေးလိပ်မှစ၍ လူမှုအသုံးအဆောင် အမျိုးမျိုးတို့ကို ဦးနေမျိုးက ငွေကုန်ကြေးကျခံ၍ မရောက်လျှင် ရောက်အောင် ပို့သလျက်ရှိရာ ရံဖန်ရံခါ စိတ်ညစ်ညူးခြင်း ပြေပျောက်စေရန် အရက်ပုလင်းများကိုပင် လျှို့ဝှက်ပို့ပေးလျက် ရှိလေ၏။

မောင်ဘထူးတို့၏အမှုကို စစ်ဆေးသည့်အခါ၌လည်း ဦးနေမျိုးသည် အသင်းငွေဖြင့် မန္တလေးမြို့မှ အကောင်းဆုံး ဝတ်လုံများကို ငှားရမ်းလျှောက်လဲစေသည်ဖြစ်ရာ အမှုမှာ သက်သေ မလုံမလောက်ရှိသဖြင့် ဦးနေမျိုးကိုယ်တိုင်ကလည်း ယင်းတို့လူစုသည် ထိုနေ့ညက မိမိအိမ်၌ ကက်ဆွဲလျက် ရှိကြကြောင်းနှင့် ကျွမ်းရှား တွက်ဆိုသည်ဖြစ်ရကား အိမ်နောက်ဖေးပေါက်မှ ထွက်၍ပြေးကြသည်ကို မြင်လိုက်ရသည် ဆိုသော သက်သေခံလူတို့မှာ ဦးနေမျိုးကို ကြောက်ရွံ့ကြသည်က တကြောင်း၊ ဝတ်လုံကြီးတို့က ဘယ်လို မီးရောင်မှာ မြင်သလဲ၊ မီးခွက်ပါသလား၊ လသာသလား၊ ဘယ်လောက်ဝေးဝေးက မြင်သလဲ စသည်ဖြင့် အမျိုးမျိုး လှည့်ပတ်သွယ်ဝိုက်၍ မေးခွန်းများ ထုတ်ကြသည်တကြောင်းကြောင့် တယောက်က တမျိုး၊ တယောက်က တဖုံ ထွက်ဆိုကြလေ၏။

ထိုအခါ တရားသူကြီးလည်း အမှုမထင်ရှားဟု သဘောပြီးလျှင် တရားရှင် လွှတ်ပစ်လိုက်လေ၏။

မောင်ဘထူးသည် အချုပ်ထဲမှ လွတ်ပြီးနောက် အသင်းသားများနှင့် ပေါင်းသင်းဆက်ဆံလျက် ကျောက်တွင်းတူးသည့် အလုပ်ကို နာမည်ကောင်းရုံမျှသာ လုပ်လျက် ငွေစက္ကူလုပ်ငန်းဖြင့် ငွေဝင်များသည့် လက္ခဏာနှင့် ပေါ့လျော့စွာ နေထိုင်ခဲ့သည်ဖြစ်ရာ မနန်းမြတို့အိမ်နှင့်မူ တစတစ ဝေးလျက်ရှိလေ၏။

အဘဖြစ်သူ ဦးသာအောင်လည်း လူဆိုးတယောက်အပြင် နှစ်ယောက် လက်မခံလိုသည့် အနေဖြင့် မောင်ဘထူး သာ ရောက်သည့်အခါတိုင်း မျက်နှာ မသာမယာဖြစ်လျက် နောက်ဆုံး၌ အလျှင်းမလာရောက်စေလိုကြောင်းနှင့် အတည့်အလင်း ဖွင့်ဟ ပြောဆိုလိုက်လေ၏။

မနန်းမြမှာလည်း မိမိသည် မောင်ဘထူးအပေါ်၌ လှိုက်လှိုက်လှဲလှဲ စွဲစွဲမြဲမြဲ ချစ်ခင်ခဲ့သည် ဖြစ်သောကြောင့် မေတ္တာပျက်ပြယ်ခြင်း မရှိခဲ့သည်မှန်သော်လည်း လူဆိုးတယောက်နှင့် စုံဖက်နေထိုင်ရမည့် အရေးကို တွေးမိတိုင်း စိတ်မချမ်းမသာ ဖြစ်ရရှာလေ၏။

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



တနေ့သ၌ မနန်းမြသည် မောင်တထူးအား ကောင်းရာ ကောင်းကြောင်းဖြင့် မိသားဖသားပီပီ နေထိုင်ပါစေလိုသည့် အကြောင်း နောက်ဆုံးအကြိမ် တောင်းပန် ပြောဆိုမည်အကြံနှင့် ဖခင်မသိအောင် မောင်တထူး၏အိမ်သို့ တယောက်တည်း သွားရောက်လေ၏။

မနန်းမြသည် အိမ်ပေါ်သို့ တက်မိလျှင် မောင်တထူးသည် တခုသော စားပွဲ၌ထိုင်ကာ မိမိရှိရာဘက်သို့ ကျောခိုင်းပြီးလျှင် စာတစောင်ကို စားပွဲပေါ်တွင် ဖြန့်လျက် ဖတ်နေလေ၏။

မနန်းမြလည်း ပြက်ရယ်ပြုလိုသောသဘောဖြင့် ခြေသံမကြားရအောင် အနီးသို့ချဉ်းကပ်၍ ခေါင်း နှစ်ဘက်ကို လက်နှစ်ဘက်ဖြင့် ပုတ်လိုက်လေရာ မောင်တထူးသည် စာရွက်ကို ရုတ်တရက် ဆုပ်နယ်လိုက်ပြီး နောက် ထိုင်ရာမှ ရုတ်တရက်ထ၍ မနန်းမြ၏လည်ပင်းကို ကိုင်ဖမ်း ဆုပ်ညှစ်မည်ကဲ့သို့ ပြုလေ၏။

ထို့နောက်မှ အံ့သြဝမ်းသာသော မျက်နှာထားနှင့်—

"အို ဖြစ်ရလေ၊ လက်စသက်တော့ တို့နှမကြီးပါလား။ တခါတလေ မလာစဖူး လာရှာတဲ့အခါမှာ ကံကောင်းလို့သာ လည်ပင်းညှစ်မခံရတယ် နှမရယ်"ဟု ရယ်မောကာ ပြောဆိုသော်လည်း မနန်းမြမှာ ဤကဲ့သို့ အိမ်ပေါ် လူတယောက် တိတ်တဆိတ် တက်လာရုံမျှနှင့် ထိတ်ထိတ်လန့်လန့် ဖြစ်ရခြင်းမှာ ကေန်မှုချ ပြစ်မှုကြီး တခုခုကြောင့် ဖြစ်ရချေမည်ဟု တွေးထင်မိသဖြင့် မျက်နှာမသာမယာနှင့်ရှိနေရာ မောင်တထူးက စကားဖော၍ ရယ်မောဖွယ်ရာ စကားများကို ပြောဆိုသော်လည်း—

မြ။ ။"ကျွန်မတောင်းတာ ကိုကို ပေးမလား"

ထူး။ ။"တောင်းသာ တောင်းပါ နှမရယ်၊ ပေးပါ့မယ်"

မြ။ ။"ကိုကို့ လက်ထဲကစာ ကျွန်မကြည့်ချင်တယ်"

ထူး။ ။"ဟာ ဒါတခုတော့ ချမ်းသာပေးပါ နှမရယ်"

မြ။ ။"ကျွန်မ ရိပ်မိပါတယ်ရှင်။ မန္တလေးက ရည်းစားဆီပေးတဲ့ စာလား၊ မယားဆီကိုပေးတဲ့ စာလား။ ကေန္တ တခုခုပါပဲ"

ထူး။ ။"မဟုတ်ရပါဘူး နှမရယ်။ ကိုကို့မှာ မယားမရှိပါဘူး။ ရည်းစားလဲ မရှိသေးပါဘူး"

မြ။ ။"မယုံပါဘူးရှင်။ မရှိရိုးမှန်ယင် စာကို ပြမှာပေါ့"

ထူး။ ။(စိတ်အားကြီးလှသော မျက်နှာနှင့်) "မေးချင်တဲ့သစ္စာကို ပေးပါ့နှမရယ်၊ မဟာအဝီစိ ငရဲမှာ မကျွတ်ပဲ ခံရပါစေရဲ့။ မရှိခဲ့သေးပါဘူး နှမရယ်" ဟု ကျိန်တွယ်၍ ပြောလေလျှင် မနန်းမြသည် မျက်နှာထားကို မြင်ကာမျှနှင့် မှန်သည့်အတိုင်း ပြောကြောင်းကို ယုံကြည်မိလေ၏။

မြ။ ။"ဒါဖြင့် ဘာကြောင့် စ ကို မပြသလဲရှင်"

ထူး။ ။"ကိုကို ပြောပါ အုံးမယ်။ ကိုကိုတို့ အသင်းနဲ့ ပတ်သက်တဲ့ ကိစ္စတစုံတရာကို သားကို ဖြစ်စေ၊ မယားကိုဖြစ်စေ၊ အမိအဘကိုဖြစ်စေ ဘယ်သူ့ကိုမှ မပြောပါဘူးလို့ သစ္စာပြုပြီး ထားခဲ့ရပါ တယ်။ သစ္စာပေါက်ခဲ့လို့ ရှိယင် အသက်ဆုံးရှုံးရပါလိမ့်မယ်။ အဲဒါကြောင့် မပြောအပ်တဲ့ ကိစ္စမို့ မပြောခြင်း ဖြစ်ပါတယ်။ ကိုင်း ဒီလောက်ပြောယင် ကျေနပ်ပါတော့ နှမရယ်"ဟု ပြောပြီးလျှင် မနန်းမြ၏ လက်ကို ကိုင်ကာ ကုလားထိုင်ပေါ်၌ ထိုင်စေလေ၏။

မနန်းမြလည်း ဝမ်းနည်းသော မျက်နှာထားနှင့် မောင်တထူး၏ မျက်နှာကို အတန်ကြာအောင် ကြည့်နေပြီးနောက်—

မြ။ ။"ဒီအသင်းက ထွက်လိုက်ပါတော့ ကိုကိုထူးရှင်၊ ဒီအသင်းသားဆိုယင် ဟိုကကဲ့ရဲ့၊ ဒီက ကဲ့ရဲ့နဲ့ ကိုကိုထူးကို ကဲ့ရဲ့တဲ့စကား ကြားရတာ ကျွန်မ အသည်းနာလှပါတယ်ရှင်"



www.burmeseclassic.com

www.burmeseclassic.com


ထူး။ ။"ကဲ့ရဲ့တယ်ဆိုတာ သေနိုင်တာမျိုး မဟုတ်ပါဘူး နှမရယ်"

မြ။ ။"သူတို့ စုပ်စုကြတာဟာ မှန်တာချည်းပဲ မဟုတ်ဘူးလားရှင့်"

ထူး။ ။"တစိတ်ကို တအိတ်လုပ်ပြီး ပြောကြတာပါ။ သူတို့ ပြောတိုင်းလဲ မဟုတ်ပါဘူး"

မြ။ ။(မောင်ဘထူး၏ လက်ကို မိမိ အလိုအလျောက် ကိုင်လျက်) "ကျွန်မ တောင်းပန်ပါရစေ ကိုကိုထူး။ ရှင်ဟာ ဝမ်းစာကြောင့်လဲ မဟုတ်ပဲနဲ့ သက်သက် အချည်းနှီး အကျိုးမရှိတဲ့ အသင်းကို မပါချင် ပါနဲ့ရှင်။ ဒီကနေ့ကစပြီး ထွက်လိုက်ပါတော့ ကိုကိုထူးရယ်"

ထူး။ ။"ဪ နှမက မသိရှာဘူး။ ဒီအသင်းက တခါဝင်မိယင် မထွက်နိုင်တော့ဘူး နှမရဲ့"

မြ။ ။"ထွက်ခဲ့လို့ ရှိယင်ကော ရှင်"

ထူး။ ။"အသက်ဆုံးရှုံးအောင် စီရင်လိုက်မှာပေါ့ နှမရဲ့"

မြ။ ။"ကိုင်း ဒါဖြင့် ကျွန်မတို့ အဖေကြီးရော ကျွန်မတို့ရော တခါတည်း ထွက်ပြေးပြီး ယိုးဒယားပြည်လို၊ ကုလားပြည်လိုမှာ သွားပြီးနေယင် မဖြစ်ဘူးလားရှင်"

ထူး။ ။"မဖြစ်နိုင်ဘူး နှမရေ။ ခု ချက်ချင်းတော့ ဘယ်နည်းနဲ့မှ ဒီမြို့က ကိုကိုမခွာနိုင်သေးဘူး။ နောက် ၆ လလောက်များ ကြာယင်ဖြင့် မဆိုနိုင်သေးဘူး။ ပြုဖွယ် ကိစ္စများ ပြီးစီးကောင်းပါရဲ့လို့ မှန်းတာပဲ"

မြ။ ။"ဘာကိစ္စတုံးရှင့်"

ထူး။ ။"ဒါတော့ မပြောပါရစေနဲ့ နှမရယ်"

မြ။ ။"ဒါဖြင့် နောက် ၆ လနေယင် အမှန် သွားဖြစ်မှာလားရှင်"

ထူး။ ။"၆ လ ၇ လ ၈ လ၊ အလွန်ဆုံး တနှစ်ပေါ့ နှမရယ်။ ဒီထက်တော့မကြာစေရပါဘူး"ဟု ပြောလေလျှင် မနန်းမြမှာ ရှတ်တရက် မထွက်ခွာရစေကာမူ ရက် လ အပိုင်းအခြားကို ကြားသိရသည် ဖြစ်သောကြောင့် ဤမျှလောက်နှင့်ပင် ဝမ်းမြောက်ဝမ်းသာ ရှိရရှာလေ၏။

ယင်းကဲ့သို့ မောင်ဘထူးနှင့် မနန်းမြတို့တွေ့ဆုံစကားပြောဆိုကြပြီးသည့်နောက် ၄ လခန့်အတွင်းတွင် အာဇာနည် အသင်းသည် ၂ ကြိမ် ၃ ကြိမ်မျှ အသင်းစည်းဝေးကြလျက် ဆုံးမကွပ်ညှပ်ခြင်းကို ခံထိုက်သည် ဟူ၍ အသင်းသားတို့က ထင်မြင်သဘောရသည့် ပုဂ္ဂိုလ်တို့အား အသက်ဆုံးရှုံးအောင်သော်လည်းကောင်း၊ တနည်းနည်းဖြင့် ထိပါးနစ်နာစေလောက်အောင် သော်လည်းကောင်း ပြုလုပ်ခဲ့သည်ဖြစ်ရာ ထိုအမှုတို့မှာ စင်စစ်အားဖြင့် အသင်းသားတို့အား စတင်စော်ကားသည့် အမှုက နည်းပါးလျက် အသင်းသားတို့က နိုင်လိုမင်းထက် နှိပ်စက်ဖိစီးလိုသည့် အမှုမျိုးကသာလျှင် ပေါများခဲ့လေ၏။

အသင်း စည်းဝေးသည့်အခါတိုင်း ကွပ်ညှပ်ဆုံးမရန် လူအများ ရွေးချယ်သည့်အခါ မောင်ဘထူး သည် မိမိအား ရွေးချယ်ပါမည့် အကြောင်းနှင့် အစဉ်မပြတ် ခွင့်တောင်းလေ့ရှိသည်ဖြစ်ရာ မိမိအား ဆောင်ရွက်ရန် ရွေးချယ်သည့် အခါတို့၌လည်း အခြား အသင်းသားတို့ စိတ်ကျေနပ်လောက်အောင် ကျကျနန ဆောင်ရွက်လေ့ ရှိလေ၏။

သို့ရာတွင် ငွေတိုးချေး၍စားသူ ဦးချော၏ အမှုကဲ့သို့ ခိုင်းစေသည်ထက် ပိုမို၍ နှိပ်စက်ကလူ ပြုခဲ့သည့်အခါတို့၌မူကား မောင်ဘထူးသည် လက်မလွန်ကြစေခြင်း အလို့ငှာ ဖေးမ ယန့်တားလေ့ ရှိလေ သည်။

တနေ့သ၌ ဦးနေမျိုးသည် မောင်ဘထူး၏နေအိမ်သို့ ရောက်လာ၍ အိမ်ရှင်အတိုးကြီးတို့ လင်မယား မကြားစေနိုင်လောက်သော နေရာသို့ ခေါ်ပြီးလျှင်—

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


မျိုး။ ။“အရေးတခုတော့ ကြုံလာပြီ မောင်ရေ့”

ထူး။ ။“ဘာအရေးများလဲ ခင်ဗျာ”

မျိုး။ ။“ငါတို့ မိုးကုတ်မြို့ကို နိုင်ငံခြားသားတွေ အခု ရောက်လာတာ မခံနိုင်ဘူးကွယ့်”

ထူး။ ။“သူတို့က ငွေအား ကြေးအား ကောင်းတာကိုးဗျ။ လောကမှာ ငွေနဲ့ အလုပ်လုပ်ရယင် ဘယ်အလုပ်မျိုးမဆို အောင်မြင်တာချည်းပဲကိုး ခင်ဗျ”

မျိုး။ ။“ဘာပဲဖြစ်ဖြစ် ငါတို့ပြည်မှာ နိုင်ငံခြားသားများ ကောင်းစားပြီးနေတာတော့ မျက်စိမှာ စပါးမွေးစူးနေတာပဲဟေ့”

ထူး။ ။“ဒါတော့ မှန်တာပေါ့ ခင်ဗျာ”

မျိုး။ ။“အဲဒီတော့ ငါတို့က ဥပဒေအန္နဲ့ မတတ်နိုင်ယင် အကြွမ်းနဲ့ ကိုင်ရလိမ့်မဟေ့”

ထူး။ ။“ကိုင်မယ့်နည်းကိုသာ ပြောပါခင်ဗျာ”

မျိုး။ ။“အခု မိုးကုတ်မြို့မှာ နိုင်ငံခြားသားက အစုစပ်ကုမ္ပဏီဖွဲ့ပြီး ကျောက်တွင်းတူးတဲ့အလုပ်ကို အကြီးအကျယ် လုပ်ကိုင်ကြမလို့ ဆိုပါကလား။ သူတို့က မြေယာကွက်တွေ ဝယ်ပြီး ဒိုင်းနမိုက်နဲ့ မြေကို ခွဲလိုက်မယ်ဆိုယင် ရှိသမျှ ပတ္တမြားတွေ အကုန် သူတို့လက်ရောက်ပြီး နောင်လာနောက်သားများ လုပ်ကိုင်စားသောက်ဖို့ ဘယ်မှာ ကျန်တော့မလဲကွယ့်”

ထူး။ ။“ဒီအကြောင်း ကျွန်တော်လဲ ကြားပြီးတဲ့အပြင် အခု သဌေးကိုယ်စားလှယ် တယောက်တောင် ရောက်နေပြီ ဆိုပါကလား”

မျိုး။ ။“ဪ၊ဟုတ်တယ်။ ငါလာတာလဲဒီကိစ္စပေါ့ကွယ့်။ ငါတို့အသင်းထဲမှာမင်း၊ တယောက်ဟာ သတ္တိလဲ ကောင်းတယ်၊ ကြံစည် ဖန်ဆင်းနဲ့လဲ ပြည့်စုံတယ်။ ဒါကြောင့် မင်းကို အားကိုးတာပဲ”

ထူး။ ။(ဦးနေမျိုး၏ မျက်နှာကို စေ့စေ့ကြည့်လျက်) “ဒီကိုယ်စားလှယ်ကို ကျွန်တော်က သုတ်သင်ပေးရမယ် ဆိုပါတော့”

မျိုး။ ။“ဪ၊ ဟုတ်တယ်။ သို့သော် ဒီလိုကွယ့်။ ဒီအလုပ်မျိုးက စိုနံ့နံ့ လုပ်လို့ မရဘူး။ လုပ်မယ့်လုပ်ယင် တခါတည်း အစဉ်အဆက် ကြောက်လောက် လန့်လောက်အောင် လုပ်လိုက်မှ နေရာကျမှာကိုးကွယ့်”

ထူး။ ။“ပြောစရာ ရှိသရွေ့သာ ပြောပါအုံး ခင်ဗျာ”

မျိုး။ ။“ဒီလိုကွယ့်။ အခု သူ့မှာ ကျောက်တွင်းတူးဖို့အတွက် ဒိုင်းနမိုက်တွေလဲ ပါတယ်။ ဒိုင်းနမိုက်တွေကို အိမ်အောက်က အခန်း တခန်းထဲမှာ အလုံပိတ်ပြီး ထားတယ်လို့ သတင်းရတယ်”

ထူး။ ။“ဒီတော့ ကျွန်တော်က ဒီအခန်းထဲ မီးတုတ်ရောက်အောင်သွင်းပြီး တအိမ်လုံး ဒိုင်းနမိုက်နဲ့ ခွဲရမယ်ဆိုပါတော့ ခင်ဗျ”

မျိုး။ ။(မောင်ဘထူး၏ ကျောကိုပုတ်လျက်) “အဲဒါကြောင့် ငါ့လူကို ငါက အားကိုးတာပဲ။ အရိပ်မြင် အခကောင်ထင်ဆိုတာ မင်းလိုလူမျိုးပေပကွယ်”

ထူး။ ။“နို့ နေပါအုံးခင်ဗျာ။ သူ့မှာ မယားရော ကလေးနှစ်ယောက်ရော ပါလာတယ်ဆို မဟုတ်လားခင်ဗျာ။ သူတို့ပါ အကုန်လုံး စီရင်လိုက်ရမှာလား”

မျိုး။ ။“ဘယ်တတ်နိုင်တော့မလဲကွယ်။ ကျူပင်ခုတ် ကျူငုတ်ပါ မကျန်စေရဘူးဆိုတာ မကြားဖူးဘူးလား”

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ထူး။ ။"သို့သော် လက်ညှိုးမကောင်း လက်ညှိုး၊ လက်မ မကောင်း လက်မဆိုတဲ့ စကားကလဲ ရှိသေးတာကိုး ခင်ဗျ။ လူကြီးအတွက်နဲ့ ကလေးတွေပါ စီရင်ရမယ်ဆိုတော့ အခက်သားကလား ခင်ဗျာ"

မျိုး။ ။"ဟော့ ဒါကဘာစကားလဲကွယ့်။ မလုပ်ချင်ဘူးလား လုပ်ချင်သလား၊ ဒါပဲ ပြောပါကွယ်"

ထူး။ ။"ဖြေးဖြေး ဆရာကြီးရယ်၊ ဖြေးဖြေး၊ ဘယ့်နှယ်ကြောင့် ဒီလောက် အလျင်လိုတာလဲ။ မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ အသင်းက ခိုင်းတဲ့အလုပ်ဆိုယင် ကျွန်တော် လုပ်ရပေမှာပေါ့"

မျိုး။ ။"ကိုင်း ဒါဖြင့် ဘယ်တော့လုပ်မလဲ"

ထူး။ ။"အလုပ်က နည်းနည်းခဲယဉ်းတဲ့ အလုပ်ဖြစ်လေတော့ အဆိုင်းပေးအုံးမှပေါ့ခင်ဗျာ"

မျိုး။ ။"နှစ်ရက်မကဘူး သုံးရက်ပေးမယ်။ လူများကော ဘယ်နှစ်ယောက် ယူအုံးမလဲ"

ထူး။ ။"လူနှစ်ယောက် ကောင်းကောင်းရယင် တော်ပါပြီဗျာ"

မျိုး။ ။"ကိုင်း၊ ရစေ့မယ်"

ဦးနေမျိုး ပြန်သွားသည့်နောက် မောင်ဘထူးသည် မိမိ၏အခန်းတွင်းသို့ ဝင်၍ ကြာရှည်စွာ စဉ်းစား စိတ်ကူးလျက် ရှိလေ၏။

ကိုယ်စားလှယ် နေသောအိမ်မှာ မြို့နှင့် မနီးမဝေး ဆင်ခြေဖုံးအရပ်ရှိ ကုန်းမြင့်တခုပေါ်၌ တည်ရှိသည် ဖြစ်ရာ ထိုညဉ့်၌ မောင်ဘထူးသည် သန်းခေါင် အချိန်လောက်တွင် ထိုအိမ်၏ အခြေအနေကို တယောက်တည်း သွားရောက် ကြည့်ရှုပြီးနောက် မိုးလင်းလုနီးသည့် အခါမှ ပြန်လာခဲ့လေ၏။

နောက်တနေ့၌ မောင်ဘထူးသည် ဦးနေမျိုးက ပေးအပ်သော အသင်းသားနှစ်ယောက်နှင့် မိမိတို့၏ အကြံအစည်များကို တိုင်ပင်ပြောဆိုလျက် ရှိကြရာ အသင်းသား နှစ်ယောက်တို့မှာ ထိုကဲ့သို့ အမှုမျိုးကို ပြုရမည်ဆိုလျှင် တောလည် သွားရမည့်ကဲ့သို့ စိတ်မာန် ကြွားကြွား အားပါးတရ ရွှင်ပျသော မျက်နှာ ထားနှင့် ရှိနေကြလေ၏။

တတိယညဉ့်၌ နံနက်နာရီပြန် နှစ်ချက်အချိန်ခန့်တွင် လူသုံးယောက်တို့သည် ကိုယ်စားလှယ်နေသော ကုန်းမြင့်အနီး၌ ကုပ်ကုပ် ကုပ်ကုပ်နှင့် တလှုပ်လှုပ်သွားနေကြရာ လဆန်း ၉ ရက်လသည် ဝင်သွားပြီဖြစ်၍ လရောင် ပျောက်ပြီးနောက် လကွယ်နေ့ ညဉ့်ထက်ပင် မှောင်နှင့်မည်းမည်း ရှိနေလေ၏။

လူသုံးယောက်တို့သည် တစောင်းမှ ချောင်းမြောင်း ကြည့်ရှုကြပြီးလျှင် စိုးရိမ်ဖွယ် တစုံတရာမျှ မတွေ့မြင်ရသည်နှင့် အိမ်အနီးသို့ ချဉ်းကပ်ကြလေ၏။

ထို့နောက် မောင်ဘထူးသည် အိမ်အောက်၌ ဒိုင်းနမိုက်များထားသည့် အခန်းတံခါးကို မိမိတို့၌ ပါသော ကိရိယာတို့နှင့် ဖွင့်ပြီးလျှင် ရေနံဆီတပုံးကို တခန်းလုံး အနှံ့အပြား လောင်းဖျန်းလိုက်ပြီး နောက် ရေနံဆွတ်၍ ထားသော အဝတ်စုတ်တစကို အခန်းနှင့် ဆက်သွယ်၍ ထားလေ၏။

ထို့နောက် အခန်းအပြင်၌ရှိသော အဝတ်စုတ်တစကို မီးခြစ်နှင့်ရှို့ပြီးလျှင် လူသုံးယောက်တို့သည် လျင်မြန်နိုင်သမျှ လျင်မြန်စွာ ပြေးသွားကြလေ၏။

မြောင်းငယ်တခုသို့ ရောက်သည်နှင့် တပြိုင်နက် လူသုံးယောက်တို့သည် ဝပ်လျက်နေကြရာ တခဏမျှ ကြာလျှင် မိုးချုန်းသည့် အသံကဲ့သို့ ကောင်းကင်တခုလုံး တစ်ချုန်းမြည်ဟည်းလျက် တသိန်းမကသော အခြမ်းကွဲတို့သည် တပြိုင်နက် ပစ်ဖောက်သည့်အသား နားကွဲလုကမန်းရှိသော အသံကြီးကို ကြားကြရသဖြင့် မြောင်းထဲ၌ ဝပ်နေသော လူသုံးယောက်တို့သည် ကောင်းကင်ကို မော့ကြည့်လိုက်ရာ မီးပွားမီးစတို့သည် ကောင်းကင်တခုလုံး လွင့်စဉ်ပြန့်ကြဲရာ တဖွဲဖွဲ တဝဲဝဲ ရှိနေကြသည်ကို တွေ့ကြရသည့်ပြင်



www.burmeseclassic.com

www.burmeseclassic.com



အတိုအစတို့သည် မိမိတို့၏ မျက်နှာပေါ်သို့ တသဲသဲကျနေသည် ဖြစ်သောကြောင့် မကြည့်ဝံ့ပဲ အားလျားမှောက်လျက် ရှိနေကြလေ၏။

မြို့တွင်းမှ လူတို့လည်း အိပ်ရာမှ လန့်နိုးကြသဖြင့် အုတ်အုတ်ကျက်ကျက် ဖြစ်ပြီးလျှင် မီးလောင်ရာအိမ်သို့ စုရုံးရောက်လာကြရာ လူသုံးခယောက်တို့သည် ထိုသူများနှင့် လွဲစေရန် ကွေ့ကွင်း၍ သွားပြီးနောက် မြို့ဘက်မှ တဖန်လှည့်လာ၍ ကြည့်ရှုသူများနှင့်အတူ ရောနှောကြည့်ရှုပြီးမှ နေအိမ်သို့ အသီးသီး ပြန်သွားကြလေ၏။

နံနက်လင်းသောအခါ ထိုအိမ်မှာ လူတဦးတယောက်မျှ မရှိကြောင်း၊ ကိုယ်စားလှယ်ကြီးမှာ ယင်းအကြောင်းကို တနည်းနည်းဖြင့် သတင်းရသဖြင့် ရှောင်တိမ်းနေထိုင်ခဲ့ကြောင်းများကို အာဇာနည်အသင်းသားတို့ ကြားသိရလေလျှင် 'ခဲလေသမျှ သဲရေကျ' ဟူသော စကားကဲ့သို့ အချည်းနှီးသာ ဖြစ်ရခြင်းသော်လည်း မောင်ဘထူး၏ စိမ်ပုံကိုမူ တစုံတရာ ဆိုဖွယ်မရှိကြောင်းနှင့် ချီးမွမ်း ပြောဆိုကြလေ၏။

ထိုအခါ မောင်ဘထူးက ဦးနေမျိုးအား—

"ဒီလူ့အတွက်တော့ ကျွန်တော့် တာဝန် ထားလိုက်ပါခင်ဗျာ။ ဒီလူကို မစီရင်ရမချင်း ကျွန်တော် နေသေးရော့လား ခင်ဗျာ" ဟု ပြောလေလျှင် အသင်းသားတို့သည် များစွာ စိတ်ကျေနပ်လျက် ကိုယ်စားလှယ်ကြီးကို သုတ်သင်ဖို့ အရေး၌ မောင်ဘထူးအား လုံးဝ လွှဲထားလိုက်ကြလေ၏။

တနေ့သ၌ ဝါးဖြူတောင်စခန်း အနီးတွင် ကိုယ်စားလှယ်ကြီး၏ အလောင်းကို ဓားဒဏ်ရာနှင့် တွေ့ရှိရကြောင်း သတင်းစာတွင် ပါလာသောအခါ ယင်းမှာ မောင်ဘထူး၏ လက်ချက်ဖြစ်သည်ဟု အသင်းသား အပေါင်းတို့က တွေးဆကြလေ၏။

+ + +

တနေ့သ၌ ဦးနေမျိုးသည် မောင်ဘထူး၏နေအိမ်သို့ လာရောက်ပြန်၍ ဘေးဥပဒ်အန္တရာယ် အကြီးအကျယ်ကြုံတွေ့ရသည့် လက္ခဏာနှင့် မျက်နှာ သုန်မှုန်ကာ ရှိနေရာ—

ထူး။ ။"ဘယ့်နှယ်လဲ ဆရာကြီးရဲ့၊ ဘာများ အရေးကြီးလာပြန်ပြီလဲ၊ ဆရာကြီးမျက်နှာကြည့်ရတာ အရေးကြီးတဲ့ကိစ္စ ရှိဟန်တူပါတယ်"

မျိုး။ ။"အရေးကြီးဆို ဘာပြောစရာရှိမလဲ မောင်။ ဒါထက် အတိုးကြီး လင်မယားကော"

ထူး။ ။"နောက်ဖေးချောင်မှာ နေပါတယ် ခင်ဗျာ။ ပြောဖို့ရှိယင် ပြောသာ ပြောပါ"

မျိုး။ ။"ကျုပ်တို့ အသင်းက အရပ်ရပ်မှာ သူလျှိုတွေရှိတာ မောင် သိတယ် မဟုတ်လား"

ထူး။ ။"အသိသားပေါ့ ခင်ဗျာ"

မျိုး။ ။"ရန်ကုန်က ကျုပ်တို့လူ မောင်ညွန့်ဆီက ဒီကနေ့ပဲ ဟောဒီစာကို ရတယ်မောင်ရဲ့။ ဖတ်ကြည့်စမ်းပါလား" ဟု ပြောလျက် စာတစောင်ကို လှမ်း၍ပေးလိုက်ရာ မောင်ဘထူးလည်း အောက်ပါအတိုင်း ဖတ်ရှုရလေ၏။

စာရေးလိုက်ပါသည် ဦးနေမျိုးခင်ဗျား။

မိုးကုတ်မြို့က ဆရာကြီးတို့ အကြောင်းကို ရန်ကုန်မှာတောင် နာမည်ကြီးလျက်ရှိနေသောကြောင့် အစိုးရ စုံထောက်ဘက်ဆိုင်ရာ မောင်ထွန်းတင်ကို ပုလိပ်မင်းကြီးက စေလွှတ်လိုက်ပြီ ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ အစစ အရာရာ သတိဝီရိယနှင့် ဆင်ခြင်ပြုလုပ်ကြပါလေ ခင်ဗျား။

မောင်ညွန့်။

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



မောင်ဘထူးလည်း စာကိုဖတ်ပြီးနောက် မျက်ခုံးချီကာ အတန်ကြာ စဉ်းစားနေပြီးနောက်—

ထူး။ ။"ကိုင်း၊ ဘယ်နှယ်လုပ်မလဲ ဆရာရေ့"

မျိုး။ ။"နယ်က ပုလိပ်တွေကိုတော့ စိုးရိမ်စရာ မရှိပါဘူး။ ရန်ကုန်က လွှတ်လိုက်တဲ့ အထူး စုံထောက်ဆိုတော့ ငါတို့အမှုတွေ ပေါ်ကုန်မှာ ကြောက်ရတယ်ကွယ်"

ထူး။ ။"ဒါတော့ အမှန်ပဲ ခင်ဗျ"

မျိုး။ ။"ဒီတော့ တခါတည်း ရန်စအေးအောင် ဒီ စုံထောက်ကောင်ကို အစတုံး စီရင်လိုက်ယင် ကောင်းလိမ့်မယ် ထင်တယ်"

ထူး။ ။"ကောင်းတာပေါ့ ခင်ဗျာ"

မျိုး။ ။"ကိုင်း၊ ဒီကိစ္စမှာလဲ မင်းကိုပဲ အားထားပါရစေကွယ်"

ထူး။ ။"စိတ်ချပါခင်ဗျာ။ စုံထောက် ငထွန်းတင် ရောက်ယင် ပုလိပ်ဌာနာမှာပဲ တည်းလိမ့်မယ် ထင်တယ်"

မျိုး။ ။"မပြောတတ်ဘူးကွယ့်။ စုံထောက်ဆိုတဲ့ အကောင်မျိုးဟာ အတင်အရှား လာချင်လဲ လာတတ်ရဲ့၊ တိတ်တဆိတ် လာချင်လဲ လာတတ်ရဲ့။ အမှန်တော့ မပြောနိုင်ဘူးကွယ့်"

ထူး။ ။"လာချင်သလို လာပါစေ ဆရာကြီးရယ်။ ဒီကောင်ကို ကျွန်တော် ဉာဏ်ဆင်ပြီး မိအောင် လုပ်လိုက်ပါ့မယ်။ ဆရာကြီးတို့ကလဲ သတင်းရသမျှ ကျွန်တော့်ကိုသာ အကြောင်းကြားပါတော့"ဟု ပြောလိုက်ရာ ဦးနေမျိုးသည် အိမ်ပေါ်မှ ဆင်းသွားလေ၏။

အတန်ငယ်ကြာလျှင် မောင်ဘထူးသည် အဝတ်အစား လဲလှယ်၍ မနန်းမြတို့ အိမ်ဘက်သို့ လျှောက်လာရာ ထိုအိမ်သို့ မရောက်သည်မှာ အတန်ကြာပြီဖြစ်သော်လည်း အရေးကြီးသောကိစ္စရှိသည်နှင့် အိမ်ပေါ်သို့ တက်သွားရာ မနန်းမြနှင့် နှစ်ယောက်တည်း အဆင်သင့် တွေ့ရှိရလေ၏။

မြ။ ။"ကိုဘထူး ဘာဖြစ်လာတာလဲ။ ပျာယီးပျာယာနဲ့၊ မျက်နှာလဲ မကောင်းပါလား"

ထူး။ ။"ဒီမြို့က ခွာဖို့ အကြောင်းရင်းကို နှမ ပြောဖူးတယ် မဟုတ်လား။ ကိုင်း အခု ခွာဖို့ နီးလာပြီ"

မြ။ ။"ကောင်းပါလေရဲ့ရှင်။ ဘယ်တော့ ခွာမှာလဲ"

ထူး။ ။"ရက်တော့ အမှန်မပြောနိုင်သေးဘူး နှမရေ။ သို့သော် ကိုကိုတို့ အသင်းသားတွေ ဗီတခါဖြင့် ဘေးတွေ့ကြကုန်ပကော။ နေ့လား ညလား မသိဘူး။ သို့သော် ဘယ်အချိန်အခါမဆို ပြေးဖို့ရန် နှမတို့ သားအဘက အဆင်သင့် ပြင်ထားကြပါတော့"

မြ။ ။"ကိုဘထူး သွားနှင့်ပြီ ကျွန်မတို့က လိုက်ခဲ့ရမယ်။ ဒီလို မဟုတ်ဘူးလား"

ထူး။ ။"ဒီလို မဟုတ်ဘူး နှမရေ။ တခါတည်းလိုက်ခဲ့မှ ဖြစ်မယ်။ ကိုကိုထူးကိုတော့ မယုံမကြည် မရှိလေနဲ့။ အားလဲ ကိုးပါ၊ ယုံလဲ ယုံကြည်ပါ။ ကိုကိုထူးဟာ လူဆိုးလူမိုက် တယောက်ပင် ဖြစ်သော်လဲ နှမတို့ သားအဘနှစ်ယောက်အပေါ်မှာ သစ္စာဖောက်ပြား မတရား ကြံစည်မိခဲ့လို့ရှိယင်...."

မြ။ ။(မောင်ဘထူး၏ ပါးစပ်ကို လက်နှင့်ပိတ်လျက်) "သိပါပြီ ကိုကိုထူးရယ်။ မကျိန်ပါနဲ့တော့။ ကိုကိုသွားတဲ့နေ့ကို ကျွန်မတို့ သားအဘ တပါတည်း လိုက်ခဲ့ပါ့မယ်။ စိတ်သာချပါ"

ထိုအခါ မောင်ဘထူးသည် စိတ်သက်သာရာ ရသဖြင့် မိမိနေအိမ်သို့ ပြန်သွားပြီးနောက် မိမိ ဝန်ခံထားသည့် ကတိအတိုင်း စီမံဆောင်ရွက်ရန်များအတွက် အကြံတုတ်လျက် ရှိနေလေ၏။

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ၃ ရက်နေ့ ကြာသတ်သော် မောင်ဘထူးသည် ဦးနေမျိုး၏ နေအိမ်သို့ သွားရောက်၍ အရေးကြီးသော ကိစ္စနှင့် တိုင်ပင်ရန်ရှိသဖြင့် အသင်းလူကြီး သုံးလေးယောက်တို့ကို စည်းဝေးတိုင်ပင် လိုကြောင်းနှင့် ပြောသဖြင့် ဦးနေမျိုးသည် မောင်ထွန်းခင်နှင့် အခြား အသင်းလူကြီး နှစ်ယောက်ကို စေလွှတ် ခေါ်ဝင်စေပြီးလျှင် နေအိမ် အပေါ်ထပ်၌ တိတ်တဆိတ် စည်းဝေး တိုင်ပင်ကြလေ၏။

လူငါးဦးတို့ ဆုံမိကြလေလျှင်—

ထူး။ ။"စုံထောက် မောင်ထွန်းတင်ဆိုတာ ဘယ်သူ ဘယ်ဝါရယ်လို့ ကျွန်တော် သိခဲ့ရပေပတော ခင်ဗျာ"ဟု ပြောလေလျှင် ဦးနေမျိုးနှင့်တကွ ကျန်အသင်းသားတို့သည် စိတ်အားကြီးသော မျက်နှာထား များနှင့်—

"ဘယ်မှာလဲ"ဟု တပြိုင်နက် တသံတည်း မေးကြလေ၏။

ထူး။ ။"ကျောက်ပွဲစား ဦးစံတင်တို့အိမ်မှာ တည်းနေတဲ့ လူဟာပေါ့ခင်ဗျာ"

မျိုး။ ။"ပြောစမ်းပါအုံးကွယ်။ မင်း ဘယ့်နှယ် သိခဲ့သလဲ"

ထူး။ ။"သိပုံက ဒီလိုပါ ခင်ဗျ။ ဆရာကြီးနဲ့ ကျွန်တော်နဲ့ တွေ့ကြပြီးတဲ့နေ့ နောက်တနေ့မှာ ကျွန်တော်လဲ ဆရာကြီးပြောတဲ့အကြောင်း စိတ်ကူးယင်း ညနေခင်း မြို့ပြင် တယောက်တည်း လမ်းလျှောက် ပြီး သွားတော့ ဒီလူကို တွေ့တာကိုးခင်ဗျ။ သူကလဲ ညှိသည့်ပါတဲ့၊ မိုးကုတ် မရောက်ဖူးတာ လာပြီး လည်ပါတယ်တဲ့။ အလုပ်အကိုင်ကတော့ သတင်းစာတိုက်မှာ လုပ်ပါတယ်တဲ့။ ဒီတော့ မိုးကုတ် ရောက်တဲ့ အခါ မိုးကုတ်မြို့အကြောင်း သတင်းထူး သတင်းဆန်းများ စုဆောင်းလိုမှတ်သားလိုပါတယ်ဆိုပြီး မြို့နဲ့ ပတ်သက်လို့ တောင်စကား မြောက်စကားတွေ လျှောက်ပြီး ပြောနေကြရာက 'ဒါနဲ့ အာဇာနည်အသင်း ဆိုတာ ခင်ဗျား ကြားဖူးသသား'လို့ မေးပါလေရော ခင်ဗျာ"

မျိုး။ ။"ဒီတော့ မင်းက ဘယ့်နှယ် ပြောသလဲ"

ထူး။ ။"ကျွန်တော်က ဒီတော့ ကြားဖူးပါရဲ့လို့ဆိုပြီး မဟုတ်တရုတ် အကြောင်းတွေ ဖြန်းသန်း ပြီး ပြောတာကိုး ခင်ဗျ။ ဒီတော့ သူကလဲ တွေ့ကရာရှစ်သောင်းတွေ လျှောက်ပြီး မေးပါရောခင်ဗျာ။ ကျွန်တော်ကလဲ ဆလွဲချည်း လျှောက်ပြေးတာပဲ။

"နောက်ဆုံးကျတော့ သူက အိတ်ထဲက ငွေစက္ကူ ဆယ်တန်နှစ်ချပ် ထုတ်ပေးပြီး 'တယ် ကျေးဇူး တင်သဗျာတဲ့၊ နောက်ကို ဒီအသင်း အကြောင်းရဲ့ ပတ်သက်ပြီး သတင်းများ ပေးခဲ့လို့ရှိယင် ဒီ့ထက် ဆယ်ဆာမကာ ပေးပါအုံးမယ်'တဲ့ ဆိုပြီး သူလဲ မြို့ထဲ ဝင်သွားပါရော။

"ဒီတော့ ကျွန်တော်က စိတ်ထဲမှာ တယ်ပြီး မသင်္ကာတာနဲ့ ခပ်လှမ်းလှမ်းက မျှော်ကြည့်လိုက်တော့ ကြေးနန်းရုံထဲ ဝင်သွားတာ မြင်လိုက်တာကိုး ခင်ဗျ။ ကျွန်တော်လဲ မယောင်မလည်နဲ့ ခပ်လှမ်းလှမ်းက စောင့်ပြီး ကြည့်နေလို့ အတော်ကြာတော့ ကြေးနန်းရုံထဲက ထွက်လာပြီး ဟိုဘက် လမ်းလျှောက်သွားပါ ရော ခင်ဗျာ။

"ဒီတော့မှ ကျွန်တော်က ကြေးနန်းရုံထဲဝင်ပြီးတော့ သူ့နည်းတူ ကြေးနန်းတစောင် ရိုက်သလိုလိုနဲ့ ကြေးနန်းစာရေးကို ခုတင်က လူအကြောင်း မေးတော့ ကြေးနန်းစာရေးက—

"ဒီလူဟာ နေ့တိုင်း နေ့တိုင်း ကြေးနန်း ရှည်ရှည်ကြီးတွေ ရိုက်တယ်"တဲ့ ခင်ဗျ။

"ဒီတော့ ကျွန်တော်က ဘယ်လောက်များရှည်လို့လဲဗျာလို့ မေးတော့ 'ဟောဒါသာ ကြည့်ပါတော့ ဗျာ'ဆိုပြီး လျှို့ဝှက်စာနဲ့ ကြေးနန်းစာရွက် သုံးရွက်ဆက်ပြီး ရေးထားတဲ့ ကြေးနန်းစာတစောင်ကို ထုတ်ပြ

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



တာကိုးခင်ဗျ။ ဘာတွေရေးတယ်လို့တော့ မဆိုနိုင်ပါဘူး။ လိပ်တပ်ထားတာကတော့ ရန်ကုန်မြို့ ပုလိပ်မင်းကြီးထံသို့တဲ့ ခင်ဗျ''

ခင်။ ။''ကိုဘာထူးက အင်္ဂလိပ်လို တတ်သကိုး''

ထူး။ ။''ထမင်းစားရေသောက် ၄–၅–၆ တန်းလောက်ပေါ့ ခင်ဗျာ''

မျိုး။ ။''ဒီတော့မှ မင်းက သူ့တည်းအိမ်တွေ ဘာတွေ သေချာအောင် လိုက်ပြီး စုံထောက်တယ် ဆိုပါတော့''

ထူး။ ။''ဟုတ်ပါတယ် ခင်ဗျာ''

ခင်။ ။''ဒီအကောင် မြန်မြန် စီရင်မှ အေးမယ်။ ဒင်း ကြာကြာထားလို့ မကောင်းဘူး''

အသင်းလူကြီးတယောက်က–

''စီရင်ဆို မြန်မြန် စီရင်ရမှာပေါ့''

ထူး။ ။''ကိုင်း၊ ဒီတော့ ကျွန်တော်က ဒီလိုကြံတယ် ဆရာကြီးရဲ့။ ကျွန်တော်က ဒီလူနဲ့ နောက်တခါ ထပ်တွေ့အောင် ချိန်းရော၊ ချိန်းပြီး ကျွန်တော့်ကိုယ် ကျွန်တော် အာစာနည် အသင်းသားပါပဲလို့ ဖွင့်ပြီးပြော။ သို့သော် အသင်းဥက္ကဋ္ဌနဲ့ တခြားလူကြီးများက ကျွန်တော့် အပေါ်မှာ မယုံကြည်ဖြစ်ကျင့်တဲ့အတွက် အသင်းကို စိတ်နာလှသောကြောင့် အသင်းမှတ်တမ်း စာအုပ်တွေ ဘာတွေ ခင်ဗျားကို အကုန်ပြမယ်။ ခင်ဗျား ငွေ ဘယ်လောက်ပေးမလဲလို့ ကျွန်တော်က မေးမယ်။ ဒီတော့ သူက ပေးသမျှဈေးနဲ့ တည့်အောင် လုပ်ပြီး ည ၁၀ နာရီလောက် အသင်းရုံးကိုလာအောင် ကျွန်တော် ချိန်းလိုက်မယ်။ ပါအောင်တော့ နှုးပြီးသားပဲ ဆရာကြီးရေ့။ ကျွန်တော်လဲ ဒီဟာမျိုးတော့ မညံ့ပါဘူး ဆရာကြီးရယ်''

မျိုး။ ။''နှုးယင် မြန်မြန်နှုးမှဟေ့။ နေရာ ကျ မကျကိုလဲ စကားပြန်အုံးဟေ့''

ထူး။ ။''စိတ်ချပါဆရာ။ တကယ်လို့ လာခဲ့လို့ရှိယင်လဲ အသင်းရုံးက ဆရာတို့ ၄ ယောက်လောက် ကြည့်ပြီး စီမံလိုက်ကြပေတော့''

မျိုး။ ။''ဒီအတွက်တော့ တို့တာဝန် ထားပါကွယ်''ဟု ပြော၍ အနည်းငယ် ဆက်လက်တိုင်ပင်ကြပြီးနောက် လူစုကွဲ၍ သွားကြလေ၏။

× × ×

နောက်တနေ့၌ ဓမောင်ဘထူးသည် ဦးနေမျိုး၏ နေအိမ်သို့ သွားရောက်ပြန်ရာ မိမိတို့တိုင်ပင်ဆု ဌာနဖြစ်သော အိမ်၏ အပေါ်ထပ်သို့ ရောက်ကြသည်နှင့် တပြိုင်နက်–

ထူး။ ။''နေရာကျပြီ ဆရာရေ့၊ လာမယ်တဲ့''

မျိုး။ ။''ဟန်ရလိုက်တာကွယ်၊ နို့ နေပါအုံးကွယ်၊ ငါတို့အသင်းအကြောင်းတွေများ သူ တော်တော် သိနေပြီလို့ မင်း ထင်မိသလား''

ထူး။ ။''ချစ်တီးနှုတ်ို၊ ထောင်ကဲမှုတို့တန်းက အကြောင်းတွေလား ခင်ဗျ''

မျိုး။ ။''ဒီဟာတွေရော၊ ဒီ့ပြင်အမှုတွေရော ငါတို့လက်ချက်ဆိုတာ သိပုံပေါ်သလားဟေ့''

ထူး။ ။''ဒါတော့ ကျွန်တော် အမှန်မပြောနိုင်ဘူး ခင်ဗျ''

မျိုး။ ။''သူသိရုံဘော့ ကိစ္စမရှိပါဘူး၊ သူကတော့ ဒီကနေ့ည ကိစ္စပြီးရမှာပဲ။ ရန်ကုန်ကို သတင်းပို့ပြီးဖြစ်မှာ စိုးရတယ်။ သို့သော် ဒီအကောင် ဒီကနေ့ည တို့လက်တွင်း ရောက်တော့မှ သံပူကပ်ပြီး စစ်ဆေးရအုံးမှာပဲ။ တို့အကြံတွေများ ရိပ်မိပုံရသလားဟေ့''

ဘာတိယအကြိမ်

www.burmeseclassic.com


ထူး။ ။"မရိပ်မိပါဘူးဆရာ။ ငွေတောင် ကျွန်တော်ရလာခဲ့ပြီပဲ"ဟု ပြောလျက် မောင်ဘထူးသည် ငွေစက္ကူ ၁၀ တန် ၁၀ ချပ်ကို ဦးနေမျိုးအား ပြလေ၏။ ထို့နောက်—

ထူး။ ။"ကျွန်တော်က ဒီလိုစီစဉ်ထားတယ်ဆရာ။ သူနဲ့ကျွန်တော်နဲ့ ဒီကနေ့ည ၁၀ နာရီမှာ ဟိုအိမ်မှာ တွေ့ဖို့ ချိန်းသားတယ်။ ဒီတော့ ကျွန်တော်တို့ လူစုက ၉ နာရီလောက်က သွားစောင့်ကြရလိမ့်မယ်။ သူက လာတဲ့အခါကျတော့ တံခါးကို သုံးချက်ခေါက်လိမ့်မယ်။ ဒီတော့ ကျွန်တော်က တံခါးဖွင့်ပေးပြီး သူလဲ အိမ်ထဲဝင်၊ ကျွန်တော်လဲ တံခါးပိတ်လိုက်၊ ပိတ်လဲပြီးရော ဒီအကောင်လဲ ကျွန်တော်တို့လက်ထဲ ပိုင်ပိုင်ကြီး ရောက်ကရော မဟုတ်လားဆရာ"

မျိုး။ ။"ဒါတော့ ရှင်းသားပေါ့ကွယ်"

ထူး။ ။"သို့သော် တခုရှိသေးတယ်ဆရာ။ ဒီအကောင်ဟာ စုံထောက်ဆိုတော့ ခြောက်လုံးပြူးတွေ ဘာတွေနဲ့ လာမှာဆရာရဲ့။ ဒီတော့ တယောက်နဲ့အများဆိုစေကာမူ လက်နက်ချင်းက မတူတော့ လူများနိုင်သမျှ များမှ တော်ကြမကိုး ဆရာ"

မျိုး။ ။"စိတ်ချပါကွယ်၊ အသင်းသား တောင့်တောင့် ဆယ်ယောက်လောက် ငါခေါ်ထားပါ့မယ်"

ထူး။ ။"ပြီးတော့ ဒီ့ပြင်တချက်ကလဲ အထဲရောက်ရောက်ချင်း အသင်းသားတွေကို မြင်ယင် သူ့ ခြောက်လုံးပြူးနဲ့ ဦးအောင် ပစ်လိုက်ယင် မှန်တဲ့လူ မှန်ကုန်လိမ့်မယ်"

မျိုး။ ။"ဒါတော့ ဟုတ်တယ်"

ထူး။ ။"ပြီးတော့လဲ သူ့သေနတ်သံ ကြားတဲ့အတွက် တမြို့လုံး အုတ်အုတ်ကျက်ကျက်ဖြစ်ပြီး ကျွန်တော်တို့အကြံ ပျက်သွားမှာလဲ စိုးရသေးတယ် ဆရာရဲ့"

မျိုး။ ။"ဒါလဲ မှန်ပေတယ်"

ထူး။ ။"ဒီတော့ ကျွန်တော်က ဒီလိုလုပ်ချင်တယ်။ ကျွန်တော်က တံခါးဖွင့်ပေးရော၊ ဆရာတို့က အခန်းမကြီးထဲက စောင့်ပြီးနေကြရော။ ကျွန်တော်က သူ့ကို မီးဖိုဆောင်ဘက်က အခန်းငယ်လေးထဲကို ပို့ထားခဲ့ရော။ ပြီးတော့မှ ကျွန်တော်က အသင်းသားစာရင်း မှတ်တမ်းစာအုပ်တွေ ဘာတွေ ယူချည်အုံးမယ်ဆိုပြီး အခန်းမကြီးထဲလာပြီးတော့ ဆရာတို့ကို အကျိုးအကြောင်းပြောပြီး တော်တဲ့ စာအုပ်တွေနဲ့ သူ့ဆီပြန်သွား၊ သူက စာရင်းစာအုပ်တွေ ကြည့်နေတုန်း ကျွန်တော်က နောက်ကနေပြီး ဖက်ထားမယ်။ ဆရာတို့လူစုက မြန်မြန်သာ လာကြပေတော့။ မနှေးကြစေနဲ့။ ဆရာနော် ဒီအကောင်ဟာ ကျွန်တော့်လိုပဲ တော်တော် ဗလကောင်းတယ်"

မျိုး။ ။"စိတ်သာချပါကွယ်။ ဝူးဆို ငါတို့ရောက်အောင် လာပါ့မယ်"

ထို့နောက် မောင်ဘထူးသည် မိမိနေအိမ်သို့ ပြန်လာခဲ့လေသည်။ နေအိမ်သို့ရောက်လျှင် မောင်ဘထူးသည် ထိုညဉ့်၌ စုံထောက်အား ပြရန် အသင်းမှတ်တမ်းစာအုပ်အတုများကို ပြင်ဆင်လျက် ရှိလေ၏။

ထိုည၌ ၉ နာရီ ထိုးသည်နှင့်တပြိုင်နက် အသင်းသားတို့သည် အသင်းစည်းဝေးရာအိမ်သို့နှစ်ယောက်တတွဲ သုံးယောက်တတွဲ လာရောက်ကြရာ မောင်ဘထူးနှင့် အသင်းသား ဆယ်ယောက်တို့ လာရောက်ကြသည်နှင့်တပြိုင်နက် ဦးနေမျိုးက—

"ကိုင်း လူစေ့ပြီ၊ အပေါက်ပိတ်ပေတော့"ဟု ပြောသဖြင့် တံခါးကို ပိတ်ပြီးနောက် အသင်းသားတို့သည် မီးဖိုဆောင်အနီး အခန်းကလေးအတွင်း၌သာ မီးခွက်ထွန်းလျက် အခန်းမကြီးအတွင်းမှာ မီးမထွန်းပဲ ဆိတ်ငြိမ်စွာ စောင့်နေကြလေ၏။

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



မောင်ထွန်းခင်နှင့် အခြားသူတယောက်မှာမူ ဒိုတီများ အသုံးပြုသော မီးပူကြီးတခုကို မီးရဲအောင် မွှေးလျက် ရှိကြလေ၏။

၁၀ နာရီအိုးသည်နှင့် တပြိုင်နက် အိမ်ပေါ်သို့ လူတယောက် ဖြည်းညင်းစွာ တက်လာသော ခြေသံကို ကြားရပြီးနောက် တံခါးကို သုံးချက်ခေါက်သံကြားရလေရာ မောင်ဘထူးသည် အသင်းသားများအား လက်ပြပြီးနောက် အခန်းပြင်သို့ထွက်၍ တံခါးကို ဖွင့်ပေးလေ၏။

ဝင်လာသူသည်း မောင်ဘထူးနှင့် စကားတိုးတိုးပြောလျက်ရှိရာ အသင်းသားတစုတို့သည်း အခန်းမကြီးအတွင်းမှ အံကြိတ်သူက ကြိတ်၊ လက်သီးနှင့် ရွယ်သူက ရွယ်၊ မီးပူကိုလှမ်း၍ ကြည့်သူက ကြည့် ရှိနေကြလေ၏။

ထို့နောက် မောင်ဘထူးသည် ထိုသူ့အား မီးဖိုဆောင်အနီးရှိ အခန်းငယ်အတွင်းသို့ ခေါ်သွားပြီးလျှင် ထားခဲ့၍ မီးခွက်ကိုကိုင်လျက် အခန်းမကြီးသို့ စာနှင်းစာအုပ်များကိုယူရန် သွားလေရာ အသင်းသားတို့လည်း အသွန်တသုံ စိတ်အားထက်သန်လှသော မျက်နှာထားနှင့် မောင်ဘထူးအား ကြည့်လျက် ရှိကြလေ၏။

မောင်ဘထူးမှာမူ အလွန်တရာ အရေးကြီးလှသော အမှုကိစ္စတခုကို ဆောင်ရွက်နေရသည့် မျက်နှာထားမျိုးနှင့် နှုတ်ခမ်းကိုကိုက်ကာ ရှိနေလေ၏။

ထိုအခါ ဦးနေမျိုးက—

"ဘယ့်နှယ်လဲဟေ့၊ စုံထောက်ထွန်းတင် ရောက်ပြီလား"

ထူး။ ။(ငြိမ်သက်သော အသံဖြင့်) "ရောက်ပြီ။ စုံထောက်ထွန်းတင်ဆိုတာ ကျုပ်ပဲ"

ထိုအခါ အသင်းသားတစုတို့လည်း တသက်တွင် ဤမျှလောက် တခါဘူးမျှ အံ့ဩဖူးလောက်အောင် ကြီးစွာ အံ့ဩကြသည်ဖြစ်၍ မိနစ်ဝက်ခန့်မျှ ကြက်သေ သေလျက် ရှိနေကြရာ မောင်ဘထူး သို့မဟုတ် မောင်ထွန်းတင်သည် မိမိ၌ ပါလာသော ခြောက်သုံးပြူးသေနတ်ကို ထုတ်ပြီးနောက် လူတစုတို့အား ချိန်လျက် ရှိလေ၏။

ဦးနေမျိုးလည်း အံ့ဩခြင်း ပြေသည်နှင့် တပြိုင်နက် ပြတင်းပေါက်မှ ခုန်ဆင်းမည်ပြုရာ ပြတင်းပေါက် သုံးပေါက်တို့မှာလည်း သေနတ်သုံးလက်တို့သည် ချိန်လျက် ရှိကြလေ၏။

ထိုအခါ မောင်ထွန်းတင်က—

"မလှုပ်ကြနဲ့နော်၊ လှုပ်တဲ့အကောင် တခါတည်း ပစ်လိုက်မယ်"ဟု ပြောလျက် ကြမ်းကို ခြေဖြင့် ဆောင့်လိုက်ရာ ပုလိပ်အင်စပက်တော်နှင့် ပုလိပ်သား နှစ်ဆယ်ခန့်မျှတို့သည် အိမ်ပေါ်သို့ တက်လာ၍ အသင်းသားများကို နှစ်ယောက်တတွဲစီ လက်ထိပ်ခတ်ကြလေ၏။

ထို့နောက် မောင်ထွန်းတင်က—

"မင်းတို့ အသင်းအကြောင်းကို ငါတို့ကြားနေတာ ကြာပြီကောကွယ်။ ဒါကြောင့် မင်းတို့ကို ဖမ်းချင်လို့ မနှစ်က မန္တလေးမြို့ အာဇာနည်အသင်းထဲကိုဝင်ပြီး မင်းတို့ဆီကို ဓိနှစ် ငါလာခဲ့တယ်။ လူသတ်မှုလဲ မဖြစ်ဖူးပါဘူး။ ငွေစက္ကူလဲ မလုပ်တတ်ပါဘူး။ ကိုယ်စားလှယ်ကြီး လွတ်သွားတာလဲ ငါသာတင်းပေးလိုက်တာပဲ။ ဝါးဖြူဆောင်ဝန်းမှာ ဓားလက်ချက်နဲ့ အလောင်းတွေ့သယ်ဆိုတာလဲ ငါပြောပြီး သတင်းစာထဲ ထည့်လိုက်တာပဲ။ ကိုင်း၊ သိကြပြီ မဟုတ်လား"ဟု ပြောလျှင် မောင်ထွန်းခင်လည်း လက်ထိပ်ခတ်သော လက်ဖြင့် လက်သီးဆုပ်ကာ ရွယ်လျက်—

တတိယအကြိမ်

www.burmeseclassic.com



''ကြားသေးရဲ့လား ထွန်းတင်ရယ်။ ဒီတခါ နင့်အကြံ ပိုင်ပေတာပေါ့။ သို့သော် မသေလို့ရှိ သိကြလိမ့်အုံးပေါ့''

ဟင်း။ ''တတ်နိုင် ကိုင်တာပေါ့လကွယ်။ တော်တော်ကြာတော့ မင်းလည်းပင်း ကြိုးကွင်းစွပ်မှာပါ ထွန်းခင်ရဲ့''

ထို့နောက် ပုလိပ်သားတို့သည် အသင်းသားတို့၏ ခါး၌ ပါသော ဓားမြှောင်များကို သိမ်းယူကြပြီးနောက် ဌာနသို့ ခေါ်သွားကြရာ အခြား ပုလိပ်သားတို့လည်း မြို့ပေါ်ရှိ အခြား အသင်းသားတို့ကို လက်ရ ဖမ်းဆီးမိကြလေ၏။

ယင်းအမှုကို စစ်ဆေးသောအခါ အသင်းဥက္ကဋ္ဌနှင့် အခြားအသင်းသား သုံးယောက်တို့မှာ လူသတ်မှုနှစ်ခုတို့၌ လက်သယ်ဖြစ်ကြောင်း ထင်ရှားသဖြင့် ကြိုးမိန့်ပေးခြင်းကို ခံကြရလေရာ ကျန်အသင်းသားတို့မှာ ၁၀ နှစ်၊ ၁၅ နှစ်၊ အနှစ် ၂၀ စသည်ဖြင့် အသီးသီး တကျွန်းပို့ အပြစ်ဒဏ်ကို ခံကြရလေ၏။

မောင်ထွန်းခင်မှာ အနှစ် ၂၀ ခံရသည့် သူတို့တွင် ပါဝင်ခဲ့လေ၏။

မောင်ထွန်းတင်လည်း အစိုးရစုံထောက်ဘက်ဌာနတွင် ဆက်လက် အမှုထမ်းရွက်သဖြင့် ရာထူးတိုးတက်ခြင်း ရှိခဲ့လေရာ အသက် ၅၀ ပြည့်သည့်အခါတွင် အစိုးရအလုပ်မှ ပင်စင်ယူပြီးနောက် ရွှေဘိုနယ်အတွင်း တခုသော ရွာငယ်တွင် ငြိမ်းချမ်းစွာ မနန်းမြနှင့် ပေါင်းဖက် နေထိုင်ခဲ့ကြသည်ဖြစ်ရာ တနေ့သ၌ မြင်းတစီးနှင့် ခေတ္တခရီးတွင် တယောက်တည်း သွားလာလျက် ရှိသည်တွင် မိမိ၏ နားရွက်နား၌ ဝီကနဲ အသံကို ကြားရသည်နှင့်တပြိုင်နက် သေနတ်သံတချက်ကိုလည်း ကြားလိုက်ရလေ၏။ ထိုအခါ ဦးထွန်းတင်လည်း သေနတ်သံ ကြားရာဘက်သို့ သွားရောက်ကြည့်ရှုပါသော်လည်း တစုံတယောက်ကိုမျှ မတွေ့မမြင်သဖြင့် ခြေ့ခြေ့ စိတ်ကူးမိရာ—

''ကြော် တန်ခအော၊ အနှစ် ၂၀ လဲ ကျော်သွားပြီ၊ ထွန်းခင်တို့ လက်ချက်ပဲ။ ဒီနှန်က မဒေးသေးပဲကိုးကွယ့်''ဟု ပြောလျက် အိမ်သို့ ပြန်လာခဲ့လေ၏။

ထိုနေ့မှစ၍ ဦးထွန်းတင်သည် သတိဝီရိယနှင့် နေထိုင်ခဲ့သည်ဖြစ်ရာ နှစ်ကြိမ်သုံးကြိမ်မျှ အသက်ဘေးအန္တရာယ်တို့မှ လက်မတင်ကလေး လွတ်ခဲ့ရသည်ဖြစ်သောကြောင့် ထိုအရပ်၌ နေထိုင်ရန် မသင့်လျော်ဟု ထွက်ခွာခဲ့ပြီးလျှင် အထက်မြန်မာ ကသာနယ်သို့ ရွှေ့ပြောင်းခဲ့ရလေ၏။

ထိုနယ်သို့ရောက်၍ မကြာမီအတွင်းတွင် မနန်းမြသည် ငှက်ဖျားရောဂါဖြင့် အနိစ္စရောက်ခဲ့ရှာလေရာ ဦးထွန်းတင်မှာ နောက်ထပ် အိမ်ထောင်ပြုလျက် ဆက်လက် နေထိုင်ပါသော်လည်း ရန်သူတို့သည် ရှေးတာနည်းတူ ဦးထွန်းတင်၏ အသက်ကို လုပ်ကြံနေကြကြောင်း ထင်ရှားပြန်သဖြင့် အောက်မြန်မာပြည်သို့ စုန်ဆင်းလာခဲ့ပြီးနောက် 'ဦးအို့'ဟူသော အမည်ဖြင့် ကျိုက်ထိုင်ရွာအနီးတွင် နေထိုင်ခဲ့ခြင်း ဖြစ်လေသတည်း။

× × ×

ဦးအို့သည် မောင်ထွန်းခင်ကို သတ်ဖြတ်မှုနှင့် ရုံးသို့ သွားရောက် ဖြေရှင်းရပြားသော်လည်း မိမိ၏ အသက်ဘေးအန္တရာယ်ကို ကာကွယ်ရာ၌ ထိခိုက်သေဆုံးကြောင်း ထင်ရှားသည်ဖြစ်၍ အပြစ်ဒဏ်မရရှိပဲ လွတ်လပ်ခွင့်ရခဲ့လေ၏။

အမှုပြီးဆီးသည်နှင့် တပြိုင်နက် ဦးစံရှားက မြန်မာပြည်၌ နေထိုင်ခဲ့လျှင် အောင်ဇေယျနည်းအသင်းများ တက်ပင် ကြီးကျယ်သောရန်ကို ကြောက်ရကြောင်း ပြောသည်နှင့် မကြာမီအတွင်း၌ပင် ဦးအို့ လင်မယားတို့သည် ယိုးဒယားပြည်သို့ ထွက်ခွာသွားကြလေ၏။

**အတ္ထုပ္ပတ္တိယာ အကြံမ်**

www.burmeseclassic.com



ယင်းနောက် နှစ်လကျော်ခန့် ကြာရှိသောအခါ ဦးစံရှားသည် အခန်း၀ အနီး၌ ပစ်ချထားသော စာတစောင်ကို တွေ့ရသဖြင့် ဖတ်ရှုလျက်ရှိရာ ကျွန်တော်က သူ၏နောက် ပခုံးပေါ်မှ ကျော်၍ ဖတ်ရှုလိုက်သောအခါ အောက်ပါအတိုင်း တွေ့မြင်ရလေ၏။

'ဖြစ်ရလေခြင်း ဦးစံရှားရယ်၊ ဖြစ်ရလေခြင်း'။

လက်မှတ်လည်း မပါမရှိပဲ ဤထူးဆန်းသော စာတိုကလေးကို မြင်ရသဖြင့် ကျွန်တော်က ရယ်မောမိလေလျှင် ဦးစံရှားက ''ကိုသိန်းမောင်က ရယ်စရာမှတ်နေတယ်၊ ဒီအတွက်နဲ့ ငိုတဲ့လူ ငိုရလိမ့်မယ်ဗျ။ နားသာ ထောင်နေပတော့''

ထိုနေ့ညနေ၌ ရေလယ်ကျွန်းအမှုတွင် ပါ၀င်ခဲ့သော ဦးသာခင်သည် တိုက်ပေါ်သို့ တက်လာ၍ တုန်လှုပ်သော အမူအရာနှင့် ဦးစံရှားအား ''တခါဖြင့် ကိစ္စတုံးရှာပေါ့ဗျာ''

ရှား။ ။''ကျွန်တော်လဲ အထင်သားကပဲ''

ခင်။ ။''ခင်ဗျား ကြေးနန်းရသလား''

ရှား။ ။''ကြေးနန်းရတဲ့ လူဆီက သတင်းရတယ်ဗျ''

ခင်။ ။''ယိုးဒယားကနေပြီး သီဟိုဠ် ဘုရားဖူးသွားကြတုန်း လမ်းခရီး သင်္ဘောပေါ်က လိမ့်ကျသလိုလို ဦးအုံ့ ပျောက်သွားပြီတဲ့ဗျ။ သူ့မယားဆီက ကြေးနန်း ရတယ်''

ရှား။ ။''ဪ ဒီလိုလား။ သပ်ရပ်ပါပေတယ်ဗျာ''

ခင်။ ။''မတော်တဆ ဖြစ်တယ်လို့ ခင်ဗျား မထင်ဘူးလား''

ရှား။ ။''ဘယ်က မတော်တဆ ဖြစ်ရမှာလဲဗျာ။ တမင် ဆင်ပြီး သတ်တာပေါ့''

ခင်။ ။''ထွန်းခင်တို့ အသင်းက လူစုလားဗျာ''

ရှား။ ။''ဒီဟာက သေနတ်ပြောင်းတိုတို ဘာတို့နဲ့ ကြံတဲ့ လူစုလက်ရာ မဟုတ်ဘူးခင်ဗျ။ ဒီလက်ရာက တော်တော် သပ်ရပ်တဲ့ လက်ရာပဲ''

ကျွန်။ ။''ဦးမင်းဟန်တို့ လူစုလားဗျာ''

ရှား။ ။''အစစ်ပဲ ကိုသိန်းမောင်''

ခင်။ ။''ဒါဖြင့် ဒီလိုပဲ ကြည့်နေတော့မှာလား''

ရှား။ ။''မတတ်နိုင်ဘူးလို့ ကျွန်တော် မပြောပါဘူးဗျာ။ သို့သော်လဲ ဘာတဲ့ ကိုသိန်းမောင်၊ 'အချိန်တန်တော့ နွားပိန်ကန်လိမ့်မယ်' ဆိုတဲ့ စကားရှိတယ် မဟုတ်လား''ဟု ပြောပြီးနောက် ဦးစံရှားသည် စကား ဆက်လက်၍ မပြောပဲ နောင်လာမည့် အရေးများကို မျှော်ခေတ္တ ဆင်ခြင်နေသည့် အမူအရာနှင့် ဆေးတံကို တဖြည်းဖြည်းဖွာလျက် ရှိုနေလျှင် ကျွန်တော်တို့မှာလည်း ဆိတ်ငြိမ်စွာသာလျှင် အကဲခတ်လျက် ရှိနေကြရလေသတည်း။



www.burmeseclassic.com

www.burmeseclassic.com

# ၄၁။ ပင်လယ်ကမ်းခြေ လူသတ်မှု၌ စုံထောက်ပုံ*

ကျွန်ုပ် စုံထောက်ခဲ့သော အမှုအခင်းများနှင့် ပတ်သက်၍ မိတ်ဆွေ ကိုသိန်းမောင်သည် စာဖတ်ပရိသတ်တို့ မငြီးငွေ့စေရန် ဝတ္ထုသွားသဖွယ် ရေးသားဖော်ပြခဲ့စဉ်က ကျွန်ုပ်သည် သူ၏ အရေးအသားကို ကျွန်ုပ်နှစ်သက်သော အစီအစဉ်မျိုး မဟုတ်ပဲ ဝတ္ထုသွား ဆန်လွန်းလှသည်ဟု အပြစ်ပြောခဲ့ဖူး၏။

အောက်တွင် ဖော်ပြလတ္တံ့သော အမှုမှာမူ ကိုသိန်းမောင် မပါပဲ ကျွန်ုပ် တယောက်တည်း ကြုံတွေ့ခဲ့ရခြင်း ဖြစ်သောကြောင့် စာရေးသော အလေ့အထမရှိပဲလျက် ကိုယ်တိုင် ကြံရတော့သည်ဖြစ်ရာ ဤကဲ့သို့ ကလောင်ကို ကိုင်၍ ကိုယ်တိုင် ရေးသားရသောအခါတွင်မှ ကိုသိန်းမောင်အား အပြစ်ပြောမိခဲ့ခြင်းများအတွက် ဝန်ချ တောင်းပန်ရတော့မည်ကဲ့သို့ ဖြစ်ပေ၏။

အဘယ်ကြောင့် ဆိုသော် ဖော်ပြလတ္တံ့သော အမှုမှာ ကြုံတွေ့ခဲ့ရဖူးသော အမှုများအနက်တွင် အကောင်း ဆုံးတခု ဖြစ်သော်လည်း ရေးသားပုံ နေရာမကျသည့်အတွက် ကိုသိန်းမောင်၏ ဝတ္ထုများကဲ့သို့ အတွက်လည် ကောင်းမှ လည်မည်ဟု သံသယ ဖြစ်မိပေသောကြောင့်တည်း။

ဆရာဝန်များသည် ကျွန်ုပ်၏ ကျန်းမာရေးနှင့် ပတ်သက်၍ စိုးရိမ်မကင်း ဖြစ်ကြသောကြောင့် ပင်လယ် လေညှင်းခံရန် အတန်တန် တိုက်တွန်းကြသော်လည်း ကျွန်ုပ်၏ အမှုကလေးများမှာ တခုပြီးတခု ဆက် စပ်လျက် ရှိသောကြောင့် လုံးဝ အားလပ်သည်ဟူ၍ မရှိပဲ ဤလ ထိုလ စသည်ဖြင့် အချိန်ဆွဲလာခဲ့လေရာ တခုသောနွေရာသီတွင်မူကား ကံအားလျော်စွာ အမှုများအဆက်ပြတ်သွားသည်ဖြစ်သောကြောင့် ဆရာဝန် များ၏ ဩဝါဒအတိုင်း ပင်လယ်ကမ်းခြေသို့ တလခန့်မျှ သွားရောက်နေထိုင်ရန် ဆုံးဖြတ်လိုက်လေ၏။

သို့ရာတွင် လူတို့စီမံသမျှမှာ အဖုအထစ်ကလေးများ ပါစမြဲ ဖြစ်တတ်သည့်အတိုင်း ကျွန်ုပ် အားလပ် ပြန်ပါတော့လည်း ကိုသိန်းမောင်မှာ အရေးကြီးသော ကိစ္စတခုအတွက်ကြောင့် ကျွန်ုပ်နှင့်အတူ မလိုက် နိုင်ပဲ ရန်ကုန်မြို့ဘွင် ကျန်ရစ်ခဲ့လေ၏။

ကျွန်ုပ်သည် ထမင်းချက်ကြီးတယောက်၊ တိုလီမိုလီခိုင်းစေရန် သူငယ်လေး တယောက်တို့နှင့်အတူ ထားဝယ်ကမ်းခြေသို့ ထွက်လာခဲ့ရာ မင်းကုန်းအမည်ရှိ ရွာကလေးနှင့် မိုင်တဝက်ခန့် ကွာဝေးသော နေရာတွင် ဘိုအိမ်ကလေး သုံးလေးလုံးတို့သည် ပင်လယ်ကမ်းပေါ်တွင် စီတန်းလျက် ပင်လယ်ဘက်သို့ မျက်နှာမူကာ တည်ရှိကြလေ၏။

* ဤဝတ္ထုကို ရှုမဝ မဂ္ဂဇင်း၊ ၁၉၄၈၊ ဩဂုတ် အမှတ် ၁၅ တွင် ရေးခဲ့သည်။ မြန်မာပြည် စာအုပ်တိုက်မှ အတွဲ ၈ နှင့် နှလုံးလှ စာပေတိုက်မှ အတွဲ ၄ တို့တွင် 'စိနီယာ ကာဗိလတာ' အမည်ဖြင့် ပုံနှိပ်ဖော်ပြသည်။ မူရင်းမှာ The Lion's Mane ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းအိမ်ကလေးများမှာ ရော်ဘာခြံပိုင်ရှင် သူဌေးတဦး ပိုင်ဆိုင်၍ ပင်လယ်လေညှင်းခံလိုသူများအတွက် တမင် ဆောက်လုပ်၍ အငှားချထားခြင်း ဖြစ်လေသည်။

အိမ်ကလေး ငါးလုံး ရှိသည့်အနက် ကျွန်ုပ်သည် တောင်ဘက်အစွန်ဆုံးအိမ်ကလေးကိုရရှိ၍ကပ်လျက်ရှိသော အိမ်၌ကား သာသနာ့ရေးဆရာကြီးတယောက်နှင့် ကျမ်းစာသင်ကျောင်းသား လေးငါးယောက်တို့ နေထိုင်လျက် ရှိ၏။

ကျန်သော အိမ်သုံးလုံးမှာမူ နွေရာသီအတွင်း အမြို့မြို့မှ ရောက်လာကြသော အစိုးရ အရာရှိကြီးများနှင့် လူကုံထံများ ငှားရမ်းနေထိုင်ကြလေသည်။

အိမ်ကလေး ငါးလုံးသည် ပင်လယ်ဘက်သို့ လှည့်၍ ပေ ၃၀၀ ခန့်မြင့်သော ကျောက်ဆောင်ကြီးပေါ်တွင် တည်ရှိကြလေရာ အိမ်ရှေ့မှ မတ်စောက်သော ကျောက်ကြားလမ်းကလေးတလျှောက်ဆင်းသွား၍ တောင်ခြေရင်းသို့ ရောက်သောအခါတွင် ပင်လယ်ကမ်းခြေနှင့် ကိုက်တရာခန့်မျှသာ ကွာလေတော့၏။

ဒီရေတက်သောအခါ၌ ပင်လယ်ရေသည် ကျောက်ဆောင်ခြေရင်းသို့ ချဉ်းကပ်လာ၍ လေပြင်းထန်သောအခါများတွင် လှိုင်းလုံးကြီးများ တဝုန်းဝုန်းရိုက်ခတ်သဖြင့် ဘိုအိမ်ကလေးများရှိ ကျွန်ုပ်တို့ လူစုသည် လှိုင်းသံကို နားထောင်ယင်း အိပ်၍ စား၍ ကောင်းလှပေသည်။

ကျောက်ဆောင်ခြေယင်းနှင့် ပင်လယ်ကမ်းခြေမှာ ကိုက်တရာခန့် ကွာလှမ်း၍ သဲပြင်ပေါ်တွင် ကျောက်တုံး ကျောက်ခဲကလေးများနှင့် ပြည့်နှက်လျက် ရှိ၏။

ကျွန်ုပ်တို့လူစုသည် နံနက်ခင်းနှင့် ညနေခင်းအချိန်များတွင် မတ်စောက်သော ကျောက်ကြားလမ်းမှ လျှောက်ဆင်းကာ ပင်လယ်ရေချိုးခြင်း၊ ရေကူးခြင်းတည်းဟူသော အလုပ်များကို အရသာရှိစွာနှင့် ပြုလုပ်ကြရသည်။

သို့ဖြစ်၍ ယင်းရေဆိပ်တွင် ကျွန်ုပ်တို့ အိမ်ငါးလုံးမှ တယောက်ယောက်သည် အမြဲလိုပင် ရေဆိပ်တွင် ရေကူးလျက်ရှိသည်ကို တွေ့ရတတ်သည်သာ ဖြစ်ပေသည်။

တနေ့သော နံနက်ခင်းအချိန်၌တနာရီကျော်ခန့်မျှ လေပြင်းမုန်တိုင်းတိုက်ခတ်ပြီးနောက် ချက်ချင်းဆိတ်ငြိမ်သွားသည့်တွင် ပင်လယ်ကမ်းခြေမှာ လမ်းလျှောက်ချင့်စဖွယ် ရှိနေသောကြောင့် ကျွန်ုပ်သည် တုတ်ကောက်ကိုဆွဲ၍ အိမ်ပေါ်မှ ဆင်းခဲ့ပြီးလျှင် မတ်စောက်သော ကျောက်ကြားလမ်းကလေးတလျှောက် ဆင်းလာခဲ့လေ၏။

ပေ ၃၀၀ ခန့် မြင့်သော ကျောက်ကြားလမ်းကို တဝက်ခန့် ဆင်းလာမိသောအခါ ကျွန်ုပ်နောက်မှ လက်ခုပ်သံကြားသဖြင့် လှည့်ကြည့်လိုက်ရာတွင် အိမ်နီးချင်းဖြစ်သော အမေရိကန် သာသနာပြု ဆရာကြီး မစ္စတာ လယ်လီကို တွေ့ရလေ၏။

လီ။ ။"လေငြိမ်သွားလို့ တယ်ပြီး သာယာတဲ့ မနက်ပဲဗျာ။ ခင်ဗျား ဆင်းသွားတာ မြင်လို့ ကျွန်ုပ် လိုက်လာခဲ့တာပဲ"

ကျွန်ုပ်။ ။"ဘာလဲ ဆရာကြီး၊ စောစောစီးစီး ရေကူးတော့မလို့လား"

လီ။ ။(ရယ်မောလျက် ဖောင်းပွနေသော ဘောင်းဘီအိတ်ကို ပုတ်ပြလျက်) "ဒီဟာ ဖောင်းနေတာ မြင်လို့ ရေကူးဝတ်စုံပဲဆိုပြီး ခင်ဗျားက ဗေဒင်ဟောတာပေါ့လေ။ ဒါကြောင့်လဲ ကျော်ကြားပေတာပဲဗျာ။ ဟုတ်ပါတယ်၊ ခင်ဗျားဟောတဲ့အတိုင်းပါပဲ။ ဒါထက် ကျွန်ုပ်တပည့်တယောက် ဘဦးဆိုတာ ခုနက ဆင်းသွားတာ ခင်ဗျား မတွေ့လိုက်ဘူးလား"

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ပါ။ ။"မတွေ့လိုက်ပါလား ဆရာကြီး"

မောင်ဘဦးဆိုသူမှာ ကျမ်းစာသင် ကျောင်းသားတယောက်ဖြစ်၍ မစ္စတာကယ်လီနှင့်အတူ လွန်ခဲ့သော ရက်သတ္တ သုံးခလေးပတ်ခန့်က ထိုအိမ်သို့ ရောက်လာကြလေရာ ထိုသူငယ်မှာ ကာယဗလ သန်စွမ်းသူ တယောက်ဖြစ်သော်လည်း နှလုံးရောဂါ ရှိသည့်အတွက် ကာယဗလကို အပြင်းအထန် မလေ့ကျင့်ဖို့ ဆရာများက သတိပေးထားသူတယောက် ဖြစ်လေသည်။

ကျွန်ုပ်မှာမူ မစ္စတာကယ်လီနှင့် သူ၏ တပည့် ၆ ယောက်တို့ကို နာမည်နှင့်တကွ အတ္တုပ္ပတ္တိကလေးများပါ အတော်အတန် သိကျွမ်းနေခဲ့လေပြီ။

ထိုလူစုအနက်တွင် မောင်ဘဦး ဆိုသူမှာ အချိန်အမှန်ဆုံး ရေကူးသူတယောက် ဖြစ်၏။

ထိုခဏ၌ မောင်ဘဦးသည် ပင်လယ်ကမ်းခြေဘက်မှမတ်စောက်သော ကျောက်ကြားလမ်းကလေး တလျှောက် တက်လာခဲ့သဖြင့် သူ၏ ဦးခေါင်းသည် ကျောက်စွန်းတခု၏ အထက်တွင် ဘွားကနဲပေါ်လာလေရာ မစ္စတာကယ်လီနှင့် ကျွန်ုပ်သည် သူ့အားနှုတ်ဆက်မည် ပြုဆဲတွင် မောင်ဘဦးသည် ကျောက်စွန်းထက်သို့ တကိုယ်လုံး ပေါ်ထွက်လာသည့် တိုင်အောင် တက်လာပြီးသည်နှင့် တပြိုင်နက် လက်နှစ်ဘက်ကို မြှောက်ကာ ရှေ့သို့ ထိုးလဲသွားလေ၏။

မစ္စတာကယ်လီနှင့် ကျွန်ုပ်သည် မောင်ဘဦး ရှိရာသို့ ပြေးဆင်းသွားကြ၍ မှောက်လျက်ရှိသော မောင်ဘဦးကို ပက်လက်လှန်ပေးလိုက်ကြရာတွင် မောင်ဘဦးမှာ ကုန်းပေါ်သို့တင်ထားသော ငါးတကောင် သဖွယ် ဟက်ပဲ့ဟက်ပဲ့ ဖြစ်နေသည်ကို တွေ့ကြရလေ၏။

သူ၏ မျက်လုံးများမှာ အရောင်အဆင်းမရှိပဲ ဖန်သီးကဲ့သို့ မှဲ့တဲတဲ ဖြစ်နေ၍ ပါးများမှာလည်း သွေးမရှိသည့် လက္ခဏာနှင့် ဖျော့တော့ ဖြူးဖွေးလျက် ရှိလေ၏။

ပါးစပ်ကို ပိတ်ချည် ဟချည်ဖြစ်နေရာ မောင်ဘဦးသည် ကျွန်ုပ်တို့ နှစ်ယောက်ကို ထိတ်လန့်တုန်လှုပ်သော အမူအရာနှင့် ရုတ်ဘရက် မော့ကြည့်ပြီးနောက် "အောင်မယ်လေး မွေးစုတ်ဖွားကြီးဆရာရဲ့" ဟု လွတ်ဆနဲ့ အော်ပြောလိုက်သည်ကို ကြားလိုက်ရပေ၏။

ကျွန်ုပ်တို့မှာ ယင်းစကား၏ အဓိပ္ပာယ်ကို နားမလည်နိုင်သဖြင့် တယောက်မျက်နှာကို တယောက် လှမ်းကြည့်လျက်ရှိစဉ် မောင်ဘဦးသည် မြေပေါ်တွင် လဲနေရာမှ အတင်းလူးလဲတွန့်လိမ်ကာ ထိုင်လိုက်ပြီးမှ လက်နှစ်ဘက်ကို လေထဲမြှောက်လျက် နံဘေးသို့ ထိုးလဲသွားရှာပြန်လေရာ မစ္စတာကယ်လီနှင့် ကျွန်ုပ်တို့မှာ ပွေ့ထူမည် ပြုကြသောအခါ အသက်မရှိတော့သည့် အဖြစ်ကို တွေ့မြင်ကြရလေ၏။

မစ္စတာကယ်လီမှာ သူ၏ တပည့်တယောက်ဖြစ်၍ ရုတ်တရက် ရှောင်တခင် ကြုံတွေ့ရခြင်း ဖြစ်သောကြောင့် ပျာလောင်ခတ်လျက်ရှိလေရာ ကျွန်ုပ်မှာမူ ထုံးစံအတိုင်း နားမျက်စိတို့ကို ဖွင့်လျက် ရှိ၏။

မောင်ဘဦးမှာ အထက်ပိုင်းတွင် ကိုယ်တုံးလုံးရှိ၍ ဘလေဇာကုတ်အင်္ကျီကို ပခုံးပေါ်၌ တင်လာခြင်း ဖြစ်လေရာ အောက်ပိုင်းတွင်ကား ဘောင်းဘီတိုကလေးနှင့် ရှက်ဖျဉ်ဖိနပ်ကလေးကို စွပ်ထားလေ၏။

နောက်ဆုံးအကြိမ် တွန့်လိမ်လိုက်စဉ်အခါက ပခုံးပေါ်၌ တင်ထားသော နက်ပြာရောင် ဘလေဇာကုတ်သည် ပခုံးပေါ်မှ လျှောကျသွား၍ မောင်ဘဦး၏ ကျောပြင်သည် ထင်းလင်းစွာ ပေါ်ထွက်လာရာတွင် ကျွန်ုပ်တို့မှာ ပါးစပ်များ ဟလျက် ငေးကြည့်နေမိလေ၏။

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမူကား မောင်ဘဦး၏ ကျောပြင်တခုလုံး၌ ဝါယာသံကြိုးများဖြင့် အပြင်းအထန် ရိုက်ထားဘိသကဲ့သို့ နီညိုသော အရှိုးကြီးများသည် ကန့်လန့်ဖြတ် ပေါ်လျက်ရှိပေသောကြောင့်တည်း။

အရှိုးများသည် ပခုံးနှင့်နံရိုးများပေါ်သို့ ပတ်သွားသည်ကို မြင်ရခြင်းအားဖြင့် ရိုက်နှက်သော ဒဏ်ရာမှာ မာကျောသော လက်နက်မျိုးမဟုတ်ပဲ ကြိုးမျှင်ကဲ့သို့ ခပ်ပျော့ပျော့ရှိသော လက်နက်မျိုး ဖြစ်ကြောင်း ထင်ရှားပေ၏။

မောင်ဘဦးသည် ဝေဒနာ အပြင်းအထန် ခံစားခဲ့ရသည့်လက္ခဏာနှင့်အောက်နှုတ်ခမ်းကို သွားများ ဖြင့် ကိုက်မိကိုက်ရာ ကိုက်ထားလေရာ သွေးများသည် မေးပြင်သို့စီးကျလျက်ရှိ၏။

သေခါနီးဆဲဆဲ၌ မောင်ဘဦး၏ ရှုံ့မဲ့တွန့်လိမ်နေသော မျက်နှာထားကို မြင်ရခြင်းအားဖြင့်လည်း သူ၏ဝေဒနာမှာ ထွန့်ထွန့်လူးအောင် အခံရခက်လှကြောင်း ထင်ရှားပေ၏။

ကျွန်ုပ်သည် အလောင်းအနီးတွင် ဒူးထောက်၍ မစ္စတာ ကယ်လီက ကျွန်ုပ်အနီး၌ရပ်လျက်ရှိစဉ် ကျွန်ုပ်တို့အပေါ်သို့ အရိပ်တခုကျလာ၍ မော့ကြည့်လိုက်ကြရာ မောင်တုတ်ပွားဆိုသူ ရောက်နေကြောင်း တွေ့မြင်ရလေ၏။

မောင်တုတ်ပွားမှာ မစ္စတာကယ်လီ၏ တပည့်တယောက်ဖြစ်၍ ပိန်ပိန်မြင့်မြင့် ရှိသည့်ပြင် စကား နည်းသူတယောက် ဖြစ်ခြင်းကြောင့် အခြား ကျောင်းသားများနှင့် အရောတဝင် မရှိလှချေ။

ထိုသူသည် ချောင်ကောင်းကောင်းတွင် တယောက်တည်းထိုင်ကာမျက်မှောင်ကြုတ်လျက် စိတ်ကူး နေတတ်သူဖြစ်၍ အခြားကျောင်းသားများသည် ထိုသူကို အပေါင်းအသင်း မလုပ်ရုံသာမက ဘု သမား ဟူ၍ ပြောင်လှောင်ပြောဆိုလိုသော်လည်း မောင်တုတ်ပွားက မော့ကြည့်လိုက်သောအခါ၌ ယင်း၏မျက်လုံး များမှာ မီးရောင်လက်သကဲ့သို့ တဖျပ်ဖျပ်လက်သွားသော အခြင်းအရာကို မြင်ကြရသဖြင့် ပြောင်လှောင် မည့် စကားများသည် အပြင်သို့မထွက်ပဲ နှုတ်ခမ်းပေါ်၌သာ ပျောက်သွားကြလေ၏။

တနေ့သ၌ မောင်ဘဦး၏ 'ကာလို'အမည်ရှိ ခွေးကလေးသည် မောင်တုတ်ပွား၏ ခြေထောက်ကို ဆွဲဟပ်လိုက်သဖြင့် မောင်တုတ်ပွားသည် ခွေးကလေးကိုခြေနှစ်ချောင်းမှကိုင်ကာ ပြတင်းပေါက်ဆီသို့ လွှင့် ပစ်လိုက်ရာ ပြတင်းတံခါးမှ မှန်များကွဲ၍ အပြင်သို့ ရောက်သွားလေတော့၏။

မောင်တုတ်ပွားသည် ကျွန်ုပ်တို့အနီးသို့ ရောက်လာ၍ ကျွန်ုပ်တို့က မေးမြန်းလိုက်သောအခါ သူ၏ မျက်နှာထားမှာ အမှန်ပင် ဝမ်းနည်းတုန်လှုပ်ခြင်းရှိသည်ဟု ကျွန်ုပ်အကဲခတ်မိ၏။

သို့ရာတွင် ခွေးကလေးနှင့်မတ်သက်၍ ရန်ဖြစ်ခဲ့ဖူးသော လူနှစ်ယောက်ဖြစ်သောကြောင့် မောင် တုတ်ပွားသည် မောင်ဘဦးအတွက် ဝမ်းနည်းသော မျက်နှာပြခြင်းမှာ ပရိယာယ်လည်းဖြစ်နိုင်ပေ၏။

ပွား။ ။"ဖြစ်ရလေ ဆရာကြီးရယ်။ ဖြစ်မှဖြစ်ရလေဗျာ။ ကျွန်တော်ဘာလုပ်ပေးရမလဲ။ ခိုင်းစရာရှိ ခိုင်းပါဆရာကြီး။ ကျွန်တော်ဆောင်ရွက်ပါရစေ"

လီ။ ။(သူငယ်၏မျက်နှာကို စေ့စေ့ကြည့်လျက်) "မင်းက သူနဲ့အတူတူ လာခဲ့ကြတာလား။ ဘယ်လိုဖြစ်တာလဲ မင်း သိသလား"



www.burmeseclassic.com

www.burmeseclassic.com

ပွား။ ။"မသိရပေါင် ဆရာကြီး။ ကျွန်တော်နဲ့သူနဲ့ အတူတူ ထွက်လာတာလဲ မဟုတ်ပါဘူး။ အခုမှ ကျွန်တော်ရောက်လာတာပါ။ ကိုင်း ဘာလုပ်ပေးရမလဲ ဆရာကြီး"

လီ။ ။"ဟောဟိုဘက်က မင်းကုန်းရွာကိုသွားပြီး သူကြီးကိုတိုင်ချေ။ မြန်မြန်လုပ်ဟေ့"

မောင်တုတ်ပွားသည် စကားတခွန်းမျှ ပြန်မပြောပဲ ကဆုန်စိုင်း၍ ပြေးလေရာ မစ္စတာဏယ်လီမှာ အလောင်းအနီး၌ ကယောင်ချောက်ချားဖြစ်နေစဉ် ကျွန်ုပ်သည် ထုံးစံအတိုင်း ထောက်လှမ်းစုံစမ်းလေ၏။

ရှေးဦးစွာ စုံစမ်းရန်လိုသောအလုပ်မှာ မောင်ဘဦးလာခဲ့သော ပင်လယ်ကမ်းခြေ၌ မည်သူများ ရှိလေသနည်းဟူသော အချက်ပင်ဖြစ်၏။

ကျွန်ုပ်သည် ကျောက်စွန်းသို့သွား၍ကမ်းခြေတလျှောက်လုံးကိုမျှော်ကြည့်လိုက်ရာ အမြင့်မှအနိမ့်သို့ မျှော်ကြည့်ရခြင်းဖြစ်သဖြင့် ပင်လယ်ကမ်းခြေတလျှောက်လုံး လေးငါးမိုင်မျှပင် မြင်နိုင်ပေ၏။

မိုင်တဝက်ခန့်မျှသာ ဝေးကွာမည်ဖြစ်သော မင်းကုန်းရွာဘက်၌ လူနှစ်ယောက်သုံးယောက် လမ်းလျှောက်နေကြသည်ကို ကမ်းခြေတွင်မြင်ရသော်လည်း ကွာဝေးလှသည်ဖြစ်သောကြောင့် ထိုလူများကား မဟုတ်နိုင်ချေ။

ကျွန်ုပ်သည် မတ်စောက်သော ကျောက်ကြားလမ်းကလေးတလျှောက် ဆင်းလက်ဆင်းသွား၍ ခပ်စောစောက လေပြင်းတိုက်ခတ်ထားသည့်အတွက်ကြောင့် ပြောင်စင်လျက်ရှိသော သဲလမ်းပေါ်တွင် မောင်ဘဦး၏ ဆင်းခြေရာများနှင့် ပြန်တက်လာသော ခြေရာများကို ထင်ရှားစွာ တွေ့မြင်ရ၏။

မောင်ဘဦးမှတပါး ထိုနေ့နံနက်တွင် မည်သူမျှ ကမ်းခြေသို့ မဆင်းခဲ့ချေ။ တနေရာ၌ မြေကြီးပေါ်သို့ လက်ထောက်ထားသည့် လက်ရာများကိုမြင်ရလေရာ ယင်းမှာ မောင်ဘဦးတက်လာစဉ် မဟုန်နိုင်သဖြင့် ဟပ်ထိုးလဲကျခြင်းဖြစ်ရချေမည်။

အချို့နေရာများတွင်လည်း ခပ်ဝိုင်းဝိုင်းရှိသော အရာများကိုတွေ့ရဆေးရာ ယင်းတို့မှာလည်း မဟန် နိုင်သဖြင့် ဒူးထောက်၍ တွားသွားရခြင်း ဖြစ်ပေမည်။

ကျောက်ဆောင်ခြေရင်းသို့ရောက်၍ ပင်လယ်ကမ်းနှင့် ကျောက်ဆောင်အကြားတွင်ရှိသော သဲပြင် ကို မျှော်ကြည့်လိုက်သည့်အခါ တနေရာ၌ မောင်ဘဦး၏မျက်နှာသုတ်ပဝါကလေးမှာ ခေါက်လျက်အတိုင်း ရှိ၍ သွေ့ခြောက်လျက်ရှိသောကြောင့် မောင်ဘဦးမှာ ရေထဲသို့မဆင်းရသေးကြောင်း ထင်ရှားသည်ဟု ဆိုရပေမည်။

ထို့ပြင် ပင်လယ်ကမ်းခြေသို့ဆင်းသော သဲပြင်တလျှောက်ကိုမြန်ကြည့်သောအခါတွင်လည်း အချို့ နေရာတွင် မောင်ဘဦး၏ ရှက်ဖျင်ဖိနပ်ရာများကိုတွေ့ရ၍ အချို့နေရာတွင် ဖိနပ်ချွတ်ပြီးမှ နင်းထားသည့် ခြေထောက်ရာများကိုလည်း တွေ့ရ၏။

ထိုအခြင်းအရာများကို ထောက်ခြင်းအားဖြင့် မောင်ဘဦးသည် ရေချိုးမည်ဟု ဖိနပ်ကိုချွတ်ပြီး ကြောင်း ထင်ရှားသော်လည်း ခြောက်နေသော မျက်နှာသုတ်ပဝါကမူ ရေမချိုးရသေးကြောင်း ဖော် ပြလျက်ရှိ၏။

ဤသည်ကား ကျွန်ုပ်ရှင်းလင်းရမည့် ပြဿနာကြီးဖြစ်လေရာ မောင်ဘဦးသည် ပင်လယ်ကမ်းခြေ၌ နာရီတဝက်ထက် ပို၍ကြာခဲ့သည့်လက္ခဏာ မရှိချေ။

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



မစ္စတာ ကယ်လီက သူနှင့် မရှေးမနှောင်း လိုက်လာသည် ဆိုသောကြောင့် ထိုအခြင်းအရာမှာ သေချာ၏။

ဖိနပ်မပါသောခြေရာများ မြင်ရခြင်းအားဖြင့် မောင်ဘဦး ရေဆိပ်သို့ဆင်း၍ အဝတ်များချွတ်ပြီး ကြောင်း ထင်ရှား၏။

ထို့နောက် အဝတ်များကို ပျာယီးပျာယာဝတ်၍ ရေမချိုးရပဲဖြစ်စေ၊ သို့တည်းမဟုတ် ကိုယ်သုတ်ပဝါနှင့် မသုတ်ရပဲဖြစ်စေ ပြန်လာခဲ့သည့် လက္ခဏာရှိ၏။

ထိုကဲ့သို့ ရုတ်တရက်ပြန်လာရခြင်းမှာ အလွန်တရာရက်စက်ကြမ်းကြုတ်သောနည်းဖြင့် နာကျည်းစွာ ရိုက်နှက်ခြင်းခံရသည့်အတွက် ဖြစ်တန်ရာ၏။

အဘယ်မှုလောက် နာကျည်းပါသနည်းဆိုသော် နှုတ်ခမ်းကသွေးများထွက်အောင် ကိုက်၍ မနိုင့်အနိုင် တွားသွားပြီးနောက် ဗိုင်းဗိုင်းလဲ၍သေရသည်အထိပင် ဖြစ်ပေတော့၏။

ဤမျှရက်စက်သော အလုပ်ကို မည်သူ ပြုလေသနည်း။

ကျောက်ဆောင်ခြေရင်းနားတွင် ရေစားထားသည့်အတွက်ကြောင့် ဂူကလေးများ ဖြစ်နေလေရာ ကျွန်ုပ်သည် အလင်းရောင် တိုးဝင်လျက်ရှိသော ဂူကလေးများအတွင်းသို့ ချောင်း၍ ကြည့်ပါသော်လည်း မည်သူ့ကိုမျှ မတွေ့ရ။

မင်းကုန်းရွာဘက်တွင် တွေ့မြင်ရသော လူနှစ်ယောက် သုံးယောက်မှာလည်း အလှန်ကွာလှမ်းသည် ဖြစ်သောကြောင့် မောင်ဘဦးကို ရိုက်ပြီးသည့်နောက် ဤမျှလောက် ကွာဝေးရန် မဖြစ်နိုင်ချေ။

ပင်လယ်ဘက်တွင်လည်း ဟံငါလှေကလေးများ တစင်း၊ နှစ်စင်း တွေ့မြင်ရသော်လည်း ထိုလူများ တရားခံဖြစ်နိုင်ရန် အလွန်ခဲယဉ်းလှ၏။

နောက်ဆုံး၌ ကျွန်ုပ်သည် အဲလောင်းရှိရာသို့ ပြန်တက်လာသောအခါ အလောင်းအနီးသို့ လူသုံး လေးယောက် ရောက်နေကြသည်ကို တွေ့ရ၏။

မစ္စတာကယ်လီမှာ အလောင်းအနီး၌ပင် ရှိနေ၍ မောင်တုတ်ပွားလည်း မင်းကုန်းရွာသူကြီးနှင့်အတူ ရောက်နှင့်နေလေပြီ။ ရွာသူကြီးသည် ကျွန်ုပ်တို့ ပြောပြသော အဖြစ်အပျက်များကို ကြားနာပြီးနောက် ကျွန်ုပ်ဘက်သို့လှည့်၍—

"ကျွန်တော့်မှာတော့ ဒီအမှုမျိုး မကြုံဘူးလို့ ဘယ်လိုလုပ်ရမယ်ဆိုတာ အကြံပေးပါဦးခင်ဗျာ"ဟု ပြောသဖြင့် ကျွန်ုပ်က အနီးဆုံး ပုလိပ်ဌာနသို့ လူတယောက်စေလွှတ်ရန် အကြံပေးရလေ၏။

အနီးအပါးတွင် ဆရာဝန်ရှိလျှင်လည်း ခေါ်ခဲ့ဖို့ ပြောလိုက်ရသေး၏။

ထို့ပြင် အလောင်း၏ ကိုယ်၌ရှိသော ပစ္စည်းများကို မရွှေ့ပြောင်းရန်နှင့် အလောင်းအနီးသို့ မချဉ်းကပ်ကြရန်ကိုလည်း အကြံပေးရ၏။

ထိုအတောအတွင်း၌ ကျွန်ုပ်သည် မောင်ဘဦး၏ အင်္ကျီအိတ်များကို စမ်းသပ်ရှာဖွေရာ လက်ကိုင်ပဝါတထည်၊ မောင်းချခါး တချောင်းနှင့် ပိုက်ဆံအိတ်တခုကို တွေ့ရလေ၏။

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


ပိုက်ဆံအိတ်ကို ဖွင့်လိုက်သောအခါ ငွေ ၁၅ ကျပ် ၇ ပဲနှင့် စာကလေးတစောင်ကို တွေ့ရလေရာ ကျွန်ုပ်သည် ယင်းစာကို ဖြန့်ကြည့်ရာတွင် မိန်းမလက်ရေးဖြင့် အောက်ပါအတိုင်း ရေးသားထားသည်ကို တွေ့ရလေသည်။

စိတ်ချပါ၊ ကျွန်မလာခဲ့ပါမည်။

သန်းစိန်

ထိုစာမှာ သမီးရည်းစား အချိန်းအချက်ပေးသောစာ ဖြစ်ဟန် တူသော်လည်း မည်သည့် နေရာ၌ မည်သည့်အချိန်တွင် ချိန်းဆိုထားကြောင်းမှာမူ မထင်ရှားချေ။

နောက်ဆုံး၌ ကျွန်ုပ်သည် ယင်းစာကို ပိုက်ဆံအိတ်ထဲသို့ ထည့်ပြီး အခြားပစ္စည်းများနှင့်အတူ ဘလေဇာကုတ်ထဲသို့ ထည့်ထားလိုက်လေ၏။

ထို့နောက် ကျွန်ုပ်သည် အခြားအလုပ် မရှိသည်နှင့် ရွာသားများအား ကျောက်ဆောင်ခြေရင်း တလျှောက်ရှိ ဂူကလေးများသို့ အနှံ့အပြားလိုက်ကြည့်ရန် မှာထားပြီးနောက် နံနက်စာ စားရန် အိမ်သို့ ပြန်လာခဲ့လေ၏။

တနာရီခန့်ကြာသော မစ္စတာကယ်လီ ရောက်လာ၍ အလောင်းကို သူ၏နေအိမ်သို့ ရွှေ့ယူလာခဲ့ပြီ ဖြစ်ကြောင်း၊ မောင်ဘဦး၏ ပစ္စည်းများကို မိမိကိုယ်တိုင် ရှာဖွေရာတွင် မင်းကုန်းရွာသူတယောက်ဖြစ်သော မသန်းစိန်ဆိုသူ မိန်းကလေးနှင့် အပြန်အလှန် စာပေးစာယူ ပြုလုပ်ကြသော စာများကို တွေ့ရှိရကြောင်း၊ မသန်းစိန် ဆိုသူမှာလည်း မည်သူမည်ဝါ ဖြစ်သည့်အကြောင်းကို စုံစမ်းသိရှိရပြီ ဖြစ်ကြောင်းများနှင့် ပြောပြလေ၏။

လီ။ ။"စာတွေကိုတော့ ကျွန်ုပ် မယူခဲ့နိုင်ဘူး၊ ဌာနခုက ရာဇဝတ်အုပ်တယောက် ရောက်လာလို့ အပ်ထားလိုက်ပြီ၊ မိန်းကလေးနဲ့ မောင်ဘဦးနဲ့ အချိန်းအချက် ပေးတာတော့ မှန်ပါရဲ့၊ ဒါပေမယ့် အခု ဖြစ်ပွားတဲ့ လူသတ်မှုနဲ့တော့ ပတ်သက်မယ် မထင်ပါဘူး"

နိုပ်။ ။"အချိန်းအချက် ပေးကြတာက ရေဆိပ်မှာတွေ့ဖို့ ဟုတ်ဟန်မတင်ပါဘူး ဆရာကြီး၊ ရေဆိပ်က လူမှ သိပ်မပြတ်ပဲဟာ"

လီ။ ။"အမှန်ပြောရယင် မောင်ဘဦးတယောက်တည်း ရေဆိပ်ကို သွားခြင်းဟာလဲ ကံအားလျော်စွာနဲ့ တူပါရဲ့။ ခါတိုင်းဆိုယင် အဖော်တွေနဲ့ ရေသွားချိုးကြတာက များတယ်"

နိုပ်။ ။"ကံအားလျော်စွာဆိုတာ ဟုတ်ကဲ့လား ဆရာကြီး"

လီ။ ။(မျက်မှောင်ကြုတ်ကာ စဉ်းစားပြီးနောက်)"မောင်တုတ်ပွားက အစမ်းစာမေးပွဲအတွက် ကျောင်းသားနှစ်ယောက် သုံးယောက်ကို စကားပြောစရာရှိတယ်ဆိုပြီး တားထားလိုက်လို့ ရေဆိပ်ကို သူတို့ မလိုက်ဖြစ်တာဆို တင်ပါရဲ့။ ခုမျှမှာလဲ ဒီပြင်ကျောင်းသားတွေကို သူက တားထားမိလို့ မောင်ဘဦး ဒီလို ဖြစ်ရတယ်ဆိုပြီး အင်မတန် စိတ်မကောင်းနေရှာတယ်"

နိုပ်။ ။"နေပါဦး ဆရာကြီး၊ မောင်တုတ်ပွားနဲ့ မောင်ဘဦးနဲ့က သိပ်ပြီး မသင့်မြတ်ကြဘူးဆို"

လီ။ ။"တနေ့ဆီကတော့ ဟုတ်ပါရဲ့ဗျာ၊ နို့ပေမယ့် ခုတလောတော့ တော်တော် အကျွမ်းတဝင် နေကြတာကို ကျွန်ုပ်ကိုယ်တိုင် တွေ့ရပါတယ်"

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


နှိပ်။ ။"မောင်ဘဦးရဲ့ ခွေးကလေးကို မောင်တုတ်ပွားက ကိုင်ပစ်ဖူးတယ်လို့ ဆရာကြီး ပြောဖူးတယ် မှတ်ပါတယ်"

လီ။ ။"ဪ ဒီကိစ္စက ပြီးသွားပါပြီ"

နှိပ်။ ။"ဒို့ပေမယ့် ရန်ငြိုးကလေးတော့ နည်းနည်းကျန်ရစ် ထင်ပါလား ဆရာကြီး"

လီ။ ။"မဟုတ်ပါဘူးဗျာ၊ ကောင်းကောင်းပြန်ပြီး သင့်မြတ်ကြတာကို ကျွန်ုပ်ကိုယ်တိုင် သိရပါတယ်"

နှိပ်။ ။"ကိုင်း ဒါဖြင့် မိန်းကလေးအကြောင်း စုံစမ်းဖို့ ရှိတော့တာပဲ၊ ဆရာကြီး သိသလား"

လီ။ ။"ကျွန်ုပ် ကျောင်းသားတွေကတော့ အားလုံးသိကြတာပဲ၊ တောသူကလေး ဆိုပေမယ့် တကယ်ချောတဲ့ မိန်းကလေးဗျ၊ ရန်ကုန်မှာတောင် ဒီ မိန်းကလေးမျိုး ခပ်ရှားရှားနေလိမ့်မယ်။ ကျွန်ုပ်တပည့်တွေအားလုံး ဝိုင်းပိုးနေကြတယ်ဆိုတာတော့ ကြားရပါရဲ့၊ ဒါပေမယ့် မောင်ဘဦးနဲ့ စာပေးစာယူလုပ်တဲ့အထိ ဖြစ်နေကြတာကိုတော့ ကျွန်ုပ် မသိရပေဘူး"

နှိပ်။ ။"မိန်းကလေးက ဘယ်လို အစားထဲကလဲ ဆရာကြီး"

လီ။ ။"မင်းကုန်းရွာမှာတော့ သူ့အဖေက မနရှင်တယောက် ဆိုပါတော့ဗျာ။ ငွေတိုးလဲပေးပြီး တံငါလှေ လေးငါးရှစ်စင်းလဲ ရှိတယ်။ တောရွာအလိုက်တော့ လူကုံထံတယောက်ပေါ့။ အဖေကတော့ ဦးထွန်းဝေတဲ့၊ သားသမီး နှစ်ယောက်တည်းရတယ်။ မောင်တယောက်က မောင်ကြင်မောင်တဲ့"

နှိပ်။ ။"ဒါဖြင့် ကျွန်တော်တို့ မင်းကုန်းရွာထဲသွားပြီး သူတို့ကို တွေ့ဦးမှထင်တယ်"

လီ။ ။"ဘယ်လို အကြောင်းပြမလဲဗျာ"

နှိပ်။ ။"ဒါကတော့ လွယ်ပါတယ် ဆရာကြီး။ မောင်ဘဦး သေရခြင်းဟာ သူ့ကိုယ်သူ သတ်သေတာ မဟုတ်ကြောင်း ထင်ရှားလာတော့ လက်သည်တယောက်ယောက် ရှိရမှာပေါ့ ဆရာကြီးရဲ့။ လက်သည်ဆိုတာဟာလဲ မောင်ဘဦးရဲ့ အသိထဲက ဖြစ်ရမှာပဲ။ သူ့အသိတွေကို ဖွေစုံအောင်လိုက်ကြည့်ယင် ရည်ရွယ်ချက်ပေါ်လာမှာပဲ။ ရည်ရွယ်ချက်တွေ့ယင် လက်သည်ပေါ်ဖို့ဟာ သိပ်မခက်တော့ပါဘူးဆရာကြီး"

ကျွန်ုပ်နှင့် မစ္စတာ ကယ်လီတို့သည် တမိုင်ခန့် ကွာလှမ်းသော မင်းကုန်းရွာကလေးသို့ ခြေကျင်လျှောက်သွားကြလေရာ ယင်းရွာကလေးမှာ အိမ်ခြေတရာခန့်ရှိသည့်အနက် သွပ်မိုးပျဉ်ထောင်နှင့် နှစ်ထပ်အိမ်ကြီး တအိမ်မှာ ဦးထွန်းဝေ၏ အိမ်ပင် ဖြစ်လေသည်။

ကျွန်ုပ်တို့သည် ဝင်းတံခါးမှ ခြံတွင်းသို့ ဝင်မည်ပြုစဉ် မောင်တုတ်ပွားသည် အိမ်ထဲမှပျာယီးပျာယာ ထွက်လာ၍ တံခါးအနီးတွင် ကျွန်ုပ်နှင့် ဆုံမိကြလေ၏။

မောင်တုတ်ပွားသည် ယင်း၏ဆရာဖြစ်သူ မစ္စတာကယ်လီကို မြင်ပါသော်လည်း နှုတ်ဆက်ရုံမျှသာ ဆက်၍ ဆက်လက်ထွက်ခွာသွားမည် ပြုသည်တွင်

လီ။ ။"ဟေ့ မောင်တုတ်ပွား၊ ဒီမှာ မင်း ဘာလာလုပ်တာလဲ"

ပွား။ ။(မျက်နှာနီမြန်းလျက်) "စာသင်တဲ့အချိန်မှာ ကျွန်တော် ကျောင်းတက်ယင် ပြီးရောပေါ့ ဆရာကြီး။ ကျောင်းဆင်းချိန်မှာ ကျွန်တော့်သဘောအတိုင်း သွားချင်ရာ သွားခွင့်ရှိတယ် မဟုတ်လား ဆရာကြီး"

လီ။ ။(အမျက်ထွက်သော်လည်း ချုပ်တည်းထားသည့် လက္ခဏာနှင့်) "မောင်တုတ်ပွား၊ မင်းပြောတဲ့ စကားဟာ ဆရာတပည့် ပြောတဲ့စကားမျိုး ဟုတ်ကဲ့လား"

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ပွား။ ။''ဆရာကြီးပြောတဲ့စကားကတော့ ဆရာဘပည့်ပြောတာမျိုး ဟုတ်ကဲ့လား။ ကျွန်တော် ဘယ်သွားသွား ဘယ်လာလာ၊ ဘာလုပ်တယ် ညာလုပ်တယ် မေးခွင့်ရှိသလား ဆရာကြီး''

လီ။ ။''မင်း တယ်စော်ကားတဲ့လူပဲ။ စိတ်နဲ့မာန်နဲ့ မင်း ပြန်ပြန်ပြောပေါင်းများလှပြီ။ တော်ပြီ၊ မင်းကို ငါမလိုချင်ဘူး။ သာသနာရေးအသင်းကို စာရေးလိုက်မယ်''

ပွား။ ။''ကျွန်တော်ကလဲ ကျောင်းထွက်မလို့ပါပဲ။ အင်မတန်ချစ်တဲ့ သူငယ်ချင်းတယောက် သေပြီးတဲ့နောက်မှာ ဆရာကြီးကျောင်းမှာ ကျွန်တော် မပျော်တော့ပါဘူး''

ယင်းသို့ ပြောပြောဆိုဆိုနှင့် မောင်တုတ်ပွားသည် ကျွန်ုပ်ကို ကျော်လွန်၍ ဝင်းပြင်သို့ ထွက်သွားလေရာ မစ္စတာကယ်လီသည် မောင်တုတ်ပွားနောက်ကို လှမ်းကြည့်လျက်

''တော်တော်ရိုင်းတဲ့ လူကလေးတယောက်ပဲ''ဟု ရေရွတ် ပြောဆို၍ ကျန်ရစ်ခဲ့လေ၏။

ကျွန်ုပ်မှာ ထိုအခြင်းအရာကို မြင်ရသောအခါ မောင်တုတ်ပွားသည် အမှုဖြစ်သော နေရာမှ တတ်နိုင်သမျှ လျင်မြန်စွာ ထွက်သွားနိုင်ရန် ယိုးမယ်ဖွဲ့ခြင်းမျှသာ ဖြစ်သည်ဟု အောက်မေ့မိ၏။

သို့ဖြစ်၍ ကျွန်ုပ်၏ စိတ်ထဲတွင် မောင်တုတ်ပွားအပေါ်၌ အနည်းငယ်သံသယမကင်းရာမှ အများကြီး သံသယ ဖြစ်လာခဲ့လေ၏။

သို့ရာတွင် ဦးထွန်းဝေတို့အား မေးမြန်းစုံစမ်းရလျှင် မောင်တုတ်ပွားအကြောင်းကို ပိုမိုသိရှိနိုင်လိမ့်မည်ဟု မျှော်သင့်သည့်အတိုင်း ကျွန်ုပ်တို့သည် အိမ်တွင်းသို့ ဝင်လာခဲ့ကြလေ၏။

ဦးထွန်းဝေဆိုသူမှာ အသက်၅၀ အရွယ်ခန့်ရှိ၍ ဝဝတုတ်တုတ်နှင့် ထိပ်ပြောင်သူတယောက်ဖြစ်လေရာ ထိုသူ၏ အမူအရာမှာလည်း အချက်ခြောင်းခြောင်းထွက်နေသည့် လက္ခဏာနှင့် မျက်နှာနီမြန်းလျက်ရှိလေသည်။

မစ္စတာ ကယ်လီက မည်သူမည်ဝါတို့ဖြစ်ကြောင်း စတင်ပြောဆိုလိုက်သည်နှင့် တပြိုင်နက်–

ဝေ။ ။''တော်စမ်းပါ ဆရာကြီး။ ခင်ဗျားတို့ အကြောင်းတွေ ကျွန်တော် မကြားချင်ပါဘူး။ ဟောဟိုက ကျွန်တော့်သားကလဲ ကျွန်တော့်လိုပဲ သဘောရှိပါတယ်။ မောင်ဘဦးက ကျွန်တော့်သမီး သန်းစိန်ကို ချစ်တယ် ကြိုက်တယ်ဆိုတာ ကျွန်တော်တို့ သားအဖကဖြင့် သက်သက်မဲ့ စော်ကားတာပဲလို့ အောက်မေ့တာပဲ။ အသကား ဆရာကြီးရယ်။ ရန်ကုန်က လူကုံထံသားတယောက်ဟာ တောရွာဇနပုဒ်က မိန်းကလေးကို သဘောရိုးနဲ့ ချစ်ကြိုက်တယ်ဆိုတာ ဘယ်ခွေးကမှ မယုံဘူး ဆရာကြီး။

''ကျွန်တော်တို့ သားအဖ အေးအေးဆေးဆေးလုပ်ကိုင်စားသောက်နေတာ ဆရာကြီးတို့လူစုရောက်လာပြီး ကျွန်တော်တို့ကို အနှောင့်အယှက်ပေးတာပဲ။ မိန်းကလေးက မိတဆိုးလေးမို့ ကျွန်တော်တို့ သားအဖက အရိပ်တကြည့်ကြည့်နဲ့ ကျွေးမွေးပြုစုလာရာမှာ ဆရာ့တပည့်က သက်သက်လာပြီး စော်ကားတာပဲ။ မကြားချင်ဘူး ဆရာကြီး။ ဘာအကြောင်းမှ ကျွန်တော်တို့ မကြားချင်ဘူး''

ထိုအခါတွင်း၌ မသန်းစိန်၏အစ်ကို မောင်ကြင်မောင်ဆိုသူမှာ ဂင်တိုကလေးနှင့် ကာယဗလအတော်ကောင်းဟန်ရှိလျက် အခန်းထောင့်တွင် မှုန်တေတေထိုင်လျက် ရှိလေ၏။

ထိုခဏ၌ အိမ်အပေါ်ထပ်မှ မသန်းစိန်ဆင်းလာလေရာ ခပ်စောစောက မစ္စတာကယ်လီပြောသော စကားများမှာ အပိုမပါပဲ အမှန်ထက်ပင် လျော့နေသေးသည်ဟု ကျွန်ုပ် အောက်မေ့မိ၏။

အဘယ်ကြောင့်ဆိုသော် အရပ်ခပ်မြင့်မြင့်နှင့် မျက်ခုံးတန်းတန်း မျက်လုံးခပ်ပြူးပြူးရှိလျက် အလွန်ကျက်သရေရှိသော မသန်းစိန်မှာ မည်သည့်အရပ် မည်သည့်မြို့ရွာ၌ နေထိုင်သည်ဖြစ်စေ ယောကျ်ားကလေး



www.burmeseclassic.com

www.burmeseclassic.com



ဟူသမျှ စိုင်းအုံပိုးပန်းခြင်းမပြုပဲ မနေနိုင်လောက်သော မိန်းကလေးတယောက် ဖြစ်သည်ဟု ကျွန်ုပ် အကဲခတ်မိပေသောကြောင့်တည်း။

တောရွာဇနပုဒ်တခုတွင် ဦးထွန်းဝေကဲ့သို့သော လူတယောက်က ဤမိန်းကလေးမျိုး မွေးထုတ်ထားခြင်းမှာ ရွှံ့နွံထဲမှ ပဒုမ္မာကြာပန်း ပွင့်နေဘိသကဲ့သို့ ရှိနေပေတော့၏။

မသန်းစိန်သည် လှေကားမှဆင်းလာ၍ ကျွန်ုပ်တို့ရှေ့သို့လာပြီးလျှင် မစ္စတာကယ်လီကို စိမ်းစိမ်းကြည့်လျက် ရပ်နေလေ၏။

(မသန်းစိန်မှာ ထားဝယ်မြို့ ကွန်ဗင့်ကျောင်းတွင် ဆယ်တန်းအထိ ပညာသင်ခဲ့ဖူးသည်ဟု ကျွန်ုပ် သိရှိရ၏။)

စိန်။ ။ ''ကိုဘဦးသေတယ်ဆိုတာ ကျွန်မကြားပြီးပါပြီ ဆရာကြီး၊ ဘယ်ပုံဘယ်နည်း သေတယ်ဆိုတာကို ပြောသာပြောပါ။ ကျွန်မကို ညှာမနေပါနဲ့''

ထိုအခါ ဦးထွန်းဝေနှင့် မောင်ကြွင်မောင်တို့သည် မကျေနပ်သော အမူအရာနှင့် ဟီးတိုး ရေရွတ်နေကြသော်သည်း စိတ်သက်သန်သော မသန်းစိန်ကို တားဆီးရန် မဝံ့ကြသကဲ့သို့ ကုပ်၍ထိုင်နေကြလေ၏။

မောင်ကြွင်မောင်က-

''အလကားဗျာ၊ ဆွေမတော်မျိုးမတော်နဲ့ သူ့ဘာသာသူသေတဲ့ဥစ္စာ ဒီအိမ်ကိုလာပြီး ဘာကြောင့် မေးလား မြန်းလား လုပ်ချင်ကြပါလိမ့်''ဟု မကြားတကြား ပြောလိုက်သဖြင့် မသန်းစိန်သည် ကြည်လင်တောက်ပသော မျက်လုံးများဖြင့် မောင်ကြွင်မောင်ကို ဖြတ်ကနဲ လှမ်းကြည့်လျက်-

''ဒီဟာ အစ်ကိုတို့ အလုပ်မှဟုတ်ဘူး။ ကျွန်မအလုပ်ပါ။ အကူအညီမပေးချင်ကြယင် အသာရှောင်နေကြ ပြီးရောပေါ့။ ကျွန်မတို့ကတော့ လူတယောက်သေတဲ့ ကိစ္စမှာ ကိုယ်သိသမျှတော့ ဝင်ပြောရဦးမှာပဲ''ဟု ပြောလိုက်ရာတွင် မောင်ကြွင်မောင်တို့ သားအဘမှာ ငြိမ်ဝပ်စွာ ရှိနေကြလေ၏။

မသန်းစိန်သည် မစ္စတာ ကယ်လီပြောသော အဖြစ်အပျက်များကို ဂရုစိုက်နားထောင်လျက် ရှိ၏။ ဤသူငယ်မကား အဆင်းရှိသလောက် အခြင်းနှင့် ပြည့်စုံဟန်တူသည်ဟု ကျွန်ုပ် အောက်မေ့မိ၏။

စင်စစ်သော်ကား အမူအမျိုးမျိုးနှင့် ပတ်သက်၍ ကျွန်ုပ်တို့ တွေ့ခဲ့ဖူးသော မိန်းမများ အနက်တွင် ဤမိန်းကလေးသည် ထိပ်ဆုံးတန်းစားတယောက် ဖြစ်သည်ဟု စာရင်းသွင်းရမည် ဖြစ်ပေ၏။

မသန်းစိန်သည် ကျွန်ုပ်အကြောင်းကို ကြားဖူးသည့် လက္ခဏာနှင့် မစ္စတာ ကယ်လီ၏ စကားအဆုံးတွင် ကျွန်ုပ်ဘက်သို့ လှည့်၍

''ကြိုးစားတော်မူပါ ဦးစံရှားရှင်။ မပေါ် ပေါ်အောင် စုံထောက်တော်မူပါရှင်။ ကိုဘဦးကို သတ်တဲ့လူဟာ ဘယ်သူတွေပဲဖြစ်ဖြစ် ကျွန်မကတော့ မပေါ် ပေါ်အောင် တတ်နိုင်သမျှ ကူညီမှာပဲ''ဟု ဆိုကာ ဦးထွန်းဝေ သားအဘရှိရာသို့ မျက်စောင်းထိုးလျက် ပြောလိုက်လေ၏။

နိုင်။ ။''ဘယ်သူတွေဆိုတော့ ဗဟုဝုစ်ကိန်းပါလား မသန်းစိန်။ ဒီအမှုမှာ လူတယောက်တည်း မကဘူးလို့ မသန်းစိန် ဆိုချင်တဲ့ လက္ခဏာပေါ့''

စိန်။ ။''ကိုဘဦးကို ကျွန်မ ကောင်းကောင်း သိပါတယ်။ ကာယဗလကောင်း၊ သတ္တိလဲကောင်း၊ ဒီတော့ တယောက်ချင်းဆိုယင် ဘယ်နည်းနဲ့မှ ဒီလူလုပ်မဖြစ်ဘူးဆိုတာ ကျွန်မ သိပါတယ်''

နိုင်။ ။''ကျုပ် တခုပြောပါရစေ မသန်းစိန်။ မသန်းစိန်နဲ့ တယောက်ချင်း မေးစရာရှိပါတယ်''

ထိုအခါ ဖခင် ဦးထွန်းဝေက



www.burmeseclassic.com

www.burmeseclassic.com


"ဟေ့ သန်းစိန်၊ မိန်းမတစ်မိန့်နဲ့ ဘာမှန်းမသိ ညာမှန်းမသိ ဝင်မရှုပ်ချင်နဲ့နော်။ ကိုယ့်ဘာသာနေ၊ ကြားလား" ဟု ငေါက်၍ ပြောလိုက်၏။ မသန်းစိန်သည် အကြံတောင်းသော မျက်နှာထားနှင့် ကျွန်ုပ်အား လှမ်းကြည့်လိုက်သည်တွင်

နိုပ်။ ။"ခင်ဗျားတို့က ဘယ်လို ဖုံးချင်ဖိချင်ပေမယ့် ဂေါ်ဂေါ်ကြာ သတင်းစာတွေထဲ ပါပြီး တမြို့လုံး သိမှာပါပဲဗျ။ မသန်းစိန်နဲ့ တယောက်ချင်း တိုင်ပင်တာကို ဦးထွန်းဝေက သဘောမတူယင် ဦးထွန်းဝေတို့ ရှေ့တင်ပဲ တိုင်ပင်ရအောင်မှာပေါ့"

ထို့နောက် ကျွန်ုပ်သည် မောင်ဘဦး၏ အင်္ကျီအိတ်ထဲမှ တွေ့ရသော စာအကြောင်းကို ပြောပြ၍ မသန်းစိန်အား ယင်းစာကြောင်းနှင့် ပတ်သက်၍ မည်သို့ပြောရန် ရှိပါသနည်းဟု မေးလိုက်လေ၏။

စိန်။ ။"ဖုံးဖိစရာ ဘာမှမလိုပါဘူးရှင်။ ကျွန်မနဲ့ ကိုဘဦးနဲ့ လက်ထပ်ကြဖို့ သစ္စာရေသောက်ပြီး သားပါ။ ကိုဘဦးရဲ့ မိဘများက တဆိတ် မာနကြီးလေတော့ ဘယ်လို အကြောင်းပြမယ် မသိရသေးတဲ့ အတွက် အဖေနဲ့ အစ်ကိုတို့ကို ကျွန်မ မပြောပဲ ဖုံးထားခဲ့ပါတယ်။ သို့သော်လဲ သဘောတူတူ မတူတူ ကျွန်မကို ယူပါ့မယ်ဆိုတာ သစ္စာပြုပြီး ဖြစ်ပါတယ်"

ဝေ။ ။"သန်းစိန်နှယ်ဟယ်။ ဒီလိုဆိုယင် ငါတို့ကို ပြောရောပေါ့"

စိန်။ ။"ကျွန်မက ပြောမလို့ပဲ။ အဖေ့ကိုက ဒေါသတကြီးနဲ့ ကာဆီး ကာဆီး လုပ်လွန်းနေလို့ ကျွန်မ မပြောခဲ့တာပဲ"

ဝေ။ ။(ကျွန်ုပ်ဘက်သို့လှည့်၍) "အမှန်ပြောရမှာဖြင့် ဦးစံရွှား၊ ကိုယ်နဲ့ ဂုဏ်အဆင့်အတန်းတူတဲ့ ခေတ်သိ ရပ်သိ ဆိုဘာလို ကိုယ့်ရွာသူ ရွာသားထဲက ဖြစ်စေချင်တာပဲခင်ဗျ။ ဒီသူငယ်တွေ ကြည့်ရတာ လူ့တော်ကြောင့်တွေ ထင်ပါ့ခင်ဗျာ"

စိန်။ ။"အဖေက အဲဒီလို အထင်သေးတာကြောင့် ကျွန်မ မပြောပဲ နေခဲ့တာပဲ။ ဒါထက် ကျွန်မ ရေးပေးလိုက်တဲ့ စာကလေးဟာကတော့ ဟောဒီစာကို ပြန်ရေးလိုက်တဲ့ စာပါပဲရှင်"

မသန်းစိန်သည် အင်္ကျီအိတ်ထဲမှ စာကလေးတစောင်ကို ထုတ်၍ ကျွန်ုပ်အား လှမ်းပေးလိုက်ရာ စာမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

စိန်ရေ၊ အင်္ဂါနေ့ ညနေ ရွာရေဆိပ်က စောင့်နေပါမည်။
အခြားအချိန်မှာ မအားလပ်ပါ။

ဦး

စိန်။ ။"အင်္ဂါနေ့ဆိုတော့ ဒီကနေ့ပါပဲ။ ကိုဘဦးနဲ့ ကျွန်မနဲ့ ဒီနေ့ညနေ တွေ့ဖို့ ချိန်းထားခြင်း ဖြစ်ပါတယ်"

ကျွန်ုပ်၏ မေးခွန်းများကို ဖြေဆိုရာ၌ မသန်းစိန်က သူ့အား ပိုးပန်းသူ အမြောက်အမြား ရှိကြသော်လည်း မောင်ဘဦးနှင့် ရန်ဖြစ်ဖူးသူ၊ သို့မဟုတ် ရန်ငြိုးဖွဲ့သူ ဟူ၍ မရှိကြောင်းနှင့် ပြန်ပြောလေ၏။

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ပိုးပန်းသူများ အထဲတွင် မောင်တုတ်ပွား အပါအဝင် ဖြစ်သလောဟု ကျွန်ုပ်က မေးသောအခါ ရောက်ခါစအချိန်၌ မောင်တုတ်ပွားလည်း ပိုးပန်းသူများစာရင်းတွင် ပါပင်ခဲ့ဟန် တူသော်လည်း မိမိနှင့် မောင်ဘဦးတို့ အကြောင်းကို သိရသောအခါ လက်လျှော့သွားသည် ထင်ပါသည်ဟု ပြန်ပြော၏။

ကျွန်ုပ်တို့သည် မင်း ကုန်းရွာမှ ပြန်လာကြသောအခါ မောင်တုတ်ပွားအပေါ်၌ သံသယမကင်းသော ထင်မြင်ချက်သည် တိုး၍ပြင်းထန်လာသည့်အလျောက် မစ္စတာကယ်လီအား မောင်တုတ်ပွား၏ ပစ္စည်းများကို အမှတ်မဲ့ ရှာဖွေရန် အကြံပေးရာတွင်၊ မစ္စတာကယ်လီကိုယ်တိုင်မှာလည်း သူ၏ တပည့်တယောက် ဖြစ်၍ ဤအမှုတွင် စိတ်ဝင်စားလျက်ရှိသောကြောင့် တတ်နိုင်သမျှ အကူအညီပေးရန် ကတိထားလေ၏။

နောက်ရက်များအတွင်း မစ္စတာကယ်လီသည် မောင်တုတ်ပွား၏ ပစ္စည်းများကို အမှတ်မဲ့ ရှာဖွေသော်လည်း မသင်္ကာလောက်သော အခြင်းအရာကို မတွေ့ရကြောင်း ပြန်ပြောလေ၏။

မောင်တုတ်ပွားမှာလည်း ထိုနေ့က ဒေါသအလျောက် ပြောမိသော စကားအတွက် ဆရာကြီးအား တောင်းပန်ဝန်ချသည်ဖြစ်၍ မစ္စတာကယ်လီ လက်အောက်၌ပင် ဆက်လက်သင်ကြားလျက် ရှိ၏။

ကျွန်ုပ်သည် မောင်ဘဦး၏ အမှုအကြောင်းကို စိတ်ဝင်စားလျက် နေ့ရော ညပါ စဉ်းစားစိတ်ကူး သော်လည်း မသင်္ကာမှုမှတပါး ကျေနပ်လောက်သော အဖြေ မထွက်ပေါ်လာခဲ့ပေ။

ကျွန်ုပ် စုံထောက်ခဲ့သော အမှုများအနက်တွင် ဤအမှုသည် အကျပ်ဆုံးအမှုဟူ၍ ဝန်ခံရပေမည်။

ယင်းသို့ရှိစဉ် မောင်ဘဦး၏ ကာလိုအမည်ရှိ သခင်္ဘာခွေးကလေးနှင့် ပတ်သက်၍ အဖြစ်အပျက် တခု ကြားသိရပြန်လေ၏။

ယင်း ခွေးကလေးအကြောင်းကို ကျွန်ုပ်၏ အဒေစခံ မောင်ဘထူးက ရွာထဲမှ ဆောင်ယူခဲ့ခြင်းဖြစ်ရာ ကျွန်ုပ်သည် မောင်ဘထူးအား အသေးစိတ်၍ မေးမြန်းကြည့်ရာတွင် အောက်ပါအတိုင်း သိရှိရလေ၏။

ကာလိုသည် မောင်ဘဦးသေဆုံးပြီးသည့်နေ့မှစ၍ အစာလည်း မစား၊ ခေါ်၍လည်း မရ။ မှိုင်တွေ ချလျက်ရှိရာ နောက်ဆုံးတွင် ထိုနေ့က မောင်ဘဦး ရေချိုးခဲ့သော ရေဆိပ်၌ပင် ခွေးကလေး သေလျက် ရှိသည်ကို တွေ့ကြရသည် ဆို၏။

မောင်ဘဦး သေသောနေရာ၌ ခွေးကလေး သေရသည်ဆိုခြင်းကို ကြားလိုက်ရသည်နှင့် တပြိုင်နက် ကျွန်ုပ်၏ စိတ်ထဲ၌ စိတ်ကူးတခု ဖျောင်းကနဲ ပေါ်ပေါက်လာခဲ့၏။

သခင်ကို လွမ်းဆွတ်နေသဖြင့် ရင်ကွဲနာနှင့်သေသော ခွေးများအကြောင်းကို ကြားရဖူးသော်လည်း သခင်သေသောနေရာ၌ သေသည်ဆိုခြင်းမှာမူ ထူးဆန်းလွန်းသည်ဟု စဉ်းစားမိ၏။

အစာမစားသည် မှန်သော်လည်း ထိုနေရာ၌ သေဆုံးသည်ဆိုခြင်းမှာ အစာမစားခြင်း အတွက်သာ မက မောင်ဘဦး သေရသော အကျိုးမျိုးနှင့်ပင် သေရခြင်းဖြစ်လေသလော ဟူ၍လည်း ဆင်ခြင်မိ၏။

ထိုသို့သော စိတ်ကူးဉာဏ်ဖြစ်ပေါ်လာသည်နှင့်တပြိုင်နက် ကျွန်ုပ်သည် လွန်ခဲ့သော အနှစ် ၂၀ ကျော် ခန့်က ဖတ်ရဖူးသော စာတအုပ်ကို ဖြုန်းကနဲ သတိရသည်နှင့် အနီးဆုံး ကြေးနန်းရုံးသို့သွား၍ ထားဝယ်မြို့ အရေးပိုင် ရုံးစာရေးကြီး ဦးဘချော ဆိုသူ မိတ်ဆွေတယောက်ထံ ကျွန်ုပ် အလိုရှိသော စာတအုပ်ကို အမြန်ဆုံး ပေးပို့လိုက်ရန် ကြေးနန်းရိုက်လိုက်လေ၏။

**ဉာဏ်ရှိယအကြံ**

www.burmeseclassic.com

www.burmeseclassic.com


ကြေးနန်းရုံမှ အပြန် ကျွန်ုပ်သည် မစ္စတာကယ်လီအိမ်သို့သွား၍ ကာလို၏အလောင်း တွေ့သည်ဆိုသော ကျောင်းသားနှစ်ယောက်ကို တွေ့လိုကြောင်းပြော၍ ဆရာကြီးက ခေါ်ပေးလေ၏။

ကျွန်ုပ်က မေးမြန်းရာတွင် တယောက်က ကာလိုသည် သူ၏သခင် သွားဖူးသောနေရာကို အနံ့ခံ၍ လိုက်သွားဟန်တူကြောင်း၊ အလောင်းမှာ ရေစပ်နားတွင် တွေ့ရှိရကြောင်း ပြောပြလေ၏။

ယင်းနောက် ကျွန်ုပ်သည် ဆရာကြီးအိမ်မှထွက်လာ၍ ရေဆိပ်သို့ တယောက်တည်း လမ်းလျှောက်သွားလေရာ ဝင်လုဆဲဆဲရှိသော နေရောင်သည် ပင်လယ်ပြင်၌ လှုပ်ရှားလျက်ရှိသော လှိုင်းငယ်လေးများ၏ ထိပ်တွင် အရောင်တလျှပ်လျှပ် ရှိနေ၏။

ကျွန်ုပ်သည် ခြေရာများရှုပ်ပွလျက်ရှိသော ရေဆိပ်တွင် ခွေးခြေရာများကို ရှာရယ်ကြည့်ရာတွင် ခွေးကလေးသည် ရေထဲသို့ ဆင်းသည်အထိ ခြေရာများ ဦးလှည့်နေသည်ကို တွေ့ရှိရလေ၏။

ထိုနေရာမှ အိမ်သို့ပြန်လာသောအခါတွင် ယခင်က ကျွန်ုပ်ဖတ်ခဲ့ဖူးသော စာအုပ်ထဲမှ အခြင်းအရာများသည် စာရေးရေးပေါ်လာပြန်သဖြင့် ထိုအကြောင်းကို ဆက်လက်စဉ်းစားယင်း ပြန်လာခဲ့လေ၏။

နောက်တနေ့၌ ပုလိပ်ဌာနမှ ရာဇဝတ်အုပ်နှင့် ပုလိပ်သားတယောက် ရောက်လာကြ၍....

အုပ်။ ။"ဆရာ့သတင်းကို ကျွန်တော်တို့ကြားဖူးပါတယ်ခင်ဗျာ။ ဖြစ်နိုင်ယင် အကူအညီပေးပါဦး။ ကျွန်တော့်စိတ်ထဲမှာတော့ ဒီအမှုမှာ မသင်္ကာတဲ့လူ ရှိနေတာပဲ။ ဖမ်းရယင်တော်လောက်လို့ လက်တိုင်ပင်ပါတယ်။ မတော်တဆ လွဲသွားမှုဖြင့် လူကုံထံသားသမီးတွေဆိုတော့ အထက်လူကြီးများက ကျွန်တော့်ကို အပြစ်ဆိုမှာ ကြောက်ရလို့ အကြံဉာဏ်တောင်းခြင်း ဖြစ်ပါတယ်"

နှိပ်။ ။"ဖမ်းချင်တယ်ဆိုတာ မောင်တုတ်ပွားကိုလား"

အုပ်။ ။"မှန်ပါတယ်ခင်ဗျာ။ လူအင်မတန်နည်းတဲ့ တောအရပ်ဆိုတော့ လက်သည်ကို ရှာဖို့ဟာ သိပ်မခဲယဉ်းဘူး ထင်ပါတယ်။ မဟုတ်နိုင်တဲ့ လူတွေကို ဖယ်ပြီး ဟုတ်သင့်တဲ့လူကို ရွေးထုတ်လိုက်ယင် မောင်တုတ်ပွားတယောက် ပေါ်လာတာပဲ ဆရာ"

နှိပ်။ ။"မောင်တုတ်ပွားကို မသင်္ကာစရာ အချက်တွေ ဆိုစမ်းပါဦး"

ရာဇဝတ်အုပ်ပြောပြသော စကားများအရ ထိုသူသည်လည်း ဤအမှုနှင့်ပတ်သက်၍ ခပ်စောစောက ကျွန်ုပ် စဉ်းစားခဲ့သော လမ်းကြောင်းအတိုင်း လိုက်ခဲ့သည်ကို တွေ့ရ၏။

မောင်တုတ်ပွားမှာ ဒေါသကြီးသူတယောက် ဖြစ်သည်ကို လူတိုင်းသိရှိကြောင်း၊ မောင်ဘဦး၏ ခွေးကလေးကို လွှင့်ပစ်ခဲ့ဖူးကြောင်း၊ မောင်ဘဦးနှင့် မသင့်မတင့် ဖြစ်ခဲ့ဖူးကြောင်း၊ မသန်းစိန်ကို နှစ်ယောက်စလုံး ပိုးပန်းနေကြသည့်အတွက် ရန်ငြိုးဖွဲ့နိုင်လောက်သည်ဟု ဆိုနိုင်ကြောင်း အစရှိသော အခြင်းအရာများပင် ဖြစ်လေသည်။

နှိပ်။ ။"တခုတော့ စဉ်းစားဖို့ရှိတယ်ခင်ဗျ။ ဟိုနေ့မနက်က မောင်တုတ်ပွားဟာ ရေဆိပ်မှာ မရှိခဲတာဘူး ဆိုတာကို သူဟာ သက်သေပြနိုင်လိမ့်မယ် ထင်တယ်။ ဒီအချိန်မှာ တခြားကျောင်းသားတွေနဲ့ သူရှိနေလို့ ကျုပ်နဲ့ မစ္စတာကယ်လီနဲ့ အလောင်းကိုကြည့်နေရာမှာ မောင်တုတ်ပွားက အလက်က ဆင်းလာ


www.burmeseclassic.com

www.burmeseclassic.com



ခဲ့တယ်။ ဒီပြင်တချက်ကလဲ မောင်တုတ်ပွားနဲ့မောင်ဘဦးနဲ့ဆိုတာက ဗလချင်း မကွာကြဘူးဟဲ့ဗျ။ တယောက်နဲ့ တယောက်ချင်းဆိုယင် မောင်တုတ်ပွားက မောင်ဘဦးကို သေသည်အထိရိုက်နိုင်ဖို့ ခဲယဉ်းတယ်။ နောက်ဆုံး တချက်က မောင်ဘဦးကို ရိုက်ထားတဲ့ လက်နက်က ဘယ်လိုဟာလဲဆိုတာ စဉ်းစားဖို့ရှိသေးတယ်"

အုပ်။ ။"လက်နက်ကတော့ သားရေကြိုးတွေလို ခပ်ပျော့ပျော့ အချောင်းတွေ ဖြစ်ရမှာပေါ့ ဆရာ"

နှိုပ်။ ။"ဒဏ်ရာတွေကို ခင်ဗျားကြည့်ခဲ့ပြီးပလား"

အုပ်။ ။"ကျွန်တော်ရော ဆရာဝန်ရော ကြည့်ခဲ့ကြပါတယ် ဆရာ"

နှိုပ်။ ။"ကျုပ်ကတော့ မျက်စိနဲ့ကြည့်ရုံ အားမရလို့ ဓာတ်ပုံတောင် ရိုက်ယူထားသေးတယ်ဗျ။ သူ့ဒဏ်ရာက တော်တော်ထူးဆန်းတဲ့ အချက်ကလေးတွေပါတယ်"

"အုပ်။ ။"ဘယ်မလဲဆရာ။ ဆရာ့ဓာတ်ပုံ ကျွန်တော်ကြည့်ပါရစေ"

ကျွန်ုပ်သည် စားပွဲအံဆွဲတွင် ထည့်ထားသော ဓာတ်ပုံများကို ထုတ်၍ ရာဇဝတ်အုပ်အား ပြလျက်

နှိုပ်။ ။"ဟောဒီက ညာဘက်ပခုံးမှာ ရိုက်ပြီးထင်နေတဲ့ အရှိုးကြီးကို ကြည့်စမ်းဗျာ။ ထူးခြားတဲ့ အချက် ခင်ဗျားမတွေ့ဘူးလား"

အုပ်။ ။"မတွေ့ပါလား ဆရာ"

နှိုပ်။ ။"အရှိုးထင်ပုံကို သေသေချာချာ ကြည့်ပါဦးဗျ။ တညီတညာတည်း မဟုတ်ဘူး။ တချို့နေရာမှာ အထူးသဖြင့် နက်တယ်။ တချို့နေရာမှာ နည်းနည်းတိမ်တယ်။ တချို့နေရာမှာ သွေးခြည်ကလေးတွေ ဥနေတယ်။ ဟောဒီဘက်က အရှိုးမှာလဲ ဒီအတိုင်းပဲ။ ဒီဟာ ဘာအဓိပ္ပာယ်လဲ"

အုပ်။ ။"ကျွန်တော်ဖြင့် မစဉ်းစားတတ်ပါဘူး ဆရာ"

နှိုပ်။ ။"ဒီဒဏ်ရာအကြောင်းကို သေသေချာချာသိလို့ ဆုံးဖြတ်နိုင်တဲ့ တနေ့မှာ ဒီအမှုဟာ ယက်သည်ပေါ်မှာပဲဗျ"

အုပ်။ ။"ဒီလိုဆိုကြပါစို့ ဆရာ။ သံနန်းကြိုးကို အချပ်လိုက်နေအောင် ရက်ထားပြီး ရဲရဲနီခအောင် မီးဖုတ်ပြီးတဲ့နောက်မှ ကျောကိုကပ်လိုက်မယ်ဆိုယင် နန်းကြိုးချင်း ထပ်နေတဲ့နေရာမှာ ဒဏ်ရာဟာ ပိုပြီး နက်မှာပေါ့။ အဲဒီသဘောမျိုး မဟုတ်လား ဆရာ"

နှိုပ်။ ။"တယ်နေရာကျဗျာ ခင်ဗျားပြောပုံ။ သို့မဟုတ်ယင်လဲ အထုံးကလေးတွေပါတဲ့ နန်းကြိုးလေးတွေကို စုစည်းထားပြီး ရိုက်လိုက်တဲ့အခါမှာ ထင်တဲ့အရှိုးမျိုးနဲ့လဲ နှိုင်းယှဉ်နိုင်ယဗျာ"

အုပ်။ ။"အောင်မယ် ဟုတ်တယ်ဆရာ။ ဆရာ့ဥပမာက သာနီးလိမ့်မယ်ထင်တယ်"

နှိုပ်။ ။"ဥပမာ နီးတာက ကိစ္စမရှိဘူး။ မောင်တုတ်ပွားကို ဖမ်းလောက်အောင် အကြောင်းပြ ကောင်းကောင်း မရှိသေးတာက ခက်တယ်ဗျ။ ပြီးတော့ သေခါနီးမှာ မောင်ဘဦးက 'အောင်မယ်လေး မွေးစုတ်ဖွားကြီး ဆရာရဲ့'လို့ အော်သွားသေးတယ်"

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



အုပ်။ ။"စုတ်ဖွားဆိုတာ တုတ်ပွားကို ပြောချင်တာလားမှ မသိတာဆရာ"

နိုပ်။ ။"ဒီဟာလဲ ကျုပ်စဉ်းစားမိတယ်။ နို့ပေမယ့် ကျုပ်ကိုယ်တိုင် ကြားလိုက်ရတာ ဖြစ်လေတော့ မွေးစုတ်ဖွားဆိုတာ ပီပီသသကြားလိုက်ရတယ်ဗျ။ ပြီးတော့လဲ တုတ်ပွားဆိုချင်ယင် မွေးကိုဘယ့်နှယ်လုပ် ထည့်မလဲ။ ခေါင်တုတ်ပွားနဲ့ မွေးစုတ်ဖွားနဲ့ နည်းနည်းဆင်ရဲ။ သို့သော် ကောင်းကောင်း မဟပ်လှဘူးဗျ"

အုပ်။ ။"ဒါဖြင့် ဆရာအကြံမပေးနိုင်ဘူးလားဆရာ"

နိုပ်။ ။"ကျုပ်စဉ်းစားတာကလေးတော့ တချက်ရှိတာပဲ။ နို့ပေမယ့် ကျုပ်ဝါသနာက မသေချာသေးခင် ဖော်မပြောချင်သေးဘူးဗျ"

ကုပ်။ ။"ဘယ်တော့ဆိုလောက် သေချာမလဲဆရာ"

နိုပ်။ ။"သိပ်ကြာမထင်ပါဘူး။ ထားဝယ်မြို့က လူတယောက် လာပါလိမ့်မယ်"

ရာဇဝတ်အုပ်သည် ကျွန်ုပ်၏မျက်နှာကို အတန်ကြာစိုက်ကြည့်၍ အကဲခတ်ပြီးနောက်–

အုပ်။ ။"ဆရာ့စိတ်ထဲကအကြံကို ကျွန်တော်သိချင်လိုက်တာ ဆရာ။ ပင်လယ်ဘက်က တံငါလှေတွေများလား ဆရာရယ်"

နိုပ်။ ။"မဟုတ်ပါဘူး။ သူတို့ကသိပ်ဝေးတာပဲ"

အုပ်။ ။"ဒါဖြင့် ဦးထွန်းဝေတို့သားအဘများလားဆရာ။ သူတို့က မသန်းစိန်ကို မောင်ဘဦးနဲ့ သဘောမတူဘူး ကြားပါတယ်"

နိုပ်။ ။"တော်တော့လေဆရာကြီး။ ကျုပ်ကိုစကားတွေ သိပ်အောက်မနေပါနဲ့တော့။ ခင်ဗျား မပြန်သေးဘူး ဟုတ်လား။ ညနေလောက် လျှောက်ခဲ့ဦးဗျာ"

ထိုခဏ၌ ကျွန်ုပ်တို့သည် မမျှော်လင့်သော အနှောင့်အယှက်တခုနှင့် တွေ့ရသဖြင့် ကျွန်ုပ်ရော ပုလိပ်အရာရှိများပါ အံ့အားသင့်လျက် ငေးကြည့်နေကြရလေ၏။

အကြောင်းကိုဆိုသော် မောင်တုတ်ပွားသည်ဘိုကေစုတ်ဖွားနှင့် လှေကားမှငယ်းဖယိုင်တက်လာ၍–

"လုပ်ကြပါဦးခင်ဗျာ၊ ကယ်ကြပါဦးခင်ဗျာ"ဟုဆိုကာ ကုလားထိုင်တလုံးပေါ်သို့ ထိုးလဲသွားသည်ကို တွေ့မြင်ကြရသောကြောင့်ပေတည်း။

ယင်း၏ နောက်၌ကား မစ္စဘာကယ်လီလိုက်ပါလာ၍

"လုပ်ပါဦး ဦးစံရှား။ ခင်ဗျားမှာ ဘရန်ဒီများမရှိဘူးလား။ ကျုပ်တို့မှာတော့ သာသနာပြုဆရာမို့လို့ အိမ်မှာအလွယ်တကူ မထားမိဘူး။ ရှိယင် နည်းနည်းတိုက်လိုက်စမ်းပါဗျာ။ ဒီရောက်အောင် မနည်းတွဲခေါ်လာရပါတယ်။ ကျုပ်တို့အိမ်ဘက်ကိုတောင် ရောက်အောင်မကူးနိုင်တော့ဘူး"ဟု စိုးရိမ်ကြောင့်ကြသော အမူအရာနှင့်ပြောသည်တွင် ကျွန်ုပ်သည် ဆေးဖော်ဝါးဖက်ဆောင်လာခဲ့သော 'အိုပ်ရှော' ဘရန်ဒီတလုံးကိုဖွင့်၍ ခေါင်တုတ်ပွား၏ ပါးစပ်တွင်းသို့ လောင်းထည့်လိုက်လေ၏။

အရက်ဝင်သွားသဖြင့် အားရှိလာသည့်လက္ခဏာရှိသော်လည်း မောင်တုတ်ပွားသည် ခံစားရသောဝေဒနာမှ တိုး၍ပြင်းထန်လာဟန်ဖြင့်–

"လုပ်ကြပါဦးခင်ဗျာ။ ဇမ်းဘတ်များရှိဘူးလားခင်ဗျာ။ ဒါမှမဟုတ်ယင်လဲ ဘိန်းဖြစ်ဖြစ်၊ ဘီယာဖြစ်ဖြစ် ပေးကြစမ်းပါခင်ဗျာ။ နာလွန်းလို့သေရချည်ရဲ့"ဟု ညည်းညူလျက် ရှိလေ၏။

တတိယအကြိမ်

www.burmeseclassic.com



ကျွန်ုပ်နှင့် ရာဇဝတ်အုပ်တို့သည် အံ့သြစွာနှင့် မောင်တုတ်ပွား၏ပခုံးကိုကြည့်မိကြလေရာကွယ်လွန်သူ မောင်ဘဦး၏ ပခုံးတွင်တွေ့လိုက်ရဖူးသော ဒဏ်ရာများနည်းတူ အရှိုးကြီးများသည် ရာဇမတ်ကွက်သဖွယ် ပြိုင်းပြိုင်းထနေသည်ကို တွေ့ကြရလေ၏။

မောင်တုတ်ပွားမှာ ပခုံး၌ရှိသောဒဏ်ရာမှ နာကျင်ရုံသာမက ရင်ဘတ်ထဲမှလည်းအောင့်လျက်ချွေးလုံးကြီးများသည်လည်း နဖူးမှတစက်စက် ကျလျက်ရှိ၏။

ယင်းဝေဒနာမှာ ပြင်းထန်လှသောကြောင့် အသက်ငင်နေခြင်းပင် ဖြစ်လေသလောဟု စိုးရိမ်နေကြ၏။

ကျွန်ုပ်သည် ဘရန်ဒီပုလင်းကို တကြိမ်ပြီးတကြိမ် ခံတွင်းသို့လောင်းထည့်လေရာ ဘရန်ဒီကို မျိုချလိုက်သည့်အခါတိုင်း မောင်တုတ်ပွားမှာ တချက်တချက် လန်း၍လာသည်ကိုတွေ့ရလေ၏။

ဒဏ်ရာကိုမူ အသင့်ဆောင်ထားသော ဇမ်းဘတ်များနှင့် ခပ်ထူထူသုတ်လိမ်း၍ ဝါဂွမ်းများ အုံပေးရလေရာ နောက်ဆုံးတွင် မောင်တုတ်ပွားသည် ဝေဒနာပြင်းထန်လွန်းသူတို့၏သဘာဝအတိုင်း မိန်းမော၍သွားလေ၏။

လီ။ ။"ဖြစ်ရလေ ဦးစံရှားရယ်၊ ခင်ဗျားဘယ့်နှယ် ထင်သလဲ"

နိုပ်။ ။"သူ့ကို ဆရာကြီး ဘယ်မှာတွေ့ခဲ့သလဲ"

လီ။ ။"ရေဆိပ်မှာပေါ့။ မောင်ဘဦးရေချိုးတဲ့နေရာမှာပဲ။ မောင်တုတ်ပွားဟာ မောင်ဘဦးလိုနှလုံးရောဂါ အခံရှိမယ်ဆိုယင် ဒီနေရာထိအောင်တောင် ရောက်အောင်လာနိုင်လိမ့်မယ်မဟုတ်ဘူး။ လမ်းမှာတောင် တချက်တချက်သွားရာပြီလို့ ကျုပ်အောက်မေ့မိသေးတယ်။ ဒါကြောင့် ကျုပ်အိမ် ရောက်အောင် မသွားနိုင်ပဲ ခင်ဗျားအိမ်ကို တက်ခဲ့ရတယ်"

နိုပ်။ ။"တွေ့ပုံပြောစမ်းပါဦး ဆရာကြီး"

လီ။ ။"ကျောက်ဆောင်ပေါ်မှာ လမ်းလျှောက်နေတုန်းအော်သံကြားလို့ဆင်းပြေးရာမှာ မောင်တုတ်ပွားဟာ ရေဆိပ်နားမှာ ဒယီးဒယိုင်ဖြစ်နေတာကို တွေ့ရတယ်။ ဒါနဲ့ ကျုပ်က အဝတ်ကလေးတွေကို သူ့ပခုံးပေါ်မှာပစ်တင်ပေးပြီး တွဲကာ လာခဲ့ရတယ်။ လုပ်စမ်းပါဦး ဦးစံရှား။ ဒီလိုဆိုယင်ခက်ရချည်ရဲ့။ ခင်ဗျားနာမည်ကြီးသလောက် ဒီအမှုကို ညဏ်စွမ်းကုန်ထုတ်လိုက်စမ်းပါဗျာ"

နိုပ်။ ။"စိတ်ချပါဆရာကြီး။ ကိုင်း ပြောနေကြာရော့မယ်။ ခင်ဗျားတို့လိုက်ခဲ့ကြဗျာ။ ရာဇဝတ်အုပ်လဲလာဗျို့။ ကျုပ်တို့သွားတာ အချိန်မီကောင်းပါသေးရဲ့"

ကျွန်ုပ်သည် ထမင်းချက်နှင့် အခစားခံ မောင်ဘထူးတို့ကို လူနာအနီးတွင် ဇမ်းဘတ်တဗူးနှင့် သုတ်လိမ်းပေးရန် ထားခဲ့ကြ၍ မစ္စတာကာယ်လီနှင့်အတူ ရေဆိပ်သို့ဆင်းလာခဲ့ကြလေ၏။

ကမ်းနားသို့ရောက်သောအခါ ကျောက်ဆောင်ခြေရင်းတွင် မောင်တုတ်ပွားထားခဲ့သော မျက်နှာသုတ်ပဝါနှင့် ရှက်ဖျင်ဖိနပ်များကိုတွေ့ရ၏။

ကျွန်ုပ်သည် ပင်လယ်ကမ်းစပ်၏ အစွန်းတွင် ရှေ့ဆုံးမှ လျှောက်သွား၍ ရာဇဝတ်အုပ်တို့ လူစုကနောက်မှ တယောက်စီ စီတန်းကာ လိုက်လာကြလေရာ ရေချိုးဆိပ်မှာ ကမ်းစပ်တွင် တိမ်သော်လည်း ကျောက်ဆောင်များကို လှိုက်စားထားသည့် နေရာ၌မူကား လေးငါးပေခန့်နက်၍ ပင်လယ်ရေသည် ထိုနေရာတွင် အထူးသဖြင့် ကြည်လင်စွာရှိနေလေရာ ရေချိုးသူတယောက်သည် ညီပြန့်လျက်ရှိသော ကမ်းစပ်တွင် ရေချိုးရ၍ တင်းတိမ်မည်မဟုတ်ပဲ လေးငါးပေနက်သော ထိုနေရာသို့ သွားရမည်သာ ဖြစ်၏။

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


ရေဆိပ်နှုတ်ခမ်းတွင် ကျောက်လုံးကြီးများသည် စီတန်းလျက်ရှိရာ ကျွန်ုပ်တို့သည် ကျောက်ဆောင် ခြေရင်းမှ ကပ်၍ လျှောက်သွားကြယင်း ကြည်လင်သော ရေထဲသို့ သေချာစွာ ကြည့်ကြလေ၏။

ကျွန်ုပ်သည် ရေအနက်ဆုံးဖြစ်၍ အငြိမ်သက်ဆုံးသော အပိုင်းသို့ ရောက်သောအခါ ကျွန်ုပ် ရှာလျက်ရှိသော အရာဝတ္ထုကို တွေ့ရသဖြင့်

"မစ္စတာကယ်လီ၊ ပင်လယ်သတ္တဝါထဲမှာ 'စီနီယာကာပီလတာ' ဆိုတဲ့ အကောင်မျိုး ကြားဖူးရဲ့လား၊ အမွေးစုတ်ဖွားဆိုတာ ဟိုမှာ မြင်လား" ဟု ကျွန်ုပ်က မစ္စတာကယ်လီအား ညွှန်ပြလိုက်ရာ ယင်းသတ္တဝါ မှာ မွေးလုံးတုတ်သော မြင်းမြီးထွေးကြီး တခုကဲ့သို့ အလယ်ဗဟိုတွင် လက်သီးဆုပ်ခန့် ပမာဏရှိ၍ စုတ်ဖွား ကြီး ရှိနေသော အမွေးများသည် ပတ်ဝန်းကျင်တွင် ဖွာထွက်လျက်ရှိလေ၏။

ထိုသတ္တဝါသည် ရေအောက် သုံးပေခန့်ရှိ ကျောက်ကြားတခု အစွန်းတွင် ခိုကပ်လျက်ရှိလေရာ တဖွားဖွားရှိသော အမွေးကြီးများသည် ရေထဲတွင် တတွန့်တွန့်နှင့် လှုပ်ရှားလျက် ရှိလေ၏။

မွေးလုံးကြီးများသည် လျှပ်စစ်လျှောက်သွားသော သံနန်းကြိုးကဲ့သို့ တဆတ်ဆတ်လှုပ်လျက်ရှိရာ ပုံသဏ္ဌာန်တခုလုံးမှာလည်း အသက်ရှူရှိုက်သည့်သဘောနှင့် ဖောင်းချည်ပိန်ချည် ရှိနေလေ၏။

"ကိုင်း လာကြဗျို့၊ လက်သည်တော့တွေ့ပြီ၊ အားလုံးဝိုင်းပြီးစီရင်လိုက်ကြစို့ရဲ့" ဟု ဆိုကာ ကျွန်ုပ် သည် ကမ်းပါးစွန်း၌ တည်ရှိသော ကျောက်တုံးကြီးတခုကို ထိုသတ္တဝါကြီးအပေါ်သို့ တည့်တည့်ကြီး ချိန်၍ လှိမ့်ချလိုက်လေ၏။

ဗွမ်းကနဲ ထကြွလာသည့် လှိုင်းဂယက်များ ငြိမ်သွားသည့်နောက် ကျွန်ုပ်တို့သည် ကြည်လည်သော ရေအောက်သို့ လှမ်းကြည့်လိုက်ကြသည်တွင် ကျောက်တုံးကြီးသည် ယခင်ဖော်ပြခဲ့သော ကျောက်ကြား အစွန်းတွင် တင်လျက်ရှိ၍ ကျောက်တုံး၏ အောက်မှာမူကား တဖွားဖွားထလျက်ရှိသော မွေးလုံးကြီးများ ဆတ်ဆတ်တုန်လျက် ရှိခြင်းကို တွေ့မြင်ကြရသဖြင့် ထိုသတ္တဝါသည် အောက်တွင် ပိလျက်ရှိကြောင်း သိရှိ ကြရလေ၏။

ကျောက်တုံး၏ ပတ်ပန်းကျင်၌လည်း စီပေါင်းကလေးများသည် အထက်သို့စီတန်းကာ တက်လာ ကြသည်ကို မြင်ရခြင်းအားဖြင့်လည်း ထိုသတ္တဝါကို ကျောက်တုံးဖိမိ၍ ယင်း၏ ကိုယ်ခန္ဓာမှ မှုတ်ထွက် လာခြင်းဖြစ်သည်ဟူ၍လည်း သိနိုင်ပေ၏။

အုပ်။ ။"အံ့ဩပါရဲ့ ဆရာရယ် ကျွန်တော်ဖြင့် ဒီနယ်ရောက်လာတာ ကြာလှပါပြီ၊ ဒီအကောင်မျိုး တခါမှ မြင်လဲ မမြင်၊ ကြားလဲ မကြားဘူးပါကလားဆရာ"

နိုပ်။ ။"ဒီသတ္တဝါမျိုး ဒီနယ်မှာ မရှိတာ ဒီနယ် ကံကောင်းတာပေါ့ဗျာ၊ အမှန်မှာတော့ ဒီအကောင်မျိုးရဲ့ ကျက်စားရာ ဌာနဟာ ဟိုဘက် အတ္တလန္တိက် သမုဒ္ဒရာဘက်မှာသာ ရှိတယ်။ သို့သော် ဟိုတာလောက မုန်တိုင်းကျဖလတော့ ပင်လယ်အတွင်းရှိ သတ္တဝါတွေ ထုံးစံအတိုင်း တကောင်တလေ လွင့်ပြီး ဟိုဟိုဒီဒီ ပါသွားတတ်တာကိုးဗျ။ ကိုင်း သို့ခသော် ဒီအကြောင်း သိရအောင် အိမ်ကို လိုက်ခဲ့ပေဦး တော့၊ ကျုပ်တို့ မှာထားတဲ့ စာအုပ် ရောက်လောက်ပြီ ထင်ပါရဲ့"

ထို့နောက် ကျွန်ုပ်တို့သည် ရေဆိပ်မှ တက်လာကြ၍ နေအိမ်သို့ ရောက်လာကြသောအခါ မောင်တုတ်ပွားမှာ အတန်ငယ်သက်သာပြီဖြစ်၍ ထိုင်နိုင်သော အခြေအနေပင် ရှိနေပြီဖြစ်၏။

သို့ရာတွင် တချက်ဘချက်၌မူ တွန့်ကနဲတွန့်ကနဲ ဖြစ်သွားသည်ကို တွေ့ရသေးသည့်ပြင် မျက်နှာမှာ လည်း မှုန်မှုန်ထိုင်းထိုင်းပင် ရှိနေသေး၏။

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့က ဓမ္မမြန်းရာတွင် ရေထဲသို့ဆင်းပြီးသည့်နောက် မကြာမီအတွင်း တကိုယ်လုံးတွင် ကျင်စက်ဖြင့် ကပ်လိုက်ဘိသကဲ့သို့ ကျင်ကနဲ ထိုတက်သွား၍ ထွန့်ထွန့်လူး နာလာသည်နှင့် ကမ်းပေါ်သို့ ခဲယဉ်းစွာ တက်ခဲ့ရကြောင်းဖြင့်သာလျှင် ပြောပြနိုင်လေ၏။

ထိုအချိန်တွင်ပင် လူတယောက် ရောက်လာ၍ အထုပ်တခု ပါလာကာ ကျွန်ုပ်အား ပေးအပ်လေရာ ယင်းမှာ ကျွန်ုပ်၏ ကြေးနန်းအရ တားဝလ် ရုံးစာရေးကြီး ဦးဘချော က လှူဒါန်း၍ ပေးပို့လိုက်သော စာအုပ်ပင် ဖြစ်လေသည်။

ထိုစာအုပ်မှာ မစ္စတာဝုဒ်ဆိုသူ ဇူအိုလိုဂျီပေါ် တိရစ္ဆာနဗေဒ ပညာဘက်ဆိုင်ရာ လောကဓာတ်ဆရာကြီးတယောက် စီရင်ရေးသားသည့် ရေသတ္တဝါများဆိုင်ရာ တိရစ္ဆာန် အမျိုးမျိုးတို့ကို ဖော်ပြသော စာအုပ်ဖြစ်လေရာ ယင်းမှာ အင်္ဂလိပ်ဘာသာဖြင့် ရိုက်နှိပ်ထား၍ မစ္စတဝုဒ်၏ ကိုယ်တွေ့ အဖြစ်အပျက်များကိုလည်း ဖော်ပြပါရှိလေ၏။

ထိုသတ္တဝါနှင့် ပတ်သက်သော အကြောင်းအရာများကို အောက်ပါအတိုင်း ဘာသာပြန်ဆိုဖော်ပြပေအံ့။

ပင်လယ်ကမ်းခြေ၌ ရေချိုးသူတယောက်သည် ဆံပင်၊ သို့မဟုတ် မြင်းမြီးတွေးကြီးကဲ့သို့ စုတ်ဖွားကြီးရှိနေသော အလုံးကြီးတခုကိုတွေ့မြင်ခဲ့လျှင် အသက်ကို ရန်မူဘက်သည်ဟု သတိပြုလေလော့။ ကျွန်ုပ်ကိုယ်တိုင် အင်္ဂလန်ပြည် ဘင့်နယ်ကမ်းခြေ၌ ရေးကူးလျက် ရှိစဉ် ယင်းသတ္တဝါအကောင်နှင့် ကြုံတွေ့ရ၍ ထိုသတ္တဝါသည် သူ၏အမွှေးအမှင်များနှင့် လှမ်းမီသော နေရာအတွင်း၌သာလျှင် အန္တရာယ် ပြုနိုင်သည်မဟုတ်။ ပေ ၅၀ ပတ်ဝန်းကျင်ရှိ နယ်နိမိတ် အတွင်းသို့ပင် လျှပ်စစ်သဖွယ် ပြင်းထန်သော အငွေ့များ လွှတ်နိုင်ကြောင်းကို တွေ့ရဖူးလေသည်။

အထက်ပါ စာကို ဖတ်ပြပြီးနောက် မောင်တုတ်ပွားသည် ဝေဒနာ ခံစားရာမှ ကျွန်ုပ်ဘက်သို့ လှည့်၍

"ကိုင်းဆရာကြီး၊ ဘယ့်နှယ်လဲ၊ ဆရာကြီးကရော ဦးစံရှားကပါ ကျွန်တော့်ကို မသက်ာနေကြတာ ကျွန်တော် ရိပ်မိပါတယ်၊ ခုတော့ ကျေနပ်ကြပြီ မဟုတ်လားခင်ဗျား" ဟု မေးလိုက်သောအခါ—

"ဒီလိုမဟုတ်ပါဘူး မောင်တုတ်ပွား၊ ပထမတော့ မသင်္ကာတာ မှန်ပါတယ်၊ ဒါပေမယ့် အကြံတခု ပေါ်လာလို့ စာရေးကြီး ဦးဘချော်ဆီကို ကြေးနန်းရိုက် မှာလိုက်သို့ ဒီစာအုပ် ရောက်လာပါတယ်၊ မောင့်အပေါ်မှာ မသင်္ကာတဲ့စိတ်ဖျောက်တာ တော်တော်ကြာသွားပါပြီ"

အုပ်။ ။"နေပါဦး ဆရာရဲ့၊ ဒီသတ္တဝါအကြောင်းကို ဆရာ ဘယ့်နှယ်လုပ်ပြီး သိသလဲ"

နှိပ်။ ။"ကျုပ်က သူတပါးလို ဝတ္ထုတွေ၊ လက်ာတွေ၊ မဂ္ဂဇင်းတွေ ဖတ်တဲ့အလေ့မရှိဘူး။ အာတိတ်သမုဒ္ဒရာတို့၊ အန္တာတိတ်သမုဒ္ဒရာတို့၊ အာဖရိကတိုက်တို့ကို စွန့်စားပြီး ခရီးသွားတဲ့လူတွေ ရေးသားတဲ့


www.burmeseclassic.com

www.burmeseclassic.com



မှတ်တမ်းမျိုးတို့၊ တိရစ္ဆာန်ဗေဒ၊ ရုက္ခဗေဒ၊ အဲဒီပညာမျိုးနဲ့ သက်ဆိုင်တဲ့ စာအုပ်မျိုး၊ လောကဓာတ်နဲ့ ပတ်သက်တဲ့ အဆန်းအပြားတွေမျိုး၊ အဲဒါမျိုးတွေကို ဖတ်ဖို့ ဝါသနာရှိတဲ့ပြင် တခါဖတ်ပြီးယင်လဲ တကယ် ဆန်းတယ်ဆိုယင် တကယ်စွဲစွဲမြဲမြဲ မှတ်မိတတ်တဲ့ ဉာဏ်လဲရှိတယ်။ ဟိုလွန်ခဲ့တဲ့ အနှစ် ၂၀ လောက်က ဖတ်ဖူးတဲ့ စာအုပ်ထဲမှာ ဒီသတ္တဝါအကြောင်း အနည်းငယ် တွေ့ရလေတော့ ဟောဒီ မစ္စတာ ဝုဒ် ရေးတဲ့ စာအုပ်ကို မှာပြီး ကြည့်ခဲ့ဖူးတယ်။

"အဲဒါကြောင့် မောင်ဘဦးရဲ့ အရိုးတွေကို မြင်ပြီးလို့ သူ့ ခွေးကလေး ကာလိုဟာလဲ ဒီနေရာမှာပဲ သေတယ် ဆိုလေတော့ ဒီသတ္တဝါကြောင့်များ ဖြစ်နိုင်သလားလို့ စိတ်ကူးပေါ်လာတယ်။ ဒါကြောင့် ကျုပ်က ဒီစာအုပ်ကို မှာလိုက်ခြင်း ဖြစ်ပါတယ်။ ပြီးတော့ တချက်ကလဲ စုတ်ဖွားကြီး ဆရာရဲ့လို့ မောင်ဘဦး ပါးစပ်က အော်သံကြားလိုက်ရတော့ ဒီကောင်ဟာလဲ စုတ်ဖွားကြီးပဲ နေလိမ့်မယ် ထင်ပြီး ကျုပ်စိတ်ထဲမှာ သဘောပေါက်သွားတယ်။ ကိုင်း ကျေနပ်ပြီလားဗျာ"

အုပ်။ ။"ကျေနပ်ပါပြီ ဆရာ။ ဆရာတို့ကတော့ ဗဟုသုတတွေကလဲ ကျွန်တော်တို့ထက် စုံပေ တာကိုး"

နိုပ်။ ။"စုံထောက်ဆိုတာမျိုးဟာ အမှုနဲ့ပတ်သက်လာယင် သိထားပြီးဖြစ်အောင်ဟာ လိုရင်း ဗဟုသုတကလေးမျိုးဆိုယင် ခေါင်းထဲမှာ စွဲနေအောင် မှတ်ထားလိုက်ရတယ်ဗျ"

ထိုအခါ မောင်တုတ်ပွားသည် တဖြည်းဖြည်း ဝေဒနာ သက်သာလာသည့် လက္ခဏာနှင့် နေရာတွင် ခပ်မတ်မတ် ထိုင်လိုက်၍-

ပွား။ ။"ကျွန်တော့်အတွက် ရှင်းလင်းသွားတာတော့ ဟုတ်ပါပြီ ဆရာကြီး ခင်ဗျား။ သို့သော် ကျွန်တော်ပြောပြချင်တာလေး တချက်နှစ်ချက် ရှိပါတယ်။ ဟိုဘက်ရွာက မသန်းစိန်ကို ကျွန်တော် စုံမက်ဖူးတာ မှန်ပါတယ်။ နို့ပေမယ့် ကျွန်တော့်သူငယ်ချင်း မောင်ဘဦးနဲ့ သမီးရည်းစား ဖြစ်ကြတာကို သိတဲ့ နေ့ကစပြီး ကျွန်တော့်စိတ်ထဲမှာ လုံးလုံးလက်လျှော့ပြီး သူတို့နှစ်ယောက်ကို ကူညီချင်တဲ့ ဆန္ဒလောက်သာ ကျွန်တော့်မှာ ရှိပါတယ်။

"ဒါကြောင့် သူတို့နှစ်ယောက် တွေ့ဆုံဖို့ ခက်ခဲတဲ့အခါမှာ ကျွန်တော်ကိုယ်တိုင် အောင်သွယ်အဖြစ်နဲ့ စာပေးစာယူ လုပ်ပေးရဖူးပါတယ်။ ကျွန်တော်ပြောရခြင်းဟာက ဆရာကြီးတို့၊ ဟောဒီ ဦးစံရှားတို့က ကျွန်တော့်အပေါ်မှာ သဘောသေးကွေးတယ် ထင်ပြီး အထင်အမြင် သေးနေကြမှာစိုးလို့ ရှင်းလင်းရခြင်း ဖြစ်ပါတယ် ဆရာကြီးခင်ဗျား"

လီ။ ။"တော်ပေတယ်ကွယ်၊ ငါ့တပည့် မောင်တုတ်ပွား။ ငါ အထင်မှားမိတာကို ခွင့်လွှတ်ပါ ကွယ်"ဟု ဆိုကာ မျက်နှာဖြူများ ထုံးစံအတိုင်း လက်ကိုကမ်းလှမ်းလိုက်လေရာ မောင်တုတ်ပွားလည်း မစ္စတာကယ်လီ၏ လက်ကို ကိုင်ဆွဲကာ လှုပ်ယမ်းလိုက်လေ၏။

အုပ်။ ။"ဆရာရှင်းပြလို့ ကျွန်တော်တော့ လင်းသွားပေပြီဆရာ။ ဆရာ့အကြောင်း စာထဲမှာ ဖတ်ရဖူးသော်လဲ ဒီလောက် စွမ်းပါ့မလားလို့ မယုံမိခဲ့ပေဘူး။ အခုတော့ ယုံပါပြီ ဆရာခင်ဗျာ"

နိုပ်။ ။"သိပ်ပြီး အထင်မကြီးနဲ့ဦးလေ။ ကျုပ်ကိုယ်တိုင်လဲ ဒီအမှုမှာ ခပ်ရှော်ရှော်ပဲ။ မြန်သင့် သလောက် ,မြန်မြန်မစဉ်းစားမိဘူး။ တကယ်လို့ မောင်ဘဦးရဲ့ အလောင်းကို ရေထဲမှာတွေ့တယ် ဆိုယင် ကျုပ် ဒီလောက်နှေးမယ် မထင်ဘူး။ အမှုန်ကို ထပ်ကနဲနေအောင် တွေးနိုင်ဖို့ရှိတယ်။ အခုတော့ မျက်နှာ သုတ်ပဝါ တွေ့တာနဲ့ ကျုပ် လမ်းချော်သွားသေးတယ်ဗျ။

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


''မောင်ဘဦးက ရေထဲဆင်းခဲ့သော်လဲ ကိုယ်သုတ်ဖို့ အချိန်မရလေတော့ ကျုပ်တို့ဆီ တန်းပြေးလာရာမှာ ကျုပ်က မျက်နှာသုတ်ပဝါ အခြောက်တွေ့တယ်ဆိုပြီး သူ ရေထဲမဆင်းရသေးဘူးလို့ သွားတွေးမိတယ်။

''အဲဒါကြောင့် ကျုပ် လမ်းချော်သွားတာပဲ။ ဒီလိုဆိုတော့ ရေသတ္တဝါရယ်လို့ ဘယ်နှယ်လုမ်တွေးဖြစ်မလဲဗျ။ အဲဒါ ကျုပ် ခွကျသွားတာပဲ။ ကျုပ်က တခါတခါ ခင်ဗျားတို့ ပုလိပ်အဖွဲ့ကို ကရော်ချော်မယ် ပြောမိတယ်။ ကျုပ်ကိုလဲ ခင်ဗျားတို့က ဒီအမှုမှာပါတဲ့ 'ကာ့ပီလတာ'လို့ တခွန်းတည်းပြောလိုက်ယင် ပြန်ချေပြီးသား ဖြစ်တာပါပဲဗျာ''

စာဆိုယအကြိုင်
www.burmeseclassic.com

www.burmeseclassic.com

# ၄၃။ လေ့သူကြီး ဦးမိုးသီး*

လွန်ခဲ့သော ဝါဆိုလက ကျွန်တော်သည် လောကဓာတ်ပညာနှင့် ပတ်သက်သော စာတအုပ်ကို ဘာသာပြန်ဆိုလျက် ရှိသဖြင့် ဦးစံရှားနှင့် စကားနိုးနှောရန် မျှားစွာ အချိန်မရပဲ စာရေးစားပွဲ၌သာလျှင် အချိန်ကုန်လျက်ရှိ၏။ ဦးစံရှားသည် ကျွန်တော် အလုပ်များနေကြောင်းများကို သိသဖြင့် ခါတိုင်းကဲ့သို့ ကျွန်တော့်အား အဖော်ပြုရန် မကြံစည်တော့ပဲ တယောက်တည်း သွားလာ ဝင်ထွက်လျက်ရှိ၏။

သို့ရာတွင် တခါထွက်သွားလျှင် အချိန်အကြာကြီး နေခဲ့ခြင်း၊ 'လေ့သူကြီး ဦးသိန်းဟန် မရှိသလော'ဟု အလုပ်ကြမ်းသမား အဝါန်းအစားလူများ ရံဖန်ရံခါ လာ၍ မေးခြင်းတို့ကို ထောက်သဖြင့် ကျွန်တော်၏ မိတ်ဆွေ ဦးစံရှားမှာ အမှုတခုခုတွင် စုံထောက်လျက်ရှိကြောင်း ရိပ်မိသဖြင့် ယင်းပုံလုပ်မြဲဖြစ်သော ထုံးစံအတိုင်း ထိုအမှု၌ မိမိကိုယ်ကို တမျိုးတမည် နာမည်ပြောင်းလဲ၍ အလုပ်လုပ်နေဟန်တူသည်ဟူ၍လည်း ကျွန်တော် တွေးတောမိ၏။

ထိုအချိန်၌ ဦးစံရှားမှာ ရန်ကုန်မြို့ပေါ်တွင် နေအိမ် သုံးနေရာထက် မနည်း ငှားရမ်းထား၍ တနေရာတွင် နာမည်တမျိုးနှင့် နေထိုင်တတ်သော ဝါသနာ တခုလည်း ရှိနေပြီဖြစ်၏။ ထိုအခါတွင် ကျွန်တော်မှာ ဦးစံရှား၏ သွားလာဝင်ထွက်ပုံများကို အမှတ်မဲ့ အကဲခတ်မိသော်လည်း ကျွန်တော့်အားလည်း မတိုင်ပင်၊ ကျွန်တော်ကလည်း သူမပြောလိုသည်ကို ဖွင့်ဟ မေးမြန်းတတ်သော ဝါသနာလည်း မရှိချေ။

ဦးစံရှားလည်း ထိုတလော၌ မိမိ စုံစမ်းထောက်လှမ်းနေပုံ အကြောင်းနှင့် ပတ်သက်၍ ကျွန်တော့်အား ပထမဦးစွာ အသိပေးပုံမှာ ထူးဆန်းလှပေ၏။ ထိုနေ့နံနက်က ဦးစံရှားသည် အိမ်မှ စောစောထွက်သွား၍ ကျွန်တော် နံနက်စာ စားတော့မည်ပြုသည်တွင်မှ လှံကြီးတချောင်းကို ချိုင်းတွင်ညှပ်လျက် တိုက်ပေါ်သို့ တက်လာလေ၏။

"အံ့ပါရဲ့ဗျာ၊ ခင်ဗျားလုပ်ပုံက ဒီဟာကြီး ချိုင်းမှာညှပ်ပြီး မြို့ထဲလျှောက်လည်နေရော့သလားဗျာ"

---

* သူရိယ မဂ္ဂဇင်း၊ ၁၉၂၀၊ မတ်လ၊ အတွဲ ၄၊ အမှတ် ၁ တွင် 'မန္တလေးမြို့ စိန်ပန်းရပ် လူသတ်မှု၌ မောင်စံရှား စုံထောက်ပုံ' အမည်ဖြင့် ဦးစွာရေးသားခဲ့လျက် ထပ်ရေးမှုကွဲအဖြစ် ဤဝတ္ထု 'လေ့သူကြီး ဦးမိုးသီး'ကို ထပ်မံရေးသည်။ သို့သော် ဤဝတ္ထု ရေးသားထည့်သွင်းရာ မဂ္ဂဇင်းကို ရှာမတွေ့သေးပါ။ မြန်မာပြည် စာအုပ်တိုက်မှ အတွဲ ၂ နှင့် နှလုံးလှ စာပေတိုက်မှ အတွဲ ၁ တို့တွင် ဤဝတ္ထုကို တွေ့ရသည်။ မူရင်းမှာ Black Peter ဖြစ်သည်။ (ဦးစွာရေး မူကို ချန်လှပ်ထားခဲ့ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com


"ကြည့်မြင်တိုင် ဝက်သတ်ရုံက ပြန်လာတာဗျ"

"ဝက်သတ်ရုံနဲ့ ခင်ဗျား အလုပ်နဲ့ ဘာဆိုင်လို့လဲဗျာ"

"ဆိုင်တာ မဆိုင်တာ အသာထားပြီး ဝက်သေတကောင်ကို ဒီကလုံနဲ့ ထုတ်ချင်း ဖောက်အောင် ခင်ဗျား ထိုးနိုင်ပါ့မလား"

"မစမ်းဖူးပေါင်ဗျာ၊ ထိုးနိုင်မထင်ပါဘူး"

"ခင်ဗျားက မထင်ရုံမထင်တာ၊ ကျုပ်က ကိုယ်တိုင်စမ်းလာခဲ့ပြီ၊ ကျုပ်ဗလကို ခင်ဗျား သိတယ် မဟုတ်လား၊ ကျုပ်တောင် မထိုးနိုင်ဘူးဗျ"

"ကြံကြံစည်စည် စမ်းတဲ့ လူဘယောက်ပါပဲဗျာ၊ အံ့သြပါရဲ့"

"မအံ့သြနဲ့လေ၊ ကျုပ်က လေ့သူကြီး ဦးမိုးသီးအမှုနဲ့ သက်ဆိုင်တယ်လို့ ဝက်သေတကောင်လုံနဲ့ ဆယ်ချက်ထိုးဖို့အရေးကို ငွေဟာဆယ်ပေးပြီး ကိုယ်တိုင်ထိုးစမ်းလာခဲ့တာဗျ၊ တချက်မှ ထုတ်ချင်းပေါက် အောင် ကျုပ်မထိုးနိုင်ခဲ့ဘူး၊ ဩော် ကိုသန်းတင်လာဗျို့၊ ထမင်းဝင်စားသွားပါဦး၊ ခင်ဗျားကြေးနန်းကို ကျုပ်ရလို့ ခင်ဗျားကို မျှော်နေဆဲပဲ၊ လာဗျ"

အခန်းတွင်းသို့ ဝင်လာသော ကျွန်တော်တို့၏ ညှေ့သည်မှာ အသက်သုံးဆယ်ခန့်အရွယ်ရှိ၍ နှုတ်ခမ်းပါးပါး၊ အသားလတ်လတ်၊ နှာခေါင်းချွန်ချွန် မေးချွန်ချွန် အလွန်ဖျတ်လတ် သွက်လက်သော ရုပ်လက္ခဏာရှိသူ တယောက် ဖြစ်ပေ၏။ ထိုသူမှာ ဆပ်အစ်စပက်တော် ကိုသန်းတင်ဖြစ်၍ ဦးစံရှားက အတော်အသန် အထင်ကြီးခြင်း ခံရသူတယောက် ဖြစ်ရာ ထိုသူကလည်း ဦးစံရှားအား ဆရာတပည့်ပမာ ကဲ့သို့ ရိုသေကိုင်းရှိုင်းဟန် လက္ခဏာရှိပေသည်။ ထိုနံနက်၌ကား ကိုသန်းတင်မှာ ထင်ခြေ မပေါက်သဖြင့် အတော်အတန်စိတ်ပျက်အားလျှော့နေသည့် မျက်နှာထားမျိုး ရှိနေလေ၏။

"သုံးဆောင်ပါဆရာ၊ ကျွန်တော်စားခဲ့ပြီးပါပြီ၊ ညကတည်းက ကျွန်တော်ရောက်လာပြီး အထက် လူကြီးဆီမှာ အစီရင်ခံနေရပါတယ်"ဟု ကိုသန်းတင်က ပြောလေ၏။

"ဘာများအထူးအစီရင်ခံစရာ သတင်းပါလာခဲ့လို့လဲ"

"ဘာမှ မပါပါဘူးဆရာ၊ သဲလွန်စ လုံးလုံး ရှာမရလို့ ခက်နေတယ်"

"တကွက်ကလေးမှ အစအန မပေါ်ဘူးလား"

"ကျွန်တော်ဖြင့် ဘာမှ မဖော်နိုင်ဘူး ဆရာ"

"ဒီလိုဖြင့် မဖြစ်ပါဘူး၊ ကျုပ်ကိုယ်တိုင် လိုက်ကြည့်ဦးမှ ထင်ပါရဲ့"

"ရှိကြီးခိုးပါရဲ့ ဆရာ၊ တဆိတ်လိုက်ပေးစမ်းပါဦး၊ အမှုကြီးဆိုလို့ ဒီတခါ စမ်းခိုင်းကြည့်သေး တယ်၊ ဒီတခါ နေရာမကျဘူးဆိုယင် ကျွန်တော် နာမည်ပျက်တော့မှာပဲ ဆရာ၊ ကယ်ပါဦး"

"စစ်ချက်တွေတော့ ကျုပ်ဖတ်ကြည့်ပြီးပြီပဲ၊ ဒါထက် လူသေအနားမှာတွေ့တဲ့ ဆေးတံသောက် ဆေးအိတ်မှုန့်ဟာ ဘယ့်နှယ်လဲ၊ သဲလွန်စ မတွေ့ဘူးလား"


www.burmeseclassic.com

www.burmeseclassic.com



"ဒီဆေးအိတ်က ဦးမိုးသီးရဲ့ ဆေးအိတ်ကပဲ ဆရာ၊ ဆေးအိတ်ပေါ်မှာ သူ့နာမည် အင်္ဂလိပ်လို အတိုကောက် M.T လို့ ပါသွားကပဲဆရာရဲ့၊ အင်္ဂလိပ်စာလဲ သုံးလေးတန်း သင်ဖူးသတဲ့"

"သူ့မှာ ဆေးတံမှ မရှိပဲ"

"သူ့ တဲကလေးထဲမှာ ဆေးတံရှာမတွေ့တာတော့ မှန်ပါတယ်ဆရာ၊ နို့ပေမယ့် ဆေးတံသောက်တဲ့ ပွတ်ဆေ့မျှား လာယင်တည်ဖို့ သူဝယ်ထားချင် ထားမှာပေါ့ဆရာရဲ့"

"ဒီလိုလဲ ဖြစ်တော့ ဖြစ်နိုင်ပါတယ်။ နို့ပေမယ့် ကျုပ်သာဖြစ်ယင် ဒီဆေးအိတ်ကို အခြေခံထားပြီး သဲလွန်စရအောင် လိုက်ပြီးသွားပဲ။ ကိုင်း ဒါထက် ကိုသန်းတင်၊ ဟောဒီက ကိုသိန်းမောင်လဲ ကြားရအောင် အမှုအကြောင်းကို အကျဉ်းချုံးပြီး ပြန်ပြောလိုက်ပါဦးဗျာ"

"ဒီလိုပါခင်ဗျာ။ ဦးမိုးသီးဆိုတဲ့ လူကြီးဟာ အသက်က ၅၀၊ အလုပ်က လှေသူကြီး လုပ်ဖူးပါတယ်။ လွန်ခဲ့တဲ့ ဆယ့်လေးငါးနှစ်လောက်တုန်းက ရန်ကုန်နဲ့ထားဝယ်ကို ဘောက်တူတစင်းနဲ့ သွားကုန် ပြန်ကုန် တင်ပြီး ပင်လယ်ခရီးမှာ ခေါက်တုံ့ခေါက်ပြန် စုန်ဆန်သွားလာခဲ့ဖူးတဲ့ လူကြီးခင်ဗျ။ ထားဝယ်က ငါးပိ ငါးခြောက်၊ ငန်ပြာရည်တွေ တင်ခဲ့။ ရန်ကုန်က အပြန်မှာ ဓာတ်ဆီတို့၊ ရေနံဆီတို့ ဒီပြင် စားကုန် သောက်ကုန်တွေ တင်ပြီး အခေါက်ခေါက် သွားလိုက် ပြန်လိုက်တာ အတော်ကြီး မြတ်စွန်းပြီး စီးပွားဖြစ် ဆိုကိုး ခင်ဗျ။ လွန်ခဲ့တဲ့ ခြောက်နှစ်လောက်တုန်းက သူ့ဘောက်တူကြီးကို ရောင်းပြီး သူ့မယား ဇာတိဖြစ်တဲ့ သရက်ဘပင်ရွာမှာ အေးအေးဆေးဆေး အငြိမ်းစား နေတော့တယ် ဆိုကိုး ခင်ဗျ"

"သူ့ဇာတိကကော"

"သူက ထားဝယ်သားတဲ့ ဆရာရဲ့။ ဒီလူကြီးက စကားနည်း နှုတ်ဆိတ်၊ သူ့ဘာသာသူ စိတ်ကူးနဲ့ နေတတ်တဲ့ လူကြီးတဲ့ဆရာရဲ့။ သူ့အိမ်မှာ သူ့မယားရယ်၊ သမီးတယောက်ရယ်၊ ခိုင်းစရာ တူကလေး တယောက်ရယ် ဒါပဲ ရှိဘယ်ခင်ဗျ။မယားဘက်က ဆွေမျိုးတွေတော့ တခါတခါ လာလာနေကြသတဲ့။နို့ပေမယ့် ဦးမိုးသီး မျက်နှာထားကြောက်တာနဲ့ ဘယ်သူမှ ကာလပြည့်အောင် နေနိုင်တဲ့လူ မရှိဘူးတဲ့။ ဦးမိုးသီးဟာ ယစ်ထုပ်ရယ်လို့တော့ မခေါ်လောက်ဘူး။သုံးလေးရက်မှာ တခါလောက်တော့ သောက်တတ်သတဲ့။နို့ပေမယ့် တခါတခါသောက်မှုဖြင့် တယ်ရမ်းဆိုကိုး ဆရာရဲ့။မယားလဲ မနေရ၊ သမီးလဲ မနေရ။အော်လိုက်ငေါက် လိုက် ကြိမ်းလိုက် မောင်းလိုက်တာ တရွာလုံး ကျက်ကျက်ဆူသွားရောတဲ့။တခါတုန်းက သန်းခေါင်လောက် ကြီး၊ မိုးတွေဘာ ရွာနေတဲ့အထဲမှာ မယားနဲ့ သမီးကို ကြာပွတ်နဲ့လိုက်ရိုက်လို့ ရွာဘုန်းကြီးဝင်ဆုံးမမှ ငြိမ် သွားတော့ ဆိုကိုး ဆရာရဲ့။ သူ တခါတခါမူးပြီဆိုမှဖြင့် တရွာလုံး ပွက်ပွက်ရိုက်သွားရောတဲ့။ ဒါကြောင့် သူသေတော့ ဝမ်းနည်းစကားပြောတဲ့လူ တယောက်မှမရှိဘူး။ ကောင်းပါလေစဆိုတဲ့လူချည်းပဲ ဆရာရဲ့"

"သူ့တဲကလေးအကြောင်း ပြောပြပါဦး"

"သူ့ခြံကြီးက တော်တော်ကျယ်တယ် ဆရာရဲ့။ ခြံလယ်ကောင်က တဲအိမ်။ သူနေတော့ ခြံထောင့် နားမှာ ကပ်ပြီး ဆောက်ထားတဲ့ တဲကလေးထဲမှာ သူတယောက်တည်း နေတယ် ဆရာ။ အိပ်တော့လဲ ဒီတဲ ကလေးထဲမှာပဲ သူအိပ်တယ်။ သူ့တဲကို ဘယ်သူမှ မဝင်ရဘူး။ သူ့အိပ်ရာ သူခင်း။ တံမြက်စည်းလှည်းတာ တောင် သူ့ဟာသူ လှည်းသတဲ့။ သူ့တဲမှာ ပြတင်းပေါက်နှစ်ခု ဖောက်ထားတယ်။တပေါက်က လမ်းဘက်



www.burmeseclassic.com

www.burmeseclassic.com



မှာ။ ဘယ်အခါမဆို အခန်းဆီးချလို့။ ရွာသူရွာသားတွေက လမ်းပေါ် လျှောက်သွားတဲ့အခါမှာ ပြတင်းပေါက်ကို လက်ညှိုးထိုးပြီးဦးမိုးသီးကြီးမီးတခွက်နဲ့ဘာလုပ်နေပါလိမ့်မလဲလို့တယောက်တယောက် ပြောတတ်ကြတယ်။ ရွာသားတိုင်းက သူ့ကို ရှို့လဲ့ရှိ ကြောက်လဲကြောက်ဆိုတာလို အင်မတန် ရှောင်ကြ ကွင်းကြသတဲ့ဆရာရဲ့။ ဦးမိုးသီးမသေခင် နှစ်ညလောက်က သရက်တပင်ရွာသား ကိုမြကြီးဆိုတဲ့လူဟာ သန်းခေါင်လောက်မှာ လည်ပတ်ရာက ပြန်လာလို့ ဦးမိုးသီးတဲနားက လမ်းကလေးပေါ်မှာ လျှောက်လာတော့ တဲထဲမှာ မီးလင်းနေတာကို တွေ့ရတယ်တဲ့ ဆရာ။ ဒီအချိန်တောင် မအိပ်သေးပဲကိုးလို့ သူက လှမ်းကြည့်လိုက်တော့ ပြတင်းပေါက်က ခန်းဆီးပေါ်မှာ နံဘေးစောင်း ထိုင်နေတဲ့လူတယောက်ရဲ့ မျက်နှာရိပ်ကို မြင်ခဲ့ရသတဲ့ ဆရာရဲ့။ ဦးမိုးသီးကတော့ ဆံပင်ရှည်နဲ့မို့လို့ သူမဟုတ်နိုင်ကြောင်း သိလို့မို့ ဒီအချိန်ကြီးမှာ ဘယ်ကညွှေသည်များ ဦးမိုးသီးဆီ လာလည်နေပါလိမ့်မလဲလို့တောင် တွေးခဲ့မိသေးသတဲ့။ နို့ပေမယ့် သူမြင်ခဲ့တာက တနင်းလာနေ့က ဦးမိုးသီးသေတာက ဗုဒ္ဓဟူးနေ့ကဆိုတော့ တယ်ပြီး မဆိုင်လှဘူးပေါ့ ဆရာရယ်”

“နောက်တော့ကော”

“လွန်ခဲ့တဲ့အင်္ဂါနေ့ကတော့ ဦးမိုးသီးဟာ သိပ်မူးနေဆိုကိုး ဆရာရဲ့။ သမီးနဲ့ “မယားဆိုတာ မှာတောရိပ်အနဲမြင် တခါတည်းထွက်ပြေးကြရတာပဲတဲ့။ တော်တော်မိုးချုပ်တော့မှ သူ့တဲကလေးထဲ ဝင်သွားပါရောတဲ့။ အဲဒီညက နာရီပြန် ၂ ချက်လောက်မှာ ဗုဒ္ဓဟူးနေ့ ကူးပြီပေါ့ဆရာရယ်၊ သူ့သမီးက သူ့အဖေ အော်လိုက်တဲ့အသံကြီးကို တချက်ကြားလိုက်ရလို့ အိပ်ရာကတောင် လန့်နိုးသတဲ့။ နို့ပေတဲ့ သူ့အဖေမူးတဲ့အခါမှာ အော်နေကျ ဟစ်နေကျ ဖြစ်နေလေတော့ သမီးကလဲ တယ်ပြီး အရေးမလုပ်ပဲ ပြန်ပြီး အိပ်မြဲတိုင်း အိပ်နေလိုက်ကရောတဲ့ ဆရာရဲ့။ မနက်မိုးလင်းလို့ တဲတံခါးပွင့်နေတာမြင်လေတော့ မယားလုပ်တဲ့သူက သူ့တူကလေး လက်ဖက်ရည်ပို့ဖို့ လွှတ်လိုက်ရာမှာ ကောင်ကလေးက အလန့်တကြားနဲ့ ပြန်ပြေးလာတာကိုး ဆရာရဲ့။ ဒါနဲ့ ရွာသူရွာသားတွေ ခေါ်ပြီး သွားကြည့်ကြရာမှာ၊ မြင်တဲ့လူတိုင်း တဲပေါက်ဝက လှည့်ပြန်ပြီး ထွက်ပြေးကြရ ဆိုကိုး ဆရာရဲ့”

“ခင်ဗျားက ဘယ်အချိန် ရောက်သွားသလဲ”

“ကျွန်တော် ရောက်သွားတော့ ၁၈ နာရီလောက် ရှိသွားပြီ။ ပြောရတော့ ဆရာရယ်။ ကျွန်တော်လဲ သူများနည်းတူတော့ သွေးရှိတဲ့အကောင်ပါပဲ။ နို့ပေမယ့် တဲပေါက်ဝမှာ ရပ်ကြည့်လိုက်ယင်ပဲ ယင်တွေ တလောင်းလောင်းနဲ့ သွေးစက်တွေက ဗရပွနဲ့စဉ်ပြီး သားသတ်ရုံလေးလို ဖြစ်နေတဲ့ တဲကလေးထဲမှာ ထရံကို မှီပြီး သွားကြီးဖြီးလိုက်လို့။ ရင်ဘတ်မှာ လှံကြီးတန်းလန်းစူးပြီး မျက်လုံးကြီး အကြောင်သားနဲ့ ပြူးကြည့်နေတဲ့ ဦးမိုးသီးအလောင်းကို မြင်ရတော့ ကျွန်တော်တောင် နှလုံးသွေး ပျက်ချင်သလိုလို ရင်ထဲကထိတ်ကနဲ ဖြစ်သွားမိသေးတယ်ဆရာရဲ့။ ပြင်းလိုက်တဲ့လှံချက်ကလဲ လူတကိုယ်လုံး ထုတ်ချင်းဖောက်သွားတဲ့ အပြင် နောက်က သစ်သားထရံကိုတောင် သုံးသစ်လောက် စူးဝင်သွားသေး။ လက္ခဏာမှာတော့ ညတုန်းက သူ့သမီးကြားလိုက်ရတဲ့ အော်သံဟာ သေခါနီး အသက်ထွက်ကဲ့ အော်သံနဲ့ပဲ တူပါတယ် ဆရာ”

“ဟုတ်ဘန်ပါရဲ့။ ဆိုပါဦး”

“ကျွန်တော်က ဆရာ့တပည့်ဖြစ်တဲ့အတိုင်း ဆရာ့နည်းလိုက်ပြီး တဲထဲမှာရော တဲပြင်မှာရော သေသေချာချာ လိုက်ကြည့်တာပေါ့။ နို့ပေမယ့် ဘာခြေရာမှမရှိဘူး ဆရာရဲ့”



www.burmeseclassic.com

www.burmeseclassic.com



"မရှိဘူးမပြောပါနဲ့။ မတွေ့ဘူးဆိုပါ"

"ရှိကို မရှိဘူးဆရာ။ စိတ်ချပါ"

"ကိုသန်းတင်ရယ်၊ ကျုပ် စုံထောက်ခဲ့တဲ့ အမှုတွေ တော်တော်များပါပြီ။ အတောင်ပေါက်တဲ့ တရားခံရယ်လို့ ကျုပ် တခါမှ မတွေ့ခဲ့ရဖူးပါဘူး။ တရားခံဟာ ခြေထောက်ပေါက်တဲ့ တရားခံမျိုးဖြစ်သမျှ ကာလပတ်လုံး ကြမ်းပေါ်မှာဖြစ်စေ၊ မြေကြီးပေါ်မှာဖြစ်စေအပ္ပန်းကလေး အပဲ့ကလေး ဆိုတာမျိုးလို ရှာတတ်တဲ့လူအဖို့တော့ တွေ့ရမှာချည်းပဲ ကိုသန်းတင်။ သွေးစက်တွေ ဒီလောက် ဗရပွဖြစ်နေတဲ့ အထဲမှာ သဲလွန်စဆိုလို့ တခုမှ မတွေ့ရဘူးဆိုတာ ကျုပ်မကျေနပ်နိုင်ဘူး။ ကိုင်း ဒါထက် ခင်ဗျားမျက်စိမလျှမ်းလို့ တွေ့ရတဲ့ပစ္စည်းတွေ ပြောစမ်းပါဦး"

ကိုသန်းတင်မှာ ဆရာကြီးမိုးသော တပည့်ကဲ့သို့ မျက်နှာကလေး ငယ်ငယ်ဖြစ်ရှာပြီး ဆက်လက် ပြောပြန်လေ၏။

"အစကတည်းက ဆရာ့ကိုမခေါ်မိတာ ကျွန်တော်မိုက်တာပါပဲ ဆရာ။ အခုမှတော့ လွန်မိပြီလေ။ မတတ်နိုင်တော့ဘူး။ တဲထဲမှာ ကျွန်တော်တွေ့တဲ့ ပစ္စည်းများကတော့ ဦးမိုးသီးကိုသတ်ထားတဲ့ လှံတန်း လန်းရယ်"

"နေပါဦး။ ဒီလှံက အစကတည်းက အခန်းထဲမှာရှိတဲ့ လှံလား"

"မှန်ပါတယ်ဆရာ။ ကြွက်လျှောက်ပေါ်မှာ မူလက ဒီလှံထားတဲ့နေရာကို ကျွန်တော်တွေ့ရပါတယ်။ ခ.ဘ်ရင်းက တချောင်း၊ လှံဘချောင်း ကြွက်လျှောက်ပေါ်မှ ယှဉ်လျက်သားချထားတဲ့အနက်က လှံကိုဆွဲယူသွားလို့ သူ့နေရာမှာ ကွက်လပ်ဖြစ်နေတာကို ကျွန်တော်တွေ့ရပါတယ်။ ဒါကြောင့်မို့ တရားခံဟာလက်နက် မယူခဲ့ပဲ တွေ့ရာသက်နက်နဲ့ ကောက်ထိုးရခြင်းဖြစ်လို့မို့ သတ်ဖို့အကြံမရှိပဲ ဒေါသအလျောက် ရုတ်တရက် ကောက်ထိုးလိုက်ခြင်းဖြစ်ကြောင်း ထင်ရှားပါတယ် ဆရာ"

"ဒါတော့ ဟုတ်ပြီ။ ဆိုပါဦး"

"ဦးမိုးသီးဟာ စွပ်ကျယ်အင်္ကျီအပြင်က ရှပ်အင်္ကျီထပ်ဝတ်ရိုးထုံးစံမရှိဘူးဆိုပါလျက်နဲ့ ဟိုနေ့က ၁၇ ကိုယ်မှာ ရှပ်အင်္ကျီဝတ်လျက် သေနေကြောင်း တွေ့ရခြင်းအားဖြင့် ဦးမိုးသီးဟာဧည့်သည်လာမယ့်အကြောင်း ကြိုတင်ပြီး သိနှင့်ဟန် ရှိတယ်။ ဒါကြောင့်မို့ အချိန်းအချက်ပေးပြီး တွေ့ဆုံခြင်းဖြစ်တယ်လို့ ကျွန်တော် ယူဆပါတယ် ဆရာ"

"ဒါလဲ ကျေနပ်တယ်။ ဆိုစမ်းပါဦး"

"ကြွက်လျှောက်ပေါ်မှာ ဘီယာပုလင်းနှစ်လုံး အပြည့်တွေ့တယ်ဆရာ။ အလောင်းရှေ့ စားပွဲပေါ်မှာတော့ ချက်အရက်ပုလင်းကြီး တဝက် မျှ တရှိရယ်၊ ဖန်ခွက်နှစ်လုံးရယ်၊ စားပွဲအောက်မှာတော့ချက်အရက် ပုလင်းလွတ် နှစ်လုံးရယ် တွေ့ရတယ်ဆရာ"

"ဒါကို ဘယ်လိုအဓိပ္ပာယ် ကောက်သလဲ"

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



"ဖန်ခွက်နှစ်ခွက် တွေ့ရလေတော့ တယောက်တခွက်စီ သောက်ကြလို့မို့ ဧည့်သည်တယောက်တည်း ပဲလို့ ကျွန်တော် ယူဆတယ် ဆရာ"

"ဒါတော့ ဟုတ်ပါပြီ။ ဘီယာပုလင်းတွေကိုမထိပဲ ချက်အရက်ချည်းသောက်ကြတာ ဘယ်လိုများ အဓိပ္ပါယ် ကောက်သလဲလို့"

"သောက်ချင်လို့ပေါ့ ဆရာ"

"ဟင် ငါ့လခွေး။ အေး အေး၊ ဒိပြင် ပြောစမ်းပါဦး"

"ဒိမြင်တော့ ဆေးအိတ်ပေါ့ ဆရာ"

"စားပွဲပေါ်ကလား"

"ဟုတ်တယ် ဆရာ"

"စားပွဲ ဘယ်ဘက်အပိုင်းဆီမှာ တွေ့ရသလဲ"

"အလယ်ကောင်နားလောက်မှာ ဆရာ။ အိတ်ကတော့ ရော်ဘာအိတ်ရှုံ့ကလေးမျိုး ဆရာရဲ့။ ဖင်ဘက်မှာ M.T. ဆိုတဲ့ အင်္ဂလိပ်စာလုံးကို မင်နဲ့ရေးလို့။ ဆေးကတော့ ဂေါ်ရင်ဂျီဆေးမှုန့်ပဲ။လက်တဆုပ် လောက် ရှိပါလိမ့်မှတ်တယ်။ M.T. ဆိုတာ မိုးသီးဖြစ်မှာပေါ့ ဆရာ"

"ဒိပြင်ကော"

ကိုသန်းတင်သည် ခါးပိုက်ဆောင် မှတ်စုစာအုပ်ကလေး တအုပ်ကို မိမိအင်္ကျီအိတ်ထဲမှ ထုတ်၍ ပြလေ၏။ စာအုပ်မှာ သားရေဖုံး ရွှေနားကွပ် ရွှေစာလုံးများပါရှိသည့်ပြင် စက္ကူအကောင်းစားမျိုးဖြင့် ချုပ်လုပ်ထားရကား အဖိုးငွေ ငါးကျပ်ထက်မနည်း ထိုက်တန်မည့် စာအုပ်မျိုးဖြစ်၏။ အတွင်း၌ကား အင်္ဂလိပ်ဂဏန်းများ တွေ့ရှိရလေရာ စာလုံးများမှာ မြို့၏အမည်များဖြစ်၍ ဂဏန်းများမှာ နံပါတ်စဉ်များ ဖြစ်ဟန်တူ၏။ ဥပမာ

ညောင်လေးပင်

သူရိယ 3085-3095

"ဒီဟာ ဘယ်လိုအဓိပ္ပာယ် ကောက်ယူသလဲ"

"နံပါတ်တွေဟာက အစုရှယ်ယာနံပါတ်တွေ ထင်တာပဲ ဆရာ။ ဒီတော့ကာ သတ်တဲ့လူဟာ အစု ရှယ်ယာတွေနဲ့ တနည်းနည်း ဆက်သွယ်ခြင်းရှိတယ်လို့ မဆိုနိုင်ပေဘူးလား ဆရာ"

ဦးစံရှားသည် မျက်နှာအမ်းသွားပြီးနောက် "စစ်ချက်တွေထဲမှာ ဒီမှတ်စုစာအုပ်အကြောင်း မပါ ပါပဲလား။ ဒီစာအုပ် တွေ့ပြန်တော့ ကျုပ်တွေးလုံးတွေ ပြင်ဆင်ပြီး တွေးရဦးတော့မှာပဲ။ ဒါထက် တနေရာမှာ သူရိယနဲ့ နံပါတ်တွေတွေ့ရလို့ သူရိယရှယ်ယာများ ဖြစ်လေရော့သလားလို့ မေးမြန်း စုံစမ်း မကြည့်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com


"မေးပြီလား ဆရာ။ နို့ပေမယ့် သူရိယတိုက်က စာရင်းကိုင် စာရေးကြီး ခွင့်ယူသွားလို့ ချက်ချင်း မဖြေနိုင်ဘူးတဲ့ ဆရာ"

ဦးစံရှားသည် မှတ်စုစာအုပ်ကလေးကို မှန်ဘီလူးဖြင့် သေချာစွာ ကြည့်နေရာမှ–
"ဒီနေရာမှာ အစွန်းကြီးတကွက် မဟုတ်လား"
"ဟုတ်တယ် ဆရာ။ ကြမ်းပေါ်က ကောက်ယူရလို့ သွေးတွေ စွန်းနေတယ် ဆရာရဲ့"

"သွေးစွန်းတာက စာအုပ်အောက်ဘက်ကလား၊ အပေါ်ဘက်ကလား"

"ကြမ်းဘက်က ဆရာရဲ့။ အောက်ဘက်က ဆိုရမှာပေါ့"

"ဒါကြောင့်မို့လို့ ဦးမိုးသီးကို သတ်ပြီးတဲ့နောက်မှာ ကျနေရစ်တဲ့ စာအုပ်ပေါ့"

"မှန်ပါတယ်ဆရာ။ ကျွန်တော်လဲ ဒီအချက်ကို သတိပြုမိလို့မို့ သတ်တဲ့လူဟာ ဦးမိုးသီးကို သတ်ပြီး တဲ့နောက် ပြေးယင်းလွှားယင်း ကျနေရစ်တယ်လို့ ကျွန်တော်ယူဆပါတယ်။ တွေ့တာကလဲ တံခါးနားဆီက ဆရာရဲ့"

"ဦးမိုးသီးတဲ့ထဲမှာ ဒီနံပါတ်တွေနဲ့ ရှယ်ယာတွေ တွေ့သေးသလား"
"မတွေ့ဘူး ဆရာ"

"ပစ္စည်းခိုးဖို့ အကြံအစည်ရှိတယ်လို့ ထင်လောက်စရာအချက်များ ရှိပါသသား"
"ဘာမှ ယူသွားဟန် မတူဘူး ဆရာရဲ့"

"အင်း၊ တော်တော်ကောင်းတဲ့ အမှုကလေးပဲဗျို့။ နေဦး ကိုသိန်းမောင်။ ပြီးတော့ ဟိုမောင်းချမား တချောင်း တွေ့သေးဆို မဟုတ်လား"

"အလောင်းရဲ့ ခြေထောက်နားမှာ တထစ်ဖွင့်ထားတဲ့ မောင်းချဓားတချောင်းတွေ့တယ် ဆရာရဲ့။ ဦးမိုးသီးရဲ့ မယားနဲ့ သမီးက ဒီခြောက်နံပါတ်ဓားကြီးဟာ ဦးမိုးသီးပစ္စည်းပဲလို့ အစစ်ခံကြတယ်ဆရာရဲ့"

ထိုအခါ ကျွန်တော်က "တထစ်ဖွင့်ထားတယ်ဆိုတာ ဘာလဲဗျ"ဟု ဝင်မေးလိုက်သဖြင့် ကိုသန်း တင်က

"မောင်းချမားကို ဖွင့်တဲ့အခါမှာ ကျောက်ကနဲ တထစ်ဖွင့်လိုက်တော့ အသွားကွေးကွေးဖြစ်နေတယ် မဟုတ်လား။ နောက်တထစ်ဖွင့်မှ အသွားဖြောင့်လာတယ်။ ဟိုဓားကိုတွေ့တုန်းက တထစ်ပဲ ဖွင့်ရသေးလို့ အသွားကွေးလျက် ရှိသေးတာကို ပြောတာပါ"ဟု ရှင်းလင်းပြလေ၏။

ထိုအတောအတွင်း ဦးစံရှားမှာ စဉ်းစားစိတ်ကူးလျက် ရှိနေရာမှ....

"ကိုင်း ဒီလိုဆိုယင်ဖြင့် ကျုပ်ကိုယ်တိုင်လိုက်ပြီး ကြည့်ဦးမှ ဖြစ်မယ် ထင်ပါရဲ့"ဟု ပြောသော ကြောင့် ကိုသန်းတင်မှာ ရွှင်လန်းစွာဖြင့်....

"ကျေးဇူးပါပဲ ဆရာရယ်။ ဆရာလိုက်မယ်ဆိုတာနဲ့ ခေါင်းပေါ်က ဝန်ထုပ်ကြီး ကျသွားသလို ပါပဲ"ဟု ကျေနပ်စွာ ပြောလေ၏။

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



"စောစောက လာခေါ်ယင် လွယ်လွယ်ကလေးနဲ့ ပြီးဖို့ဟာ အခုတော့ အပ်နဲ့ထွင်းဖို့ အလုပ်ကို ပုဆိန်နဲ့ ခေါက်မှရတော့မလို ဖြစ်နေသော့တာပေါ့။ ကိုင်း ကိုဘိန်းမောင် လိုက်ခဲ့နော်။ ကိုသန်းတင် တက္ကစီ သေခါ ခေါ်ခဲ့ပေ"

ကျွန်ုပ်တို့သည် တက္ကစီဖြင့် သွားကြ၍ ထောက်ကြံ့လမ်းခွဲမှ ပြည်တက်သို့ သွားသော လမ်းအတိုင်း လိုက်ကြပြီးလျှင် နောက်ဆုံး၌ လမ်းမကြီးနှင့် တမိုင်ခန့် ကွာလှမ်းသော သရက်တပင်ရွာသို့ ရောက်ကြလေ၏။

ကိုသန်းတင်သည် ကားကို သူကြီးအိမ်တွင် ဆိုက်ထားခဲ့၍ ကျွန်ုပ်တို့သည် ဦးမိုးသီး၏ နေအိမ်သို့ ခြေကျင်လျှောက်သွားကြလေ၏။

ခြံထောင့်တွင် တဲကလေးတလုံးရှိသော ဝင်းကြီးသို့ ရောက်ကြသောအခါ ကိုသန်းတင်သည် ကျွန်ုပ်တို့အား ခြံဝင်းအလယ်၌ရှိသော အိမ်သို့ ခေါ်သွားလေ၏။

အသက်၄၀ကျော်ခန့် ရှိ၍ မျက်လုံးများ နီမြန်းလျက်ရှိသော မယားဖြစ်သူနှင့် ၁၈ နှစ်ခန့်ရှိ သမီးဖြစ်သူတို့သည် ကျွန်ုပ်တို့အား နေရာထိုင်ခင်းပေးကြ၏။ သမီးဖြစ်သူကပင်....

"ကျောမှာ ဓားရေးနှင့်ဒဏ်ရာ ရှိတဲ့ အဖေ့ကို ဘယ်မှာတွေ့ကြသလဲ။ သေလုမျောပါးလဲ ရှိသေးရဲ့။ ခေါ်ခေါ်လဲ ထူးသေးရဲ့။ ကျွန်မဖြင့် သူသေတာ လုံးလုံးဝမ်းမနည်းဘူး။ သတ်ပေးတဲ့လူကို မကျေးဇူးတောင် တင်သေးရဲ့"ဟု ခြောက်ခြားစွာ ပွင့်လင်းပြောဆိုလေ၏။

မယားဖြစ်သူကမူ လင်ဆိုးမယား တဖားဖား ဖြစ်ခဲ့ရသော်လည်း ငယ်လင် ငယ်မယား ဖြစ်သော ကြောင့် သေဆုံးသောအခါ၌ ကောင်းသောအကျင့်ကိုသာ ရွေးကြည့်သဖြင့် မျက်ရည်စက်လက် ဖြစ်နေရှာသော်၏။

နောက်ဆုံး၌ ကျွန်ုပ်တို့သည် ဝင်းလယ်အိမ်မှ ဝင်းထောင့် တဲကလေးသို့ လျှောက်လာကြရာ ခြောက်တောထဲတွင် လမ်းကလေး ဖြစ်၍ နေသည်ကို မြင်သဖြင့် ညစဉ်ညတိုင်း ကွယ်လွန်သူ ဦးမိုးသီး၏ ခြေထောက်များဖြင့် ခေါက်တုံ့ခေါက်ပြန် လျှောက်သည့်အတွက်ကြောင့် ဖြစ်ပေါ်နေသော လမ်းကလေး ပေတည်းဟု ကျွန်ုပ်တော် စဉ်းစားမိလေ၏။

လိုအပ်ချက်အရ ဦးမိုးသီးမှာ သင်္ချိုင်းပြီးပြီဖြစ်၍ မြေကြီးအောက်တွင် ပိုးလောက်တို့ဖြင့် ပြည့်ရှာ နေလေတော့သည်။

တဲကလေးမှာ ကိုယ်တိုင်ကုန်လောက်များ သက်ငယ်မိုး၊ ပျဉ်ထောင်ကာဖြစ်ရာ တံခါးပေါက်အပြင် ပြတင်း ပေါက် ခေါင်းရှိမှသာ ပြ၏။ ကိုသန်းတင်သည် အင်္ကျီအိတ်ထဲမှ သော့ကိုထုတ်၍ သော့ခလောက်ကို ဖွင့်လိုက်သည် ပြူးဆဲဆွင် အကြည့်သော မျက်နှာဖြင့် ကြည့်လျက်....

"အသို့ ဒီသော့ခလောက်ကို တပေါက်ပေါက် လာဖွင့်စမ်းသလားပြီ ဆရာ"ဟု ပြောသံကြားသဖြင့် ကျွန်ုပ်တော်သည် သော့ခလောက်ကို ကြည့်လိုက်သောအခါ ခြစ်ရာများနှင့် အစင်းများ ထင်လျက်ရှိသည်ကို တွေ့မြင်ရလေ၏။ ဦးစံရှားမှာမူ ပြတင်းပေါက် တခေါက်ကို ကြည့်လျက်ရှိရာမှ....

အဆုံးသတ်အကြောင်း

www.burmeseclassic.com



"ဒီသက်က ပြတင်းပေါက်ကိုလဲ တယောက်ယောက် လာဖွင့်စမ်းတယ်လို့ဟန်ဟုတယ်။ သို့သော် ဖွင့်လို့ရတဲ့ လက္ခဏာမရှိဘူး။ ဘယ်သူရယ်တော့ မဆိုနိုင်ဘူး။ သို့သော် သူ့ကို စားနေပြီးကော်တဲ့ လူကောင်မျိုးတော့ မဟုတ်ဘူး။ သိပ်ညံ့တဲ့လူပဲ"

"သိပ်ဆန်းကြယ်တာပဲ ဆရာ။ မနေ့ညနေတုန်းက ဒီခြစ်ရာတွေ မရှိဘူးဆိုတာ ကျွန်တော် ကျမ်းရွတ်ပြောဝံ့တယ် ဆရာ"

"ရွာသားထဲက လက်ဆော့တဲ့လူ တယောက်ယောက် လာပေ့ပ် သွား လာနေသလားဗျာ" ဟု ကျွန်တော်က ဝင်ထောက်လိုက်ရာ....

"ကွာလေရန် ခင်ဗျာ။ တဲထဲဝင်ဖို့ မဆိုထားနဲ့ ဒီဝင်းထဲ ဝင်ဝံ့တဲ့လူတောင် တယောက်မှ မရှိဘူး ခင်ဗျ။ ဘယ့်နှယ်ထင်သလဲ ဆရာ"

"ကျုပ်တို့ ကံကောင်းတယ်လို့ ထင်တာပေါ့"

"လာလက်စနဲ့ လာလိမ့်ဦးမယ်လို့ ဆရာဆိုချင်လို့လား"

"ဒီအတိုင်း ထင်တာပဲ။ တံခါးဖွင့်ထားလိမ့်မယ် ထင်လို့ လာရာမှာ ပိတ်ထားတာတွေ့လို့ သူ့ပါတဲ့ မောင်းချွေးကလေးနဲ့ ဖွင့်။ မရ၊ ဒီတော့ ဘာလုပ်မလဲ"

"လက်နက်ကောင်းကောင်းနဲ့ နောက်တခေါက်လာဦးမှာပေါ့ ဆရာ"

"အခုစ်ပေါ့။ သူလာလို့မှ မိအောင် မဖမ်းနိုင်ယင် ကျုပ်တို့အပြစ်ပေါ့။ ကိုင်း၊ ကိုင်း။ ဒီအခေါ အတွင်း၊ တဲထဲ ဝင်ကြည့်လိုက်ကြဦးစို့"

တဲအတွင်း၌ အလောင်းမရှိတော့ငြားလည်း ပစ္စည်းများမှာမူ ထိုသာအတိုင်းပင် လားလေ၏။ ဦးစံရှားမှာ ပြုမြဲထုံးစံအတိုင်း တဲတွင်းရှိ ပစ္စည်းများကို တခုစီ ကိုင်တွယ်၍ သေချာစွာ ကြည့်ရှုလေရာ နှစ်နာရီခန့်မျှ ကြာသွားသော်လည်း ထူးထူးခြားခြား တစုံတရာမျှ တွေ့ရဟန် မတူပေ။ ထိုအခါ အတွင်း တကြိမ်တည်းသာလျှင် တန့်ရပ် မေးမြန်းလေ၏။

"ကြွက်လျှောက်ပေါက ဘာများ ယူဖူးသလဲ ကိုသန်းတင်"

"ဘာမှ ကျွန်တော် မယူရပါကလား ဆရာ"

"တခုခုတော့ တယောက်ယောက် ယူသွားပြီ၊ ဒီနေရာမှာ ဒိပြင်နေရာလောက် မြူမှုန်တွေ မများဘူး။ အပြားလိုက် ချထားတဲ့ စာအုပ်လဲ ဖြစ်နိုင်တယ်။ သေတ္တာလဲ ဖြစ်နိုင်တယ်။ ထားခဲ့။ ကိုင်း တော်လောက်ပါပြီ။ ကျုပ်တော့ ဒိပြင် မတတ်နိုင်ဘူး။ တို့လူ လာလိုလာငြား စောင့်နေကြရအောင်။ ဒီအခေါ အတွင်း ရွာထဲမှာ မနေပဲ တောထဲလျှောက်လည်နေကြယင် ကောင်းလိမ့်မယ် ထင်တယ်။ ဒါတက် ကတ္တစိကို ပြန်လွှတ်လိုက်ပေတော့ ကိုသန်းတင်။ နက်ဖြန်မနက် စောစောလာခေါ်ပါစေ။ ကြားလား"

× × ×



www.burmeseclassic.com

www.burmeseclassic.com



ထိုညဥ့်ဓမ္မာခ်မိုက်သည်နှင့် တပြိုင်နက် ကျွန်တော်တို့သုံးယောက်သည် ဦးမိုးသီး၏တဲနှင့် ၁၅တောင်ခန့် ကွာသည့် စံပယ်ရုံကလေးအနီးတွင် စောင့်နေကြလေ၏။ ကိုသန်းတင်က တံခါးကို ဖွင့်ထားလိုသော်လည်း ဦးစံရှားက ထိုကဲ့သို့ပြုခဲ့လျှင် တမင်ထောင်ထားကြောင်း ရိပ်မိသွားလိမ့်မည်ဆို၍ သော့နှင့်ပိတ်မြဲတိုင်း ပိတ်ထားစေ၏။ ထို့ပြင် ကိုသန်းတင်က အတွင်းမှာ စောင့်နေကြဖို့ အကြံပေးသေးရာ ဦးစံရှားက အပြင်မှ စောင့်လျှင် သာ၍ကောင်းမည် ဆိုသောကြောင့် စံပယ်ရုံမှ စောင့်ကြရခြင်း ဖြစ်လေသည်။

ကျွန်တော်တို့သည် စံပယ်ရုံအနီးရှိ မြက်ခင်းပေါ်တွင် မှောက်ချည်တခါ ပက်လက်လှန်ချည်တလှည့် ဖြင့် စောင့်နေကြစဉ် ကျားကို လင့်စင်ပေါ်မှ ချောင်းသော မုဆိုး၏အဖြစ်မျိုးကို သတိရမိသေး၏။ ကျားသာလျှင် ရန်မူဘတ်သည်မဟုတ်။ ကျွန်တော်တို့၏ တရားခံမှာလည်း ထင်ခြေအားဖြင့် အလွယ်တကူနှင့် အဖမ်းခံမည်မဟုတ်ပဲ အသက်နှင့်လဲ၍ ခုခံလိမ့်မည်ဟု တွေးထင်ဖွယ် ရှိရကား ရင်ဖိုလှိုက်ဖွယ် ရာနှင့် ထိတ်လန့်ဖွယ် အခြင်းအရာများစွာ ရှိပေ၏။

ကျွန်တော်သည် ဦးစံရှားနှင့်အတူ ထိုကဲ့သို့ စောင်ခဲ့ရဖူးသော အကြိမ်ပေါင်း အတော်များပြီဖြစ်သော်လည်း ရင်ထဲမှတဒိတ်ဒိတ်မငြိမ်ပဲမနေနိုင်ပေ။လဆန်း ၇ ရက် လကလေးသည် ဝါဆိုလ အလျောက် တိမ်ပုပ်များအကြားမှ စောစောကပင် ဝိုးတိုးဝါးတား ထွက်ပေါ်လျက်ရှိ၏။ ၇ နာရီ၊ ၉ နာရီ၊ ၁၀နာရီ ထိုးသော်လည်း မပေါ်လာသေးချေ။ ရွာထဲ၌မူကား တိတ်ဆိတ်လျက် ရှိလေပြီ။ ၁၁ နာရီထိုးလတ်သော် လ ဝင်သွားပြီဖြစ်၍ တဝင်းလုံးမှောင်မည်းလျက်ရှိရာ ကာလသားများသည် မသာအိမ်ဖဲဝိုင်းမှ ပြန်စပြုကြလေ၏။ ၁၁ နာရီခွဲသောအခါ မိုးကလေးတဖွဲဖွဲကျလာလေရာ ကျွန်တော်တို့သည် အသင့်ဆောင်ယူခဲ့ကြသော မိုးကာအင်္ကျီများကိုသာ အားကိုးကြရတော့၏။

၁၂ နာရီထိုးအချိန်ခန့်တွင် တမိုင်ခန့်ဝေးသော ပြည်လမ်းမကြီးပေါ်မှမော်တော်ဆိုင်ကယ်တစီး၏ အသံကြားရပြီးနောက် ပျောက်ကွယ်၍သွားလေတော့၏။ ၁၂ နာရီခွဲလောက်တွင် စံပယ်ရုံပေါ်သို့ မိုးကလေး တဖျောက်ဖျောက်ကျနေသဖြင့် ကျွန်တော်မှာ ငိုက်မျဉ်းစပြုလာသည်တွင် ချက်ခြင်း အသံတခု ကြားလိုက်ရသည်နှင့် မျက်စိကျယ်၍လာ၏။ ထိုအသံမှာ ဝင်းတံခါးကို ဖွင့်သောအသံနှင့် တူသည်ဟု အောက်မေ့နေစဉ် တစုံတယောက်သောသူသည် ဝင်းတံခါးဆီမှ တဲကလေးဘက်သို့ သွားနေလေပြီ။

အဘန်ကြာအောင် တိတ်ဆိတ်နေပြီးနောက် တဲကလေးဆီမှ ချက်ချက်ချောက်ချောက်နှင့် ကြားရပြန်သဖြင့် တစုံတယောက်သောသူသည် သော့ခလောက်ကိုဖွင့်ရန် ကြိုးစားနေကြောင်း သိရှိရ၏။ စံပယ်ရုံရှိရာမှ တဲတံခါးဆီသို့ အကာအကွယ်မရှိသော်လည်း မှောင်အတိပြီးနေသောကြောင့် ဘာမျှ မမြင်ရချေ။ သို့ရာတွင် နောက်ခဏ၌ ကျွီခနဲမြည်သံ ကြားလိုက်ရသောကြောင့် သော့ခလောက်ဖွင့်ရ၍ တံခါး ပွင့်သွားကြောင်းသိရှိရ၏။ ခဏကြာပြန်လတ်သော် တဲကလေးအတွင်း၌ တဝင်းဝင်းအရောင်ကို မြင်ရသောကြောင့် လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်နေကြကြောင်း သိကြရ၏။

ထိုအခါ ကျွန်တော်တို့ သုံးဦးသားသည် စံပယ်ရုံမှထလာကြ၍ ပြတင်းပေါက်အကြားမှ တဲတွင်းသို့ ချောင်းကြည့်ရာ လက်နှိပ်ဓာတ်မီးရောင်သည် ကြက်လျှောက်ပေါ်ရှိ ပစ္စည်းများကို ဤမှထိုမှထိုးပြီးနောက် စာအုပ်များထပ်လျက်ရှိသောနေရာတွင် ရပ်နေလေ၏။ ထို့နောက် လက်တဘက်သည် စာအုပ်ကြီးတအုပ်ကို ယူ၍ စားပွဲပေါ်၌ တင်ထားပြီးလျှင် စာမျက်နှာများကို လှန်လှောနေ၏။ နောက်ဆုံး၌ အလိုရှိသော အရာကိုတွေ့ဟန်နှင့် စာရွက်တရွက်နှစ်ရွက်ကို စာအုပ်မှဆုတ်ယူပြီးလျှင် စာအုပ်ကြီးကို ကြက်လျှောက်ပေါ် တွင် ပြန်ထားလိုက်လေ၏။ ထို့နောက် ထိုသူသည် လက်နှိပ်ဓာတ်မီးကိုပိတ်၍ တဲပေါက်မှထွက်လာပြီးလျှင် တဲတံခါးကို ပြန်၍စေ့လျက်ရှိစဉ် ကိုသန်းတင်သည် ထိုသူ၏လည်ကုပ်ကို ဆုပ်ညှစ်ဖမ်းဆီးလိုက်လေ၏။

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်လေးဗျ"ဟု အော်လိုက်သောအသံမှာ ကျွန်တော်၏တသက်တွင် မေ့နိုင်တော့မည် မဟုတ်ချေ။ အလွန်အမင်းထိတ်လန့်ခြင်း တည်းဟူသောအဖြစ်ကို ထိုအသံကဲ့သို့ ထင်ရှားအောင် ဖော်ပြနိုင်သောအခြားအသံမျိုးကို ကျွန်တော် မကြားရဘူးပေ။ ဦးစံရှားသည် ကိုသန်းတင်ကို ကူညီလျက်ရှိစဉ် ကျွန်တော်သည် အသင့်ပြင်ဆင်ထားသော ဖခယောင်းတိုင်တတိုင်ကို ထွန်းညှိ၍ တဲအတွင်းသို့ ဝင်ပြီးလျှင် စားပွဲပေါ်တွင် စိုက်ထောင်ထားလေ၏။ ဦးစံရှားနှင့် ကိုသန်းတင်တို့လည်း ဒူးများ ဆတ်ဆတ်တုန်လျက်ရှိသောလူကို တဲတွင်းသို့ခေါ်လာခဲ့ကြလေ၏။

"လက်စသတ်တော့ လူတွေပဲကိုး။ တော်ပါသေးရဲ့ဗျာ။ ကျွန်တော့်စိတ်ထဲမှာ တစ္ဆေများလားလို့ သိပ်ပြီးကြောက်သွားတာပဲ"

ကျွန်တော်သည် ဦးစံရှားနှင့် ကိုသန်းတင်တို့၏ အလယ်တွင် ထိုင်လျက်ရှိသောလူကို မီးရောင်တွင် ကြည့်မိလေရာ ထိုသူမှာ ပိန်ပိန်ပါးပါး၊ သေးသေးသွယ်သွယ်၊ အသက် နှစ်ဆယ်ကျော်အရွယ်ခန့်ရှိ လူတယောက်ဖြစ်၍ မိုးကာအင်္ကျီအတွင်းမှ ဘလေဇာကုတ်နှင့် ပိုးဘောင်းဘီတို့ကိုဝတ်ဆင်ထားကြောင်း တွေ့ရလေ၏။ အဝတ်အစားအပြင် ထိုသူ၏ အင်္ဂါရုပ်နှင့် အမူအရာတို့ကို ကြည့်ခြင်းအားဖြင့် လူကုံထံသား အင်္ဂလိပ်စာတတ်တယောက် ဖြစ်သည်ဟု သိရှိနိုင်လောက်ပေ၏။ သို့ရာတွင် ကြောက်လန့် နေလိုက်ပုံမှာ ပြောရန်မရှိ။ မျက်လုံးများဝိုင်း၍ သွားများခိုက်ခိုက်တုန်လျက် ရှိနေ၏။

"ပြောစမ်း။ မင်းဘာလာလုပ်တာလဲ"ဟု ကိုသန်းတင်ကမေးရာ "ခင်ဗျားတို့ပုလိပ်တွေမှတ်တယ်။ ကျွန်တော်နဲ့ ဦးမိုးသီးသေတာနဲ့ ဘာမှမဆိုင်ပါဘူးဗျ"ဟု တုန်တုန်ယင်ယင် ပြန်ပြောရှာလေ၏။

"ဆိုင်တယ်မဆိုင်ဘူးဆိုတာ နောက်တော့သိမှာပေါ့လေ။ မင့်းနာမည်ဘယ်သူလဲ"

"ဘသော်တဲ့ ခင်ဗျ"

"မင်း ဘာလာလုပ်တာလဲ"

ကျွန်တော်တို့၏မျက်နှာများကို တယောက်စီ ကြည့်ပြီးနောက်"ထားဝယ်မြို့မှာမြန်မာထဲက ရှေးဦးစွာ အသက်အာမခံသဘောမျိုး အလုပ်လုပ်တဲ့ ဦးသာကတိုး ကုမ္ပဏီဆိုတာ ကြားဖူးကြလား"

"ငွေ ငါးသိန်းကျော်လောက်ကြွေးတင်ပြီး အသက်ပေါင်ထားတဲ့လူတွေကို ငွေမပေးနိုင်ပဲ ထွက်ပြေးသွားတဲ့ ဦးသာကတိုးလား"

"ဟုတ်ပါတယ်။ ဦးသာကတိုးဆိုတာ ကျွန်တော့်အဖေပါပဲ"

အသက်အာမခံ ကုမ္ပဏီပိုင် ဦးသာကတိုးထွက်ပြေးခြင်းနှင့် လှေသူကြီး ဦးမိုးသီး လုံထိုးသေဆုံးခြင်းမှာ အလုမ်းကွာလှချေကလားဟု ကျွန်တော်စဉ်းစားမိသော်လည်း စိုက်၍သာ နားထောင်နေမိ၏။ မောင်ဘသော်က ဆက်လက်၍–

"သတင်းဖြစ်နေတာက ကျွန်တော့်အဖေဟာ အဖိုးတန်စာချုပ်တွေယူပြီး ထွက်ပြေးတယ်လို့ ပြောနေကြတယ်။ မဟုတ်ရှာပါဘူးခင်ဗျာ။ ကျွန်တော် သေသေချာချာသိပါတယ်။ ဟိုတုန်းက သဘောပတ်မမှန်လေတော့ ကျွန်တော့်အဖေဟာ ကိစ္စကလဲ အရေးကြီးလေတော့ ဘောက်တူတစင်းကြုံတာနဲ့ စာချုပ်စက္ကူတွေနဲ့ ရန်ကုန်လိုက်သွားတာကိုး ခင်ဗျ။ ကျွန်တော်တို့သားအမိကို အစုရှယ်ယာတွေ စာရင်းတောင်



www.burmeseclassic.com

www.burmeseclassic.com



ပေးထားခဲ့သေးတယ်။ ဒီဟာတွေရောင်းပြီး ပြန်လာတဲ့အခါမှာ သူ့ဘပါးကြေးပေးစရာရှိသမျှကို တပြားမှ မကျန်အောင်ပေးဆပ်ပါ့မယ်လို့ ပြောသွားရှာပါတယ်ခင်ဗျာ။ ဒီအတည်းက ကျုန်ပေ့ာ်အဖေ ထွက်သွား လိုက်တာ ခုထက်ထိ မပြန်လာတော့ဘူးခင်ဗျ။

"သူ စီးလိုက်သွားတဲ့ သောက်တူလဲ ပင်လယ်မှာ မုန်တိုင်းမိပြီး ပျက်သွားတယ်လို့ ကျွန်တော်တို့ ကြားရပါတယ်။ ဒီတော့ ကျုန်တော်တိ သားအမိစိတ်ထဲမှာ အဖေရော၊ ရှယ်ယာ လက်မှတ်တွေရော ပင်လယ်ထဲမြုပ်ပြီး ဆုံးရှုံးကုန်ပြီလို့ထင်မိကြတယ်ခင်ဗျ။ ဒီလိုထင်မှတ်နေတုန်းမှာ အဖေ့မိတ်ဆွေတယောက် က ပျောက်သွားတဲ့ရှယ်ယာလက်မှတ်တချို့ ဟားအေးရောင်းအဝယ် လုပ်နေတာကိုသူမြင်ခဲ့ရတယ်လို့ ကျွန်တော် တို့ကိုလာပြောတာကိုး ခင်ဗျ။ ကျွန်တော်တို့က ပစ္စည်းဒီလောက်အရေးမကြီးပါဘူး။ သို့သော် ကျုန်တော့် အဖေဟာ လူလိမ်ကြီးတယောက်အဖြစ်နဲ့နာမည်ပျက်ကျုန်ရစ်ခဲ့မှာကို ဘယ်ခံနိုင်မလဲခင်ဗျ။ ဒါနဲ့ကျွန်တော်က လူလားမြောက်လာတဲ့အခါမှာ မေ့းသဖခင်ရဲ့ အဘာရေကို ဆယ်လိတဲ့ အကြံအစည်နဲ့ ရှယ်ယာလက်မှတ်တွေ လိုက်ပြီး စုံစမ်းတော့ ဒီတဲရှင် ဦးမိုးသီးဆီမှာ ခြေရာဆုံးနေတာကို တွေ့ရပါရော ခင်ဗျ။

"ဒီလူ့အကြောင်း စုံစမ်းကြည့်ပြန်တော့လဲ အယင်တုန်းက ရန်ကုန်နဲ့ ထားဝယ် ကုန်ကူးတဲ့ လှေသူ ကြီး လုပ်ဖူးတယ်တဲ့။ ဒီတော့ ကျွန်တော်တို့တွေးမိတာက ကျွန်တော်တို့အဖေဟာ သောက်တူမြုပ်လို့ဖြစ်စေ၊ တနည်းနည်းနဲ့ ဦးမိုးသီး လက်ထဲရောက်သွားပြီး ဦးမိုးသီးက ရှယ်ယာတွေ ရသွားဟန် တူတာပေါ့ ခင်ဗျ။ ဦးမိုးသီးနဲ့တွေ့ယင် အဖေ့အကြောင်း မေးရသည့်ဖြစ်စေ၊ ရှယ်ယာအကြောင်းမေးရသည်ဖြစ်စေ တခုခုတော့ သိရတော့မှာပဲလို့ အောက်မေ့ပြီး သူ့နေရာကို ခြေရာခံ လိုက်လာမိတယ်။ တွေ့လဲ တွေ့ရော ဦးမိုးသီးလဲ သေနေပါလေရော ခင်ဗျာ။ ခုကျလိုက်ပုံတော့ မပြောပါနဲ့တော့။

"သို့သော် သူ့အမှုစစ်တုန်းက တဲထဲမှာ စာရင်းစာအုပ်ကြီးတော့ တွေ့ရတယ်လို့ သတင်းစာထဲမှာ ဖတ်ရလေတော့ ကျွန်တော့်အဖေရဲ့ ရှယ်ယာတွေအကြောင်းကို သူ့စာရင်းစာအုပ်တွေထဲမှာ တွေ့လိုတွေ့ငြား သဘောထားပြီး မနေ့ညက တခေါက်လာရှာဘာ သော့ဖွင့်မရတာနဲ့ ပြန်သွားရတယ် ခင်ဗျ။ ဒီကနေ့ည ဖွင့်ရလို့ ကျွန်တော်တွေ့လိုတဲ့ စာရင်းကိုလဲ တွေ့ရပါရော၊ ခင်ဗျားတို့ကလဲ ကျွန်တော့် လာဖမ်းကြပါရော။ တသက်လုံး ကံဆိုးတဲ့ အကောင်ပါပဲဗျာ၊ ကျွန်တော်တယောက်ဟာ"

"ဒါပဲလား"

မျက်နှာမရဲပဲ "ဒါပါပဲခင်ဗျာ"

"ဒီပြင် ဘာမှ ပြောစရာ မရှိတော့ဘူးလား"

ခပ်ဆိုင်းဆိုင်းလုပ်ပြီးမှ "မရှိပါဘူး ခင်ဗျာ"

"မနေ့ညနဲ့ အယင်က ဒီတဲထဲကို မင်း တခါမှ မရောက်ဖူးဘူးလား"

"မရောက်ဖူးပါဘူး ခင်ဗျာ"

"ဒါဖြင့် ဒီစာအုပ်က ဒီတဲထဲကို ဘယ့်နှယ် ရောက်နေသလဲ"

ကိုသန်းတင်သည် မှတ်စုစာအုပ်ကလေးကို ပြလိုက်ရာ မောင်ဘသော်မှာ မျက်နှာကို လက်ဝါး နှစ်ဘက်ဖြင့် ဖုံးလျက် တကိုယ်လုံး ဆတ်ဆတ်တုန်နေ၏။ ထို့နောက်မှ

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



"ဒီစာအုပ်ကို ခင်ဗျား ဘယ်ကရသလဲ။ ကျွန်တော်က ပျောက်ပြီလို့မှတ်နေတာ။ ခင်ဗျားလက်ထဲ ရောက်နေတာကိုး"

မျက်နှာထား တင်းတင်းဖြင့် "တော်တော့၊ တော်တော့။ မင်း ပြောစရာရှိတဲ့ စကားကို ရှိးကျူမှု ပြောပေတော့။ မင်း ငါနဲ့ ဌာနလိုက်ခဲ့ရမယ်"ဟု ပြော၍ ဦးစံရွှေဘက်သို့ လှည့်ပြီးလျှင်

"ဆရာ လိုက်ခဲ့တာ ကျေးဇူးပါပဲဆရာ။ ကျွန်တော့်ဟာ ကျွန်တော်လုပ်ယင်လဲ ဒီသမ်းအတိုင်းသွားဖို့ပါပဲ။ လက်စသတ်တော့ဆရာ့ကိုခေါ်ခဲ့ရတာ အပိုလိုဖြစ်နေတော့တာပါပဲ။ နို့ပေမယ့် ကျေးဇူးတင်ပါတယ် ဆရာ။ ကိုင်း ကျွန်တော်တို့ ဒီကာနေ့ည သူကြီးအိမ်မှာအိပ်ပြီး မနက်စောစော တက္ကစီလာခေါ်မှ ပြန်ကြဖို့ ရှိတော့တာပဲ"

နောက်တနေ့၌ ကျွန်တော်တို့သည် ရန်ကုန်သို့ ပြန်လာခဲ့ကြရာ ဦးစံရွှေမှာ တမနက်လုံး ပျောက်နေပြီးနောက် နေ့လယ်လောက်တွင်မှ ပေါ်လာလေ၏။

"ကိုသိန်းမောင်၊ ဒီအမှုကို ခင်ဗျား ဘယ့်နှယ်ထင်သလဲ"

"ခင်ဗျားတော့ မကျေနပ်ဘူးလေ။ ကျွန်တော် ရိပ်မိပါတယ်"

"မကျေနပ်ဆို ကိုသန်းတင့် အပေါ်မှာ ကျုပ် အထင်ကြီးမဲ့တာတွေ ချေဖြစ်ကုန်တော့တာပဲဗျ။ သူလုပ်ပုံ မကျေနပ်လို့ ကိုယ့်တာဝန်နဲ့ကိုယ် စီမံထားတာကလေးတခု ရှိတယ်၊ ဟန်မယ် မဟန်မယ်တော့ မပြောတတ်ဘူး"

ဦးစံရွှေသည် မိမိနှာမည်နှင့် ရောက်ရှိနေသော စာအိတ်များကို တနှစ်ဖွင့်ကြည့်၍ တစောင်သော စာကို ဖတ်ကြည့်ပြီးနောက် ကြည်လင်သော မျက်နှာမျိုး ရုတ်တရက် ဖြစ်ပေါ်လာလေ၏။

"နေရာကျပြီဗျို့ ကိုသိန်းမောင်၊ ကျုပ် တွက်ကိန်း ကိုက်နေပြီ။ မရှိမသော စာကလေး နှစ်စောင် ရေးပေးစမ်းပါဗျာ ကိုသိန်းမောင်"ဟု ပြောသဖြင့် ကျွန်တော့်မှာ အောက်ပါ စာနှစ်စောင်ကို စီကုံးရလေ၏။

တစောင်မှာ ဇမ်းနွားလမ်းနေ ကုလီကန်ထရိုက် အာမက်အလီထံဖြစ်၍ အကြောင်းအရာမှာ စာကို ရရှိကြောင်း၊ တောက်တူဖြင့် လိုက်နိုင်မည့် ရေကြောင်းအလုပ်သမား သုံးယောက်ကို နက်ဖြန် ၁၀ နာရီ တိတိအချိန်တွင် မိမိထံ စေလွှတ်ပါမည့် အကြောင်းနှင့် ပါ၍၏။ ဒုတိယစာမှာ ဌာနာအုပ် ကိုသန်းတင်ထံ ဖြစ်၍ အကြောင်းအရာမှာ နက်ဖြန် နံနက်စာမစားမီ ၉ နာရီခွဲတိတိ ရောက်အောင် လာစေလိုကြောင်း၊ အရေးကြီးသော ကိစ္စတခုရှိကြောင်းနှင့် ပါရှိလေသည်။ ဦးစံရွှေသည် ပထမစာတွင် လှေသူကြီးဦးသန်းဟန် ဟု လက်မှတ်ရေးထိုး၍ ပြုမြထုံးစံအတိုင်း ဂေါ်ရင်ဂျီကုလား ချာပရာစီကလေးကို စေလွှတ်ပေးပို့စေ၏။

နောက်တနေ့ ၉ နာရီခွဲသည်နှင့် ဇာပြုံင်နက် ကိုသန်းတင်ရောက်လာ၍ တမင်းပွဲတွင် ထိုင်ကြလေ၏။ ကိုသန်းတင်မှာ ကြည်လင်သော မျက်နှာထားဖြင့် စကားများလျက်ရှိ၏။

"ခင်ဗျား ယူပုံဆပုံဟာ မှန်ရဲ့နော် ကိုသန်းတင်"

တတိယအကြိမ်

www.burmeseclassic.com



"ဒီထက်မှန်တာ ဘယ်မှာရှိမတုံး ဆရာ"

"ကျုပ်စိတ်ထဲမှာတော့ နည်းနည်း ဇဝေဇဝါ ဖြစ်နေတယ်"

"ဒီလောက် ရှင်းနေတဲ့အထဲမှာ ဆရာက ဇဝေဇဝါ ဖြစ်နေရတာ အံ့ပါရဲ့ ဆရာရယ်"

"ကျုပ် ဆန်းစစ်တာ ခံနိုင်ပါ့မလား"

"စစ်ချင်သလိုစစ်ပါ ဆရာ။ ဒီလို ဆရာရဲ့။ မောင်ဘသော်က ထားဝယ်ကရောက်လာပြီး ဝိုက်ဟော ဟိုတယ်မှာတည်း။ ဟိုနေ့ညက ဦးမိုးသီးအိမ်ကိုသွား။ ရှယ်ယာတွေအကြောင်းနဲ့ စကားများရာကနေပြီး လှံနဲ့ကောက်ထိုး။ တဲထဲကထွက်ပြေး။ မှတ်စုစာအုပ် ကျနေရစ်ခဲ့။ မရောင်းရသေးတဲ့ ရှယ်ယာတွေများ ရှိဦးမလားလို့ နောက်တညပြန်လာ။ တံခါး ဖွင့်မရ။ နောက်ဆုံးညမှာ ဓမ်ာတော်ဆိုင်ကယ်နဲ့လာ။ တဲထဲ ဝင်ရှာ။ ထွက်လာတော့ ကျွန်တော်တို့နဲ့တွေ့။ မစေ့စပ်ပါလား ဆရာရယ်"

ဦးစံရှားသည် ပြုံးရယ်ကာ ဦးခေါင်းယမ်းလျက် "ဒါထက် ကိုသန်းတင်၊ လူတယောက်ကို လှံနဲ့ ထုတ်ချင်းပေါက်အောင် ထိုးစမ်းဖူးရဲ့လား။ ဟောဒီက ကိုသိန်းမောင်ကို မေးကြည့်စမ်း။ ဝတ်သတဲ့ရုံ သွားပြီး ဝက်သေကောင်ကို ကျုပ်ကိုယ်တိုင် ထိုးစမ်းတာ တချက်မှ ထုတ်ချင်းပေါက်အောင် မထိုးနိုင်ဘူး။ ခင်ဗျား တရားခံလို လူပိန်ညှော်ကလေးက ဦးမိုးသီးကိုယ်ကို ထုတ်ချင်းဖောက်ပြီး ထရံမှာ လက်သုံးသစ် လောက် စူးဝင်အောင် ထိုးတယ်ဆိုတာ ယုတ္တိရှိပါ့မလားဗျ။ ပြီးတော့လဲ ဒီသူ့ငယ်လို လူစားမျိုးက ဦးမိုးသီးနဲ့ ချက်အရက် ထိုင်သောက်မယ့် လူစားမျိုးလား ကိုသန်းတင်။ ပြီးတော့ တချက်ကလဲ ဟိုညက အခန်းဆီးပေါ်မှာ မျက်နှာရိပ် မြင်ရတယ်ဆိုတာကလဲ ကတုံးကြီးနဲ့လူဆို မဟုတ်လား။ ဦးမိုးသီးကို သတ်တဲ့ လူဟာဆ ဒီလို ညှောင်ညီညှောင်ညက် ဗလမျိုး မဟုတ်နိုင်ဘူး ကိုသန်းတင်ရဲ့"

ထိုအတောအတွင်း၌ ကိုသန်းတင်၏ မျက်နှာ တဖြည်းဖြည်း ညှိုးသည်ထက် ညှိုးငယ်၍ သွားလေ၏။ သို့သော် အရှုံးမပေးသေးဟူသော အမူအရာနှင့် "ဟိုညက မောင်ဘသော်ဟာ တဲထဲဝင်လာတယ် ဆိုတာ တော့ ဆရာမငြင်းနိုင်ဘူး ဟုတ်လား။ ဆရာ မကျေနပ်ပေမယ့် ရုံးမင်း ကျေနပ်ယင် ပြီးရောပေါ့ဆရာ။ ပြီးတော့လဲ ဆရာ့ဟာက ပြောသာပြောနေတယ်၊ တရားခံမိတာလဲ မဟုတ်ဘူး။ ကျွန်တော်ကတော့ မိထားပြီ။ ဆရာ့တရားခံက ဘယ်မှာလဲ"

"လှေကားပေါ် ရောက်နေပြီ ထင်တယ်။ ကိုသန်းတင် ခြောက်လုံးပြူးကို အသင့်ပြင်ထားနော်"

ထိုခဏ၌ လှေကားပေါ်မှ ခြေသံများ ကြားရ၍ ခပ်ကြမ်းကြမ်း အသံများသည်လည်း အချင်းချင်း တိုင်ပင်နေကြဟန်ရှိ၏။ ကျွန်တော်တို့၏ အစေခံသည် တံခါးခေါက်သံကြားသည်နှင့် ဖွင့်ကြည့်ပြီးလျှင် ဦးစံရှားထံလာ၍ လူသုံးယောက် အပြင်၌ ရောက်နေကြောင်းပြောရာ ဦးစံရှားက တယောက်စီ ခေါ်သွင်းခဲ့ရန် အမိန့်ပေးလိုက်၏။

ပထမ ဝင်လာသော လူမှာ 'ရိုးပိန်ဆန်ချောင်'ဘိန်းစားရုပ် လက္ခဏာမျိုးရှိရာ "နာမည် ဘယ့်နှယ် ခေါ်သလဲ"ဟု ဦးစံရှားက မေးလေ၏။

"ဘထွန်းပါတဲ့ ဆရာ"

တချိုးယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



“ဝမ်းနည်းပါတယ် ကိုဘထွန်း။ လူ ပြည့်နေပြီ။ ရော့ လမ်းစရိတ် ၅ကျပ်ယူ။ ဟောဟိုအခန်းထဲ ဝင်စောင့်နေစမ်းဦး။ နောက်တယောက်ခေါ်ခဲ့ဟေ့”

ဒုတိယလူမှာ ပါးခွက်ခွက်ရှိသော ‘လူဗလံ’ကလေးဖြစ်ရာ ဦးစံရှားက “နာမည် ဘယ့်နှယ် ခေါ်သလဲ”ဟု မေးမြန်းလေ၏။

“တုတ်ကြီးပါတဲ့ ဆရာ”

“ဒီနာမည်ကို မှည့်မှ မှည့်ပလေကွယ်။ မင်းအမေနှယ်။ နှံ့နှိပ်ပြီး ပိန်နေရော့ ထင်ပါရဲ့”ဟု ပြုံး၍ ပြောကာ ယခင်လူကဲ့သို့ပင် လမ်းစရိတ် ၅ကျပ်ပေးပြီးလျှင် စောင့်နေရန် ပြောထားလေ၏။

တတိယလူမှာကား ထောင်ထောင်မောင်းမောင်း လူလုံးလူဖန်ကောင်း၍ မောင်းအိုးကြီးများ ဖူးထွက်လျက် ကျယ်ဝန်းသော ရင်ဘတ်လည်း ရှိပေ၏။

“နာမည် ဘယ့်နှယ်ခေါ်သလဲ”ဟု ဦးစံရှားက မေးပြန်ရာ “မန်းတင်ပါတဲ့”ဟု ပြန်ပြောလေ၏။

“အင်္ဂလိပ်စာ သင်ဖူးသလား”

“ချောက်တီးချောက်ချက် သင်ဖူးပါတယ်”

“ဘောက်တူ လိုက်ဖူးသလား”

“ဆယ့်လေးငါးခေါက် လိုက်ဖူးပါတယ်”

“ရန်ကုန်နဲ့ ထားဝယ် မှတ်တယ်”

“ဟုတ်ပါတယ်”

“လခ ဘယ်လောက်လိုချင်သလဲ”

“သူ့ထမင်းစား တနေ့ခါက် ခြောက်ဆယ်ရလိုပါတယ်”

“ချက်ချင်းလိုက်နိုင်ပါ့မလား”

“လိုက်နိုင်ပါတယ်”

“ကိုင်း ဒါဖြင့် လက်မှတ်ထိုးပေတော့”ဟု ပြော၍ ဦးစံရှားသည် အဆင်သင့် ပြင်ထားသော ပုံစံစာရွက်တရွက်ကို ထုတ်ပေးလေ၏။ ထိုသူသည် ဖောင်တိန်ကို လှမ်းယူ၍ စာရွက်ကို စားပွဲပေါ်တွင် ဖြန့်ခင်းပြီးလျှင် မည်သည့်နေရာတွင် လက်မှတ်ထိုးရမည်ဟု မသိသဖြင့် ယီးတီးယားတား ဖြစ်နေစဉ် ဦးစံရှားသည် ထိုင်ရာမှ ထ၍ ထိုလူ၏ နောက်မှ ချဉ်းကပ်ပြီးလျှင် “မှန်းစမ်း၊မှန်းစမ်း”ဟု ပြောပြောဆိုဆိုနှင့် ထိုသူ၏ လက်ဆီသို့ ဦးစံရှား၏လက်များ ရောက်သွားလေ၏။

နောက် တခဏ၌ ချက်ကနဲ အသံကြားလိုက်ရပြီးနောက် ဝုန်းကနဲ ဖြစ်သွားပြီးလျှင် မန်းတင်နှင့် ဦးစံရှားတို့သည် ကြမ်းပေါ်သို့ နှစ်ယောက်သား လုံးထွေးကျသွားကြလေ၏။ မန်းတင်မှာ ခွန်အားဗလကြီးမားလှသူ တယောက်ဖြစ်ရကား လူသာမည နှစ်ယောက်ခန့်မျှ ခွန်အားရှိသူ ဦးစံရှားကိုပင် လက်ထိပ်ခတ်လျက်နှင့် နိုင်နင်းတော့မည်ကဲ့သို့ ဖြစ်နေလေ၏။

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ဖျတ်လတ်သော ကိုသန်းတင်သည် ခြောက်လုံးပြူးနှင့် နားထင်ကို တေ့လိုက်ရာ မန်းတင်လည်း ပါးစပ်ကိုဟ၍ လက်လျှော့လိုက်ရလေ၏။ ဦးစံရွှေသည် မောကြီးပန်းကြီးနှင့် ကြမ်းပေါ်မှ ထလာ၍ "ကိုသန်းတင်၊ ထမင်းတန်းလန်း ဖြစ်နေပြီ မှတ်တယ်။ ကိုင်းပါလေ၊ တရားခံအစစ်ကို မိပြီမို့ မြိန်မြိန်စားနိုင်ပြီ မဟုတ်လား"ဟု ပြောလိုက်ရာ ကိုသန်းတင်လည်း ရှက်ကိုးရှက်ကန်း မျက်နှာထားနှင့် "ကျွန်တော် ပြစ်မှားမိတာ တောင်းပန်ပါတယ် ဆရာ။ ကျွန်တော့်ကို ဘယ်အခါမဆို အနွေဝါသိက တပည့်မှတ်လိုက်ပါတော့ ဆရာ။ အမှန်ပြောရမှာဖြင့် အခုတောင် ဘယ်နည်းနဲ့ ဆရာလုပ်တယ်ဆိုတာ ကျွန်တော် မတွေးနိုင်အောင် ဖြစ်နေပါသေးတယ် ဆရာ"ဟု ဝန်ခံစကား ပြောရှာလေ၏။

"ဝါနုသေးတဲ့ လူဆိုတာ တခါတခါ ဒီလိုပဲ မှားတတ်တာပေါ့လေ။ နောက်တော့ လာဘ်မြင်လာလိမ့်မပေါ့။ မောင့်စိတ်ထဲမှာ မောင်တာသော်ကို တမ်းတမ်းစွဲ ဖြစ်နေတာနဲ့ တရားခံအစစ် ကိုမန်းတင်ကို ဂရုမစိုက်နိုင်အောင် ဖြစ်သွားတာကိုး"

"ဗျို ဆရာကြီးတို့၊ တရားခံခေါ်ချင်ခေါ်၊ တရားလို ခေါ်ချင်ခေါ်၊ ကျုပ်တော့ သူ့မသတ်သင့်ကိုယ့်သတ်မှာမြင်လို့ ကိုယ်က ဦးအောင် သတ်လိုက်ရတာ အမှန်ဗျ။ ခင်ဗျားတို့က မယုံတူးထင်တယ်"ဟု ကြားဝင်၍ ပြောလေ၏။

"ဒီလိုလဲ တထစ်ချ မဟုတ်ပါဘူးလေ။ ပြောပဲပြောစမ်းပါဦး။ ယုံသင့် ယုံရတာပေါ့"

"သူက ခါးဖွင့်လို့ ကျုပ်က ဦးအောင် လုံနဲ့ထိုးလိုက်ရတာဗျ"

"နေစမ်းပါဦး။ ခင်ဗျား ဘယ့်နှယ် ကိုတဲထဲရောက်ရတာလဲ"

"ဒီလိုဗျ။လွန်ခဲ့တဲ့ ၁၀နှစ်လောက်တုန်းက ကိုမိုးသီးက လှေသူကြီးလုပ်လို့ ကျုပ်က သူ့နောက်တူမှာ လုပ်သားအဖြစ်နဲ့ လိုက်ဖူးတယ်။တနေ့တော့ ရန်ကုန်က မြိတ်ကို အပြန်မှာ မုန်တိုင်းမိလို့ ချောင်တခုတဲမှာ ခိုနေပြီး မုန်တိုင်းငြိမ်လို့ ထွက်လာကြရာမှာ သံဖြူသေတ္တာကလေးတလုံးနဲ့ မျောနေတဲ့ လူတယောက်ကို ကျုပ်တို့တွေ့လို့ ဘောက်တူပေါ် ဆယ်တင်ခဲ့ကြတယ်။ ဒီလူပြောပုံက သူတို့သင်္ဘောတူဟာ မုန်တိုင်းမိလို့ မှောက်သွားပြီး လူတွေအားလုံးသေကုန်ရာမှ သူတယောက်တည်း သံဖြူသေတ္တာကလေးတွယ်မိလို့ နေ့တဝက်လုံးလုံး မျောနေရပါတယ်တဲ့။ သူ့သေတ္တာကလေးက လေလုံသေတ္တာမို့လို့ ရေမဝင်နိုင်ဘူးဗျ။ ဒါနဲ့ဒီလူကို ဘောက်တူပေါ် ဆယ်တင်ပြီး လှေသူကြီး ကိုမိုးသီးနဲ့ သူနဲ့ တီးတိုးတီးတိုးနဲ့ ဘာများ တိုင်ပင်ကြတယ် မဆိုနိုင်ဘူး။ တနေ့ကျတော့ ဒီလူ ပျောက်သွားရောဗျ။ လှေသားတွေ အားလုံးက ညအချိန်မတော်မှာ လှေပေါ်က ကျသွားသလိုလို ထင်နေကြတာပေါ့လေ။ ဘာဟုတ်လိမ့်မလဲ။ သန်းခေါင်ကျော် လင်းအားကြီးအချိန်မှာ ကိုမိုးသီးက ရေထဲတွန်းချလိုက်တာ ကျုပ်မျက်စိနဲ့ တပ်တပ်အပ်အပ် မြင်လိုက်ရတာကိုးဗျ"

ထိုအခါ ကျွန်တော်တို့သည် မောင်တာသော်၏ဖခင် ဦးသာကတိုးအကြောင်းကို သတိရကြသဖြင့် တယောက်မျက်နှာကို တယောက် လှမ်းကြည့်ကြလေ၏။

"သို့သော်လဲ ကျုပ်က ဒီအကြောင်းကို ဘယ်သူ့ကိုမှ မပြောပဲ မြိုထားတာပေါ့ဗျ၊ ဒါနဲ့ မြိတ်ပြန်ရောက်ကြတော့ ဘယ်သူကမှ ဘာမှလဲ မေးလား မြန်းလားမလုပ်ကြဘူး၊ ကိုမိုးသီးကတော့ များမကြာမီ လှေသူကြီးအလုပ် မလုပ်တော့ပဲ ဘောက်တူတွေဘာတွေ ရောင်းချပြီး ဘယ်ဆီရောက်သွားတယ်မဆိုနိုင်ဘူး။

[illegible]

www.burmeseclassic.com

ကြက်လျှော် ပုက်ပျောက် ပျောက်သွားပါလေရောဗျ၊ ကျုပ်စိတ်ထဲမှာတော့ ကိုမိုးသီးဟာ သံဖြူသေတ္တာ ထဲက ပစ္စည်း အတွက်ကြောင့် ဟိုလူကို ရေထဲတွန်းချတာ ဖြစ်နိုင်လို့ မြဲမြဲကြီး မှတ်ထားတာပဲဗျ၊ ဒါနဲ့ ကိုမိုးသီးကို ခြေရာခံပြီး လိုက်နေလိုက်တာ တော်တော် အပန်းကောင်းတဲ့လူဗျ၊ တွေ့ပဲမတွေ့နိုင်ဘူး၊ နောက်ဆုံးကျတော့ တနေ့ကမှ သူ့နေရာကို သတင်းရလေတော့ ငွေညှစ်ဖို့အကြံနဲ့ရောက်သွား၊ လက်ဦး ညတုန်းကတော့ ကောင်းပြီး ကောင်းလျက်နဲ့ အာမခံလိုက်တယ်ဗျ၊ နောက်နှစ်ညမှာ ငွေငါးရာ လာယူလှည့် ပါတဲ့၊ ရက်ချိန်းပေးလိုက်တယ်၊ ဒါနဲ့ သူ့ရက်ချိန်းအတိုင်း ကျုပ်ရောက်သွားတော့ မောင်မင်းကြီးသားက မူးလိုက်တာ ဒေါင်ချာ စိုင်းနေပါလေရောဗျ၊ သို့သော်လဲ ကျုပ်မြင်တော့ သူ့ဟာသူ သတိထားပြီး စားပွဲမှာ အတူထိုင်ယင်း ရှေးဟောင်းနှောင်းဖြစ်တွေ ပြောနေကြတာကိုးဗျ"

"ချက်အရက်သောက်ယင်း ဆိုပါတော့"ဟု ကိုသန်းတင်က ဝင်ထောက်လိုက်လေ၏။

"ဟုတ်ကဲ့၊ ကျုပ်က နည်းနည်းပါးပါး သောက်ပါတယ်၊ ဒါနဲ့ အရက်သောက်ယင်း စကား တပြော ပြောနဲ့ နေကြရာမှာ ညဉ့်နက်လေလေ၊ မင်းဖုရားက မူးပျက်လေလေ ဖြစ်လာတာကိုးဗျ၊ ကျုပ်ကလဲ သူ့ ခုတ်သူပြီးမို့ ကြက်လျှောက်ပေါက လှံကြီးတချောင်းကို မျက်စပစ်ထားတာပေါ့လေ၊ သန်းခေါင် ကျော်လောက်ကျတော့ မောင်မင်းကြီးသားက ရယ်လား မောလား စကားပြောနေကြရာက ဖြုန်းဆို မောင်းချမား ဆွဲဖွင့်ပါလေရောဗျ၊ တချက်သာ ဖွင့်ရသေး ကျုပ်က ယှံကြီးကို ကပျာကယာ လှမ်းယူပြီး ဟစ်အားကျုံးသပ်လိုက်တာ ခင်ဗျားလူ တိုင်ရောကတောင် မထနိုင်ပဲ လှံကြီးတန်းလန်း စူးနေပါရော့လား၊ ဖောင်လိုက်ဟဲ့အကောင်ဗျာ၊ နားကွဲတော့မတတ်ပဲ၊ ဒါနဲ့ကျုပ်က ကြက်လျှောက်ပေါက သံဖြူသေတ္တာယူပြီး သေပြေးရှင်ပြေး ထွက်ပြေးခဲ့ရတာကိုးဗျ၊ ခုကျချင်တော့ ဆေးအိတ် မေ့ကျန်နေရစ်ပါရောဗျ"

"ဆေးအိတ်မှာ M.T အတိုကောက် ရေးထားတာ ခင်ဗျားလက်ရာလား"ဟု ကိုသန်းတင်က ကြားဖောက် မေးမြန်းလေ၏။

"အစစ်ပေါ့ဗျာ၊ အင်္ဂလိပ်စာ သုံးလေးတန်း သင်ဖူးတဲ့အကောင်ဟာ တတ်သရွေ့ ဟာကလေး တယ်အသုံးချချင်ဟာသား၊ ဒါထက်ပြောရဦးမယ်၊ ကျုပ်က သေတ္တာပိုက်ပြီး တဲထဲက ထွက်ပြေးလာခဲ့ တော့ ခြေသံလိုလို ကြားတာနဲ့ ချုံထဲကို ဝင်ပုန်းနေတော့ လူတယောက်ဟာ တဲထဲ ဝင်သွားပြီး 'အလို လေးဗျ' လို့ လန့်အော်ပြီး ပြေးလိုက်ရှာလေဗျာ၊ ဘယ်လိုအကြံအစည်နဲ့ ဘာလုပ်ဖို့လာတဲ့ လူရယ်လို့ပြောပဲ မပြောတတ်ပါဘူး၊ နောက်တော့မှ ကျုပ်က ချုံထဲကထွက်လာ၊ မြည်လမ်းမကြီးရောက်၊ ဘတ်စကားကြုံ တစီးနဲ့ ရန်ကုန်လိုက်၊ သံဖြူသေတ္တာဖွင့်ကြည့်၊ ဘယ်ကငွေမှ မတွေ့ဘူး၊ စက္ကူတွေချည်းပဲ၊ စာချုပ်လား ဘာလား မပြောတတ်ဘူး၊ ဘယ်သူ့မှလဲ မပြဝံ့ဘူး၊ ဘယ်နှယ်မှလဲ မလုပ်တတ်ဘူး၊ ဒါနဲ့ ခက်ချေကရို့လို့ အောက်မေ့နေတုန်း ဘောက်တူနဲ့လိုက်ဖို့ လူလိုတယ်ဆိုလို့ လာမေးရာမှာ ခင်ဗျားတို့ ထောင်ထားတဲ့ ညွှတ်ထဲ ရောက်ရတော့တာပါပဲ ခင်ဗျာ"

"ရှင်းပါပြဗျာ၊ ကိုင်း ကိုသန်းတင်၊ မောင့်လူကို မောင်ပဲ ခေါ်သွားပေတော့၊ ကျုပ်အိမ်မှာ ညှော်မခံလောက်ပေဘူးမှတ်တယ်"

"ကျေးဇူးပါပဲ ဆရာရယ်၊ ဒါထက် ဆရာ့နည်းကလေး တဆိတ်လောက် ရှင်းပြစမ်းပါဦး ဆရာ"

"ကျုပ် အခိုင်အမာပြုလုပ်ပြီး ခြေရာကောက်တဲ့ အချက်တွေကတော့ လူတယောက်က ထုတ်ချင်း ဖောက်ပြီး ထရံမှာ လက်သုံးသစ်ဝင်အောင် ထိုးနိုင်တဲ့ ဗလရယ်၊ ဘီယာရှိလျက်နဲ့ ချက်အရက် သောက်ကြ တာရယ်၊ ဆေးမှုန့်ကြမ်းကြမ်းကြီးရယ်၊ ဒီဟာတွေ ထောက်သဖြင့် ဦးမိုးသီးနဲ့ သွားဖော်လာဖက် လုပ်ခဲ့ ဖူးတဲ့ ဘောက်တူသမားထဲကပဲလို့ ကောက်ချက် ထုတ်ယူခဲ့တယ်၊ M.T ဆိုတဲ့ အတိုကောက် နာမည်ဟာ



www.burmeseclassic.com

www.burmeseclassic.com


မိုးသီး ဖြစ်နိုင်ပေမယ့် သူ့မှာ [illegible] မရှိခြင်းကို ယောက်သဖြင့် ညွှန်သည်ရဲ့ဆေးအိတ် ဖြစ်တန်ရာတယ်လို့ ကျုပ်ယူဆတယ်''

''ဒါထက် တွေ့အောင်ရှာပုံကလေး လင်းစမ်းပါဦး ဆရာရယ်''

''ဒါကတော့ လွယ်ပါတယ် မောင်ရယ်၊ တရားခံဟာ ဘောက်တူသမား ဖြစ်ရမယ်လို့ ဆုံးဖြတ်ပြီးတဲ့နောက် ဒီလူဟာ ဦးမိုးသီးဆီက ငွေရခဲ့ဟန် မတူခြင်းကို ထောက်သဖြင့်၊ဘောက်တူနဲ့လိုက်ဖို့ အခွင့်အရေးပေါ်ယင် ကေန် သူလိုက်ရမယ်လို့ ကျုပ် စဉ်းစားတယ်၊ လက်ကိုင် များများ မရှိတဲ့လူဟာ ရန်ကုန်မှာ ကြာကြာ မနေနိုင်ဘူး မောင်ရဲ့၊ အလုပ်ရှာရမယ်၊ ဒါနဲ့ ကျုပ်က ကူလီကန်ထရိုက် အာမက်အလီဆီမှာ ဘောက်တူသမား လိုတယ်လို့ စကားကမ်းထားလိုက်ယင် ကေန် ဒီလူ လာလျှောက်ရမယ်လို့ တွက်ထားပြီး ဖြစ်တယ်၊ သုံးယောက် လာလျှောက်ရာမှာ နှစ်ယောက်ဟာ မဟုတ်နိုင်ဘူးလို့ ချက်ချင်း သိနိုင်တယ်၊ နောက်ဆုံး သူဝင်လာလို့ သူ့ဗလ ကြည့်လိုက်ယင်ပဲ စိတ်ထဲက ကျေနပ်နေတဲ့ အထဲမှာ နာမည်က 'မန်းတင်' ဆိုတော့ သေချာသလောက် ဖြစ်နေတော့တာပေါ့လေ၊ ဒါထက် ကျုပ်လက်ထိပ် မကောင်းလားမောင်၊ အစိုးရကို ဒါမျိုးသုံးဖို့ တိုက်တွန်းဖို့ ကောင်းတယ်''


www.burmeseclassic.com